

တက္ကသိုလ်
ငွေလမင်းဆောင်
ရေနန်းမဟာသိုင်းကမ္ဘာ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၉၅ / ၂၀၀၄ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၂၀ / ၂၀၀၄ (၉)

●

**ပထမအကြိမ်ပုံနှိပ်ခြင်း**

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

●

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဒေါ်တင်တင်ဌေး(၀၄၆၈၁)၊ ပန်းကြာနိုင်ပုံနှိပ်တိုက်

၅၆၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အထက်မြန်မာပြည်ဖြန့်ချိရေး-**

**နဂါးစာပေ (မန္တလေးမြို့)**

●

**ပြည်လုံးကျွတ်ဖြန့်ချိရေး-**

**တို့ခေတ်စာပေ**

၂၂၁၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

# တက္ကသိုလ်နေလင်းအောင်

---

# ရေနန်းမဟာသိုင်းကမ္ဘာ

ပထမတွဲ

## ဒို့တာဝန်အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☐ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☐ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☐ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☐ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☐ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်အောင် တည်ဆောက်ရေး၊
- ☐ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☐ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☐ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



## အခန်း [၁]

## ရေတော်မွတ်သောရွာ

နေသည် တရှိန်ရှိန်တောက်နေသည်။ နေမင်း၏ အပူရှိန်ကြောင့် အားလုံးလှောင်အိုက် နွမ်းနယ်နေကြ၏။ ချွေးသီးချွေးပေါက်များကား တဒီးဒီးကျနေကြ၏။

ပင်ပင်ပန်းပန်း အလုပ်လုပ်သူများမဆိုထားနှင့်၊ ငြိမ်ငြိမ်သက်သက် ထိုင်နေသူပင် ချွေးဒီးဒီးကျနေသည်။

တကယ်တော့ ဤကာလ၊ ဤသမယမှာ နွေရာသီမဟုတ်တော့ပေ။ နွေရာသီကုန်ဆုံးကာ မိုးရာသီဝင်နေပါပြီ။ သို့တိုင် အပူရှိန်ကပြင်းထန်နေ၏။

မိုးမရွာခြင်းက အပူရှိန်ကို ဤမျှ တိုးတက် နေစေဟန်ရှိ၏။ ပြင်းထန်သောအပူရှိန်သည် သေခြင်းတရားအငွေ့အသက်များကို တရှိန်ရှိန်ထွန်းတောက်နေစေ၏။ သေခြင်း၏အငွေ့အသက်များက တရှိန်ရှိန်ထွန်းတောက်နေလေလေ၊ သေခြင်းတရား၏ သားကောင်များဖြစ်သော လူသားများ၏ ဦးခေါင်းများက ငုံ့လျှိုးလေလေဖြစ်

နေပေသည်။

ထိုစဉ် သက်ရှိသတ္တဝါတစ်ကောင်သည် ယိမ်းထိုးလှုပ်ရှားပြီး တအိအိဖြင့် သွားနေ၏။ နံရိုးများကို ရေတွက်၍ရသော ခွေးပိန်ခွေးလှီတစ်ကောင်ဖြစ်ပေသည်။

ခွေးသည် ရွာထဲမှထွက်ပြီး ရွာပြင်သို့သွားနေခြင်းဖြစ်၏။

အပူဒဏ်ကို လူများသာ ခံစားနေရသည် မဟုတ်ပေ။ တိရိစ္ဆာန်များပင် ခံစားနေရခြင်းဖြစ်ကြောင်း ထိုခွေးက သက်သေပြနေ၏။

လှုပခြင်းမရှိသော ပိန်လှီလှီခွေးသည် ဒယီးဒယိုင်ဖြင့်ထွက်ခွာသွားရာ အတော်ကြီးအချိန်ကြာသောအခါမှ ရွာပြင်သို့ရောက်တော့သည်။ အခြားအချိန် တစ်ချိန်ချိန်ဆိုလျှင် သူ့ကို ခွေးရူးဆိုပြီး ရွာသားများက သတ်ပစ်မည်မှာ သေချာသည်။

ထိုခွေးပိန်သည် စိတ်ပျက်ဖွယ်ကောင်းလောက်အောင် လျှာတွဲလောင်းချပြီး လှုပ်လီလှုပ်လဲ့သွားနေသည် မဟုတ်ပါလော။

ရွာပြင်တွင် ကျယ်ပြန့်သော လယ်ကွင်းများရှိပေသည်။ လယ်ကွင်းများက စိမ်းစိုမနေပါ။ စပါးပင်များရှိသော်လည်း အားလုံးခြောက်သွေ့နေပါပြီ။

ပပ်ကြားအက်လယ်မြေများက မိုးရေကို တောင့်တနေသည်။ မိုးရေကတော့ ကျမလာပေ။ မိုးရေအစား တောက်ပပူပြင်းလှသော နေရောင်ခြည်များကသာ ကျရောက်နေသည်။ ထိုနေရောင်ခြည်များကလည်း ပူပြင်းလှသည်။ ပိန်လှီသောခွေးသည် လယ်ကွင်းထဲသို့ ဆင်းသွား၏။

ပပ်ကြားအက်ထဲ ခြေချော်ကျသွားသဖြင့် သူ့ခြေထောက်ကို



ခက်ခဲပင်ပန်းစွာ ပြန်လည်ဆွဲတင်နေရသည်။

တအိုင်အိုင် အော်နေသော်လည်း ခွေးသံကယ့်ယဲ့သာ။

ခွေးဒုက္ခကား ကြီးမားလှ၏။ ကံအားလျော်စွာပင် သူ့ခြေထောက်ကို သူပြန်ထုတ်သွားနိုင်ခဲ့၏။ အားအင်ကုန်ခန်းနေသော ခွေးပိန်လှီတစ်ကောင် ဤသို့ရုန်းထွက်နိုင်မှုမှာ အံ့သြစရာပါပေ။

ခွေးသည် ပပ်ကြားအက်နေသော မြေကြီးများကို နှုတ်သီးဖြင့် လိုက်ထိုးသည်။ လက်ဖြင့် ကြိုးစားပမ်းစားယက်သည်။ အစိုဓာတ်ကို ရှာဖွေခြင်းသာ ဖြစ်တော့သည်။

ဤမျှ ခြောက်သွေ့အက်ကွဲနေသော မြေကြီးထဲမှ မည်သည့် အစိုဓာတ်ကိုရပါမည်နည်း။

ခွေးသည် စိတ်ပျက်လက်ပျက် ဒယီးဒယိုင် လျှောက်ထွက်လာပြန်၏။ သူသည် လယ်ကန်သင်းပေါ်သို့ လှမ်းတက်သည်။ တက်၍မရ၊ ဒုတိယအကြိမ်ကြိုးစားပြန်၏။ ရောက်လုလု ဖြစ်ပြီးမှ တလိမ့်ခေါက်ကွေး ပြန်ကျပြန်၏။ နောက်ဆုံးတွင်မူ လယ်ကန်သင်းပေါ်သို့ ရောက်ရှိသွားသည်။

ထို့နောက် လယ်ကွင်းထဲ၌ အထီးတည်းပေါက်နေသော ဒန်းပင်အောက်သို့ ရောက်သွား၏။ ဒန်းပင်အောက်တွင် လျှာကိုထုတ်ပြီး ပင်ပန်းကြီးစွာ အသက်ရှူနေရပေသည်။

အတန်ကြာတော့ ထိုဒန်းပင်အောက်တွင်ပင်ခွေလဲကျသွား၏။ မျက်လုံးများမှိတ်သွား၏။ သို့ရာတွင် ခွေးသည် အိပ်နေသည်နှင့် မတူပါ။ သေခြင်းတရားကို စောင့်ဆိုင်းနေသည်နှင့် တူနေပါသည်။

"ဖြောင်း . . . ဖြောင်း . . . ဖုန်း"

"ဝုန်း . . . ဒိုင်း . . . ဖြောင်း"

"အုန်း . . . ဒိုင်း"

ဗျောက်အိုးဖောက်သံများတည်း။ ယမ်းအိုး ဗျောက်အိုးများ၏ ဆူညံသောအသံများသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။

ပူလောင်လှသည့် အချိန်၌ ကျယ်လောင်လှသောဗျောက်အိုးသံများမှာ ဦးနှောက်သွေးကြောများကို ပြတ်တောက်စေမတတ် နားစည်ကို ဒုက္ခပေးနေသည်။ ထိုအသံများကား ခွေးပိန်လို ထွက်လာသည့် ရွာထဲမှလာခြင်းသာ ဖြစ်တော့သည်။

"ကျွိ . . . အီ . . . အီ . . . ချမ်း"

"ကျွိ . . . အီ . . . အီ . . . ချမ်း"

"တုံ . . . တုံ . . . တုံ"

နှဲသံ၊ ဗုံသံ၊ လင်းကွင်းသံများက နောက်မှကပ်လျက်ဆက်၍ ထွက်ပေါ်လာလာလေ၏။ ခွေးပိန်လို၏ မျက်လုံးများသည် ပြန်ပွင့်လာသည်။

သူမျက်လုံးပွင့်လာခြင်းမှာ တစ်ခဏသာဖြစ်ပါသည်။ ထိုအသံများက ခွေးအားဆွဲဆောင်နိုင်ခြင်း မရှိပါချေ။ ခွေးသည် မျက်လုံးများပြန်ပိတ်ရင်း သေခြင်းတရားကို ပြန်လည် စောင့်ဆိုင်းနေလေတော့၏။

သို့သော် ဗုံသံ၊ နှဲသံ၊ ဗျောက်အိုးသံများသည် ရပ်စဲမသွားပေ။ တရစပ်ဆက်လက်ထွက်ပေါ်နေသည်။ ယခင်က ဤရွာထဲမှ ဗျောက်အိုးသံ၊ ဗုံသံ၊ နှဲသံများ ထွက်ပေါ်ခဲ့ဖူး၏။

သို့သော် ဤမျှလောက် မရှည်ကြာပေ။ ယခု ရှည်ကြာလှသည်၊



ထို့ကြောင့် ခွေးသည် ဦးခေါင်းထောင်ပြီး ချည့်နဲ့စွာထရပ်လိုက်၏။ ထို့နောက် ဒယီးဒယိုင်ဖြင့် ရွာဘက်သို့ ပြန်လည်ထွက်ခွာပြန်တော့သည်။

ခွေးပိန်လို၏ မျက်လုံးများထဲတွင် တစ်စုံတစ်ခုသော မျှော်လင့်ချက် အရိပ်အယောင်များကို တွေ့နေရပေသည်။

* * * * *

ရွာကြီး . . .

ရွာကြီးဟုပင် ဆိုရပါမည်။ အိမ်ခြေ နှစ်ရာ့ခုနှစ်ဆယ်ခန့် ရှိသောရွာကို အဘယ်မှာလျှင် ရွာကြီးဟု မခေါ်ဆိုနိုင်ပါမည်နည်း။ ရွာလယ်လမ်းမကို ဖောက်ခင်းထားသည်။ ရွာလယ်လမ်းမ၏ တစ်ဘက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ လယ်ယာသုံးပစ္စည်းအရောင်းဆိုင်များ၊ ကုန်စုံဆိုင်များဟူ၍ ဆိုင်အထွေထွေရှိပေသည်။

သို့သော် . . . ပစ္စည်းပစ္စယကား မရှိပေ။ ဟန်ပြလောက်သာ ရှိကြပေသည်။

တကယ်တမ်း အများအပြား ရှိနေသည့် ပစ္စည်းများမှာ အိမ်တိုင်း၊ ဆိုင်တိုင်းရှေ့ အထုပ်လိုက်အတွဲလိုက် ဆွဲထားသည့် ဗျောက်အိုး၊ ယမ်းအိုး၊ ပေထုပ်များသာ ဖြစ်နေလေသတည်း။ ထိုအတွဲများသည် တရှဲရှဲမီးတောက်ပြီး တစ်တွဲပြီးတစ်တွဲ ပေါက်ကွဲနေလေ၏။

ယမ်းခိုး၊ ယမ်းငွေ့၊ မီးခိုးငွေ့များမှာတစ်ရွာလုံးကို အုပ်ဆိုင်းနေသည်။ ယမ်းငွေ့များအကြားမှ ထွက်ပေါ်လာသည့် ရွာသားများ၏ မျက်နှာများက ခွေးပိန်လို၏ မျက်နှာနှင့် သိပ်မခြားနား

လှပေ။ ပိန်လှီခြောက်ကပ်နေသော မျက်နှာများပေါ်၌ အပြုံးရိပ်များ ပျောက်ကွယ်နေသည်။

ပြည့်စုံရတနာ. . .

အလွန်တရာ မင်္ဂလာနှင့်ပြည့်စုံလှသော ဤနာမည်မှာ ဤအိမ်ခြေ နှစ်ရာ့ခုနှစ်ဆယ်ခန့်ရှိသော ရွာကြီး၏နာမည်ပင်ဖြစ်ပါ၏။ ဤကဲ့သို့သော နာမည်မျိုးမှာ အခြားရွာများ၌ ရှိနိုင်လိမ့်မည်မဟုတ်ပါ။

ပြည့်စုံရတနာ ရွာသူရွာသားတို့၏ မျက်နှာပေါ်မှာ မည်သည့်အပြုံးရိပ်မျှ ရှိမနေပါ။ ရှိမနေခဲ့သည်မှာလည်း အတော်ကလေးပင် ကြာမြင့်ခဲ့ပါပြီ။ မျက်နှာပေါ်၌ အပြုံးရိပ်မရှိသည်မှာ ဤရွာသားများချည်းသာမဟုတ်ပါ။ ပြည့်စုံရတနာရွာ၏ ဆယ်မိုင်ပတ်လည်အတွင်းရှိသော ရွာသူရွာသားများ၏ မျက်နှာပေါ်တွင်လည်း အပြုံးရိပ်ပျောက်ကွယ်ခဲ့သည်မှာ ကြာမြင့်လှပါပြီ။

သေခြင်းကို စောင့်မျှော်နေကြသူတိုင်း အဘယ်မှာလျှင် ပြုံးပျော်နိုင်ပါမည်နည်း။ သေခြင်းတရားဆိုသည် ချိုမြိန်လှသော သစ်သီးမဟုတ်ပါ။ တရားရှင်မဟုတ်လျှင် သေခြင်းတရားကို ရင်ဆိုင်ဖို့ဆိုသည်မှာ မလွယ်ကူပါ။

ထို့ကြောင့် သေခြင်းကို ရင်ဆိုင်ရမည့်သူများအနေဖြင့် မပြုံးပျော်နိုင်ခြင်း ဖြစ်ပါသည်။

ပြည့်စုံရတနာဟု ဤရွာကို အမည်ပေးထားကြောင်း သိခွင့်ရခဲ့ကြပါပြီ။ ဤနာမည်ကို ဤရွာ၏ ရှေးလူကြီးသူမများက ပစ္စလက်ခတ်ပေးခဲ့ကြခြင်း မဟုတ်ပါ။ ခေါ်ကောင်းရုံ နာမည်ပေးခဲ့ခြင်းမဟုတ်ပါ။ နာမည်လှလှလေး ရွေးပေးခဲ့ခြင်းမဟုတ်ပါ။

ဤရွာသည် ချမ်းသာကြွယ်ဝသော ရွာကြီးဖြစ်ပါသည်။ ဤရွာက ပိုင်ဆိုင်ထားသော လယ်ကွက်များမှာ လွန်စွာများပြားလှပါသည်။ ဤရွာက လှူဒါန်းထားသော ဘုရား၊ ကျောင်းကန်များမှာလည်း လွန်စွာများပြားလှပါသည်။

ရွာကြီးကို ဝိုင်းခွေစီးနေသော ချောင်းရေကလည်း ဤရွာက ပိုင်ဆိုင်ထားသောလယ်များကို များစွာအထောက်အကူ ပြုပါသည်။ ရွာနှင့်မနီးမဝေးတွင် သစ်တောအုပ် တစ်ခုရှိသည်။ တောတောင်ရေမြေ၊ မြေဆီသြဇာ ကောင်းလှသဖြင့် ဤရွာ၏အမည်ကို ပြည့်စုံရတနာဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်ပါလေသည်။

ဤဒေသ ဤပတ်ဝန်းကျင်တစ်ဝိုက်တွင် ဤရွာကြီးသည် နာမည်ကျော်ရွာကြီးဖြစ်၏။ တကယ်လည်း ပြည့်စုံသည်။ ရွာသူရွာသားများသည် အလုပ်ကြိုးစားသူများ ဖြစ်ကြခြင်းက ဤရွာကြီးအား နာမည်နှင့်လိုက်အောင် ပြည့်စုံစေခဲ့ခြင်း ဖြစ်တော့သည်။

သို့သော် . . . သို့သော်၊ ဤရွာကြီးကို ရစ်ခွေစီးဆင်းနေခဲ့သည်ဆိုသောချောင်းကြီး ကောနေခဲ့သည်မှာ လပေါင်းအတော်ကလေးကြာမြင့်ခဲ့ပါပြီ။ တိတိကျကျဆိုရလျှင် သုံးနှစ်နီးပါးကြာမြင့်ခဲ့ပါပြီ။

ယခင် ခြောက်နှစ်ခန့်ကတည်းက မိုးခေါင်စပြုလာသဖြင့် ရေစီးရေလာ မကောင်းတော့ဘဲ ဤသို့ရေနည်းပြီး ချောင်းကောလာရခြင်းဖြစ်ပါသည်။

မည်မျှ ရေရှားပါးလာသနည်းဆိုသော် ပြည့်စုံရတနာ ရွာသူရွာ

သားများသည် သောက်ရေကို မိုင်လေးဆယ်နီးပါး ဝေးသောရွာများဆီမှ သွားရောက်သယ်ယူရသည်အထိ ဖြစ်လာသည်။

ရေသည် ရွှေတမျှ တန်ဖိုးရှိလာသည်။ လွန်စွာ ရှားပါးသောရေကို အချို့က ငွေဖြင့်ပေးဝယ်ပြီး သောက်သုံးကြရသည်။ ကြာမြင့်လာသောအခါ သိပ်ပြည့်စုံသူများသာ ရေကို ဝယ်သုံးနိုင်တော့သည်။

ထိုသို့ မိုးခေါင်ခြင်း၊ ချောင်းကောခြင်း၊ ရေရှားခြင်းတို့နှင့်အတူ ရွာသူရွာသားများ၏ အပြုံးများသည်လည်း တဖြည်းဖြည်းပျောက်ကွယ်ကြရတော့သည်။

အပြုံးများအစား ကြောက်ရွံ့ထိတ်လန့်ခြင်းများ၊ ချောက်ချားခြင်းများ၊ မျှော်လင့်ချက်မဲ့ခြင်းများ စသည့်ခံစားမှုများကို ခံစားလာကြရသည်။ ကြာမြင့်လာသောအခါ သေခြင်းတရားကိုပင် မျှော်လင့်စောင့်စားသလို ဖြစ်လာတော့သည်။

ယခုနှစ် မိုးရာသီစသောအခါ ရွာသူရွာသားများသည် အခြားအခြားသော ရွာများမှ ဘုန်းတော်ကြီးများကို ပင့်ဖိတ်ပြီး မိုးခေါ်ဆုတောင်းပွဲများ ပြုလုပ်ကြရတော့သည်။

မိုးခေါ်ဆုတောင်းပွဲ ဆိုသည်မှာ ဘုန်းတော်ကြီးများ၏ ဂါထာမန္တရားအစွမ်းဖြင့်လည်းကောင်း၊ မေတ္တာဓာတ်ဖြင့်လည်းကောင်း၊ မိုးရွာချစေရန် အခမ်းအနားကျင်းပ ပြုလုပ်ခြင်းပင်ဖြစ်တော့သည်။ သို့သော် ထူးခြားခြင်းမရှိခဲ့ပေ။

သတ္တဝါတို့သည် ကိုယ့်အသက်ကိုကိုယ် ခင်တွယ်ကြ၏။ တိရိစ္ဆာန်များပင်လျှင် ကိုယ့်အသက်ကို ကိုယ်ခင်တွယ်ကြလေရာ တိရိစ္ဆာန်ထက် အသိဉာဏ်ပညာပိုသော လူသားများကား ပြောဖွယ်



ရာမရှိတော့ပေ။ လူသည် အသက်ရှင်သန်ရေးကို တိရိစ္ဆာန်ထက် ခုံမင်လိုလားကြသည် မဟုတ်ပါလား။

မိုးခေါ် ဆုတောင်းပွဲများကို အဆက်မပြတ် ပြုလုပ်ကျင်းပခြင်းက ဤအချက်ကို သက်သေခံနေလေပြီ။

သို့သော်. . . မိုးကမရွာ။

ဤသို့ဖြင့် ရွာသူရွာသားများသည် စိတ်ပျက် အားလျော့လာကြပြီးနောက် သေခြင်းတရားကိုပင် စောင့်မျှော်မိလာကြလေတော့၏။ ရွာသူရွာသားများ၏ မျှော်လင့်ချက်များသည် ရွာဦးကန်ထဲမှ ရေများနှယ် ခန်းခြောက် ပြယ်လွင့်ခဲ့လေပြီ။

ထိုသို့ အားလုံး ခြေကုန်လက်ပန်းကျပြီး မောပန်းနွမ်းလျနေချိန်မှာပင် အားတက်ဖွယ်ရာ သတင်းတစ်ခု ထွက်ပေါ်လာလေတော့၏။ ထိုသတင်းကား ပြည့်စုံရတနာရွာ၏ အမိကရ သူဌေးကြီးစိရောင်ကျူသည် ရွာနှင့်မိုင် တစ်ရာ့ငါးဆယ်ခန့် ကွာဝေးသောအရပ်မှ ချင်းလုံ့ဘုန်းတော်ကြီးကျောင်းနှင့် ကျင်းချင်းဘုန်းတော်ကြီးကျောင်းများသို့ သူ၏တပည့်တပန်းများကို စေလွှတ်ပင့်ဖိတ်လိုက်ပြီဆိုသည့် သတင်းတည်း။

ယခု ပြည့်စုံရတနာ ရွာသူရွာသားများ၏ မျက်နှာပေါ်ဝယ် မျှော်လင့်အားထားသည့် အရိပ်အယောင်များ ပြန်လည် ထွက်ပေါ်လျက် ရှိနေလေပြီတကား။

* * * * *

## အခန်း [၂]

## ကယ်တင်ရှင် နှစ်ပါး

ဤမျှ ရေငတ်မွတ်ခြင်း ဒုက္ခသင့်နေသည့် ရွာသူရွာသားများသည် အဘယ့်ကြောင့် ဤကျိန်စာသင့်နေသော ရွာကို စွန့်ခွာမပြေးကြသနည်း။ ရေကြည်ရာ မြက်နုရာအရပ်တစ်ပါးသို့ မပြောင်းရွှေ့သင့်ပါပြီလော။

ဤရွာကို ဤမျှ ကုတ်ကတ်တွယ်တာနေခြင်းမှာ ထူးခြားဆန်းကြယ်ခြင်းပင် မဟုတ်ပါလော။ တွေးစရာများရှိနေသည်။ မေးစရာများလည်း ရှိနေပေသည်။

အမှန်စင်စစ် ရွာသူရွာသားများက ဤကျေးရွာကို စွန့်ပစ်မပြေးကြခြင်းမှာ သူဌေးကြီး စိရောင်ကျူကြောင့်သာလျှင် ဖြစ်ပါချေ၏။ သူဌေးကြီးသည် သုံးနှစ်ဆက် ရေရှားပါးလာသောအခါ ရေမဝယ်နိုင်သူများအတွက် သူကပင် ငွေစိုက်ထုတ်ကာ ရေပေး၏။ ရေလှူဒါန်း၏။ ရေများကို ဝေငှပေးခဲ့၏။



အဆင်းရဲဆုံး ရွာသူရွာသားများနှင့် သက်ကြီးရွယ်အို အဘိုးအိုအဘွားအိုများအတွက်မူ ရေသာမက အခြားသောစားနပ်ရိက္ခာများပင် သူ့ရိက္ခာဂိုဒေါင်မှ ထုတ်ယူပေးဝေငှသည်။

ထို့ကြောင့် ရွာသူရွာသား အတော်များများသည် မိုးခေါင်ခြင်း၊ ရေငတ်ခြင်း၊ ရိက္ခာရှားပါးခြင်းဒဏ်တို့ကို ဤမျှတောင့်ခံနိုင်ကြခြင်းဖြစ်ပေသည်။ သူဌေးကြီးစိရောင်ကျူကား အမှန်တကယ်ပင်မြင့်မြတ်သော နှလုံးသားပိုင်ရှင် ဖြစ်ပါလေသည်။

ရွာသူရွာသားများသည် သူဌေးကြီး စိရောင်ကျူ၏ အိမ်ရှေ့သို့ စုရုံးရောက်ရှိလာကြ၏။ သူတို့သည် လှုပ်လီလှုပ်လဲ့လျှောက်လာကြပြီး နွမ်းယဲ့သော မျက်လုံးများဖြင့် သူဌေးကြီး စိရောင်ကျူ၏ အိမ်ရှေ့တံခါးဝသို့ ငေးကြည့်နေကြ၏။

မကြာမီ သူဌေးကြီး စိရောင်ကျူသည် အိမ်ရှေ့တံခါးမကြီးမှ ထွက်လာပြီး သူ့အိမ်ရှေ့ လာရောက်စုရုံးနေသူများကို လက်နှစ်ဘက်မြှောက်ပြပြီး နှုတ်ဆက်၏။

"ဟေး . . . ဟေး . . . ဟေး"

ရွာသူရွာသား မြောက်မြားစွာ စုအော်လိုက်သည့် အသံသည် အားမရဖွယ်ရာ ခြောက်ခြောက်ကပ်ကပ် ထွက်ပေါ်လာ၏။ ဒုက္ခသည်၏အသံသည် အဘယ်မှာလျှင် တက်ကြွနိုးကြားနေပါအံ့နည်း။

သူဌေးကြီးက မအော်ရန် အချက်ပြ၏။ အချည်းနှီးအော်ခြင်းဖြင့် သူ့ရွာသားများ အင်အားကုန်ခန်းမည့် အရေးကို သူ မလိုလားပါချေ။

သူဌေးကြီးစိဆို၍ မုတ်ဆိတ်ကျင်စွယ်ဖြူဖြူနှင့် အဘိုးအိုကြီး

တစ်ယောက်ဟူ၍ မထင်လိုက်ပါနှင့်၊ သူဌေးကြီးစိမှာ လူလတ်ပိုင်းအရွယ်သာ ရှိပါသေးသည်။

မျက်နှာဝိုင်းဝိုင်း ဗိုက်ရွှဲရွှဲပုံသဏ္ဌာန်ကတော့ရှိပါသည်။ ချမ်းသာကြွယ်ဝသူ တော်တော်များများ ဗိုက်ရွှဲတတ်ကြသည်ကတော့ အမှန်ပင်။

ပြည့်စုံရတနာရွာမှ သူဌေးကြီးမှာ ဗိုက်ရွှဲသည့် လက္ခဏာမှတစ်ပါး အခြား ထူးခြားသော ပုံသဏ္ဌာန်လည်းမရှိပါပေ။ သူ့၌ထူးခြားသည့် အရာဆို၍ မျက်လုံးများသာရှိသည်။ သူ့မျက်လုံးများသည် ရွာသားများ၏ မျက်လုံးများနှင့် မတူပေ။ သူ့မျက်လုံးများ၌ မျှော်လင့်ချက်များ ရှိနေ၏။

ဤသို့ ထူးခြားသည့်အတွက် သူ့ကို အထူးချီးကျူးရန်လည်း မရှိပေ။ သူကား သူဌေးဖြစ်၏။ သူကား ငွေရှင်ကြေးရှင် ဖြစ်၏။ သူ စီးပွားဖြစ်ရာ ဤဒေသကို မစွန့်ခွာနိုင်ခြင်းမှာ ရပ်ဝေးမှရေကို ငွေနှင့်ဆက်ပြီး ဝယ်သုံးနိုင်သော ကြောင့်ဖြစ်သည်။

သို့သော် သူ့မျက်နှာကား ရွာသူရွာသားများနှယ် ညှိုးနွမ်းနေသည်သာ။သူသည်စိတ်ကောင်း စေတနာကောင်းရှိသူဖြစ်သည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသည့် စိတ်ဓာတ်မျိုး မရှိသူဖြစ်သည်။

ထို့ကြောင့်ပင် ပြည့်စုံရတနာ ရွာသူရွာသားများအတွက် သူတတ်အားသမျှ ကူညီပံ့ပိုးနေခဲ့ခြင်း ဖြစ်ပါသည်။

သူဌေးကြီးစိ စိတ်ကောင်းရှိကြောင်းကို ရွာသားရွာသားများအားလုံးက သိရှိကြ၏။ ထို့ကြောင့် သူဌေးကြီးစိကို လေးစားကြ



သည်။ ရိုသေကြသည်။

ယခု သူဌေးကြီးစိ၏ အိမ်ရှေ့သို့ ရောက်ရှိလာကြပြီ။ သူဌေးကြီး၏ အိမ်ရှေ့၌ စုဝေးနေကြပြီ။ သူဌေးကြီးစိ ဘာပြောမည်ကို ငံ့လင့်နေကြပြီ။ ယခုအခါ၌ သူဌေးကြီးစိသည် သူတို့အတွက်ကယ်တင်ရှင် ဖြစ်နေပြီ မဟုတ်ပါလား။

သူဌေးကြီးစိသည် အိမ်ရှေ့သို့ ထွက်လာပြီး ရွာသူရွာသားများကို ကြည့်သည်။ ကျိတ်၍သက်ပြင်းချမိသည်။ သူရော ရွာသူရွာသားများပါ စိတ်ဆင်းရဲနေကြသည်မှာ မှန်သည်။

သို့သော် . . . သူ သက်ပြင်းချသည်ကို ရွာသူရွာသားများ မမြင်စေချင်ပါ။ သူသည် ရွာသူရွာသားကို ပြုံးပြလိုက်၏။ သို့သော် သူ့အပြုံးက မတောက်ပချေ။ အင်အားမရှိချေ။ မည်သို့ပင်ဖြစ်စေ သူကတော့ပြုံးပြရမည်သာ။

"ရွာသူရွာသားများ ခင်ဗျာ. . ."

သူဌေးကြီးစိက အသံကို အနည်းငယ်မြှင့်ပြီး စတင်စကားပြောသည်။

ရွာသားများ ငြိမ်သက်သွား၏။

"ရွာသူရွာသားများ ခင်ဗျား၊ ဒီတစ်ခေါက်တော့ မိုးရွာမှာသေချာပါတယ်။ အသေအချာကို မိုးရွာပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ . . ."

သူဌေးကြီးစိ၏ အသံသည် ရုတ်တရက် ရပ်တန့်သွားလေ၏။ သူသည် ကောင်းကင်သို့ ရုတ်တရက် မော့ကြည့်လိုက်၏။ သူ့မျက်လုံးထဲ၌ ဇဝေဇဝါ အရိပ်အယောင်များ ဖြစ်ပေါ်သွားသည်။

ထိုအချက်ကို ရွာသူရွာသားများ မြင်တွေ့လိုက်ကြသော်လည်း ထူးဆန်းသည်ဟု မထင်ကြတော့ပေ။ သူတို့အဖို့ မျှော်လင့်ချက်ကင်းမဲ့ခြင်းမှာ မထူးဆန်းတော့ပြီ မဟုတ်ပါလော။

သို့သော် . . . သူဌေးကြီးစိက ချက်ချင်းပင် သူ့ကိုယ်သူ ထိန်းသိမ်းပြီး ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့ အခု ကျုပ်ပင့်လာတဲ့ ဘုန်းတော်ကြီးတွေဟာ မိုင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်က ပင်ပန်းဆင်းရဲကြီးစွာ ကြွတော်မူလာလို့ပါပဲ၊ ဘုန်းတော်ကြီးတွေဟာ ကျုပ်တို့ရွာ မိုးခေါင်နေတဲ့အတွက် အလွန်ပဲကရုဏာ ဖြစ်တော်မူတယ်၊ ဆရာတော်များဟာ မေတ္တာ စေတနာ ကြီးမားစွာနဲ့ ကျုပ်တို့ပင့်ခေါ်ရာ လိုက်ပါလာခြင်းပဲ ဖြစ်တယ်၊ ဒီတော့ ဒီတစ်ခါမှ မိုးမရွာရင် ဘယ်အခါ မိုးရွာမှာလဲ"

သူ့အကြောင်းပြချက်ကလည်း မဆိုးလှပါ။ ကျိုးကြောင်းဆီလျော်မှုတော့ ရှိပါသည်။ သီလ၊ သမာဓိ၊ ပညာအားကောင်းသူများ၏ မေတ္တာစေတနာသည် သာမန်လူများထက်တော့ အစွမ်းရှိနိုင်ပါသည်။

ရွာသူရွာသားများကား သူဌေးကြီးစိကိုသာ ငေးငိုင်ကြည့်နေကြသည်။ သူတို့ဘာမျှ မတုံ့ပြန်ကြတော့ပေ။ မတုံ့ပြန်လို၍လော။ တုံ့ပြန်နိုင်စွမ်းမရှိတော့၍လော။ ထိုအချက်ကို စိရောင်ကျူလည်း မခွဲခြားနိုင်ပါ။

ထိုစဉ် အကြိုထောက်သူတစ်ဦး အပြေးအလွှား ရောက်ရှိလာ၏။



"ဘုန်းတော်ကြီးတွေ ကြွလာပြီ"

"ဘုန်းတော်ကြီးတွေ ကြွလာပြီ"

သူဌေးကြီးစိသည် ရွာအဝင်လမ်းသို့ ကြည့်လိုက်၏။ မှန်ပေသည်။ အကြိုထောက်သူများသည် ဘုန်းတော်ကြီးများကို ပင့်ဆောင်လျှောက်လာနေကြလေပြီ။

ရွာသားများသည် လမ်းတစ်ဘက် တစ်ချက်သို့ ရှဲခနဲခွဲသွားပြီး မြေကြီးများပေါ်၌ ဒူးထောက်ထိုင်ချလိုက်ကြလေ၏။ သူဌေးကြီးစိရောင်ကျူကိုယ်တိုင် ဘုန်းတော်ကြီးများကို လက်အုပ်ချီဖူးမြော်လျက် ရှိလေပြီ။

လေးယောက်တစ်စုစီ ထမ်းလာကြသော ဝေါယာဉ်နှစ်ခုသည် ရွာလယ်လမ်းမအတိုင်း တအိအိဖြင့် လျှောက်ဝင်လာကြလေ၏။ ဘေးမှ အလဲအလှယ်ဖြင့် ထမ်းပေးမည့် စိရောင်ကျူ၏တပည့်များလည်း ဝန်းရံလိုက်ပါလာကြသည်။ မိုင်တစ်ရာ့ငါးဆယ်ခန့်မျှ ဝေးသောအရပ်မှ ဘုန်းတော်ကြီးများကို ဝေါယာဉ်ဖြင့်သယ်ဆောင်ရသောအလုပ်မှာ လွယ်ကူလှသော အလုပ်မဟုတ်ပါ။တစ်ကိုယ်ချင်းတစ်ဦးချင်း ခရီးသွားလျှင်ပင် ဝေးလံလှသဖြင့် လွန်စွာပင်ပန်းမည့် ခရီးဖြစ်ပါသည်။

ရှေ့ဝေါယာဉ်ပေါ်တွင် ခန္ဓာကိုယ်ဝဖိုင့်သော ဘုန်းတော်ကြီးတစ်ပါး ထိုင်လျက်ပါလာ၏။ ဝေါယာဉ်ပေါ်မှ လိုက်လာသဖြင့် မပင်ပန်းလှဟု ဆိုနိုင်သော်လည်း ပူပြင်းလှသော နေရောင်အောက်မှ ခရီးထွက်လာရသဖြင့် ဘုန်းတော်ကြီး အနေဖြင့် သက်တော်အတော်ရနေပြီဖြစ်၍ များစွာနွမ်းနယ်နိုင်ပေသည်။

သို့သော် ဘုန်းတော်ကြီးမှာ ပြုံးပြုံးရွှင်ရွှင်ပင် ရှိနေသည်။ ဘုန်းတော်ကြီး၏ မျက်လုံးများထဲ၌ ရွာသူရွာသားများကို သနားကြင်နာသော အရိပ်အယောင်များ ယှက်သန်း ပေါ်ပေါက်လျက် ရှိနေသည်။

ဒုတိယ ဝေါယာဉ်ပေါ်မှ ဘုန်းတော်ကြီးကား ပိန်ပိန်ပါးပါးဖြင့် အရပ်ရှည်လှ၏။ ဝေါယာဉ်အမိုးနှင့် ဦးခေါင်းပင် ထိမတတ် ဖြစ်နေသည်။

ထိုဘုန်းတော်ကြီး၏ မျက်ခုံးများက ထူထဲနက်မှောင်လှ၏။ ထိုဘုန်းတော်ကြီး၏ မျက်နှာထားမှာ "စိတ်ချ ဒကာတို့၊ ရွာမယ် မိုးဖြိုင်ဖြိုင် မုချ ရွာချစေရမယ်" ဟု အာမခံချက်ပေးနေသည့် အလား ရှိနေချေသည်။

ဘုန်းတော်ကြီး နှစ်ပါး၏ မျက်နှာများက သူဌေးကြီးစိရောင်ကျူနှင့် ရွာသူရွာသားများ အားလုံးကို အားတက်စေသည်ကတော့ အမှန်ပင်။

"ဆရာတော် ယွမ်ကျင်နှင့်ဆရာတော် ချင်ကျူကို တပည့်တော်တို့ ရွာသူရွာသားများက ဦးခိုက်ကြိုဆိုပါတယ်ဘုရား"

သူဌေးကြီးစိရောင်ကျူက ဦးချရှိခိုးရင်း ဘုန်းတော်ကြီးများကို လျှောက်ထားလေသည်။

ဝဖိုင့်သော ဘုန်းတော်ကြီးသည် ချင်းလျှံ ဘုန်းတော်ကြီးကျောင်းမှ ယွမ်ကျင်ဆရာတော်ဖြစ်သည်။

ပိန်ပါးသော ဘုန်းတော်ကြီးကား ကျင်းချင် ကျောင်းတော်မှ ဆရာတော် ချင်ကျူဖြစ်ပေသည်။



ယွမ်ကျင် ဆရာတော်က မေတ္တာကရုဏာ ကြီးမားသော မျက်နှာဖြင့် ရွာသူရွာသားများဆီသို့ လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး . . .

"ကျုပ်ကြားတယ်၊ ဒီပြည့်စုံရတနာရွာအကြောင်း ကျုပ်ကြားတော့ ရင်ထဲမှာမကောင်းလှဘူး။ ပြီးတာတွေပြီးစေတော့၊အတိတ်ဟာ အတိတ်မှာ ကျန်ခဲ့ပြီ။ ဒကာတို့အားလုံး ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြတော့၊ စိတ်အေးလက်အေးနဲ့နေကြတော့၊ ကျုပ်တို့ရဲ့ မေတ္တာစေတနာကို ဒီရွာမှာ ကျုပ်တို့ ပြခွင့်ရပြီ"

ရွာသူရွာသားများမှာ မျက်ရည်ကျမတတ်ဖြစ်လာပြီး အကြိမ်ကြိမ် ဦးချကြလေ၏။

ပိန်ပါးသော ဆရာတော်ကြီး ချင်ကျူကလည်း ချောင်းတစ်ချက်ဟန့်ပြီး စတင်မြွက်ကြားသည်။

"ဒကာတို့ . . . ဒီအချိန်ကစပြီး ပူလောင်ခြင်းတို့ ကုန်ဆုံးပြီ၊ အေးချမ်းခြင်းတို့ စတင်ပြီး၊ အက်ကွဲခြောက်သွေ့နေတဲ့ လယ်မြေတွေကို မိုးရေနဲ့ စိုပြည်နူးညက်စေသလို ဒကာတို့ရဲ့ညှိုးနွမ်းနေတဲ့ မျက်နှာတွေကိုလဲ ကျုပ်တို့ရဲ့မေတ္တာဓာတ်နဲ့ လန်းဆန်းအေးချမ်းစေမယ်၊ ကဲ . . . ကဲ. . . ပူပူလောင်လောင်ထဲမယ် ထိုင်မနေကြပါနဲ့တော့၊ အရိပ်အာဝါသရှိတဲ့ နေရာတွေမှာ သွားနားကြပါတော့"

ဆရာတော်ကြီး၏ ချိုသာအေးချမ်းလှသော စကားများက ရွာသူရွာသားများ၏ နားထဲသို့ ပျားရည်ပမာ စီးဝင်သွားလေတော့သည်။

ရွာသားအဘိုးအိုကြီးတစ်ဦးက တုန်တုန်ချည့်ချည့်ထရပ်ပြီး

ဆရာတော်ကို လက်အုပ်ချီ လျှောက်တင်သည်။

"ဆရာတော်ဘုရား . . . တပည့်တော်တို့အဖို့မှာတော့ ဒီအပူဟာ မထူးဆန်းလှတော့ပါဘူး၊ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး၊ ဆရာတော်တို့ရဲ့ မဟာကရုဏာတော်ကို ခံစားလိုက်ရတဲ့အတွက် တပည့်တော်တို့ ခံစားနေရတဲ့အပူတစ်ဝက်တောင် ငြိမ်းသလိုဖြစ်သွားပါတယ် အရှင်ဘုရား"

ချင်ကျူဆရာတော်က . . .

"အိမ်း . . . ပြန်ကြတော့၊ ပြန်ကြတော့၊ ကိုယ့်အိမ်ကိုယ့်ယာကို ပြန်ကြပေတော့"

ရွာသူရွာသားများသည် ဆရာတော်များ၏ ဩဝါဒကို နာခံလျက် ကိုယ့်အိမ်ကိုယ့်ယာ အသီးသီးသို့ ပြန်သွားကြလေ၏။

ဆရာတော်များနှင့် ကမကထလုပ်သော သူဌေးကြီးစိရောင်ကျူတို့သာ ကျန်ရစ်တော့သည်။

သူဌေးကြီးစိက . . .

"ဆရာတော်တို့ နားတော်မူကြပါဦး၊ နားပြီးမှ ရွာပတ်လည်ကို တပည့်တော်တို့ လိုက်လံပြသပါ့မယ်ဘုရား"

သူဌေးကြီးသည် ဆရာတော်နှစ်ပါးကို သူ့အိမ်ပေါ်သို့ ပင့်ဆောင်သွားလေ၏။ ဆရာတော်များအတွက် အပန်းဖြေမည့် အရာများကို သူဌေးကြီးနှင့်တပည့်များက အတတ်နိုင်ဆုံးဆောင်ရွက်ကြသည်။

သူဌေးကြီးစိသည် အိမ်ပြင်သို့ထွက်လာပြီး ကောင်းကင်သို့ မော့ကြည့်လိုက်၏။ နေမင်းကြီးကား တရှိန်ရှိန်တောက်ပမြဲပင်၊



သူဌေးကြီးသည် ရှူးခနဲသက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေ၏။

"အင်း . . ဒီတစ်ခါတော့ ကျိန်းသေမိုးရွာမှာပါ၊ သေချာတယ်။ မိုးရွာဖို့ သိပ်သေချာတယ်"

သူဌေးကြီး၏ ခြေဝသို့ရောက်နေသည့် ခွေးပိန်လှီကလေးသည် သူဌေးကြီးအား မော့ကြည့်လျက်ရှိနေ၏။ ခွေးကလေးကားယိမ်းထိုးနေဆဲပင်။ သူ၏ ယိမ်းထိုးနေပုံက သူဌေးကြီးအား တကယ်သေချာရဲ့လားဟု မေးနေသယောင်။

* * * * *

## အခန်း [၃]

## မိုးခေါ်ရာအရပ်

သူဌေးကြီး စိုးရောင်ကျူသည် အလွန်တရာ ဧည့်ဝတ်ကျေပွန်သူဖြစ်၍ ဘုန်းတော်ကြီးနှစ်ပါးအတွက် ဆွမ်း၊ကွမ်းဝေယျာဝစ္စများကို လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးသည်။ သာမန်အရပ်သူအရပ်သားများအပေါ်ပင် စိတ်ကောင်းစေတနာရှိသူဖြစ်သဖြင့် မေတ္တာကရုဏာဖြင့် ရောက်လာသော ဆရာတော်များအပေါ်ကား ဆိုဖွယ်ရာမရှိတော့ချေ။

စိုးရောင်ကျူ၏ အစေခံနှစ်ဦးသည် ဘုန်းတော်ကြီးနှစ်ပါးထံသို့ ရေကြည်ရေကောင်း ရေအင်တုံနှစ်လုံးကို ဂရုတစိုက် သယ်ဆောင်လာကြလေ၏။

သူတို့ဂရုစိုက်ရပေမည်။ ယခုအချိန်၌ ထိုရေကြည်ရေသန့်သည် ရွှေကဲ့သို့ တန်ဖိုးရှိလှသည် မဟုတ်ပါလော။

အစေခံနှစ်ဦးက ရေကြည်ရေသန့် ရေအင်တုံနှစ်လုံးကို ဘုန်း



တော်ကြီးနှစ်ပါးရှေ့ ချပြီးသောအခါ အခြားအိမ်ဖော်မလေးနှစ်ဦးက မွေးပွမျက်နှာသုတ်ပဝါကြီး နှစ်ထည်ကို ယူဆောင်လာကြပြန်လေ၏။

"မျက်နှာသစ်တော်မူပါ ဘုရား"

သူဌေးကြီးစိုက ဆရာတော်နှစ်ပါးအား တစ်ပြိုင်တည်း လျှောက်လိုက်လေ၏။

"အိမ်း . . . သစ်ရတာပ"

ဆရာတော်နှစ်ပါးစလုံးပင် ရေကိုချွေချွေတာတာသုံးစွဲပြီး မျက်နှာသစ်တော်မူကြသည်။

ညနေစောင်းသောအခါ ဘုန်းတော်ကြီး နှစ်ပါးစလုံးက ရွာထဲသို့ လှည့်ပတ်ကြည့်ရှုလိုကြောင်း မိန့်ကြားသည်။

"အသင့်ပါပဲဘုရား၊ ဆရာတော်တို့ ပင်ပန်းနေမှာစိုးလို့ တပည့်တော်က မလျှောက်တာပါ၊ တပည့်တော်တို့ ရွာအခြေအနေကို ဆရာတော်တို့ လိုက်ကြည့်နေစေချင်တာ၊ ဆရာတော်တို့ ရောက်ချိန်ကတည်းကပါဘုရား"

သူဌေးကြီးစိုက အရိုးခံအတိုင်းပင်လျှောက်တင်သည်။

"အိမ်း . . . ခုပဲသွားကြတာပ"

ဆရာတော်နှစ်ပါးစလုံး ထရပ်ကြသည်။ စိုးရောင်ကျူက ဦးဆောင်ပြီး အိမ်ပေါ်မှဆင်းသည်။ ခြောက်သွေ့နေသော ရွာကို သူဌေးကြီးစိုက လှည့်ပတ်ပြသသည်။ ကျောင်းကန်ဘုရားနှင့် ယခင်က သာယာလှပသော ရွာကလေးမှာ ယခု ရွာပျက်ကြီးထဲသို့ ဖြစ်နေခဲ့ချေပြီ။

သူဌေးကြီးစိသည် သူ၏ရွာကြီးကို အကြိမ်ပေါင်းများစွာ ကြည့်ရှုဖူးပါလျက် ယခုကြည့်သည့်အခါတွင် မျက်ရည်လည်မိတော့သည်။ ခြောက်သွေ့လှသော ရွာပျက်ကြီးနှယ်တကား။

ယွမ်ကျင်ဆရာတော်၏ စကားကြောင့် သူဌေးကြီးစိသည် အိပ်ရာမှ လန့်နိုးသလိုဖြစ်လာသည်။

"ဒကာကြီး၊ အရင်နှစ်တွေက မိုးမခေါ်ကြဘူးလား၊ မိုးမပင့်ကြဘူးလား"

သူဌေးကြီးစိက ကပျာကယာလျှောက်တင်ရ၏။

"မှန်လှပါ၊ ပင့်ပါသော်ကောဘုရား၊ အကြိမ်ကြိမ်ပါပဲ"

"မိုးခေါ်စင်ကို ဘယ်မှာဆောက်ကြသလဲ"

"တပည့်တော်ရဲ့ အိမ်ရှေ့ခြံဝင်းထဲမှာပါပဲဘုရား"

"အင်း . . . ဒါကြောင့် မိုးမရွာတာ"

ချင်ကျူဘုန်းတော်ကြီးက ဝင်ပြောလာလေ၏။

သူဌေးကြီးစိ မျက်လုံးပြူးသွားသည်။ ချင်ကျူဘုန်းတော်ကြီးကို လက်အုပ်ချီပြီး မေးမိသည်။

"ဘာကြောင့်ပါလဲဘုရား၊ အိမ်ရှေ့ခြံဝင်းထဲမှာ ဘာအမှားအယွင်း ရှိလို့ပါလဲဘုရား"

ချင်ကျူဘုန်းတော်ကြီးက လေးလေးနက်နက် ပြော၏။

"ရှိတာပေါ့၊ သိပ်ရှိတာပေါ့၊ ဒါကိုကျုပ်တို့သိပါတယ်"

"တပည့်တော်လဲသိချင်ပါတယ်ဘုရား၊ အမိန့်ရှိတော်မူပါ"

ချင်ကျူဘုန်းတော်ကြီးက စိရောင်ကျူကို စူးစူးစိုက်စိုက်ကြည့်ပြီး ဖြည်းညှင်းစွာ ပြောသည်။



"ဒီရွာအနေအထားနဲ့ပြောရရင် ဒကာကြီး စိရောင်ကျူရဲ့ အိမ်ဟာ အရှေ့တောင်အရပ်မှာ တည်ရှိနေတယ်၊ အဲဒီနေရာဟာ ဘာနေရာလဲသိလား၊ ဒီနေရာဟာ 'မီး'နေရာ၊ တကယ့်မီးနေရာ၊ မိုးခေါ်စင်ကို တကယ့်နေရာမှာ သွားဆောက်တော့ ဘယ်ကမိုးလာရွာပါတော့မလဲ၊ မိုးမရွာတာကို အပြစ်မပြောနဲ့၊ မီးထပ်မလောင်တာကို ကျေးဇူးတင်ရမယ်"

စိရောင်ကျူ ထိတ်လန့်သွား၏။

"ဘုရား၊ ဘုရား၊ ငါတို့ဟာ မတတ်ဘဲနားမလည်ဘဲနဲ့ မဟုတ်မဟပ်တွေ လျှောက်လုပ်နေတာကိုး၊လောကီပညာဆိုတာအင်မတန်ဆန်းကြယ်တယ်၊ သိတဲ့တတ်တဲ့ လူတွေနဲ့လုပ်မှ ဒါဟာ အကျိုးဖြစ်တာ၊ ဘုရားဘုရား၊ ဒီထက်ဆိုးဆိုးရွားရွားမဖြစ်တာကို ကျေးဇူးတင်ရဦးမယ်"

စိရောင်ကျူစိတ်ထဲမှာ ဘုရားတ ရေရွတ်မိသည်။

သူသည် ချင်ကျူဆရာတော်ကြီးကို လက်အုပ်ချီပြီး မေးလျှောက်လိုက်၏။

"ဒါဖြင့် ဘုန်းတော်ကြီးသဘောနဲ့ဆိုရင် မိုးခေါ်စင်ကို ဘယ်မှာဆောက်မှာလဲဘုရား၊ ဘယ်အရပ်မှာ ဆောက်သင့်ပါသလဲဘုရား"

ချင်ကျူဆရာတော်ကြီး မဖြေရသေးမီ ယွမ်ကျင်ဆရာတော်က ကောက်ကာငင်ကာ ဝင်ပြောလာလေ၏။

"ဘာခက်တာမှတ်လို့ မိုးခေါ်စင်ကို အနောက်မြောက်အရပ်မှာဆောက်ရမယ်၊ ဘာဖြစ်လို့လဲသိလား၊ အနောက်မြောက်အရပ်က မိုးကြိုးအရပ်ဖြစ်နေလို့ကွယ့်၊ သိရဲ့လား၊ အဲဒီနေရာက မိုးခေါ်ရင်

ကျိန်းသေမိုးရွာရမယ်၊ မိုးလာရမယ်"

"ဟင်း . . . ဟင်း . . . ဟင်း"

ချင်ကျူဘုန်းတော်ကြီးက မပွင့်တပွင့် ရယ်လိုက်လေတော့၏။

စိုးရောင်ကျူ ဦးနှောက်ခြောက်သွားသည်။ ဆရာတော်နှစ်ပါး၏မျက်နှာကို တစ်လှည့်စီကြည့်နေမိတော့သည်။

ချင်ကျူဘုန်းတော်ကြီးက သူ၏ ရှည်လျားသွယ်လျလှသော လက်ညှိုးကို ရပ်ကွက်၏တောင်ဘက်သို့ ထိုးညွှန်လိုက်၏။

"အဲဒီ ရွာထိပ်တောင်ဘက်မှာ မိုးခေါ်စင်ကို ဆောက်ရမယ်၊ အဲဒီအရပ်ဟာ 'ရေ' အရပ်၊ မိုးခေါ်တဲ့ကိစ္စမှာ ရေအရပ်ကနေ မခေါ်လို့ ဘယ်အရပ်ကခေါ်ရလဲ၊ အအေးရှိရာ အအေးလာတာပေါ့၊ ရေရှိရာရေလာတာပေါ့"

ယွမ်ကျင် ဆရာတော်ကြီးသည် မျက်လုံးများ ပိတ်မတတ်ရယ်နေတော့၏။

"နွေခေါင်ခေါင်မှာ မိုးခေါ်ရင်ရေနေရာကခေါ်ရမယ်၊ အဲ့ဒါအမှန်ပဲ၊ ဒါပေမယ့် အခုဟာကနွေခေါင်ခေါင်မှာ မိုးခေါ်နေတာမဟုတ်ဘူး၊ တစ်နှစ်ပတ်လုံး သုံးနှစ်တိတိ မိုးခေါင်နေလို့ မိုးခေါ်တာ၊ ဒါကြောင့်ရေနေရာက မခေါ်ရဘူး၊ မိုးကြိုးအရပ်ကပဲ ခေါ်ရမယ်၊ မိုးကြိုးအရပ်မှာပဲ မိုးခေါ်စင်ဆောက်သင့်တယ်

စိုးရောင်ကျူ တကယ်စိတ်ညစ်ရလေပြီ။ ဧည့်သည်ဘုန်းတော်ကြီးနှစ်ပါးသည် အဘယ့်ကြောင့် ဤအချိန်ကျမှ သဘောကွဲလွဲရလေသနည်း။

မိမိတို့သည် ဧကွသည်များဖြစ်၏။ ကြီးမြတ်သော ဘုန်းတော်



ကြီးများအား မည်သို့မည်ပုံ လုပ်ပါဟု အဆုံးအဖြတ်မပေးနိုင်ပေ။

စိုးရောင်ကျူသည် ယွမ်ကျင်ဘုန်းတော်ကြီးနှင့် ချင်ကျူဘုန်းတော်ကြီးတို့ကို တစ်လှည့်စီ ကြည့်နေမိလေတော့သတည်း။

ယွမ်ကျင်ဆရာတော်ကြီးက စိုးရောင်ကျူကို ပြုံးပြလိုက်၏။ ဘုန်းတော်ကြီး၏ အပြုံးသည် အလွန်တရာ အေးချမ်းလှ၏။ စိုးရောင်ကျူကို အားပေးနှစ်သိမ့်သောအပြုံးဖြစ်၏။

ယွမ်ကျင်ဘုန်းတော်ကြီးက . . .

"ဟုတ်တယ်မဟုတ်လား ဒကာကြီး၊ မိုးမရွာခင် မိုးခြိမ်းသံအလျင်ကြားရတယ်မဟုတ်လား၊ မိုးခြိမ်းသံကြားပြီးမှ မိုးရွာရတယ်"

စိုးရောင်ကျူခေါင်းညိတ်လိုက်၏။ မိုးဆိုသည်မှာ သူ့သဘာဝအတိုင်းရွာသည်။ တစ်ခါတစ်ရံ ရွာပြီးမှခြိမ်းသည်။ တစ်ခါတစ်ရံ မရွာဘဲခြိမ်းသည်။ တစ်ခါတစ်ရံ မရွာမီခြိမ်းသည်။ တစ်ခါတစ်ရံ ခြိမ်းလည်းခြိမ်း ရွာလည်းရွာသည်။ ဘယ်အရာကို အတည်ယူနိုင်ပါ့မလဲ၊ စိုးရောင်ကျူ ရောယောင်ခေါင်းညိတ်လိုက်ခြင်းသာ ဖြစ်ပါ၏။

စိုးရောင်ကျူ၏အဖြစ်ကို မြင်သောအခါ ချင်ကျူဘုန်းတော်ကြီးကရယ်လေ၏။

"အင်း . . . ဒါတော့မတရားဘူး ကိုယ်တော်ရယ်၊ မသိနားမလည်တဲ့လူကို ဘယ့်နှယ် အတင်းထောက်ခံခိုင်းရတာလဲ၊ ဒါတရားနည်းလမ်းမကျပါဘူး၊ သူသာ ဒီအကြောင်းတွေကို သိနားလည်ရင် ကျုပ်တို့ကို ဘယ်ပင့်ဖိတ်နေတော့မလဲဗျာ၊ သူ့ဘာသာပဲမိုးကို ခေါ်တော့မှာပေါ့၊ ဟဲ . . . ဟဲ . . . ဟဲ"

ယွမ်ကျင်ဘုန်းတော်ကြီး၏ မျက်နှာမှာ အနည်းငယ် တင်းမာသွား၏။

"ကိုယ်တော်က ဘယ့်နှယ် ကျုပ်ကို လှောင်ရတာလဲ၊ ကျုပ်ပြောတာနည်းလမ်းမကျလို့လား"

"ဟဲ . . . ဟဲ . . . ဟဲ အပေါ်ယံအမြင်မှာတော့ နည်းလမ်းကျသလိုပါပဲ၊ ဒါပေမယ့်"

ချင်ကျူဘုန်းတော်ကြီးက ဆက်မပြောဘဲ ယွမ်ကျင်ဘုန်းတော်ကြီးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ပြီးမှ . .

"မိုးခြိမ်းသံကြားပြီးတဲ့နောက် မိုးမရွာတာလဲ ရှိနေတာပဲ ကိုယ်တော်ရယ်၊ ဒါကို အကျယ်အကျယ် မငြိမ်းဖွယ်ပြောနေဖို့မလိုပါဘူး၊ ကိုယ်တော် စကားပုံတစ်ခုကြားဖူးတယ် မဟုတ်လား"

"ပြောမှာသာပြောစမ်းပါ ကိုယ်တော်၊ ကျုပ်ကိုပြန်မေးမနေစမ်းပါနဲ့"

"ဟဲ . . . ဟဲ . . . ဟဲ . . . နည်းနည်းတော့ စိတ်ရှည်မှပေါ့၊ စကားပုံက လူတိုင်းသိတဲ့စကားပုံပါ၊ မိုးခြိမ်းသံကျယ်ရင် မိုးစက်မိုးပေါက်နည်းသတဲ့၊ ဟဲ. . . ဟဲ. . . ဟဲ . . . မိုးရေနည်းတော့ မြေကြီးစိုဖို့ ခက်တာပေါ့ဗျာ၊ သတ္တဝါတွေ အသက်ရှင်သန်ဖို့ဆိုတာ ဝေးရောပေါ့"

စိရောင်ကျူ ဦးခေါင်းညိတ်ပြန်လေ၏။

စိရောင်ကျူခမျာ ပုတ်သင်ညိုဘဝသို့ ရောက်နေလေပြီ။ ဟိုဆရာတော်ပြောခေါင်းညိတ်၊ သည်ဆရာတော်ပြောခေါင်းညိတ် အားလုံးကို ခေါင်းညိတ်နေရလေပြီ။



ယွမ်ကျင်၏ မျက်နှာပေါ်၌ ဒေါသများ ပြေပျောက်သွား၏။ အပြုံးပင် ပေါ်လာသေးသည်။

"ကျုပ် မိုးခေါ်ခဲ့တာ ဘယ်နှစ်ကြိမ်ရှိပြီမှတ်သလဲ"

"ဒါတော့ ကိုယ်တော်လုပ်ခဲ့တဲ့အလုပ်ပေပဲ၊ ကျုပ်က ဘယ့်နှယ့်သိမှာလဲ၊ ကျုပ်က ဘုရားရှင် ကိုယ်တော်မြတ်မှ မဟုတ်ကဘဲ"

"ကျုပ် မိုးခေါ်တာ အကြိမ်ပေါင်း ခြောက်ဆယ်တိတိရှိခဲ့ပြီ၊ မိုးခေါင်တဲ့အရပ်မှာ မိုးခေါ်တိုင်း 'မိုးကြိုး'အရပ်ကနေ မိုးခေါ်ခဲ့တာပဲ၊ ရွာလဲ ရွာခဲ့တာပဲ၊ မရွာတဲ့အကြိမ်ဆိုတာမရှိခဲ့ဘူး"

ချင်ကျူဘုန်းတော်ကြီးကလည်း ပြုံးလိုက်၏။ သူကလည်း အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"အင်း . . ကျုပ် မိုးခေါ်ခဲ့တဲ့ အကြိမ်ပေါင်းဟာလဲ ကိုယ်တော့်ထက်များရင်သာ ရှိရမယ်၊ နည်းတော့ မနည်းပေဘူး၊ တစ်ကြိမ်တစ်ခါမှ မိုးကြိုးနေရာက မိုးမခေါ်ခဲ့ဖူးဘူး၊ ဟဲ. . ဟဲ. . ဟဲ. . အဲဒီနေရာက မိုးခေါ်ခဲ့ရင် ကျုပ်တောင်ခုချိန်မှာ သက်ရှိထင်ရှားရှိချင်မှရှိတော့မယ်၊ ကျုပ်မိုးခေါ်ခဲ့တဲ့နေရာကတော့ 'ရေ' နေရာကပါ၊ အမြဲတမ်း မိုးရွာခဲ့တာပဲ"

စိရောင်ကျူသည် ဘုန်းတော်ကြီးနှစ်ပါးကို တစ်လှည့်စီကြည့်နေလိုက်မိပြန်လေ၏။ ခက်ပြီ၊ ဤဘုန်းတော်ကြီးနှစ်ပါးသည် သူတို့၏ လောကီအစီအမံဖြင့် အငြင်းအခုံ ဖြစ်နေကြပြီ။ သူ မည်သို့ဝင်ရှင်းပေးရပါအံ့နည်း။ အငြင်းအခုံ ပြင်းထန်လာခြင်း၊ ကြီးကျယ်လာခြင်းသည် သူတို့ပြည့်စုံရတနာရွာကလေး အတွက် မကောင်းပါ။ အဓိကအချက်က ရေရဖို့ဖြစ်ပါသည်။ ရွှံ့နှင့် လုပ်ထားသော

ကြောင်ရုပ်ဖြစ်ပါစေ၊ ကြွက်သေဖို့သာအဓိက မဟုတ်ပါလား။

"အရှင်ဘုရားတို့"

စိရောင်ကျူက ဘုန်းတော်ကြီးနှစ်ပါးကို လျှောက်တင်လိုက်၏။

"အရှင်ဘုရားတို့ . . . အခု အရှင်ဘုရားတို့ ငြင်းခုံနေတဲ့ ကိစ္စဟာ အရှင်ဘုရားတို့အတွက်တော့ အရေးကြီးချင်မှကြီးမယ်၊ တပည့်တော်တို့အတွက်ကတော့ မိုးရွာဖို့သာ အရေးကြီးဆုံး ဖြစ်ပါတယ်၊ ဒီလိုလျှောက်တင်တဲ့အတွက် တပည့်တော်ကို ခွင့်လွှတ်တော်မူပါ၊ တပည့်တော်တို့ရဲ့ ဒုက္ခကို စာနာတော်မူပါဘုရား"

စိရောင်ကျူက အရဲစွန့် လျှောက်တင်လိုက်ခြင်းဖြစ်ပါ၏။

ယွမ်ကျင်ဘုန်းတော်ကြီးနှင့် ချင်ကျူဘုန်းတော်ကြီးတို့သည် စိရောင်ကျူကို အံ့အားသင့်စွာ ငေးကြည့်နေမိကြ၏။ ဘုန်းတော်ကြီးနှစ်ပါးမှာ ရုတ်တရက် အသက်ရှူကျပ်သလို ဖြစ်သွားကြသည်။ အတန်ကြာမှ ချင်ကျူဘုန်းတော်ကြီးက ခေါင်းညိတ်ပြီး . .

"အင်း . . ဒကာကြီးအတွက်တော့ ဟုတ်ပေတာပေါ့၊ ကျုပ်တို့ကလဲ တမင်ငြင်းနေကြတာမဟုတ်ပါဘူး၊ ဒကာကြီးတို့အတွက်ပဲငြင်းနေကြရတာပါ၊ ကျုပ်နဲ့ယွမ်ကျင်ဆရာတော် အမြင်မတူဖြစ်နေတယ်၊ ဒီအမြင်မတူခြင်းဟာ ဒကာကြီးတို့အတွက် မိုးရေရဖို့ကိစ္စပါပဲ"

"ဟုတ်တယ်၊ ကျုပ်နဲ့ချင်ကျူဆရာတော် သဘောကွဲလွဲနေတယ်၊ ကျုပ်တို့ပျော်လို့ ငြင်းနေကြတာမဟုတ်ဘူး၊ တကယ်တော့ မိုးရွာဖို့ကိစ္စမှာ ကျုပ်တို့ရဲ့သဘောထား အမြင်ဟာ သိပ်အရေးပါပါတယ်"

ယွမ်ကျင်ဘုန်းတော်ကြီးက ဝင်၍ရှင်းပြ၏။ ဘုန်းတော်ကြီးနှစ်



ပါး၏ လေသံ၌ ဒေါသသံမပါတော့ပေ။ အနည်းငယ် ပျော့ပျောင်းသွားကြသည်ကတော့ အမှန်ပင်။

ချင်ကျူ ဘုန်းတော်ကြီးက လက်အုပ်ချီပြီး ပြော၏။

"ဒီတော့ ဒကာကြီးကပဲ အဆုံးအဖြတ်ပေးပေတော့၊ ယွမ်ကျင်ဆရာတော်ကို မိုးခေါ်ခိုင်းမယ်ဆိုရင် ကျုပ်နောက်ဆုတ်ပေးပါ့မယ်"

ထိုအခါ ယွမ်ကျင်ဆရာတော်ကြီးမှာလည်း မနေသာတော့ပေ။ တစ်ဘက်က ပျော့ပျောင်းနေပြီဖြစ်၍ သူ့ဘက်က တင်းမာနေ၍ မဖြစ်တော့ပေ။ တင်းမာနေလျှင် တရားရှင်မပီသတော့ပေ။

"မှန်တယ်၊ ဒီစကား သိပ်ကောင်းတယ်၊ ဒကာကြီးက ချင်ကျူဆရာတော်ကို မိုးခေါ်ခိုင်းမယ်ဆိုရင် ကျုပ်ကလဲ နောက်ဆုတ်ပေးပါ့မယ်၊ ဒကာကြီးရဲ့အဆုံးအဖြတ်အတိုင်းပဲဖြစ်စေရမယ်"

စိရောင်ကျူ ခေါင်းကုတ်ရလေတော့၏။အပြီးသတ်ကျတော့ ပြဿနာက သူ့ခေါင်းပေါ်ပဲ ကျတာပါပဲကလား။

စိရောင်ကျူ၏ မျက်နှာမှာ နွမ်းနယ်နေ၏။ သူစိတ်ပင်ပန်းခဲ့ရသည်မှာ ကြာပြီ။ ယခု ဘုန်းတော်ကြီးနှစ်ပါး ငြင်းခုံနေကြသောအခါ သူ့ရွာအတွက် မိုးရေရရေးကိစ္စကိုပင် ခေတ္တမေ့ထားရမလို ဖြစ်လာသည်။

"တပည့်တော် တစ်ခုလောက် လျှောက်တင်ပါရစေဘုရား"

"ပြောပါ"

ဘုန်းတော်ကြီးနှစ်ပါးစလုံးက ခွင့်ပြုကြ၏။

စိရောင်ကျူ စကားလုံးရွေးနေသည်။ ဘုန်းတော်ကြီးများကို သူစိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။

"ဆရာတော်တို့ . . . ဆရာတော်တို့ကြွလာတာဟာ တပည့်တော်တို့အပေါ် ကရုဏာသက်လို့မဟုတ်လား ဘုရား"

"ဟာ. . . ဒါတော့ သံသယမရှိပါနဲ့၊ ကျုပ်တို့ခရီးအဝေးကြီးက ကြွလာခဲ့ကြတာပဲ"

ဘုန်းတော်ကြီးနှစ်ပါးစလုံးက ပြိုင်တူပြောကြသည်။

"အဓိကအချက်ကလဲ မိုးရွာဖို့ပဲ မဟုတ်လားဘုရား"

"ဟုတ်တယ်"

"ဟုတ်ပါတယ်"

စိရောင်ကျူက ဦးခိုက်လျှောက်ထားလိုက်၏။

"ဒါဆိုရင် ယွမ်ကျင်ဆရာတော်က အနောက်မြောက်ဘက်မှာ မိုးခေါ်စင်ဆောက်ပြီး မိုးခေါ်ပေးပါဘုရား၊ ချင်ကျူဆရာတော်ကလဲ ရွာထိပ်တောင်ဘက်အရပ်မှာ မိုးခေါ်စင်ဆောက်ပြီး မိုးခေါ်ပေးပါဘုရား၊ ဘယ်ဆရာတော်ကြောင့်ဖြစ်ဖြစ် မိုးရွာရင် တပည့်တော်တို့ရွာသားတွေ ဝမ်းသာကျေနပ်ကြမှာပါ ဘုရား၊ ဆရာတော်နှစ်ပါးကို ကျေးဇူးတင်လို့ဆုံးတော့မှာ မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့ လိုအပ်နေတာက မိုးရေပါဘုရား၊ မိုးရွာရင်တပည့်တော်တို့ ကျေနပ်ကြပါပြီ၊ ဆရာတော်ကြီးနှစ်ပါးရဲ့ မေတ္တာ၊ကရုဏာဟာ အင်မတန်ကြီးမားကြောင်း တပည့်တော်တို့ သိရှိကြပါတယ်ဘုရား၊ တစ်ချိန်တည်းတစ်ပြိုင်တည်း ကိုယ်ကြိုက်တဲ့အရပ်မှာ မိုးခေါ်ပေးတဲ့အတွက် ဆရာတော်တို့အတွက် ဘာမှအပန်းမကြီးဘူးလို့ တပည့်တော်တို့ ထင်မှတ်ပါတယ်ဘုရား"

စိရောင်ကျူက ရှည်ရှည်ဝေးဝေး လျှောက်တင်လိုက်လေ၏။



စိရောင်ကျူ၏ စကားမှာရှင်းသည်။ လုပ်ဆောင်ပေးရန် ခက်ခဲသော အလုပ်မဟုတ်ကြောင်းလည်း ပေါ်လွင်နေသည်။ ဘုန်းတော်ကြီးနှစ်ပါးအဖို့ ရှည်ရှည်ဝေးဝေး စဉ်းစားနေရန် မလိုတော့ပါချေ။ ဘုန်းတော်ကြီးနှစ်ပါးတို့သည် တစ်ပါးမျက်နှာတစ်ပါး ကြည့်လျက် ခေါင်းညိတ်လိုက်ကြလေ၏။

"ကောင်းပြီလေ၊ ဒကာကြီးရဲ့အစီအစဉ်မဆိုးပါဘူး၊ အဓိကအချက်က မိုးရွာဖို့ပဲဥစ္စာ၊ ကဲ . . ကဲ . . ကျုပ်တို့အတွက် လိုအပ်မယ့် ပစ္စည်းတွေရဖို့သာ ဒကာကြီးစီစဉ်ပေတော့၊ ကျုပ်တို့ ကိုယ်ကြိုက်တဲ့ နေရာကမိုးခေါ်ကြမယ်"

ယွမ်ကျင် ဘုန်းတော်ကြီးက ပြောလိုက်၏။

ချင်ကျူဘုန်းတော်ကြီးက သူလည်း သဘောတူကြောင်း ခေါင်းတညိတ်ညိတ် လုပ်ပြနေ၏။

"ဟင်း"

သူဌေးကြီးစိရောင်ကျူသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်လေတော့သတည်း။

* * * * *

## အခန်း [၄]

## အံ့ဖွယ် စွမ်းရည်

ယွမ်ကျင်ဆရာတော်ကြီးနှင့် ချင်ကျူဆရာတော်ကြီးတို့သည် မိုးခေါ်စင်သောက်မည့်အရပ်ကို ရွေးချယ်ရာ၌ သဘောကွဲလွဲခဲ့ကြသော်လည်း မိုးခေါ်မည့်နေ့ရက်၊ မိုးခေါ်မည့်အချိန် ရွေးချယ်ရာ၌မူ အံ့ဖွယ်ကောင်းလောက်အောင် တူညီနေကြပေသည်။

သူဌေးကြီး စီရောင်ကျူသည် ဒုတိယအကြိမ်သက်ပြင်းမှုတ်ထုတ်နိုင်ခဲ့လေ၏။

"အင်း . . တော်သေးတာပေါ့၊ ဘုန်းတော်ကြီးတွေ ထပ်ပြီး အငြင်းအခုံဖြစ်နေကြရင် ငါလဲ ဘယ်လိုလျှောက်တင်ရမှန်း မသိတော့ ဘူး"

ထိုစကားက စီရောင်ကျူစိတ်ထဲမှ ပြောလိုက်ခြင်းသာ။ ဘုန်းကြီးများရောက်ပြီး သုံးရက်မြောက်နေ့၌ မိုးခေါ်စင်နှစ်ခုကို ရွာ၏ အနောက်မြောက်အရပ်နှင့် ရွာထိပ်တောင်ဘက်အရပ်တို့တွင် သူဌေးကြီးစီ၏ တပည့်လက်သားများက လျင်မြန်စွာ ဆောက်လုပ်



ပေးကြလေ၏။

မိုးခေါ်စင်မှာ စင်သက်သက်မဟုတ်ပေ။ ဘုန်းတော်ကြီးများမှာကြားသည့် ပစ္စည်းများကိုလည်း အပြည့်အစုံ ရှာဖွေပေးရလေ၏။ ထိုပစ္စည်းများအတွက် ဒကာမှာ စီရောင်ကျူပင်ဖြစ်ပါသည်။ စီရောင်ကျူအဖို့ ဤမျှ ကုန်ကျမှုကို မမှုပါ။ နောက်ဆုံး သူ့စည်းစိမ်ပြုတ်ချင်ပြုတ်ပါစေ၊ ဤပစ္စည်းများကို သူပိုင်လယ်မြေများမှ ပြန်ရှာဖွေ၍ ရမည်ဟု သူယုံကြည်သည်။ မြေကြီးက ရွှေသီးသည့် အဖြစ်ကို စီရောင်ကျူ ကောင်းစွာသိသည်။ လူသားဆိုသည်မှာ အမိမြေ၏ သားသမီးများသာဖြစ်သည် မဟုတ်ပါလား။ မြေဇာ ကျွေးသမျှကို စားပြီး နောက်ဆုံးအမိမြေကြီး၏ ရင်ခွင်ထဲတွင် ပြန်လည် လဲလျောင်းရသည်မဟုတ်ပါလား။

နံနက် အုန်းမောင်း ဆယ်ကြိမ်ခေါက်ပြီးသည့်အချိန်တွင် ရွာသူရွာသားများသည် ဗုံ၊ နှဲ၊ လင်းကွင်း၊ မျောက်အိုး စသည်တို့နှင့်အတူ မိုးခေါ်စင်များဆီသို့ ချီတက်လာကြလေ၏။

တစ်စုသည် ရွာထိပ် တောင်ဘက်အရပ်သို့လည်းကောင်း၊ တစ်စုသည် အနောက်မြောက်ဘက်မိုးခေါ်စင်သို့ လည်းကောင်း၊ ခွဲထွက်သွားကြ၏။ ဆိုင်းသံ၊ ဗုံသံများကား ဆူညံနေသည်။ မျောက်အိုးသံများကား နားကွဲမတတ်။ ရွာလုံးကျွတ် ရွာသားများသည် မိုးခေါ်စင်များဆီသို့ ရောက်ရှိနေကြလေပြီ။

မွန်းတည့်ချိန်။

အပူဆုံးအချိန်။ နေမင်းက ဝင်းဝင်းတောက်နေ၏။ ပူလိုက်သည့်ဖြစ်ခြင်း။ ရွာသူရွာသားအားလုံး ချွေးဒီးဒီးကျနေ၏။ သို့သော်

တစ်ပြိုင်နက်တည်း ပြုလုပ်သော မိုးခေါ်စင်နှစ်စင်ကြောင့် သူတို့၏စိတ်ဓာတ်များ ဝက်ကြွလျက်ရှိနေ၏။

ထိုအချိန်ကျမှ ဘုန်းတော်ကြီးနှစ်ပါးသည် မိုးခေါ်စင်နှစ်စင်သို့ ကြွချီသွားကြ၏။ ယွမ်ကျင်ဆရာတော်က ရွာအနောက်မြောက်ဘက် မိုးခေါ်စင်သို့သွားပြီး ချင်ကျူဆရာတော်က ရွာတောင်ဘက် မိုးခေါ်စင်သို့ ကြွချီသွားလေ၏။

ဆရာတော်များသည် မိုးခေါ်စင်ပေါ်သို့ ရောက်ရှိနေသည့် ပစ္စည်းများကို စစ်ဆေးကြလေတော့၏။

အမွှေးတိုင်၊ ဖယောင်းတိုင်၊ ငွေစက္ကူ၊ ရွှေစက္ကူ၊ သား၊ ငါး၊ သစ်သီးဝလံနှင့် ကန်တော့ပွဲများ အားလုံးပြည့်စုံသည်။

ယွမ်ကျင်ဆရာတော်သည် ရွှေနားကွပ်ထားသော အနီရောင်သင်္ကန်းကို ခြုံ၍ ဦးခေါင်းပေါ်၌လွှမ်းခြုံထား၏။ ထို့ပြင် ရွှေရောင်ဦးထုပ်တစ်လုံးကို ဆောင်းလိုက်သေးရာ ဆရာတော်မှာ ထူးခြားသလို ဖြစ်သွားတော့၏။

ဆရာတော်သည် မိုးခေါ်စင်လှေကားခြေရင်း၌ ရပ်ကာ များပြားလှသော ရွာသူရွာသားများကို လှမ်းကြည့်၏။ ကရုဏာသက်သွားသဖြင့် မချိပြုံးပြုံးလိုက်သည်။ ထို့နောက်လှေကားပေါ်သို့ တစ်ထစ်ချင်းတက်သွားလေတော့၏။

မိုးခေါ်စင်ပေါ်သို့ ရောက်သောအခါ အရေးကြီးဆုံးသော ပစ္စည်းကိုကြည့်သည်။ ဝါးပိုး၊ ဝါးဆစ်ဖွင့်နှစ်တောင်ခန့်နှင့် တီးရန်ဝါးတုတ်တိုတစ်ချောင်း။

ဆရာတော်က ခေါင်းညိတ်လိုက်၏။



"အိမ်း . . ပစ္စည်းကတော့ အပြည့်အစုံပဲ၊ မိုးရွာရမပေါ့ကွယ်"

ဆရာတော်က ကရုဏာစိတ်ဖြင့် ရင်ထဲမှ ပြောလိုက်မိသည်။

ထို့နောက် ဆရာတော်သည် ပရိတ်ရေများဖြင့် မိုးခေါ်စင်ထောင့်လေးထောင့်သို့ ပက်ဖျန်း၏။ ပြီးစီးသောအခါ မိုးကောင်းကင်သို့ မော့ပြီး ဦးသုံးကြိမ်ချ၏။ ပြီးသော် ဖယောင်းတိုင်ကို မီးညှိ၏။ အမွှေးတိုင်ထွန်း၏။

ပြီးပြီ။ အစီအမံအားလုံးပြီးပြီ။ ဆရာတော်သည် ဝါးဆစ်ပိတ်ကို ရှေ့သို့ယူလိုက်ပြီး တုတ်တိုဖြင့် တစ်ချက်ချင်းဖြည်းဖြည်းချင်း စတင်ခေါက်လေတော့၏။ တတောက်တောက်အသံသည် တဖြည်းဖြည်းကျယ်လောင်လာ၏။ စင်ရှေ့၌ ထိုင်နေကြသော ရွာသူရွာသားများသည် ဝါးဆစ်ပိတ်ခေါက်သံကို နားထဲစွဲလာကြ၏။ ဝါးဆစ်ပိတ်ခေါက်သံသည် ရွာသူရွာသားအားလုံးကို ညှို့ယူထားလေပြီ။

ယွမ်ကျင်ဆရာတော်ကား မျက်လုံးများစုံမှိတ်လျက် ဝါးဆစ်ကိုသာ မှန်မှန်တီးခေါက်နေလေသတည်း။

ရွာ၏တောင်ဘက် မိုးခေါ်စင်တွင်လည်း လုပ်ငန်းစနေလေပြီ။ ချင်ကျူဘုန်းတော်ကြီးသည် ခြေလှမ်းမှန်မှန်ဖြင့် မိုးခေါ်စင်ပေါ်သို့တက်သွားလေ၏။ သူ့ပခုံးပေါ်တွင် ပဝါတစ်ထည်ရှိနေ၏။ ထိုပဝါ၏ အစနှစ်ဘက်သည် ရင်ဘတ်ရှေ့သို့ ရောက်နေ၏။ ထိုပဝါမှာ နှယ်နှယ်ရရမဟုတ်ပါပေ။ ဂါထာမန္တရားများ ရေးထိုးထားသည့် လောကီအစီအရင်ပဝါ ဖြစ်ပါသည်။

သူသည် စင်ပေါ်သို့ရောက်သည်နှင့် အမွှေးတိုင်ထွန်းသည်။ အင်းချပ်များအပေါ် ဖယောင်းတိုင်တင်၍ မီးထွန်းသည်။ နှုတ်မှ

လည်း ဂါထာမန္တရားများကို တတွတ်တွတ်ရေရွတ်သည်။ ဤသို့ဖြင့် ဘုန်းတော်ကြီးနှစ်ပါးတို့သည် မိုးခေါ်ပွဲကြီးကို မြိုင်မြိုင်ဆိုင်ဆိုင် စိတ်လိုလက်ရ ဆောင်ရွက်နေကြလေတော့၏။

ပြည့်စုံရတနာရွာသူရွာသားများသည် ယခင်က မိုးခေါ်ပွဲများကို ကြုံဖူးခဲ့ကြသော်လည်း ယခုကဲ့သို့သော အစီရင်မျိုးကိုမူ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ဖူးကြပေ။ ယခုကဲ့သို့ ထူးထူးခြားခြား အစီအရင်မျိုးကို တွေ့နေရသောအခါ ထူးဆန်းအံ့ဩသောစိတ်များနှင့်အတူ အားတက်ခြင်းများ ဖြစ်ပေါ်ခံစားလာရ၏။ တကယ် မိုးရွာလာနိုင်သည်ဟူသော အသိလည်းဖြစ်ပေါ်လာကြ၏။ ဘုန်းတော်ကြီးနှစ်ပါး၏ ဥပဓိရုပ်ကလည်း လွန်စွာတည်ကြည်ခန့်ညား ကြသဖြင့် ရွာသူရွာသားများ ဤသို့ယုံကြည်ခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

ဘုန်းတော်ကြီးများ၏ နှုတ်ခမ်းများသည် ပို၍ပို၍ တလှုပ်လှုပ် ဖြစ်လာ၏။

ရွာ၏ အနောက်မြောက်ဘက်မှ ဝါးဆစ်ခေါက်သံသည် တဖြည်းဖြည်း ခေါက်သံစိတ်လာ၏။ မကြာမီ မိုးခေါ်စင်၏ ထောင့်လေးထောင့်မှ မီးခိုးများ အူထွက်လာသည်။ ယွမ်ကျင်ဘုန်းတော်ကြီးက ရွှေစက္ကူငွေစက္ကူများကို မီးရှို့လိုက်ခြင်းကြောင့်ဖြစ်ပေသည်။

ရွာ၏တောင်ဘက်မိုးခေါ်စင်မှလည်း မီးခိုးများ အူထွက်လာပြန်၏။ ချင်ကျူဘုန်းတော်ကြီးက သူ၏ အင်းစာရွက်များကို မီးရှို့လိုက်သောကြောင့်ဖြစ်သည်။

ပူလောင်အိုက်စပ်နေသည့်အထဲ မီးခိုးများ အူထွက်နေသည်



မှာ လွန်စွာစိတ်မသက်မသာဖွယ်ရာပင်။ သို့သော် ရွာသားများမှာ စိတ်မသက်မသာမခံကြရပါ။ လွန်စွာ စိတ်ဝင်စားနေကြသောကြောင့်ဖြစ်ပါသည်။

ထို့နောက် ဘုန်းတော်ကြီးများသည် မီးလောင်နေသည့် စက္ကူများပေါ်သို့ ပရိတ်ရေများဖြင့် ပက်ဖျန်းလေတော့ရာ တရှဲရှဲ မြည်သံများ ထွက်ပေါ်လာတော့သည်။ မီးခိုးမြူများပို၍ပင် တက်လာသည်။

"ခြိမ်း . . ဂျလိမ်း . . ဂျလိမ်း"

မိုးခြိမ်းသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် ရွာသူရွာသားများသည် တစ်ဦးကိုတစ်ဦး မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်မိကြလေ၏။

ထို့နောက် . . .

"ဟေး . . ဟေး . . ဟေး . . ဒါ . . ဒါ မိုးသံပေါ့၊ မိုးရွာဖို့ ရှေ့ပြေးနိမိတ်ပေါ့"

ရွာသူရွာသားများ၏ အော်ဟစ်လိုက်သံသည် ဘဝင်တိုင်သွား၏။

"ဖြောက် . . . ဖြောက် . . . ဖြောက် . . . "

"ဖြောက် . . . ဖြောက် . . . ဖြောက် . . . "

တစ်ချိန်တည်းမှာပင် ကြီးမားသော မိုးစက်မိုးပေါက်တို့ အံ့ဩဖွယ်ရာ တဖြောက်ဖြောက်ကျလာလေတော့သည်။

* * * * *

## အခန်း [၅]

## ရေရှန်သူ

ဘုန်းတော်ကြီးနှစ်ပါး၏ စွမ်းရည်ကြောင့်လော၊ တိုက်ဆိုင်မှုကြောင့်လောမသိ။ မိုးသည် အမှန်တကယ် ရွာသွန်းလာလေတော့၏။

သူဌေးကြီး စိရောင်ကျူသည် ရှေးဆန်သူ ဖြစ်သော်လည်း ဆင်ခြင်တုံတရား ကြီးမားသူဖြစ်သည်။ အရာရာကို နှိုင်းယှဉ်စဉ်းစားတတ်သူဖြစ်သည်။ သူသည် အုံ့ဩလွန်းသောကြောင့် သူ၏ ရွာသူရွာသားများကဲ့သို့ တဟေးဟေး တဟားဟား မအော်မိချေ။ သို့သော်ဝမ်းသာစိတ်ကမကြာမီ ယိုဖိတ်လျှံကျလာသဖြင့်လက်နှစ်ဘက်မြှောက်ကာ နတ်ဘုရားများကို အရိုအသေပြုနေလေတော့၏။ ပြီးမှ ရွာသားများကို လက်ဝှေ့ယမ်းနှုတ်ဆက်သည်။

ရွာသူရွာသားများကား သူဌေးကြီးစိရောင်ကျူကို သတိမရကြတော့ချေ။ မြေကြီးမှ ရွှေပင်၊ ငွေပင်များပေါက်လာလျှင်ပင် ဤမျှ ဝမ်းသာအားရဖြစ်ကြမည်မထင်ပေ။



မိုးခေါင်ခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ မိုးရွာသောအခါ ရွာသူရွာသားများသည် အရူးသဖွယ် ဖြစ်ကုန်တော့သည်။ သူတို့သည် မိုးရေထဲသို့ ပြေးလွှားကြ၏။ ကျွမ်းထိုးသူက ထိုးကြ၏။ ရယ်သူက ရယ်ကြ၏။ ငိုသူက ငိုကြ၏။

"ဘာလုပ်နေကြတာလဲ၊ မိုးရွာတုန်း ဒီလိုအလကား အချိန်ဖြုန်းပစ်ကြတော့မှာလား၊ ဘာဖြစ်လို့ ရေမခံကြတာလဲ၊ ဒီမိုးရေတွေကို ဒီလိုအလကား အဖြစ်ခံတော့မှာလား"

အဘိုးအိုတစ်ဦးက အသံကုန် ဟစ်အော်လိုက်လေ၏။

ထိုအခါကျမှ မိုးရေထဲ၌ အရူးသဖွယ်ပြေးလွှားနေကြသော ရွာသူရွာသားများသည် အသီးသီးအသက ကိုယ့်အိမ်ရှိရာသို့ ပြေးကြလေတော့၏။ ခွက်ကြီးခွက်ငယ် အိုးကြီး၊ အိုးငယ်တို့ကို ထုတ်ကာ မိုးရေခံကြလေတော့၏။

တစ်မိုးလုံး မည်းမှောင်လာသည်။ လေရောမိုးပါ တိုက်ခတ်သွန်းချလာခြင်းဖြစ်၍ သစ်ပင်ကြီးငယ်တို့မှာ လေထဲ၌နတ်ဝင်သည်ကဲ့သို့ ယိမ်းထိုးနေလေ၏။ အရပ်ရှစ်မျက်နှာလုံး မိုးရိပ်များ မည်းမှောင်စွာတက်လာပြီး ရွာချခြင်းဖြစ်၍ ဤမိုးမှာ ခုရွာခုတိတ် မိုးမျိုး မဟုတ်ကြောင်း ခန့်မှန်းနိုင်ကြသည်။

ဘုန်းတော်ကြီးနှစ်ပါးမှာ မိုးရွာထဲ၌ ရွှဲရွှဲစိုနေပြီဖြစ်သော်လည်း ပြုံးနေသည်။ သူတို့၏ ကြိုးစားဆောင်ရွက်မှု အောင်မြင်ခဲ့ပြီ မဟုတ်ပါလော။

သူဌေးကြီးစိရောင်ကျူသည် မိုးရေထဲကြာရှည်စွာ ရပ်နေမိ၏။ သူ၏ လူယုံတော်တစ်ယောက် ဘုန်းတော်ကြီးများကို ကြိုရန်

သတိပေးမှ ဘုန်းတော်ကြီးများအား အလျင်အမြန်ကြိုဆိုပြီး အိမ်သို့ ပင့်ဆောင်သွားရလေ၏။ မိုးကား ယခင်က မရွာခဲ့သလောက် ယခု အငြိုးနှင့်သွန်း၍ ရွာချနေလေတော့သည်။

သည်မိုးရွာပုံမှာ တရုတ်ပြည်၌ ရှိရှိသမျှသော ရေကန်များ အားလုံးကို မှောက်သွန်ချလိုက်သကဲ့သို့ပင်တည်း။

သူဌေးကြီးစိရောင်ကျူသည် မိုးရေထဲ အချိန်ကြာမြင့်စွာ ရပ်နေခဲ့မိသဖြင့် အဆက်မပြတ် နှာချေလာလေတော့၏။

သူသည် ယခုကဲ့သို့ဖြစ်တတ်သည်။ အအေးမိလျှင် နှာချေတတ်သည်။ သူသည် သူ့ကိုယ်သူ ဂရုစိုက်နေရသည်။ ဘုန်းတော်ကြီးများသည် ရွာသူရွာသားများ၏ ကျေးဇူးရှင်ဖြစ်သည် မဟုတ်ပါလော။ မဟာကရုဏာရှင်ကြီးများ ဖြစ်ကြသည်မဟုတ်ပါလော။

စိရောင်ကျူ၏ လူယုံတော်ကြီးများသည် သူဌေးကြီးစိအား အနားယူခိုင်းကြရ၏။ သူဌေးကြီးစိ၏ကိုယ်စား သူတို့က ဘုန်းတော်ကြီးများအား သွက်သွက်လက်လက် ပြုစုကြ၏။ လူယုံတော်များသည် တာဝန်နှင့်ဝတ္တရားအရ ဘုန်းတော်ကြီးများအား မင်းတိုင်းကျေ ပြုစုကြခြင်းမဟုတ်ပါ။ သူတို့ကိုယ်တိုင် မိုးဒဏ်ခံနေကြရသည့် ရွာသူရွာသား ဖြစ်နေခဲ့ကြရခြင်းကြောင့် စိတ်ပါလက်ပါ ရှိသေသဒ္ဓါတရားဖြင့် ပြုစုနေကြခြင်းဖြစ်ပါ သ၏။

ညနေစောင်းသော်လည်း မိုးကား တဝုန်းဝုန်း တဒိုင်းဒိုင်းရွာဆဲပင်။ စိရောင်ကျူကား ပျော်တပြုံးပြုံးမော်မဆုံး။ ရွာသူရွာသားများကလည်း ပျော်တပြုံးပြုံး မော်မဆုံး။

"ရွာပါလေ့စေ၊ စိတ်ရှိလက်ရှိ ရွာပါလေ့စေ၊ ဒါမှ ကျောက်ခဲ



ဖြစ်နေတဲ့ လယ်တွေလဲ ပျော့ပျောင်းသွားမှာ"

ရွာသူရွာသား အားလုံးလောက်ပင် ထိုစကားကို ပြောကြလေ၏။

အငြိုးနှင့်သဲသဲမဲမဲ ရွာနေသည့်မိုးကို မည်သူကမျှ အပြစ်မမြင်ပေ။ အားလုံးရင်ထဲ ချမ်းမြေ့နေကြ၏။ အနာဂတ်လယ်ယာ လုပ်ငန်းများကို ထားဦး၊ လောလောဆယ်ဆယ် သောက်ရေ၊ သုံးရေ ပြည့်စုံရခြင်းအတွက်ပင် ကြည်နူးမဆုံးဖြစ်နေကြပေသည်။

မိုးချုပ်လာခဲ့ချေပြီ။ မိုးချုပ်ပြီဆို၍ သာမန် မှောင်စပျိုး မိုးချုပ်ခြင်းမျိုး မဟုတ်ပေ။ ညဥ့်အတော်နက်နက် မိုးချုပ်ခြင်းဖြစ်သည်။ မွန်းလွဲပိုင်းကတည်းက သွန်ချရွာခဲ့သော မိုးသည် ယခု မိုးစုံးစုံးချုပ်သည့်တိုင် သည်းထန်စွာ ရွာသွန်းဆဲဖြစ်သည်။

ချူလောင်ကွန်။

သူသည် အသက်ရှစ်ဆယ်ကျော် အဘိုးအိုတစ်ယောက်ဖြစ်၏။ သူသည် ရွာထိပ်၌ တဲငယ်တစ်လုံးဖြင့် သီးခြားနေထိုင်သူဖြစ်သည်။ သူ့ဇနီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။

သားသမီးနှင့် မြေးများက ရွာထဲတွင် သူတို့နှင့်အတူနေ ထိုင်ရန် ခေါ်သော်လည်း သူကမနေနိုင်ပေ။ မနေပေ။ သူ့တစ်ကိုယ်တည်း ရွာထိပ်တဲငယ်တွင်သာ နေထိုင်သည်။ သူ့ဘာသာ ချက်ပြုတ်စားသောက်သည်။

တဝုန်းဝုန်း တဒိုင်းဒိုင်း ရွာချနေသော မိုးကို အခြားသောရွာသူရွာသားများက အပြစ်မမြင် ချစ်ကြင်နာကြသော်လည်း အဘိုးအို ချူလောင်ကွန်ကမူ ကြောက်ရွံ့လာခဲ့ချေပြီ။ ထို့ကြောင့် နှစ်နှစ်ခြိုက်

ခြိုက် အိပ်မပျော်နိုင်ခြင်းလည်းဖြစ်သည်။

"ညဥ့်လဲနက်လှပြီ၊ ဒီလောက် သဲကြီးမဲကြီး ရွာဖို့တော့မကောင်းလှဘူး၊ တော်ရုံတန်ရုံ ရွာပြီးတိတ်ရင် တော်သေးတာပေါ့"

ချူလောင်ကွန် တစ်ကိုယ်တည်းညည်းပြောနေ၏။

"ဝုန်း"

ထိုစဉ် . . . လေပြင်းတစ်ချက် တိုက်ခတ်လိုက်ရာ သူ့တဲအိမ်ကလေးမှာ သွက်သွက်ခါ တုန်လှုပ်သွားလေ၏။ အိမ်ထရံ၌ ချိတ်ဆွဲထားသော ပစ္စည်းအချို့ပင် ဝုန်းဒိုင်း ပြုတ်ကျကုန်၏။

အဘိုးအို ချူလောင်ကွန်၏ မျက်နှာ၌ စိုးရိမ်ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ သံသယဝင်ခြင်းတို့ ရောယှက်ပေါ်နေ၏။ သူသည် ဖြစ်ကတတ်ဆန်း ရိုက်ထားသည့် ကွပ်ပျစ်ပေါ်မှ ခုန်ဆင်းလိုက်၏။

"ဗရွမ်း . . ."

"ဖြန်း . . ."

အဘိုးအို ချူလောင်ကွန် လန့်သွားသည်။ သူ့အိမ်မှာ မြေစိုက်တဲအိမ်ဖြစ်သည်။ သူ ကွပ်ပျစ်ပေါ်မှ ခုန်ဆင်းရာ၌ မြေကြီးပေါ်သို့ ခုန်ဆင်းသလိုမဖြစ်ဘဲ ရေထဲခုန်ဆင်းသလို ဖြစ်သွားရခြင်းအတွက် လန့်သွားရခြင်းပင်။

သူသည် ချက်ချင်းပင် မီးအိမ်ကို ထွန်းညှိလိုက်၏။ မီးစာကို ခပ်များများ မြှင့်တင်လိုက်၏။ လေဒဏ်ကြောင့် မီးမှာ ငြိမ်းမလိုငြိမ်းမလိုဖြစ်နေ၏။ သို့သော် . . . မငြိမ်းပေ။ ချူလောင်ကွန်သည် မီးအိမ်ကို အနည်းငယ် နှိမ့်ချပြီး သူ့အိမ်ကြမ်းပြင်ဆီသို့ ငုံ့ကြည့်စစ်ဆေးလိုက်လေတော့သည်။



"ဘုရားရေ . . . ရေတွေက ခြေချင်းဝတ် မြုပ်အောင်တောင် တက်နေပါပေါ့လား"

ချူလောင်ကွန်သည် အော်လိုက်၏။ အော်လည်း အော်စရာပါ။ သူ့တဲအိမ်မြေနေရာမှာ မြေနိမ့်မဟုတ်ပါ။ အတော်ကလေး မြင့်မောက်သည့်နေရာ၌ ဆောက်ထားသဖြင့် တော်ရုံတန်ရုံ ရေမရောက်နိုင်ပါ။ ယခု ခြေချင်းဝတ်အထိ ရေများရောက်နေပါပြီ။

မိုးကြီး၍ ရေကြီးခြင်းဟု သူသဘောပေါက်သည်။

အကယ်၍ . . .

အကယ်၍သာ တောက်ကျချောင်းရေနှင့် ယခု ရေတို့ပေါင်းစပ်မိခဲ့လျှင် ဟူသော အတွေးကိုတွေးမိသည့်အခါတွင်မူ ချူလောင်ကွန်မှာ တရိပ်ရိပ် ခေါင်းမူးသလို ခံစားလိုက်ရလေတော့၏။

* * * * *

ဒုန်း . . . ဒုန်း . . . ဒုန်း

ဒုန်း . . . ဒုန်း . . . ဒုန်း

တဒုန်းဒုန်း ထုရိုက်နေသောအသံများကြောင့် စိရောင်ကျူ၏ ဂေဟာမှ တံခါးမှူး စိဖူသည် ညစ်ညမ်းစွာဆဲရေးလိုက်ပြီး အိပ်စုံမှုန်မွှားဖြင့် ထလာလေ၏။

"ဘယ်က ကလေကချေတွေလဲကွ၊ သူများတကာတွေ အိပ်လို့ကောင်းနေချိန်ကျမှ. . ."

စိဖူသည် ဆဲဆဲဆိုဆိုဖြင့် တံခါးမကြီးကို ဖွင့်လိုက်လေ၏။

လေပြင်းက ဝှန်းခနဲ တိုးလာသဖြင့် သူ့လက်ထဲမှ မီးအိမ်ပင် ငြိမ်းသွားသည်။ သူသည် လေကွယ်ရာ၌ မီးအိမ်ကို ကမန်းကတန်း မီးပြန်ထွန်းလိုက်ရသည်။

စိဖူ အတော်စိတ်တိုနေပြီ။

"ဘာကိစ္စလဲကွ၊ သူဌေးကြီးစိ အိပ်နေပြီ"

သူသည် ဝါးခမောက်များ ကိုယ်စီ ဆောင်းထားသည့် ပြည့်စုံရတနာ ရွာသူရွာသား အစုအဝေးကြီးကို ကြည့်ပြီးလန့်သွား၏။ ရွာသူရွာသား အစုအဝေးကြီးမှာ လူငါးဆယ်ခန့်ရှိနေသည်။ အဘယ်ကြောင့် မိုးထဲရေထဲ ဤသို့စုဝေးလာသည်ကို တံခါးမှူး စိဖူ မခန့်မှန်းတတ်ချေ။

"အစ်ကိုကြီးစိဖူ၊ သူဌေးကြီးစိကို အမြန်ဆုံးနှိုးပေးပါ၊ ချောင်းရေတွေ ရွာထဲဝင်လာပြီလို့"

"ဘာ"

စိဖူအကြီးအကျယ် လန့်သွားလေပြီ။

ရွာသားတစ်ဦးက အော်ပြောလေ၏။

"အနိမ့်ပိုင်းက တဲအိမ်တချို့ ရေတိုက်စားလို့ မျောတောင်ပါကုန်ပြီ"

စိဖူက ထိုအခါကျမှ အရေးတကြီးပြောသည်။

"ဒါတောင် . . . ဒါတောင် မင်းတို့က ပြေးဖို့ မစီစဉ်ကြဘဲနဲ့ ဒီကို ဘာဖြစ်လို့ လာပြောနေကြရတာလဲကွ၊ အနိမ့်ပိုင်းက အိမ်တွေ ရေထဲမျောပါပြီးရင် မင်းတို့အိမ်တွေ ပါမယ်ဆိုတာမသိကြဘူးလား"

"သိ . . . သိပါတယ်၊ ကျွန် . . ကျွန် . . ကျွန်တော်တို့



လာ . . လာတာက အကြောင်းရှိ . . ရှိ လို့ပါ"

"ဘာလဲကွ . . မြန်မြန်ပြောစမ်းပါ"

"ဟို . . ဟို . . ဘုန်းတော် . . ဘုန်းတော်ကြီး နှစ်ပါး ရှိသေးတယ် မဟုတ်လား"

"အေး. . . ရှိတယ်"

"သူ . . သူတို့ကို မိုး. . မိုးတိတ်အောင် လုပ်ခိုင်းလို့မရဘူးလား"

"ဟာ . . . ဟုတ်သားပဲ"

စိဖူသည် ခေါင်းညိတ်လိုက်ပြီး သူဌေးကြီး စိရောင်ကျူ၏ အိပ်ခန်းသို့ ပြေးထွက်သွားလေတော့တည်း။

* * * * *

## အခန်း [၆]

## အသက်ရှင်သူသုံးဦး

"ထကြစမ်း၊ ဝေါယာဥ်တွေကို လေးယောက်တည်း လုပ်မနေကြနဲ့၊ ဘေးလူတွေပါ ဝိုင်းထမ်းကြစမ်း"

တံခါးမှူးစိဖူက မိုးထဲလေထဲ အော်ဟစ်အမိန့်ပေးသည်။

သူတို့ဘာလုပ်နေကြသနည်း။

သူတို့အားလုံး ဘုန်းတော်ကြီးများကို မိုးခေါ်စင်ဆီသို့ ပြန်ပို့နေကြခြင်းဖြစ်သည်။ မိုးတိတ်အောင် ပြန်လည်စီရင်ပေးရန် တောင်းပန်ပြီး မိုးခေါ်စင်ဆီသို့ သယ်ဆောင်လာကြခြင်းဖြစ်ပါသည်။

သို့သော် ရေများမှာ သူတို့ခါးဆစ်ရောက်နေပါပြီ။ သွားရလာရသည်မှာ လွန်စွာခက်ခဲနေပါပြီ။

"ဂျိမ်း . . . ဂျလိမ်း . . . ဂျလိမ်း"

"ဝေါ . . ."

ကျယ်လောင်သော မိုးခြိမ်းသံနှင့်အတူ လျှပ်ရောင်တစ်ချက်



ဝင်းပြက်သွားရာ သူတို့အားလုံးသည် တဒင်္ဂအတွင်း ကြက်သေသေသွားကြလေ၏။ အကြောင်းမှာ ကြီးမားသောရေလုံးကြီးသည် ကျယ်လောင်သောအသံဖြင့် ဝေါခနဲ တိုးဝင်လာသောကြောင့်ဖြစ်ပါသည်။

"ရေတွေ . . . ရေတွေ"

"ဝေါ"

ထိုအသံနှင့်အတူ ဝေါယာဥ်ကို ထမ်းလာသူအားလုံး၊ ဝေါယာဥ်အားလုံး မျောပါသွားလေတော့သတည်း။

မကြာမီပင် ပြည့်စုံရတနာ တစ်ရွာလုံး ဝိုသံ၊ ယိုသံများ ဆူညံစွာ ထွက်ပေါ်လာပါတော့သည်။ ရေကြီးခြင်းဘေးဒုက္ခကို ပြည့်စုံရတနာ ရွာသားများ ခံစားကြရလေပြီ။ သြော် . . . ရေဟူသည်မှာ မိတ်ဆွေမည်သလို ရန်သူလည်းမည်ပါပေတကား။

ပြည့်စုံရတနာ ရွာသူရွာသားအားလုံး ရေဘေးဒုက္ခသည်များဖြစ်ကုန်ကြလေပြီ။

သူတို့အားလုံး ကုန်းမြင့်ပိုင်းသို့ ခက်ခဲစွာ ပြေးလွှားနေကြ၏။ ထိုသူများထဲတွင် စိရောင်ကျူတို့ မိသားစုလည်း ပါဝင်နေပေသည်။

စိရောင်ကျူကို သူ၏ လူယုံတော်နှစ်ယောက်က ဖေးမတွဲယူပြီးပြေး၏။ စိကတော်သခင်မ ဒန်ကမူ သုံးနှစ်အရွယ်သားကလေးကိုပွေ့ချီပြီး စိရောင်ကျူနောက်မှပြေးလိုက်၏။ သခင်မဒန်၏နောက်မှ အိမ်ဖော်မလေး ချွန်ဟွာလိုက်သည်။ သူမသည် သခင်မဒန်ပေးထားသော ရတနာထုပ်ကို ခေါင်းပေါ်ရွက်ပြီး နောက်မှ အမီလိုက်နေခြင်းဖြစ်ပေသည်။

ညဉ့်နက်ချိန်ဖြစ်သည့်ပြင် မိုးထဲလေထဲ ပြေးလွှားကြရသဖြင့် သူတို့အားလုံး တစ်စုတစ်စည်းတည်း မဖြစ်နိုင်ကြပေ။ ပြေးရင်းလွှားရင်း လူစုကွဲသွားကြတော့သည်။ တစ်ရှိန်ထိုး တိုးဝင်လာသော ရေလုံးကြီးများဒဏ်က ပို၍ပြင်းထန်သည်။ ထိုဒဏ်ကို အားငယ်ထိတ်လန့်နေကြသည့် မည်သည့်ရွာသားကမျှ မခံနိုင်ကြပေ။

သခင်မဒန်သည် ထိတ်လန့်သွားသဖြင့် သားငယ်ကိုတင်းကျပ်စွာပွေ့ပိုက်ပြီး တောင်ကုန်းဟုထင်ရသည့် နေရာဆီသို့အလူးလူးအလဲလဲဖြင့် ပြေးတော့သည်။ နောက်ဆုံး ရေလွတ်ရာကုန်းမြင့်သို့ရောက်သောအခါ သူမ အားလျော့လိုက်ပြီး လဲကျသွားလေတော့၏။

တစ်ရှိန်ထိုး ရွာချခဲ့သောမိုးသည် နောက်တစ်နေ့ အရုဏ်တက်တွင် လုံးဝရပ်တန့်သွားခဲ့လေ၏။ ပူနွေးသော နေရောင်ခြည်သည် သခင်မဒန်၏ မျက်နှာပေါ်သို့ ကျရောက်လာ၏။ သခင်မဒန် သတိရလာသည်။ လူးလွန့်နိုးထလာသည်။

သူမသတိရလျှင်ရချင်း ပထမဆုံးသတိရမိသူမှာ သူမ၏သားငယ်ပင်ဖြစ်သည်။ သားငယ်မှာ သူမ၏ဘေး မြေကြီးပေါ်၌ အိပ်ပျော်နေသည်။ သခင်မဒန် ဝမ်းသာသွား၏။ သားငယ်သည် သူမ၏ဘဝဖြစ်သည်။ သူမ၏အချစ်အားလုံးသည် သည်သားငယ်ပေါ်မှာသာ တည်ရှိနေသည်မဟုတ်ပါလား။

သူမသည် သားငယ်ကို တစ်ချက်နမ်းရှုပ်လိုက်ပြီး သူမ၏ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ သူမ၏ခြေထောက်များမှာ ရေထဲ၌ရှိနေသေးသည်။



"ဘုရား . . ဘုရား၊ ရေတွေက ဒီကုန်းမြင့်ရှိတဲ့နေရာအထိတောင် လိုက်တက်တာပါကလား၊ ငါ . . ငါကံကောင်းလို့ပါပဲလား"

သူမရှိနေသည့် နေရာထက် ပို၍မြင့်သည့် အထက်ပိုင်းတစ်နေရာတွင် သူမ၏အိမ်ဖော်မလေးချွန်ဟွာ လဲကျနေသည်ကို တွေ့ရ၏။ အိပ်ပျော်နေဟန်ရှိသည်၊ သို့သော် တကယ်အိပ်ပျော်နေခြင်းဟုတ်မဟုတ်ကိုမူ သခင်မဒန် တိတိကျကျမသိပေ။ ထို့ကြောင့်သခင်မဒန်သည် လဲကျနေရာမှ ဖြည်းညင်းစွာထပြီး ချွန်ဟွာထံသို့သွား၏။

ချွန်ဟွာ၏ ဘေး၌ ဒူးထောက်ထိုင်ကာ အသက်ရှူမရှူ စစ်ဆေးကြည့်သည်။ သူမအသက်ရှူနေကြောင်းတွေ့ရမှသက်ပြင်းချမိသည်။

သခင်မဒန် သည် ဤတောင်ကုန်းမြင့်ပေါ်၌ အခြားမည်သူများရှိသေးသနည်းဟု လိုက်လံရှာဖွေကြည့်၏။ သူတို့နှစ်ယောက်မှ တစ်ပါးမည်သူမျှ ရှိမနေကြောင်း တွေ့ရသောအခါ လွန်စွာအားငယ်သွားသည်။

"ကံကောင်းလို့ တို့နှစ်ယောက် လွတ်လာတာပါလား၊ တို့သာမပြေးနိုင်ရင် ခုလောက်ဆို ရေအောက်ရောက်နေပြီ"

သခင်မဒန်သည် ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ညည်းညည်းညူညူ ရေရွတ်မိလေ၏။

"ချွန်ဟွာ . . . ချွန်ဟွာ"

သခင်မဒန်သည် ချွန်ဟွာကို လှုပ်နှိုးလိုက်သည်။ သို့သော် ချွန်ဟွာ နိုးမလာချေ။

"ချွန်ဟွာ . . . ထတော့လေ၊ ထတော့"

ချွန်ဟွာ ထမလာပါ။

သခင်မဒန်သည် ရေများကို လက်ခုပ်ဖြင့် ခပ်ပြီး ချွန်ဟွား၏ မျက်နှာကို ပက်ဖျန်းလိုက်၏။

ထိုအခါကျမှ ချွန်ဟွာ ညည်းသံပြုလာတော့သည်။

"ချွန်ဟွာ . . ထ . . ထ"

ချွန်ဟွာ ချက်ချင်း မထနိုင်ပေ။ အတန်ကြာ ညည်းညူနေပေသေးသည်။ သခင်မဒန်က မျက်နှာကို ရေဖြင့် ထပ်တောက်ပေးမှ ချွန်ဟွာ၏ မျက်လုံးများ ပွင့်လာသည်။

သခင်မဒန်မှာ ထိုအခါကျမှ သက်ပြင်းချနိုင်လေ၏။

ချွန်ဟွာမှာ အသက် တစ်ဆယ့်ရှစ်နှစ်ခန့်ရှိသည်။ အပျိုကြီးဖားဖား ဖြစ်ပေသည်။ သို့သော် သူ့၌ ဘဝအတွေ့အကြုံ ဘာမျှမရှိပေ။ ငယ်ရွယ်စဉ်မှစ၍ စိဂေဟာသို့ ရောက်ရှိလာခဲ့သူဖြစ်၍ သူသည် စိမျိုးဆက်များ၏ ဆွေမျိုးသားချင်းကဲ့သို့ ဖြစ်နေလေပြီ။ စိဂေဟာနှင့် သူမ၏ဘဝကို ခွဲခြား၍မရတော့ပေ။

သူမသည် သခင်မဒန်ကို လွန်စွာချစ်ခင်၏။ မိခင်တစ်ယောက်ကို ချစ်ခင်သကဲ့သို့ ချစ်ခင်ခြင်းမျိုး ဖြစ်သည်။ သခင်မဒန်ကလည်း သူမကို အိမ်ဖော်တစ်ဦးကဲ့သို့ မဆက်ဆံပေ။ အိမ်သားတစ်ဦးကဲ့သို့သာ ကြင်ကြင်နာနာ ဆက်ဆံသည်။

သခင်မဒန်၏ မေတ္တာသည် ရောင်ပြန်ဟပ်ခဲ့၏။ ချွန်ဟွာသည် သူဌေးကြီးစိကိုလည်းကောင်း၊ သခင်မဒန်ကိုလည်းကောင်း မိဘနှစ်ပါးကဲ့သို့သာ ဆက်ဆံခဲ့တော့သည်။

ချွန်ဟွာသည် ညည်းညည်းညူညူဖြင့် ထထိုင်၏။ လောလောဆယ်ဆယ် နားဝေတိမ်တောင် ဖြစ်နေသည်။ ပစ္စက္ခဘဝ၏ ဆိုးရွား



ပုံကို ရုတ်တရက် သတိမရသေးချေ။

"သခင်မ . . . ဘာဖြစ်လို့လဲဟင်"

သခင်မဒန်၏ မျက်နှာ၌ ပြုံးပျော်သည့် အရိပ်အယောင် မရှိပါ။ စိုးရိမ်ထိတ်လန့်မှုများသာရှိနေပါသည်။ သခင်မ၏ စိုးရိမ်ထိတ်လန့်နေသော မျက်လုံးများက ချွန်ဟွာ၏ မေးခွန်းကို ဖြေလိုက်သလိုရှိသည်။

ညက သူတို့တစ်တွေ မည်သို့ ပြေးလွှားခဲ့ရသည်ကို ချက်ချင်းသတိရသွားသည်။

မိုးခေါင်သော ကာလများ၊ ပူပြင်းသောရက်များ။

တဝေါဝေါ သွန်းချသော မိုး။

ခါးလယ်ခန့်ရှိသော ရေထဲမှ ဖြတ်ပြေးခဲ့ရပုံများ။

"သ . . သ . . သခင်မ၊ ကျွန်မတို့ ဘယ်ရောက်နေတာလဲဟင်"

သခင်မဒန်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

သခင်မ၏ မျက်လုံးများထဲမှ မျက်ရည်စက်များ တောက်ခနဲ တောက်ခနဲကျလာသည်။

"ငါလဲ မသိဘူး ချွန်ဟွာရယ်"

"သ . . . သခင်ကြီးရောဟင်"

"မသိဘူး၊ ငါသိတာက နင်နဲ့ငါ နှစ်ယောက်တည်းပဲ"

သခင်မဒန်သည် မျက်ရည်များ ပေါက်ပေါက်ကျနေရာမှ သူ၏ အိမ်ဦးနတ်သခင် စိရောင်ကျူ ဘေးမသီရန်မခ အသက်ရှင်နေပါစေကြောင်း ဆုတောင်းလိုက်မိလေ၏။

သူတို့တစ်သိုက် ပြေးလွှားစဉ်က စိရောင်ကျူနှင့် လူယုံတော်

နှစ်ဦးသည် သူတို့ရှေ့မှာ ရှိနေကြသည်။ စိရောင်ကျူ အအေးမိနေသဖြင့် လူယုံတော်နှစ်ဦးက ဂရုတစိုက် တွဲပြီးခေါ်သွားကြခြင်း ဖြစ်သည်။ သူမက နောက်မှ၊ သူမနောက်မှ ချွန်ဟွာလိုက်သည်။ ချွန်ဟွာ ခေါင်းပေါ်တွင် ရတနာထုပ်၊ ထိုရတနာထုပ်က အရေးကြီးသည်။ အခြေအနေသစ်၊ ဘဝသစ်၌ ထိုရတနာများကို ထုခွဲအသုံးချရမည်။ ထို့ကြောင့် လုံးဝစိတ်ချယုံကြည်ရသည့် ချွန်ဟွာအား ပေးအပ်ထားခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ကိုယ့်အာရုံနှင့်ကိုယ် ဖြစ်နေကြသဖြင့် ခင်ပွန်းသည်ကိုလည်း သူမ ဂရုမစိုက်အားခဲ့ပေ။ ရင်ခွင်ထဲမှ သားငယ်ကိုသာ ဂရုစိုက်နေခဲ့ရသည်။

ချွန်ဟွာကလည်း သခင်ကြီးကိုရော၊ သခင်မကိုပါ ဂရုမစိုက်နိုင်။ သူ့ခေါင်းပေါ်မှ ရတနာထုပ်ကိုသာ ဂရုစိုက်နေရသည်။ သခင်မဒန်က ရတနာထုပ်ကို အသက်ကဲ့သို့ ဂရုစိုက်ဟု မှာကြားထားသည် မဟုတ်ပါလား။

ယခု လူစုကွဲသွားကြပြီ။ စိရောင်ကျူနှင့် လူယုံတော်နှစ်ဦး ဘယ်သောင် ဘယ်စခန်း ရောက်သွားပြီမသိ။

သူနှင့် ချွန်ဟွာတို့သည်သာ ရေဝန်းရံလျှက်ရှိသော ကျွန်းကဲ့သို့ နေရာကလေး၌ ရောက်နေလေပြီ။ သူတို့ အသက်ရှင်နေသဖြင့် ဝမ်းသာလောက်စရာရှိသော်လည်း သခင်မဒန်အနေဖြင့် တကယ်ဝမ်းမသာနိုင်ပါ။ ခင်ပွန်း ပျောက်ဆုံးနေသည့် မည်သူ့ည့် အိမ်ရှင်မမဆို အပူမီးဖုံးနေမည်မှာ သေချာလှပါသည်။

* * * * *



## အခန်း [၇]

## ယုတ်မာသော လှေသမား

မိုးတိတ်သွားပြီးနောက် နေသည် ပြင်းပြင်းထန်ထန်ပင် ပူလှသည်။ မိုးကား လုံးဝမရွာတော့ပေ။

သခင်မဒန်၏ ရင်သွေးကလေးသည် ကျည်ကျည်လောင်လောင် ငိုကြွေးနေလေပြီ။ သခင်မဒန်သည် အိုးအိုးအီအီဖြင့် သူ့သားကို ချော့နေသည်။ ကလေးက အငိုမတိတ်ချေ။

သခင်မဒန် ကိုယ်တိုင်လည်းကလေးကဲ့သို့ပင် ဆာလည်း ဆာ၊ စိတ်လည်းဆင်းရဲနေ၏။ နေကပူလှသည်။ ဝမ်းက ဆာလောင်လှသည်။

"ချွန်ဟွာရယ်. . . ညည်းဘာမှ မရှာနိုင်မဖွေနိုင်တော့ဘူးလားဟင်"

သခင်မဒန်သည် ချွန်ဟွာကို အားကိုးစကား ပြောရှာလေပြီ။

စင်စစ် ချွန်ဟွာမှာ သခင်မဒန်နှင့်ဆိုလျှင် ကျွန်နှင့်သခင် အဆင့်ကွာခြားသည် မှန်သော်လည်း စွမ်းရည်ချင်းမှာမူအတူတူ

လောက်သာရှိသည်။ သူမသည် စိဂေဟာ၌ အလုပ်လုပ်ရခြင်းသာ သခင်ဒန်နှင့် ကွာခြားသည်။ အခြားအစားအသောက်များကို ရှာဖွေရခြင်းမရှိပေ။

ပစ္စည်းသိုလှောင်ရာအခန်းမှ အသင့်ယူစားသုံးနိုင်ရန် ချက်ပြုတ် ပြင်ဆင်ပေးရုံသာ။ ယခု ဤရေပတ်လည် ဝိုင်းနေသော ကုန်းမြေတွင် သူမ မည်သို့မျှ မရှာဖွေတတ်ပေ။ သို့သော် ရင်သွေးငယ်ကလေးနှင့် ညှိုးနွမ်းနေသော သခင်မကို သူမလွန်စွာ သနားသည်။ထို့ကြောင့် သူကိုယ်တိုင် ပင်ပန်းဆာလောင်နေသည်ဖြစ်သော်လည်း အံတင်းတင်းကြိတ်ပြီး ထရပ်သည်။

"သခင်မ ဘာမှမပူနဲ့၊ ကျွန်မ အစားအသောက် တစ်ခုခုရအောင် ရှာလာခဲ့မယ်"

သူမ ရဲရဲတင်းတင်းပင် အာမခံသွား၏။ တစ်နာရီနီးပါးမျှကြာသောအခါ သူမပြန်ရောက်လာသည်။ သို့သော် သူမ လက်ထဲ၌ ဘာမျှမပါ။ လက်ချည်းဗလာ။

သခင်မဒန်သည် မျှော်လင့်ခြင်းကင်းမဲ့သော မျက်လုံးများဖြင့် ချွန်ဟွာကိုကြည့်၏။ ဘာမျှမပြောပေ။ ချွန်ဟွာကိုလည်း အပြစ်မတင်ပေ။

ချွန်ဟွာမှာ သူမဘေး၌ထိုင်ချလိုက်၏။ ထို့နောက် နှစ်ယောက်သား သေခြင်းကို မျှော်လင့်စောင့်စားနေကြလေ၏။

သူတို့ဘေးတွင်မူ ရတနာထုပ်ကား မပျောက်မပျက် ရှိနေသေး၏။ သို့သော် ထိုရတနာများသည် စားစရာတစ်ခုခုလောက် အသုံးမကျပေ။



ထိုစဉ် ချွန်ဟွာသည် တစ်စုံတစ်ခုကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ထခုန်အော်ဟစ်လေ၏။

"သ .. သခင်မ၊ ဟို .. ဟိုမှာ"

"ဘာ .. ဘာ.. ဘာလဲ ချွန်ဟွာ"

"လှေ .. လှေ .. လှေတစ်စင်း ဒီဘက်ကိုလှော်လာနေပြီ"

သခင်မဒန် မျှော်ကြည့်လိုက်၏။ မှန်ပေသည်။ လှေတစ်စင်းသည် သူတို့ရှိရာသို့ လှော်ခတ်လာနေချေပြီ။

သခင်မဒန် ဝမ်းသာသွား၏။ သို့သော် သူမသည် ချွန်ဟွာကဲ့သို့ ဝမ်းသာအားရထမခုန်ပေ။ ကြွေရရပင် အမိန့်ပေးသည်။

"ချွန်ဟွာ .. အဲဒီလှေကို လှမ်းခေါ်လိုက်စမ်း"

ချွန်ဟွာသည် လက်နှစ်ဘက်ကို ဝှေ့ယမ်းလျက်အသံပြာလာသည်အထိ လှေကိုခေါ်ငင်လေ၏။

ကုန်းမြင့်မှ ဝှေ့ယမ်း အော်ဟစ်နေသော ချွန်ဟွာကို လှေသမား ကောင်းစွာမြင်ပါသည်။ ထို့ကြောင့် လှေကိုတန်းတန်းမတ်မတ်ပင် လှော်ခတ်လာသည်။ မကြာမီလှေသည် သခင်မဒန်တို့အနီးသို့ ထိုးဆိုက်လာလေ၏။

လှေသမားကား ထွားကျိုင်းသော လူတစ်ယောက်ဖြစ်သည်။ မုတ်ဆိတ် ပါးမြိုင်းမွေးများ ထူထပ်နေသည့် ခပ်ကြမ်းကြမ်း လူတစ်ဦးသာ ဖြစ်သည်။ မျက်လုံးများက ကျားသစ်မျက်လုံးများလို တောက်ပြောင်နေသဖြင့် ကြောက်စရာပင်။

သို့သော်သခင်မဒန်က မကြောက်ပါ။ ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်သည်။ ဤအချိန်မျိုး၌ အဆိုးနှစ်ခုအနက် တစ်ခုခုကိုရွေးရမည်

ဖြစ်ရာ အနည်းငယ်သာဆိုးသော အဆိုးကို သူမရွေးပါမည်။ သူမသည် သေခြင်းတရားကို အဆိုးဆုံးဟု သတ်မှတ်ထားပါသည်။

သခင်မဒန်သည် ရင်သွေးငယ်ကို ပွေ့ချီပြီး ရပ်လိုက်၏။

"ကျွန်မ ပြည့်စုံရတနာရွာကပါ၊ ကျွန်မတို့ကို အဲဒီရွာဆီပြန်ပို့ပေးပါလားရှင်"

လှေသမား မျက်ခုံးများ မြင့်တက်သွား၏။

"ပြည့်စုံရတနာရွာက တော်တော်ဝေးဝေးမှာ ကျန်ခဲ့ပြီ"

"ဟုတ်လား"

"နောက်ပြီး အဲဒီတစ်ရွာလုံး ရေမြုပ်နေတဲ့ဥစ္စာ၊ အဲဒီရွာပြန်ဘာလုပ်နိုင်မှာလဲ၊ အိမ်ခေါင်မိုးပေါ် ထိုင်ပြီး အသက်ဆက်ဖို့သိပ်မလွယ်လှဘူး၊ ခင်ဗျား ကျုပ်ပြောတာ သဘောပေါက်တယ်မဟုတ်လား"

သခင်မဒန် နှုတ်ခမ်းကို ကိုက်လိုက်၏။ ပြည့်စုံရတနာရွာကားမပြည့်စုံတော့ပြီ။ ရွာပျက် ဖြစ်သွားလေပြီ။

"ကျွန်မတို့ကို ရွှေစပါးရွာကို ပို့မပေးနိုင်ဘူးလား၊ ရှင့်ကိုထိုက်သင့်သလောက်ထက် ပိုပြီးအခကြေးငွေ ပေးမှာပါ"

လှေသမားတစ်ချက် စဉ်းစားသည်။ ခေါင်းတ ချက်ညိတ်လိုက်၏။

"ကောင်းပြီ ပို့ပေးမယ်၊ ခင်ဗျားတို့ လှေပေါ်တက်ကြပါ"

သခင်မဒန်က ချွန်ဟွာကို အလျင်ဦးစွာ လှေပေါ်တက်စေသည်။ ထို့နောက် ချွန်ဟွာ၏လက်ကို အားပြုကိုင်ကာ လှေပေါ်တက်သည်။ ကလေးငယ်တစ်ဘက်နှင့် ဖြစ်၍အတော်ကြီး သတိ



ထားပြီး တက်ရသည်။ သို့သော် ရေတိမ်ဖြစ်၍ စိုးရိမ်စရာတော့မရှိလှပါ။သခင်မဒန် နေသားတကျ ထိုင်နိုင်သောအခါလှေသမားက မေးလိုက်၏။

"ကဲ . . . ကျုပ်လှေ ထွက်တော့မယ်၊ ဖြစ်ပြီ မဟုတ်လား"

"ထွက်ပါ၊ ရွှေစပါးရွာကိုသာ အမြန်ဆုံးရောက်အောင် လှော်ပါ"

သခင်မဒန်နှင့် ချွန်ဟွာတို့သည် လှေသမားကို ကျောပေးပြီးထိုင်ခဲ့ကြသဖြင့် လှေသမား၏ အရောင်ပြောင်းလဲလာသောမျက်လုံးများကို မတွေ့မြင်နိုင်တော့ချေ။

သခင်မဒန်သည် လှေသမား၏ ရုပ်ရည်ကြမ်းတမ်းမှုကို သတိပြုမိသော်လည်း သူမ၌ အခြားရွေးချယ်စရာနည်းလမ်း မရှိသောကြောင့် ဤလှေဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်ပေသည်။ လှေသမားသည် သေခြင်းတရားလောက်ဆိုးမည် မဟုတ်ဟု သူမယူဆခဲ့ပေသည်။

အကယ်၍ ယခုကဲ့သို့သော လှေသမား၏ လောဘသက္ကာယထွက်သည့် မျက်လုံးများကို တွေ့လျှင်မူ သေခြင်းတရားနှင့် လှေသမားကို တန်းႉထားကောင်း ထားမိပေလိမ့်မည်။ သူမ ဤလှေဖြင့် လိုက်ပါကောင်းမှ လိုက်ပါလိမ့်မည်။

မှန်ပါသည်။လှေသမားသည် ပထမဆုံး၌ သခင်မဒန်ကိုစိတ်ရင်းကောင်းဖြင့် ကူညီမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် သခင်မလှေပေါ်အတက် သခင်မ၏ ရင်ခွင်ထဲမှ အထုပ်တစ်ထုပ် ထွက်ကျအံ့ဆဲဆဲဖြစ်လာခဲ့သည်ကို သူမြင်တွေ့လိုက်ရသောအခါ သူ၏ ပထမစိတ်ဓာတ်များ ပြောင်းလဲသွားခဲ့တော့သည်။

လူဆိုသည်မှာ လောဘသားကောင်ဖြစ်၏။ ဤလှေသမားကဲ့သို့ ဉစ္စာမရှိ၊ ပညာမရှိ လူကြမ်းလူရမ်းများအဖို့ ပို၍ဆင်ခြင်တုံတရားမရှိပေ။ အမှုတစ်ခု၏ ကောင်းကျိုးဆိုးပြစ်တွေကို ဝေခွဲနိုင်သည်မဟုတ်ပေ။ ရသာလျှင် ဘနဖူးသိုက်တူးမည်ဟူသော အသိမျိုးသာရှိသည်။ ဆင်းရဲတွင်းနက်သူများဖြစ်၍ မကောင်းမှုအပြစ်များကိုလည်း တွေးပြီး ကြောက်ရွံ့နေကြသူများ မဟုတ်ပေ။

အကယ်၍ သခင်မဒန်၏ ရင်ခွင်ထဲမှအထုပ်ကို မမြင်သည့်တိုင် ချွန်ဟွာ၏ လည်ပင်း၌ ဆွဲထားသော ရွှေဆွဲကြိုးနှင့် ခေါင်း၌ထိုးဆိုက်ထားသော ရွှေဆံထိုးတို့က လှေသမား၏ စိတ်ထားများကို ပြောင်းလဲစေသည်မှာ အမှန်ဖြစ်တော့သည်။

သခင်ကြီး စိရောင်ကျူနှင့် သခင်မဒန်တို့သည် ချွန်ဟွာကို အိမ်ဖော်ကဲ့သို့ ဆက်ဆံခဲ့ကြသည်မဟုတ်ပေ။ အိမ်သားကဲ့သို့သဘောထားကာရွှေငွေရတနာများကို ဆင်မြန်းပေးခဲ့ကြရာထိုသဒ္ဒါတရားသည် ယခုအခါ၌ သခင်မဒန်တို့ကို ဒုက္ခပေးတော့မည်ကဲ့သို့ ရှိလာလေတော့၏။

လှေကား လှော်ခတ်မြဲပင်။ တကျွီကျွီ မြည်သံသည် သခင်မဒန်နှင့် ချွန်ဟွာတို့ကို သာမန်အချိန်၌ အိပ်ချင်စေမည်ဖြစ်သော်လည်း ရုပ်ရည်ကြမ်းတမ်းသော လှေသမားတစ်ဦးနှင့် ခရီး သွား နေရပါက လားဟူသော အသိက သူမတို့အား အိပ်ချင်စိတ်မပေါ်အောင် ပြုလုပ်ထားလျက်ရှိသည်။

လှေသည် ရိပ်ခနဲရိပ်ခနဲ သွားနေ၏။ သို့သော် သူဦးတည်ခရီးမှာ ရွှေစပါးရွာ မဟုတ်တော့ပေ။ ဤသို့ဖြင့် ညနေစောင်း



လာလေ၏။

လှေသမား၏ ကြမ်းတမ်းသော ရုပ်ရည်ကို သခင်မဒန်သည် လှည့်မကြည့်ဘဲ မြင်ယောင်လာသည်။ သခင်မဒန်အဖို့ ထိတ်လန့်စရာ ဇာတ်လမ်းသည် ယခုမှ စတင်တော့သည်။ သခင်မက လှည့်မကြည့်ဘဲ လှေသမားကိုပြောလိုက်၏။

"ရှင် လမ်းမှားနေပြီနဲ့တူတယ်၊ ဒီအချိန်လောက် ကျရင်တော့ ရွှေစပါးရွာကို ရောက်ဖို့ကောင်းပြီ"

လှေသမားပြုံးလိုက်၏။ အပြုံးဆိုသည်မှာ အမျိုးမျိုးရှိ၏။ လိုက်လျောသောအပြုံး၊ နွေးထွေးသောအပြုံး၊ စိတ်ချမ်းမြေ့စေသောအပြုံး၊ မချိပြုံး၊ မဲ့ပြုံးနှင့် ကောက်ကျစ်သော အပြုံးစသည် စသည်။

ယခု လှေသမား ပြုံးလိုက်သည့်အပြုံးမှာ ကောက်ကျစ်သောအပြုံးဖြစ်သည်။ ထိုအပြုံးကို သခင်မဒန် မမြင်ချေ။ စိတ်နှလုံးနူးညံ့သည်နှင့်တမျှ လူကဲခတ်တော်သည့် သခင်မဒန်အဖို့ ထိုအပြုံးကို မမြင်လိုက်ရသည်မှာ လွန်စွာ ကံကောင်းပေသည်။ မြင်လိုက်မိလျှင် စောစီးစွာ စိတ်မချမ်းမသာ ဖြစ်ရပေလိမ့်မည်။

"စိတ်ချပါ သခင်မလေး၊ ဒီလမ်းက ရွှေစပါးရွာကိုသွားတဲ့ ဖြတ်လမ်းပါ၊ ဒီလိုမှမသွားရင် မနက်ဖြန် မိုးချုပ်မှ ရွှေစပါးရွာကို ရောက်လိမ့်မယ်"

မကြာမီ ရွာတစ်ရွာသို့ ရောက်လာ၏။ ရေမြုပ်နေသော ရွာ ရွာတစ်ရွာသာ။

ထိုရွာမှာ ပြည့်စုံရတနာရွာနှင့် ကြမ္မာတူရွာသာ ဖြစ်ပါသည်။ သစ်တိုသစ်စများ ရေထဲ မျောပါလျက်ရှိသည်။ အိမ်ခေါင်မိုး

များသာ ရေပေါ် ပေါ်လျှက်ရှိသည်။ လှေသမား ပြောသလို ရေ နစ်မသေချင်သူသည် အိမ်ခေါင်မိုးပေါ် တက်နေမည်မှာ သေချာ သည်။ အိမ်ခေါင်မိုးပေါ်၌ နေစဉ်အတွင်း အသင့်စားစရာမရှိပါက အစာငတ်၊ ရေငတ် ဖြစ်မည်မှာ သေချာလှသည်။

ခွေးသေကောင်၊ နွားသေကောင်၊ လူသေအလောင်း အချို့ပင် ရေထဲ၌ စီးမြောလာသည်။ သက်ရှိထင်ရှားရှိသူကား မတွေ့ရချေ။

လှေသမားသည် တစ်ခုသောအိမ်ခေါင်မိုးဆီသို့လှေကို တန်း တန်းမတ်မတ် လှော်ခတ်သွားလေ၏။

သခင်မဒန်၏ ခြေဖျားလက်ဖျားများ အေးစက်သွား၏။ နောက်ကျောမှ ဓားဖြင့်အစိုက်ခံလိုက်ရသလိုခံစားလိုက်ရသည်။ အကြီးအကျယ် ထိတ်လန့်သွားသဖြင့် ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ လှေသမား၏ လောဘအရိပ်များ တပြောင်ပြောင် တလက်လက်ထွက်နေသည့်မျက်လုံးကြီးများကိုတွေ့လိုက်ရတော့သည်။

"နင် . . နင် . . နင်"

သခင်မမှာ စကားကို ဆုံးအောင်မပြောနိုင်ရှာပေ။ ပြောမ ထွက်နိုင်ရှာတော့ပေ။

"ဟား . . ဟား . . ဟား"

လှေသမားသည် နတ်ဆိုးကဲ့သို့ ကျယ်လောင်စွာ ရယ်မော လေတော့၏။

"ဟား . . ဟား . . ဟား . . မုတ်ဆိတ်ကို လာစွဲတဲ့ ပျားကို ဘယ်သူက မောင်းထုတ်ရက်မှာလဲ၊ မောင်းထုတ်တဲ့လူဟာ လူမိုက် ပေါ့"



"ခွေးကောင် . . နင်ဟာ လူမဟုတ်ဘူး"

"ဟား . . ဟား . . ဟား . . လူဟုတ်တာတွေ မဟုတ်တာတွေ လာပြောမနေနဲ့၊ မင်းတို့ရဲ့ လက်ဝတ်လက်စားတွေ၊ ဆံထိုးတွေ အကုန်ချွတ်၊ လှေဝမ်းထဲ ပုံလိုက်စမ်း"

လှေသမားက ခက်ထန်ကြမ်းတမ်းစွာ အမိန့်ပေးလာလေ၏။

သခင်မဒန်သည် အံကြိတ်လိုက်၏။ သူမ တစ်ချက်မျှ စဉ်းစား လိုက်သည်။ထို့နောက်သွက်သွက်လက်လက်ပင် လက်ဝတ်ရတနာ များကို ချွတ်လေတော့သည်။

"ဟိုကောင်မလေးကော ဘာငေးနေတာလဲ၊ ဆွဲကြိုးချွတ်၊ ဆံထိုး ဖြုတ်ပြီး လှေဝမ်းထဲ ထည့်စမ်း"

လှေသမားက ကြောက်လန့်ပြီး ကျောက်ရုပ်သဖွယ် ဖြစ်နေ သည့် ချွန်ဟွာကို လှမ်းငေါက်လိုက်၏။

သခင်မဒန်က အေးစက်စက် ပြောလိုက်သည်။

"ချွန်ဟွာ . . မကြောက်နဲ့ ဒါပေမယ့် ငါလုပ်သလိုသာလုပ်"

ထိုစဉ် လှေသမား၏ ကြမ်းတမ်းသော လက်ဝါးသည် သခင်မ ဒန်၏ ပါးပြင်ပေါ်သို့ ဖြန်းခနဲကျရောက်လာလေတော့၏။ သခင်မဒန်မှာ ယိမ်းယိုင်သွားသည်။ ရင်ခွင်ထဲမှ ကလေးပင်လွတ် ကျမတတ် ဖြစ်သွားသည်။

သခင်မဒန်၏ နှုတ်ခမ်းစောင်းမှသွေးများ ယိုစီးကျလာ၏။ သခင်မဒန်ကထိမထင်သည့်မျက်လုံးများဖြင့် လှေသမားကိုတစ် ချက်ကြည့်ကာ သွေးများကို လက်ခုံဖြင့် သုတ်လိုက်၏။

လှေသမားက . . .

"မြန်မြန်ချွတ်ကြ၊ အပိုစကားတွေ ပြောမနေကြနဲ့."

ချွန်ဟွာသည် သခင်မဒန်ကဲ့သို့ပင် လျင်မြန်စွာ ချွတ်ပေးလိုက်တော့သည်။

သခင်မဒန်က . .

"ကောင်းပြီ၊ နင်လိုချင်တဲ့ ပစ္စည်းတွေ ရပြီမဟုတ်လား၊ ငါတို့ကို ရွှေစပါးရွာရောက်အောင် ပို့ပေးပေတော့"

လှေသမားက တဟားဟား ရယ်မောတော့၏။ သူ့ရယ်သံက မနှစ်မြို့စရာ ကောင်းလှသည်။ သခင်မဒန်မှာ မနိုင်၍သည်းခံခြင်းဖြင့် သည်းခံလိုက်ရသည်။

လှေသမားက . .

"စိတ်ချ . . စိတ်ချ၊ မင်းတို့ ငါ့စကားကိုသာ နားထောင်ကြ၊ မင်းတို့ သွားချင်တဲ့နေရာကို ငါက အရောက်ပို့ပေးမှာပါ"

တစ်ချိန်လုံးကြောက်ရွံ့လာခဲ့သော ချွန်ဟွာသည် အံ့ဩဖွယ်ကောင်းလှသည့် စကားတစ်ခွန်းကို ဝင်ပြောလာ၏။

"ဒီမှာ . . ရှင်ရတဲ့ ပစ္စည်းတွေဟာ ရှင့်တစ်သက် ထိုင်စားလို့တောင်မကုန်တော့ဘူး၊ တန်ရာတန်ဖိုးကျေအောင် ကျွန်မတို့ကို ရွှေစပါးရွာရောက်အောင် ပို့ပေး"

"ဟား . . ဟား . . ဟား . . ပို့ပေးရမှာပေါ့၊ ပို့ပေးရမှာပေါ့"

လှေသမားသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက်သခင်မဒန်၏ ရင်ခွင်ထဲမှ အထုပ်ကို လျင်မြန်ဖျတ်လတ်စွာနှိုက်ယူလိုက်ရာ သခင်မဒန် လှမ်းဆွဲသော်လည်း မမီတော့ပေ။

လှေသမားသည် ရတနာထုပ်ကို သူ့ရင်ခွင်ထဲ ထည့်သိမ်း



လိုက်ပြီး ရေပြင်ပေါ်သို့ လက်ကို ဝှေ့ယမ်းပြပြီး မမျှော်လင့်သည့် စကားကို ပြောတော့သည်။

"ဒီကနေ နောက်ထပ်ဆယ်မိုင်လောက် ရေကူးနိုင်ပြီဆိုရင် မင်းတို့ ရွှေစပါးရွာကို ရောက်ပြီ၊ ကဲ . . . ကူးကြပေတော့"

သူယုတ်မာ လှေသမားသည် ချွန်ဟွာကို ခြေထောက်ဖြင့် လှမ်းကန်လိုက်ရာ ချွန်ဟွာခမျာ ရေထဲသို့ ဝုန်းခနဲ ကျသွားလေ တော့၏။

"တကယ်ယုတ်မာတဲ့ လူပဲ"

သခင်မဒန်သည် သားငယ်ကိုပိုက်၍ မတ်တပ်ရပ်လိုက်၏။ ထိုအချိန်တွင် ချွန်ဟွာရေထဲသို့ ပြုတ်ကျသွားပြီဖြစ်ရာ လှေလူးသွားသည်။ သခင်မဒန်လည်းယိမ်းယိုင်သွားသည်။

လှေသမားသည် တဟားဟားရယ်ရင်း သခင်မဒန် လက်ထဲမှ ကလေးငယ်ကို ဆွဲယူလိုက်ပြီး သခင်မဒန်ကို ကန်ချရန် ဟန်ပြင်လိုက်သည်။ သခင်မဒန်မှာ သားဇောဖြင့် အတင်းလုယူရန် ဟန်ပြင်ရာမှ သူ့ကိုယ်သူမထိန်းနိုင်တော့ဘဲ ရေထဲသို့ ဝုန်းခနဲ ကျသွားရှာတော့သည်။

သခင်မဒန်သည် ရေပေါ်သို့ဘွားခနဲပြန်ပေါ်လာ၏။ သားငယ်ရှိရာလှေရှိရာသို့ ကမန်းကတန်းလှမ်းကြည့်လိုက်သည်။ လူယုတ်မာ၏ လှေမှာ အဝေးသို့ ရောက်သွားလေပြီ။ လူယုတ်မာ လှေသမား၏ ငှက်ဆိုးထိုးသံကဲ့သို့ ရယ်သံကိုသာ သူမ မကြားချင်ဘဲ ကြားလိုက်ရတော့သည်။

သခင်မဒန်မှာ ဆိုးရွားလှသည့် ရင်သွေးကလေး၏ ကံကြမ္မာကို ရင်နာမဆုံးဖြစ်နေသည်။ သူမသည် တဝုန်းဝုန်းကူးခတ်နေ၏။

အတန်ကြာသော် လက်ပန်းကျလာသည်။ နောက်ဆုံးသခင်မဒန်သည် ဘာကိုမျှ သတိမရတော့ပေ။

လူယုတ်မာ လှေသမား၏နာမည်မှာ ပေါင်ယို့ဖြစ်လေ၏။ ပေါင်ယို့မှာ စရိုက်ကြမ်းတမ်းသူဖြစ်သည်။ အရက်သမား၊ မှောကျောက်သမားဖြစ်ရာ သူသည် သည်ဘဝ၌ မည်သို့မျှ လူကောင်းတစ်ယောက် မဖြစ်နိုင်တော့ပေ။

ထို့ပြင် သူသည်လက်ကြောမတင်းသူ၊ ပျင်းရိသူဖြစ်ရာ လူတစ်လုံး သူတစ်လုံးဖြစ်ရန်လည်း ခက်ခဲလှပေတော့သည်။ သူသည် မည်သည့်အလုပ်ကိုမျှ အသေအချာမလုပ်ပေ။ အလုပ်တစ်ခုကို တစ်နေ့ပြည့်အောင် မလုပ်လိုသူဖြစ်သည်။ သူ့ရွာကား ကျောက်တံတားရွာဖြစ်သည်။ ကျောက်တံတားရွာနှင့် ပြည့်စုံရတနာရွာသည် မိုင်လေးဆယ်မျှ ဝေးကွာလေရာ သူတို့သည် သာမန်အားဖြင့် တွေ့ဆုံရန် ခက်ခဲလှပေသည်။

သူသည် သခင်မဒန်ထံမှ လက်ဝတ်လက်စားများ၊ ချန်ဟွာထံမှ ဆွဲကြိုးနှင့်ဆံထိုး၊ သခင်မဒန်၏ရင်ခွင်ထဲမှ နှိုက်ယူထားသော ရတနာထုပ်၊ အစရှိသည့်ပစ္စည်းများကို ရလိုက်သဖြင့် လွန်စွာအူမြူးနေသည်။ မိန်းမသားနှစ်ယောက် ရေထဲ၌ သေရစ်မည့်ကိစ္စသည် သူ၏ မာကျောလှသည့် အသည်းနှလုံးကို အနည်းငယ်မျှ ထိခိုက် လှုပ်ရှားစေခြင်းမရှိခဲ့ပေ။

ပေါင်ယို့သည် သခင်မဒန်နှင့် ချန်ဟွာတို့ကို ရေထဲကန်ချပြီးနောက် ကလေးငယ်ကို သယ်ဆောင်လာခဲ့သည်။ ဤကဲ့သို့ ရက်စက်ယုတ်မာလှသော လူတစ်ဦးက ကလေးငယ်ကို ခေါ်ဆောင်ခဲ့



သည်ဆိုလျှင် ကလေးငယ်အားရောင်းစားရန်သာ ဖြစ်မည်ဟု ယူဆကြပေလိမ့်မည်။ တကယ်တော့ ဤသို့မဟုတ်ပေ။ သူသည် ကလေးငယ်ကို မွေးစားရန် ခေါ်ယူခဲ့ခြင်းသာ ဖြစ်ပေသည်။

စိတ်ထားကြမ်းတမ်းသော လူတစ်ယောက်က ကလေးငယ်အား မွေးစားမည်ဆိုခြင်းမှာလည်း အံ့ဩစရာပင် ဖြစ်နေပြန်သည်။ အံ့ဩစရာမရှိသည့်အချက်မှာ သူ့ဇနီးသည် ကလေးမရနိုင်သည့် အမြုံမ ဖြစ်နေသောကြောင့်တည်း။

သူသည် ကလေးငယ်ကို လှေဝမ်းထဲချထားပြီး လှေကို အမြန်လှော်ခတ်နေ၏။ သူ့တစ်သက်တာ၌ ဤမျှ ဝီရိယကောင်းကောင်းဖြင့် လှေလှော်ခတ်ခဲ့သည့်ရက်ဟူ၍ တစ်ရက်မျှမရှိပေ။ သူဤမျှ အမြန်ဆုံးလှော်ခတ်နေခြင်းမှာ သူ့မိန်းမအား ကလေးကိုပြရန် ထို့နောက် တစ်ရပ်တစ်ကျေးသို့ အမြန်ဆုံးပြောင်းရွှေ့ရန် စိတ်ကူးမိသောကြောင့် ဖြစ်ပေသည်။

သူရရှိလိုက်သည့် ရတနာပစ္စည်းများမှာ နည်းနည်းနောနော မဟုတ်ပေ။ ဤပစ္စည်းများဖြင့်သူ သူဌေးကလေး လုပ်နိုင်သည်။

"သူဌေး၊ သူဌေး၊ ငါသူဌေးဖြစ်ပြီ"

ပေါင်ယို့သည် မထိန်းနိုင်မသိမ်းနိုင် အူမြူးပြီးအော်ဟစ်လိုက်လေ၏။

သူ့ လှေကလေးသည် ကျောက်တံတား ရွာကလေးဆီသို့ လေးညို့မှလွတ်သော မြှားတစ်စင်းနှယ် တရိပ်ရိပ်ပြေးလျက်ရှိနေလေသတည်း။

* * * * *

## အခန်း [၇]

# ကယ်တင်ရှင်ဘုန်းတော်ကြီး

ပြည့်စုံရတနာရွာကလေး ရေနစ်မြုပ်ပျက်စီးပြီးသည့်နောက် နှစ်နှစ်အကြာတွင် ဘုန်းတော်ကြီးစောင်းပိုက်တစ်ယောက် တာ့ချန်မြို့တွင်းသို့ ဝင်ရောက်ခဲ့၏။ တာ့ချန်မြို့ခရီးမှာ လမ်းခုလတ်ခရီး ဖြစ်ပေသည်။ သူ့ခရီးအဆုံးမှာ တိမ်ဆက်တောင်ဖြစ်လေသည်။ တိမ်ဆက်တောင်သို့ အပြန်ခရီးလမ်းခုလတ်၌ တာ့ချန်မြို့ ရှိနေသဖြင့် ခေတ္တနားလိုလျှင် ထိုမြို့ကလေးသို့ ဝင်ရသည်သာ။

ယခုတစ်ကြိမ် တာ့ချန်မြို့တွင်းသို့ ဝင်ရခြင်းမှာ မြင်ကွင်းမကောင်းလှပေ။ အလွန်တရာ အကျည်းတန်အရုပ်ဆိုးသော မြင်ကွင်းကို မြင်လိုက်ရခြင်းကြောင့်ဖြစ်ပေသည်။ ငါးနှစ်သားကလေးငယ်တစ်ဦးအား မိန်းမတစ်ယောက်က မညှာမတာ ရိုက်နှက်နေလေရာ စောင်းပိုက်ဘုန်းတော်ကြီးမှာ လွန်စွာစိတ်မသက်မသာ ဖြစ်ရလေတော့သည်။

"ကဲ . . ကဲ . . စားချင်ဦး၊ စားချင်ဦး၊ နင့်ကို အစားအသောက်တော့ မကျွေးဘူး၊ တုတ်ပဲကျွေးမယ်"

တဖြန်းဖြန်း၊ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ရိုက်နှက်နေသဖြင့် ကလေးငယ်မှာ အသံပင်မထွက်နိုင်ရှာတော့ပေ။ နုနယ်လှသော ကလေးငယ်တစ်ဦးအား မည်သည့်မိခင်ရင်းကမျှ ဤသို့ရက်ရက်စက်စက် ရိုက်မည်မဟုတ်ဟု ဘုန်းတော်ကြီးစောင်းပိုက် စဉ်းစားလေ၏။

ထိုကလေးငယ်ကား မည်သူနည်း။ ကလေးငယ်အား မညှာမတာ ရိုက်နှက်နေသော မိန်းမကားအဘယ်သူနည်း။ ကလေးငယ်က စိရောင်ကျူနှင့် သခင်မဒန်တို့၏ သားငယ်ပေတည်း၊ ရိုက်နှက်နေသောမိန်းမကား လူယုတ်မာ လှေသမားပေါင်ယို့၏ဇနီး ဝမ်ပုပင်ဖြစ်လေ၏။

ပေါင်ယို့သည် သူစိတ်ကူးထားသည့်အတိုင်း ဆောင်ရွက်ခဲ့ပေသည်။ သူသည် လုယက်လာသော ရတနာများနှင့် ကလေးငယ်ကို ဇနီးဖြစ်သူအား ပြသ၏။ ဇနီးသည်မှာ ပေါင်ယို့နှင့်ပေါင်းသင်းခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ ပေါင်ယို့ပြသသော ပစ္စည်းများသည် မည်သည့်နည်းနှင့်မျှ သမ္မာအာဇီဝဖြင့်ရသော ပစ္စည်းများ မဟုတ်ကြောင်းသိလေသည်။

သို့သော် သူမကိုယ်တိုင် ပေါင်ယို့နှင့် အသွင်တူ၍ အိမ်သူဖြစ်နေရကား သမ္မာအာဇီဝနည်းဖြင့် ရသည်ဖြစ်စေ မရသည်ဖြစ်စေရတာသာလိုရင်းဟု သဘောထားပြီးလွန်စွာ ကျေနပ်ဝမ်းမြောက ခဲ့လေ၏။

ထို့ပြင် တစ်သက်ကလေးမရနိုင်သော သူမ၏ ဘဝအတွင်း

သို့ နှစ်နှစ်ကျော်ကျော် သုံးနှစ်ကလေးငယ်တစ်ဦး ပါလာရာ သူမအဖို့ အူမြူးမဆုံးအောင် ဖြစ်ခဲ့ရတော့သည်။

လူယုတ်မာပေါင်ယို့နှင့် ဝမ်ပုတို့သည် ပညာဉာဏ် မရှိသော်လည်း သူတို့အတွက် ဘေးရန်ကိုတော့ ကြောက်လန့်တတ်ကြပေသေးသည်။သူတို့သည် ကျောက်တံတားရွာမှ မိုင်လေးဆယ်ခန့်ဝေးသော တာ့ချန်မြို့သို့ ပြောင်းရွှေ့ခဲ့လေရာ ပေါင်ယို့ မတော်မတရား လုပ်ခဲ့သည့် ပြည့်စုံရတနာရွာနှင့် ဆိုလျှင် မိုင်ရှစ်ဆယ်မျှ ကွာဝေးသွားလေတော့၏။ သူ၏ယုတ်မာမှုများကို ပြည့်စုံရတနာရွာသားများ မသိနိုင်ရန် အဆက်ဖြတ် ဇာတ်မြှုပ်ခြင်းသာ ဖြစ်လေတော့၏။

လူမိုက်နှင့်ငွေအတူမနေဆိုသည့် စကားမှာ မှန်ကန်လှသည်။ အကြောင်းမှာ ပေါင်ယို့သည် ထိုနှစ်နှစ်အတွင်း မည်သည့် အလုပ်အကိုင်မျှ မည်မည်ရရမလုပ်ဘဲ သခင်မဒန်၏ ရတနာပစ္စည်းအားလုံး ကုန်သွားပြီး သူ၏မူလ လူဆင်းရဲဘဝသို့ ပြန်ရောက်သွားခဲ့ရခြင်း ဖြစ်ပေသည်။ သူသည် ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသည့် စကားအတိုင်း အရက်သောက်မြဲ မာကျောက် ကစားမြဲဖြစ်ရာ ဤဘဝသို့ ပြန်ရောက်ခြင်းအတွက် အံ့သြစရာမရှိလှပေ။

ပေါင်ယို့၏ မိန်းမ ဝမ်ပုသည်လည်း ပထမ နှစ်ပိုင်းများအတွင်း မိုးမမြင်လေမမြင် ဝတ်စားဆင်ယင်ပြီးလက်မတထောင်ထောင်ဖြင့် ဘဝင်ခေါင်ခိုက်နေခဲ့၏။ သို့သော် မကြာမီပင် ပေါင်ယို့၏အသုံးအဖြုန်းမှုများကြောင့် မူရင်းအပ်ချုပ်သည်ဘဝသို့ ပြန်ရောက်ရ



တော့သည်။

ယခင်က သူအပ်ချုပ်၍ရသော အခကြေးငွေများသည် သူမနှင့် ပေါင်ယို့ စားသောက်ရန်အတွက်ဖြစ်၍ သူမခံသာသေးသည်။ စိတ်ကျေနပ်သေးသည်။ သို့သော် ယခုမူ သွေးမတော် သားမတော် ကလေးငယ်တစ်ဦးကိုပါ ဖုံ့ကျွေးနေရလေရာ ဝမ်ပုအဖို့ နေ့စဉ်နှင့်အမျှ စိတ်မချမ်းမသာဖြစ်ပြီး ဘာမျှ မသိရှာသော ကလေးငယ်အား မညှာမတာ ရိုက်နှက်နှိပ်စက်နေခြင်းဖြစ်တော့သည်။

ကလေးငယ်က ကလေးသဘာဝ မုန့်တောင်းသောအခါ ငွေကုန်သည့်အလုပ်ကို တောင်းဆိုရပါမည်လားဆိုပြီး ကလေးငယ်ကိုရိုက်နှက်၏။

ပေါင်ယို့က အရက်သောက်ရန် ဖဲရိုက်ရန် ပိုက်ဆံတောင်းသောအခါ နင့်ကြောင့် ငါငွေပိုကုန်ရတယ်'ဟုဆိုပြီး ကလေးငယ်အပေါ် အပြစ်ပုံချ ရိုက်နှက်ပြန်တော့၏။

ဤသို့ဖြင့် သူဌေးကြီးစိရောင်ကျူနှင့် သခင်မဒန်တို့၏ ကလေးငယ်မှာ ကံဆိုးမိုးမှောင်ကျပြီး တစ်နေ့မပြတ် ရိုက်နှက်ခံနေရတော့သည်။

ဘုန်းတော်ကြီးစောင်းပိုက်သည် ကရုဏာရှင် ဖြစ်သည့်အားလျော်စွာ ဤမျှနှိပ်စက်နေသည့် မြင်ကွင်းကို ကြာရှည်ကြည့် မနေနိုင်ချေ။ မျက်နှာလွှဲ၍လည်း မသွားနိုင်ချေ။ အခြေအနေကြည့်ရုံနှင့် ဤကလေးမှာ နေ့တိုင်း အနှိပ်အစက်၊ အရိုက်အနှက် ခံနေရမည့်ကလေး ဖြစ်ကြောင်း ဘုန်းတော်ကြီး စောင်းပိုက် သိရှိရိပ်မိလေသည်။

ဆရာတော်က ဝမ်ပုအိမ်ရှေ့၌သွားရပ်၏။ ဘုန်းတော်ကြီး၏ အရိပ်သည် အိမ်ထဲသို့ ကျရောက်သွားလေရာ ဝမ်ပုသည် ရှိုက်နှက်နေရာမှ အထိတ်တလန့် လှမ်းကြည့်လာလေ၏။

"ဒကာမကြီး ကလေးဟာ အင်မတန်ငယ်ပါသေးတယ်၊ ဘာဖြစ်လို့ ခုလို ရှိုက်နှက်နေရတာလဲ"

ဝမ်ပု မျက်မှောင်ကြုတ်သွား၏။ မျက်နှာကြီးမည်းသွား၏။ ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ရှုပ်သော ဘုန်းတော်ကြီးကို စိတ်အချဉ်ပေါက်သွား၏။ သို့သော် ဘုန်းတော်ကြီးဖြစ်နေ၍ ရှိုင်းရှိုင်းစိုင်းစိုင်း မပြောသာဖြစ်နေသည်။ သာမန် အရပ်သားတစ်ဦး တစ်ယောက်ဆိုလျှင် ဝမ်ပု၏ နှုတ်ကြမ်းအာကြမ်းနှင့် တွေ့သွားပေလိမ့်မည်။ ယခုတော့ ဝမ်ပုခံနေရသည်။

"ကိုယ့်ကလေးကိုယ် ဆုံးမနေတာပါ၊ ဒါဟာအပြစ်လား ဘုရား၊ ဒီလိုမှ မဆုံးမရင်ကလေးတွေဟာ ခေါင်းပေါ်တက်ပြီး မိဘဆံပင်ကိုတောင် မီးရှို့သွားမှာပါ"

ဘုန်းတော်ကြီးက သက်ပြင်းချ၏။

"မှန်တယ်၊ မိဘဆိုတာ မိုက်မဲရမ်းကားတဲ့သားသမီးကို ဆိုဆုံးမရမယ်၊ သို့သော်လဲ သားသမီးကို ခွေးရိုက်နွားရိုက်တော့ မရိုက်အပ်ဘူး၊ ရန်သူကိုနှိပ်စက်သလို မနှိပ်စက်အပ်ဘူး"

"အလိုတော် . . . ဘုန်းတော်ကြီးက ဘယ့်နှယ့် တပည့်တော်ကိုလာပြီး အပြစ်တင်နေရတာလဲ၊ အခုကိစ္စက ဘုန်းတော်ကြီးရဲ့ အရေးအရာလဲမဟုတ်"

ဝမ်ပု၏လေသံသည် တဖြည်းဖြည်း ကြမ်းတမ်း ခက်ထရော်စ



ပြုလာသည်။ သူမသည် ဘုန်းတော်ကြီးအား ရန်စွယ်ငေါငေါဖြင့် တိုက်ခိုက်ရန် ပြင်ဆင်စပြုလာ၏။

ဘုန်းတော်ကြီး စောင်းပိုက်သည် ကလေးငယ်အား ကြင်နာစွာ လှမ်းခေါ်လိုက်၏။ ကလေးငယ်မှာ တရှုပ်ရှုပ်ငိုဆဲပင်။ ကလေးငယ်၏ နုနယ်သော ခန္ဓာကိုယ်ပေါ်၌ သွေးများပင်စို့နေသည်။ ဘုန်းတော်ကြီးသည် ကလေးငယ်၏ ဦးခေါင်းအား ပွတ်သပ်ပေးပြီး တီးတိုးပြောလေ၏။

"ဘယ်မိဘကမှ ကိုယ့်ရင်သွေးကို ဒီလိုရက်ရက်စက်စက်မဆုံးမသင့်ပါဘူး"

ဝမ်ပု၏နှုတ်ခမ်းသည် ဝက်နှုတ်ခမ်းကဲ့သို့ ထော်တက်လာ၏။

"ဘုန်းတော်ကြီးပြောတာ မှန်တယ်၊ ဘယ်မိဘမှ ကိုယ့်ရင်သွေးကို ဒီလိုမဆုံးသင့်ဘူး၊ တပည့်တော်ကတော့ ဆုံးမသင့်တယ်ဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအလေနတောကလေးဟာ တပည့်တော်ရဲ့ ရင်သွေးမဟုတ်လို့ဘဲဘုရား၊ အရှင်ဘုရားအနေနဲ့ တပည့်တော်ကို ကျေးဇူးတောင် တင်ရဦးမယ်၊ သွေးမတော်သားမတော် ကလေးတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ကျွေးထားတယ်ဆိုတာ နှယ်နှယ်ရရ သဒ္ဓါတရားမှ မဟုတ်တာ"

ဘုန်းတော်ကြီး ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

ဘုန်းတော်ကြီး၏ မျက်လုံးများ၌ ကရုဏာရိပ်များ သမ်းနေသည်။ ဘုန်းတော်ကြီးသည် ဝမ်ပုအား ဒေါသဖြစ်သည့် အရိပ်အယောင်မပြပါ။ မျက်လုံးများ၌လည်း ဒေါသမရှိပါ။

"ကောင်းပြီ၊ ဒီကလေးကို ကျွေးမွေးထားရတဲ့အတွက် ဒကာမ

ကြီးတို့မှာ ဒုက္ခကြီးနေတယ်ပေါ့၊ ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်ပေါ့၊ ဟုတ်ရဲ့လား"

ဝမ်ပုသည် ဘုန်းတော်ကြီး၏ စကားအရိပ်အခြည်ကို ရိုးတိုးရိုးတိပ် နားလည်သဘောပေါက်စ ပြုလာ၏။

"ဟာ . . မပြောပါနဲ့တော့ဆရာတော်၊ တပည့်တော်တို့မှာက ကိုယ်စားဖို့တောင် အနိုင်နိုင်လုပ်နေရတာ၊ ဒီကလေးကတဆူဆူ တပူပူနဲ့ အင်မတန်စိတ်ဆင်းရဲစရာ ကောင်းပါတယ်"

"အိမ်း . . ကျုပ်လဲ အဲဒါကိုရိပ်မိပါတယ်၊ ဒီတော့ကလေးကို ဒကာမကြီးတို့ မကျွေးနိုင်မယ့်အတူတူ ကျုပ်ကိုပေးလိုက်ပါလား၊ ဒကာမကြီးတို့မှာ ဝန်ပေါ့သွားတာပေါ့"

ဝမ်ပု ဟက်ခနဲရယ်လိုက်လေ၏။ သူမလွန်စွာသဘောကျသွားလေပြီ။ သို့သော် လူယုတ်မာ၏ ဇနီးဖြစ်လေရာ သူမ၏ ဇာတိသွေးတော့ အနည်းငယ်ပြလာလေ၏။

"ပေးရတာက မခက်ပါဘူး၊ ဒါပေမယ့်"

သူမက စကားကို တစ်လုံးချင်းပြောလေ၏။ တမင်ပြောခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးက . .

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါ၊ ကျုပ်ကို အားနာစရာ မရှိပါဘူး"

"အရှင်ဘုရားဆီ သူရောက်သွားရင် ကောင်းသွားမှာပါ၊ သူ့ကို ဘုန်းတော်ကြီး ဝတ်ပေးလိုက်ရင် သူ့ဘဝအတွက် ကောင်းရာကောင်းကြောင်း ဖြစ်သွားမှာအမှန်ပဲ၊ ဒါပေမယ့် တပည့်တော်မ



တို့အတွက်ကတော့ မကောင်းဘူး၊ တပည့်တော်ရဲ့ ယောကျ်ားပြန်လာရင် ဘယ်လိုပြောရမလဲ၊ ဒီကလေးကို မွေးဖို့သူခေါ်လာတာ၊ ကလေးကိုမတွေ့ရင် သူသောင်းကျန်းမှာပဲ၊ နောက်ပြီးဒီကလေးကို တပည့်တော်တို့ ကျွေးမွေးခဲ့တာတွေ အားလုံးအလကား ဖြစ်ရတော့မှာလား"

ဘုန်းတော်ကြီး စောင်းပိုက် ပြုံးလိုက်သည်။

သူ့ရင်ခွင်ထဲသို့ လက်နှိုက်လိုက်ရာ ငွေတုံးတစ်တုံး ထွက်လာလေ၏။ ထိုငွေတုံးကို ဝမ်ပုထံသို့ လှမ်းပေးသည်။

ဝမ်ပုက ငွေတုံးကို လောဘရောင်ထွက်နေသည့် မျက်လုံးများဖြင့် ကြည့်လိုက်ပြီး . .

"အင်း . . ဆိုးတော့ သိပ်မဆိုးပါဘူး၊ ဒါပေမယ့် ဒီငွေတုံးလောက်နဲ့တော့ တပည့်တော်မယောကျ်ားက ကျေနပ်မှာမဟုတ်ဘူး၊ ကလေးဘယ်ရောက်သွားပြီလဲဆိုပြီး တပည့်တော်မကို ရိုက်လိမ့်မယ်"

ဘုန်းတော်ကြီးစောင်းပိုက်က ငွေတုံးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၏။

"ဒါဆိုရင် အရိုက်ခံလိုက်ပေါ့"

ဘုန်းတော်ကြီးက ကလေးငယ်ကို ကောက်ယူပွေ့ချီလိုက်သည်။

ဝမ်ပုက ငွေတုံးကို ကောက်မယူချေ။ နှုတ်ခမ်းကိုမဲ့ရွဲ့ပြီး ဘုန်းတော်ကြီးအား မရိုမသေလှမ်းပြော၏။

"ဒီငွေလေးလောက်နဲ့တော့ ကလေးကို မရောင်းနိုင်ဘူး၊ ကလေး တစ်ယောက်ကို ငွေတုံးကလေးတစ်တုံးတည်း၊ အရှင်ဘုရား

နည်းနည်းမှ မစဉ်းစားတတ်ဘူးလား"

ဘုန်းတော်ကြီး၏ မျက်နှာသည် ရုတ်တရက် ငြည်ကြည်သွားလေ၏။ သူ့သိုင်းပညာ ယှဉ်ပြိုင်ဘက် ရန်သူများထက် ဤမိန်းမသည် စကားပြောရခက်ပါလားဟု စိတ်ထဲမှ တွေးလိုက်၏။ ဘုန်းတော်ကြီးစောင်းပိုက်သည် ငြိမ်းချမ်းရေးနည်းဖြင့် စေ့စပ်မရလျှင် အကြမ်းနည်းဖြင့် စေ့စပ်ရန် ဝန်မလေးသူဖြစ်သည်။

ဘုန်းတော်ကြီး စောင်းပိုက်သည် မယုံနိုင်လောက်သည့် လျှင်မြန်မှုဖြင့် အိမ်ပေါ်သို့ လွှားခနဲတက်ရောက်လာလေ၏။

ဝမ်ပုမှာ ဘာမျှမပြောနိုင်ပေ။ ပါးစပ်အဟောင်းသားဖြင့် အံ့သြ ထိတ်လန့်နေတော့သည်။ သိုင်းပညာရှင် ဘုန်းတော်ကြီး တစ်ပါးအား သူမ မရှိမသေမလေးမစား လုပ်မိလေပြီ။

ဘုန်းတော်ကြီးက ဝမ်ပု၏ ဦးခေါင်းကို ဆုပ်ကိုင်လိုက်ရာ ဝမ်ပုခမျာ တစ်ကိုယ်လုံး ထုံကျဉ်သွားလေတော့သည်။ ဘုန်းတော်ကြီးက မညှာမတာ ပြုလုပ်ခြင်းမဟုတ်ပါ။ သာမန်မျှသာ ဆုံးမခြင်းဖြစ်ပါသည်။

"ကျုပ်ပေးတဲ့ငွေဟာ ကလေးနှစ်ယောက် ဝယ်နိုင်တာသိလျက်နဲ့ ငွေဒီ့ထက် ထပ်လိုချင်သေးတာက မင်းရဲ့မတော် လောဘကို ထုတ်ပြောနေသလိုရှိနေတယ်၊မင်းတို့ရဲ့ကြမ်းတမ်းတဲ့ရုပ်ရည်၊လောဘကြီးတဲ့ မျက်လုံးတွေနဲ့ အခုငွေထပ်လိုချင်နေတဲ့ အဖြစ်အပျက်က မင်းရဲ့ ယုတ်မာမှုကို ထုတ်ပြသလို ရှိနေတယ်။ ဒီကလေးသာ မင်းလက်ထဲမှာ ကျန်ရစ်ခဲ့ရင် သက်ဆိုးရှည်မှာမဟုတ်ဘူး၊ ကဲ . . ငါပေးတဲ့ငွေနဲ့ ကလေးကို ပေးလိုက်မှာလား၊ မပေးလိုက်ဘူးလား



ပြော"

ဝမ်ပုက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောလိုက်လေ၏။

"မ . . မလိုတော့ပါဘူး၊ အဲ . . အဲဒီငွေတုံးနဲ့ပဲ လုံလောက်ပါတယ်ဘုရား၊ ကလေး . . ကလေးကို ခေါ်သွားပါတော့ဘုရား"

ဘုန်းတော်ကြီးစောင်းပိုက်သည် ကလေးငယ်ကို ပွေ့ချီပြီး အပြင်သို့ ခုန်ထွက်သွား၏။ လူယုတ်မာ ပေါင်ယို့၏ ဇနီး မယ်ယုတ်မာဝမ်ပုသည် တုန်တုန်ယင်ယင်ဖြင့် ကျန်ရစ်ခဲ့လေတော့၏။

* * * * *

## အခန်း [၉]

## ပညာသင်ဘက် ညီအစ်ကိုများ

နှစ်လရာသီ အလီလီ ပြောင်းခဲ့သည်မှာ ဆယ့်ခုနစ်နှစ်ခန့် ရှိခဲ့လေပြီ။ ပြည့်စုံရတနာ ရွာကလေး ရေနစ်မြုပ် ပျက်စီးခဲ့ရသော အချိန်မှာ ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်၍ အချို့သော ကလေးငယ်များမှာ အပျိုပေါက်၊ လူပျိုပေါက်များပင် ဖြစ်ခဲ့ကြလေပြီ။ ထိုလူငယ်များမှာ လွန်ခဲ့သော ဆယ့်ခုနစ်နှစ်က ပြည့်စုံရတနာရွာ၏ ရေဘေးကြီးဆိုက်ခဲ့ပုံကို မသိကြတော့ချေ။

ယခုလည်း အခြားတစ်နှစ်သို့ ရွေးရှုမြန်လေပြီ။ ယနေ့အချိန်ကား နှစ်သစ်ကူးနေ့တည်း။

တိမ်ဆက်တောင်ဆိုသည်မှာ မည်ကာမတ္တတောင်ကလေး တစ်လုံးမဟုတ်ပေ။ အလွန်မြင့်မားပြီး သစ်တောထူထပ်သော တောင်ကြီး ဖြစ်ပေသည်။

ထိုသစ်တောထဲ၌ လူရွယ်လူငယ် ရှစ်ယောက်ရှိနေ၏။ အသက်အကြီးဆုံးမှာ အသက်နှစ်ဆယ့်လေးနှစ်ခန့်ရှိပြီး အသက်အငယ်ဆုံး



မှာ အသက်နှစ်ဆယ်ခန့်သာရှိသည်။ ထိုအုပ်စုများထဲတွင် အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်တစ်ဦးသာ ဆံပင်ရှိပြီး ကျန်လူအားလုံး ခေါင်းတုံးဦးပြည်းနှင့် ဖြစ်လေ၏။

ခေါင်းတုံးဦးပြည်း ပြောင်အောင်ရိတ်ထားသူ အားလုံးမှာ ပဉ္စင်းငယ်များ ဖြစ်ကြလေ၏။

ထိုအုပ်စုထဲ၌ အသက်အကြီးဆုံးဖြစ်သည့် လူငယ်မှာ ဦးဇင်းလေး ထိုက်ကွမ်ဖြစ်သည်။ သူသည် ဤအုပ်စုထဲ၌ ခေါင်းဆောင်သဖွယ် ဖြစ်သည်။

ထိုက်ကွမ်က အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"ဒီနေ့ ဘယ်သူ ဆေးရွက်ဆေးမလဲ"

ထိုအခါ ထိုက်ဆွီက ရယ်ရယ်မောမောဖြင့် ပြောသည်။

"ဒါများအဆန်းလုပ်လို့၊ ရှုံးတဲ့လူက ဆေးစတမ်းပဲဟာ၊ ရှုံးတဲ့လူ ဆေးကြပေါ့"

သူတို့ အပြန်အလှန် ပြောနေသည့် စကားများကို မဲ့ပြုံးပြုံး၍ နားထောင်နေသူ တစ်ဦးရှိ၏။ ထိုသူကား ဆံပင်နှင့် လူငယ်တည်း။ သူက အေးအေးဆေးဆေးပင် ဝင်ပြောသည်။

"ဘာမှ ပြိုင်နေစရာမလိုပါဘူး၊ ပြိုင်လဲ ပြိုင်ပြိုင်ပဲရှိတာဥစ္စာ၊ ကျောင်းနေဘက် ညီအစ်ကိုတွေ အနိုင်မကျင့်ခင်ဘဲ ညီလေး အရှုံးပေးပါတယ်၊ ညီလေးပဲ ဆေးလိုက်ပါ့မယ်"

ထိုသို့ပြောလိုက်သူ၏ အမည်မှာထိုက်ချင်ဖြစ်လေ၏။ ထိုက်ချင်ကား ခပ်အေးအေးပင်။ သူ့စကားမှာ အခြားသူများကို

ထိခိုက်အောင် ပြောလိုက်သည့်စကားဖြစ်သော်လည်း လေသံက အေးဆေးလှပေသည်။ ထိုအခါ ထိုက်ဆွိက ခေါင်းညိတ်ပြီး ပြော၏။

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒီလို သိတတ်လိုက်တာ အကောင်းဆုံးပဲ၊ တော်ကြာ ငါတို့က မင်းကိုဝိုင်းပြီး ညှဉ်းဆဲတယ်လို့ ထင်ရင် မကောင်းဘူး"

ထိုက်ကွမ်က လက်ခါရင်း . .

"ဟော့ . . ဟော့ ဒီအစီအစဉ်ကို လက်မခံနိုင်ဘူး"

ထိုက်ဆွိက

"ဟင် ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ဆရာသိသွားရင် ဘယ်လိုပြောမလဲ၊ ငါတို့ကို ဒဏ်ပေးတော့မှာပေါ့။ အဲဒီအစီအစဉ်ကမှ သူ့ကို တမင်သက်သက် ခိုင်းတယ်လို့ အထင်ခံရမှာ"

ထိုအခါ ထိုက်ချင်က အေးစက်စက်ရယ်လိုက်၏။

"ကောင်းပြီ ဒီတစ်ခါ ဘာပြိုင်ချင်သလဲ၊ သိုင်းပညာပြိုင်ရင်တော့ ညီလေးရှုံးပြီးသားပဲ၊ ဒါကြောင့် ညီလေးက မပြိုင်တော့ဘဲနဲ့ ဆေးရွက်ဆေးဖို့ သဘောတူတာပေါ့"

"ဟား . . ဟား . . ဟား"

ထိုက်ကွမ်က အားရပါးရ ရယ်လိုက်လေ၏။

"စိတ်ချ တို့တစ်တွေ တစ်မျိုးစဉ်းစားကြမှာပါ၊ သိုင်းပညာတော့ မပြိုင်တော့ပါဘူး"

ထိုက်ဆွိက စကားကို ဝင်ပြောသည်။

ထိုက်ကွမ်က ထိုက်ဆွိကို ကြည့်လိုက်၏။



"ဒီမှာ ညီလေးထိုက်ဆွိ၊ မင်းဘာတွေဝင်ပြောနေတာလဲ၊ တို့က သူ့ကို ဘာမှအနိုင်ကျင့်နေတာမဟုတ်ဘူး၊ ဆရာက သိုင်းပညာသင်ပေးရင် ဘယ်သူ့ကိုပိုသင်မယ်၊ ဘယ်သူ့ကိုလျှော့သင်မယ်လို့ ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး၊ အားလုံးကို အတူတူသင်ပေးခဲ့တာပဲ၊ ဒီအတွက် ညီလေးထိုက်ချင်အကြောင်းပြတာမကောင်းပါဘူး၊ ဆရာ့ကိုပါ ထိခိုက်သလို ဖြစ်တာပေါ့"

ထိုက်ချင်က ထိုက်ကွမ်ကို မဲ့ပြုံးပြုံးပြီး ကြည့်လိုက်၏။

"ဒါဖြင့် အစ်ကိုကြီးထိုက်ကွမ်က သိုင်းပညာပဲ ပြိုင်ချင်တယ်ဆိုပါတော့၊ ဟုတ်လား"

ထိုက်ကွမ်က ထိုက်ချင်ကို ဘာမျှပြောမနေတော့ဘဲ မြေကြီးပေါ် မျဉ်းနှစ်ကြောင်း ဆွဲလိုက်လေ၏။ တစ်ကြောင်းနှင့်တစ်ကြောင်း ပေတစ်ရာ့ငါးဆယ်ခန့် ကွာဝေး၏။

ထိုက်ချင်က ထိုက်ကွမ်အပြုအမူကို မျက်မှောင်ကြုတ်၍ ကြည့်နေလေ၏။ ထိုက်ကွမ်သည် မျဉ်းနှစ်ကြောင်းကိုရေးဆွဲပြီး ထိုက်ချင်မမြင်အောင် ထိုက်ဆွိနှင့်ထိုက်ရီတို့အား မျက်စိတစ်ဘက်မှိတ်ပြောသည်။

"ဒီကနေ့ သိုင်းပညာမပြိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ညီလေးထိုက်ချင်က သူ့ကို တို့ကမတရားလုပ်တယ်လို့ အမြဲထင်နေလို့ပဲ၊ ဒါကြောင့် ဒီနေ့အပြေးပြိုင်မယ်၊ ပြိုင်ပွဲအသစ်ပေါ့"

ထိုက်ချင်က ခပ်အေးအေးပင် မေးလိုက်၏။

"ဒီမျဉ်းနှစ်ကြောင်းက ဘာလုပ်ဖို့လဲ"

ထိုက်ကွမ်က . .

"အပြေးပြိုင်ဖို့လေ၊ ဒီတစ်ကြောင်းကတာထွက်ဖို့၊ ဟိုတစ်ကြောင်းကပန်းဝင်ဖို့၊ ပန်းဝင်မျဉ်းကြောင်းကို အလျင်ရောက်တဲ့လူအနိုင်၊ နောက်ကျပြီးရောက်တဲ့လူအရှုံး၊ စည်းကမ်းချက်က ရိုးရိုးနဲ့ ရှင်းရှင်းကလေးပဲ၊ ကဲ . . ဘယ်လိုသဘောရသလဲ"

"သဘောတူတယ်၊ သဘောတူတယ်"

ထိုက်ဆွိ၊ ထိုက်ရီနှင့် ဦးပြည်းခေါင်းတုံး လူငယ်အားလုံး သဘောတူလိုက်ကြလေ၏။

သို့သော် ထိုက်ချင်က ခေါင်းခါ၏။

"ဟင့်အင်း . . ညီလေး သဘောမတူဘူး၊ အစ်ကိုတို့ အားလုံး ခြေတံရှည်တယ်၊ ပန်းဝင်အဆုံးအဖြတ်ကျရင် အစ်ကိုတို့ဘက်လိုက်ပြီး ဆုံးဖြတ[illegible]ဦးမှာသေချာတယ်၊ ဒီတော့ ညီလေးရှုံးဦးမှာပဲ"

ထိုက်ကွမ်ရယ်လိုက်၏။

"ညီလေးထိုက်ချင်က အလကားကောင်ပဲ၊ ဘယ်နေရာမှ သတ္တိမရှိဘူး၊ သိုင်းပညာကျတော့လဲ မပြိုင်ရဲဘူး၊ ပြေးပွဲကျတော့လဲ မပြိုင်ရဲဘူး၊ သတ္တိမှမရှိဘဲ"

ထိုင်ချင်မရယ်ပေ။

"ကျောင်းနေဘက် ညီအစ်ကိုချင်းကို အုပ်စုနဲ့ပေါင်းပြီးမတရားဆုံးဖြတ်အနိုင်ယူရဲတာကိုမှ သတ္တိရှိတာလို့ခေါ်တာလား"

"ဟော့ . . ဟော့၊ မင်းဘယ်လိုပြောလိုက်တာလဲ၊ တို့ကိုမစော်ကားပါနဲ့ကွ"

ထိုက်ဆွိနှင့်ထိုက်ရီတို့က အော်ဟစ်ကန့်ကွက်ကြလေ၏။ ထိုက်ကွမ်သည် ရယ်ရယ်မောမောဖြင့် ရှေ့သို့ထွက်လာပြီး ပြောလိုက်၏။



"ဟော့ . . ဟော့ . . ငါတို့ရဲ့ အငယ်ဆုံးညီလေးကို မင်းတို့မကန့်ကွက်ကြပါနဲ့၊ သူစိတ်ချမ်းသာသလို ပြောပါစေ၊ ကဲ . . ညီလေးထိုက်ချင်၊ တရားမျှတအောင် ငါလုပ်ပေးပါ့မယ်၊ မင်းကိုပေနှစ်ဆယ်လောက် အကျောပေးမယ်၊ သဘောတူရဲ့လား"

သူသည် ထိုက်ချင်ကိုမေးရင်းမှ ထိုက်ဆွိနှင့်ထိုက်ရီတို့ကို မျက်စိတစ်ဘက် မှိတ်ပြလိုက်၏။ မင်းတို့ ဘာမှမပြောနှင့်၊ ငါအကြံအဖန်လုပ်ပေးမယ် ဟူသည့် သဘောပေတည်း။

သူ့အချက်ပြမှုကို အားလုံးက သဘောပေါက်နားလည်ကြသဖြင့် သဘောတူတယ်ဟု အော်ကြလေတော့၏။

ထိုက်ချင်သည် သူ့အပေါ် အမြဲတမ်း မတော်မတရား[illegible]ပ်သည့် ညီအစ်ကိုတော်များကို အယုံအကြည်မရှိပေ။ သို့သော် ပေနှစ်ဆယ် အကျောပေးထားသည့်နောက် မည်သို့ပင်ညစ်ညစ် သူပင်နိုင်မည်ဟုတွေးပြီး ခေါင်းညိတ်လိုက်၏။ပေနှစ်ဆယ် အသာရသည့်နောက်မှ မိမိရှုံးလျှင် မိမိအလွန်ညံ့၍ပင် ဖြစ်ရမည်ဟု သူယူဆပေသည်။

"ကောင်းပြီ၊ ကျွန်တော်ပြိုင်မယ်"

ထိုက်ချင်သည် တာထွက်မျဉ်းကြောင်းရှေ့ ပေနှစ်ဆယ်ခန့်သို့ ထွက်သွားပြီး နေရာယူလိုက်၏။ တာထွက်ရန် ဟန်ပြင်လိုက်၏။

ထိုက်ကွမ်က ကျေနပ်စွာ ရယ်လိုက်၏။

"ဒီလိုသတ္တိရှိမှပေါ့၊ ငါကတစ် နှစ် သုံးရေတွက်မယ်၊ သုံးဆိုရင် အားလုံး တစ်ပြိုင်တည်းပြေးကြပေါ့ ဟုတ်လား"

ကျန်လူအားလုံး တာထွက်မျဉ်းကြောင်းပေါ်၌ နေရာယူလိုက်ကြ၏။ အားလုံး၏မျက်နှာများမှာ ပြုံးစိစိဖြစ်နေကြသည်။ သူတို့

အားလုံး မကြာမီ ရယ်စရာမြင်ကွင်းတစ်ခု တွေ့ရတော့မည်ဖြစ်ကြောင်း သိထားကြသည်။

"တစ် . . နှစ် . . သုံး"

ထိုက်ကွမ်၏အသံသည် တိမ်ဆက်တောင်ပေါ်၌ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

ထိုက်ချင်သည် နားထဲ၌ တဝီးဝီးမြည်သံကြားအောင် အားသွန်ခွန်စိုက်ပြေးလေ၏။ ပွဲတိုင်းအကြောင်းအမျိုးမျိုးဖြင့် ရှုံးနိမ့်ခံရသူဖြစ်သဖြင့် တစ်ချီတစ်မောင်းတော့ အနိုင်ရလိုပေသည်။

သူသည် ပေနှစ်ဆယ်သို့အသာရသဖြင့် အားလုံးရှေ့မှဦးဆောင်ပြေးနိုင်သည်။ ပန်းတိုင်မျဉ်းကြောင်းသည် သူနှင့်မဝေးတော့ပေ။ သူအနိုင်ရတော့မည်။

ထိုစဉ် . .

သူ့မျက်လုံးများသည် အံ့ဩသောအရိပ်အယောင်များ ပေါ်လာ၏။ ရုတ်တရက် သူ့ခြေထောက်များကို တစ်စုံတစ်ခုက လာရောက် ရစ်ပတ်သည်ကို သိလိုက်ရပြီးနောက် ဘာမှန်းမသိရမီတလိမ့် ခေါက်ကွေး လဲကျသွားရလေတော့၏။

ထိုအချိန်တွင် ထိုက်ဆွီတို့အားလုံး သူ့ကိုကျော်ဖြတ်ပြီး ပန်းဝင်သွားကြတော့သည်။

"ဟီး . . ဟီး . . ဟီး၊ ပြေးပွဲမှာလည်း တို့နိုင်တာပဲ၊ ညီလေး ထိုက်ချင် မင်းရှုံးပြီ"

ထိုက်ချင်သည်ထိုင်ရင်း သူ့ခြေထောက်များကို ကြည့်လိုက်လေ၏။ သူ့ခြေထောက်တွင် တိမ်ဆက်တောင်ပေါ်၌ ပေါက်သော နွယ်ကြိုး၏ အစွန်းတစ်ဘက်စီကို ခဲတစ်လုံးစီဖြင့် ချည်နှောင်ထားသည်။



ထိုက်ချင်သည် ထိုပစ္စည်းပိုင်ရှင်ကို ကောင်းစွာသိသည်။ သူသည် ခြေထောက်၌ ရစ်ပတ်ငြိတွယ်နေသောနွယ်ကြိုးကို ဖြုတ်ယူပြီး ထရပ်လိုက်၏။ သူသည် ထိုက်ရီနှင့် ရင်ဆိုင်လိုက်သည်။

"ထိုက်ရီ မင်းအတော်ယုတ်မာပါလား၊ မင်းတို့ တရားသဖြင့် ပြိုင်ဆိုင်ခြင်းဟာ နောက်ဆုံးမှာတော့ ဒါပဲလား"

ထိုက်ချင် အော်ဟစ်လိုက်၏။

ထိုက်ရီက ပမာမခန့်ပြုံးလိုက်ပြီး . .

"ငါလုပ်တာမဟုတ်ဘူးကွ၊ ကြိုးက သူ့အလိုလိုထွက်လာတာကံဆိုးပြီး မင်းခြေထောက်ထဲရောက်လာတာ၊ ဟဲ . . ဟဲ . . ဟဲ သက်မဲ့ကြိုးကတောင် မင်းနိုင်မှာမကြိုက်တာကတော့ အတော့်ကို ဆိုးတာပဲကွ"

ထိုက်ချင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ငါထင်တော့ ထင်သားပဲ၊ မင်းတို့ဟာ ဘယ်တုန်းကမှ ငါ့အပေါ် ကြင်ကြင်နာနာမှ မရှိခဲ့ကြတာဘဲ"

"ဟော့ . . အပိုတွေပြောမနေနဲ့၊ ဒီပွဲမှာ မင်းရှုံးပြီ"

ထိုက်ရီကအော်လေ၏။

ထိုက်ချင်က အံကြိတ်ပြီးပြောသည်။

"ဒီညစ်ပတ်တဲ့ပွဲမှာ ငါကရှုံးတယ်လို့ ဝန်ခံရဦးမှာလား"

ထိုက်ရီက မဲ့မဲ့ရွဲ့ရွဲ့ဖြင့်ပြောသည်။

"ရှုံးတာကရှုံးတာပဲ၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်လို့ အကြောင်းပြနေလို့ မရဘူး၊ မင်းဆေးရွက်တွေ မဆေးချင်တာနဲ့ အရှုံး

ကို ဝန်မခံချင်တာ မဟုတ်လား၊ ကဲ . . ငါမေးပါရစေဦး၊ မင်းရဲ့ခြေထောက်တွေဆီ ငါကြိုးနဲ့ပစ်တာကို မင်းမြင်သလား၊ ပြောစမ်းပါဦး၊ တခြားသူတွေ မြင်သလားလို့လဲ မင်းမေးစမ်းပါဦး"

ကျန်လူအားလုံးက ယိမ်းတိုက်ထားသည့်အလား ခေါင်းယမ်းဘူးကွယ်ကြလေ၏။

"မမြင်ဘူး၊ မမြင်ဘူး၊ ငါတို့မမြင်ဘူးဟေ့"

ထိုက်ချင် ဒေါသထွက်လွန်းသဖြင့် အသားများတုန်နေသည်။ ဤညီအစ်ကိုများသည် အဘယ်ကြောင့် သူ့တစ်ယောက်တည်းကို ဝိုင်းညစ်ပတ်နေမှန်း သူမစဉ်းစားတတ်ချေ။

ထိုစဉ် . .

"မင်းတို့ထဲက ဘယ်သူမှ မမြင်ဘူး မဟုတ်လား၊ အေး . . ငါမြင်တယ်ဟေ့"

သစ်ပင်များအကြားမှ အေးစက်စက်အသံကြောင့် အားလုံးအလန့်တကြား လှည့်ကြည့်မိကြလေ၏။ သူတို့အားလုံး ရေခဲရေဖြင့် အလောင်းခံလိုက်ရသလို အေးစက်သွားကြသည်။ ထိုအသံရှင်မှာ သူတို့၏ဆရာ ဘုန်းတော်ကြီး စောင်းပိုက် ဖြစ်ကြောင်း သူတို့အားလုံး သိရှိနေသောကြောင့်ပင်တည်း။

❋ ❋ ❋ ❋ ❋



## အခန်း [၁၀]

## ဆရာ့ ကရုဏာ

ဘုန်းတော်ကြီးစောင်းပိုက်သည် သစ်ပင်များအကြားမှ တစ်လှမ်းချင်း ထွက်လာနေသည်။

ထိုက်ကွမ် အစရှိသော လူငယ်အားလုံး ဒူးတုပ်ထိုင်ချလိုက်ကြ၏။ သူတို့အားလုံး ဘုန်းတော်ကြီးစောင်းပိုက်ကို မော့မကြည့်ရဲကြတော့ပေ။

ဘုန်းတော်ကြီးစောင်းပိုက်သည် ကွက်လပ်ကွင်းပြင်အစပ်၌ မတ်တပ်ရပ်နေ၏။ သူသည် လက်ကိုနောက်ပစ်ထားပြီး တပည့်များကို စူးရှစွာ အကဲခတ်ကြည့်ရှုနေသည်။

အတန်ကြာမှ . . .

"အဟမ်း . . ငါ့တပည့်တွေ တဖြည်းဖြည်း ပြုပြင်လာမယ်လို့ထင်နေတာ အလကားပါလား၊ တပည့်တို့ . . မင်းတို့သိထားရမယ့်အချက်ဟာ မင်းတို့ဟာ ထိုက်ချင်လိုမိဘမဲ့ကလေး၊ ထိုက်ချင်ကိုငါ လမ်းပေါ်က ကောက်ယူမွေးစားထားခဲ့သလို မင်းတို့ကိုလဲ ငါ

ကောက်ယူမွေးစားထားခဲ့တယ်ဆိုတဲ့ အချက်ပဲ"

ဆရာတော် စောင်းပိုက်သည် စကားကို ခေတ္တရပ်လိုက်လေ၏၊ သူ့စကားကို ပို၍ လေးနက်စေလိုသောကြောင့် ဖြစ်သည်။

အားလုံး ငြိမ်သက်နေကြသည်။ သူတို့မတရားလုပ်ခဲ့သည့် အမှုကို ဆရာတွေ့သွားခဲ့ပြီဖြစ်၍ သူတို့အားလုံး ရှက်ကြောက်နေကြသည်။

ဆရာတော်က . .

"ထိုက်ချင် ဒုက္ခခံစားနေရတာကို မကြည့်ရက်လို့ ငါ ကယ်တင်ခဲ့တယ်၊ မင်းတို့တစ်တွေ ငတ်သေမှာစိုးလို့လဲ ငါ ကယ်တင်ခဲ့တယ်၊ ငါမင်းတို့ကို ဘယ်လိုမျိုးဆုံးမခဲ့သလဲ၊ ကျောင်းနေဘက်ညီအစ်ကိုချင်း အနိုင်ကျင့်ရမယ်၊ စော်ကားရမယ်၊ မတော်မတရားလုပ်ရမယ်လို့ ငါဆုံးမခဲ့သလား"

ထိုက်ကွမ်နှင့်ထိုက်ရှီတို့ ပို၍ ခေါင်းငုံ့သွားကြ၏။

"အေး . . ငါက အဲဒီလို ဆုံးမခဲ့လို့ မင်းတို့ ဒီလိုလုပ်နေတာဆိုရင်တော့ ဆရာ့စကား နားထောင်တာလို့ဆိုနိုင်တာပေါ့ကွာ၊ ဒါပေမယ့် ငါက အဲဒီလို မဆုံးမခဲ့ပါဘူး၊ ကျောင်းနေဘက် ညီအစ်ကိုချင်း ရိုင်းပင်းကြ၊ ကူညီကြ၊ စောင့်ရှောက်ကြ၊ ကြီးနိုင်ငယ်ညှဉ်းမလုပ်ကြနဲ့၊ ကြီးတဲ့သူက ငယ်တဲ့သူကိုသနား၊ ငယ်တူကိုလေးစားကြလို့ ငါဆုံးမသွန်သင်ခဲ့တယ်၊ ကဲ . . မင်းတို့ ငါ့စကားကို နားထောင်ကြရဲ့လား"

အပြစ်ရှိသူ တပည့်များမှာ တစ်လုံးမျှ မဟဝံ့တော့ချေ။

ဆရာတော်က ဆက်ပြောနေသည်။



"ထိုက်ကွမ် . . မင်းဟာ ဒီအုပ်စုထဲမှာ အကြီးဆုံးပဲ၊ အားလုံးကို ညှာတာရမယ်၊ မတော်မတရား လုပ်တာတွေ့ရင် တားမြစ်ရမယ်၊ ဆုံးမရမယ်၊ မင်းကိုယ်တိုင်က မတော်မတရား လုပ်နေတာကိုတော့ ငါအတော်ပဲ ရှက်မိတယ်၊ ထိုက်ချင် သိုင်းပညာညံ့နေရင် မင်းတို့က သူတော်လာအောင် ဝိုင်းဝန်းကူညီကြရမှာပေါ့၊ မင်းတို့အဲဒီလိုကူညီဖို့ သတိရခဲ့ကြရဲ့လား၊ အေး . . တကယ်တော့ကျောင်းသားကြီးတွေဖြစ်နေတဲ့ မင်းတို့ဆီမှာ အတုယူစရာ၊ စံနမူနာယူစရာ အကျင့်ကောင်းဆိုလို့ ဘာမှမရှိဘူး၊ မင်းတို့ မတရားအနိုင်ယူနေတဲ့ ထိုက်ချင်ဆီမှာပဲ မင်းတို့က အတုယူစရာ စံနမူနာယူစရာရှိတယ်၊ သူဟာ မင်းတို့မတရားလုပ်သမျှ အတော်သည်းခံတယ်၊ ထက်ြွလုံ့လရှိတယ်၊ အဲဒါကို မင်းတို့အတုယူကြရမယ်၊ အားလုံးကြားကြရဲ့လား"

ထိုက်ကွမ်တို့ လူစုသည် ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေ၏။

ဆရာတော်စောင်းပိုက်သည် တသီးတခြားထိုင်နေသည့် ထိုက်ချင်ရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားပြီး ထိုက်ချင်၏ ဦးခေါင်းကို ဖြည်းညင်းစွာ ပွတ်သပ်ပေးသည်။ ထို့နောက် ကရုဏာတရား ပြည့်ဝစွာဖြင့် ဆုံးမတော့သည်။

"ထိုက်ချင် . . မင်းရဲ့ကျောင်းနေဘက်အစ်ကိုတွေက မင်းအပေါ် ညစ်ပတ်တယ်ဆိုတာက အသေးအဖွဲပဲ ရှိသေးတယ်၊ လောကကြီးမှာ အခုဟာထက်ညစ်ပတ်တာတွေအများကြီးရှိတယ်၊သူတစ်ပါးအိပ်ရာကို ပြစ်မှားတာ၊ သူတစ်ပါးပစ္စည်းကိုကိုယ့်ပစ္စည်းလုပ်တာ၊ ကိုယ့်တိုးတက်မှုအတွက် သူတစ်ပါးကို ချောက်တွန်းတာ၊ကိုယ်ခံရမယ့်ဒုက္ခကို သူတစ်ပါး[illegible]လှည့်ပါးလှည့်ဝင်ခံခိုင်းတာ၊ အို . . အ

များကြီးပါပဲကွယ်၊ အဲဒီညစ်ပတ်မှုဆိုတာတွေဟာ အခု မင်းရဲ့ညီအစ်ကိုတွေညစ်ပတ်တာထက် အများကြီးပိုသာတာပေါ့၊ လူ့လောကတစ်ရပ်လုံးက ငါ့အကြောင်းကိုမသိခင် ငါက လူ့လောကတစ်ရပ်လုံးကို သစ္စာဖောက်ရမယ်ဆိုတဲ့လူတွေက ဒီလောကကြီးထဲမှာအများကြီးရှိနေတယ်"

ထိုက်ချင် မျက်ရည်လည်နေသည်။

ဆရာတော်က ဆက်ပြီး ဆုံးမပြန်၏။

"မင်း တိမ်ဆက်တောင်ပေါ်က သစ်ပင်တွေကို တွေ့မှာပေါ့၊ ဖြောင့်တဲ့သစ်ပင်တွေ အများကြီးရှိတယ်ဆိုတာ၊ သစ်ပင်တွေမှာသာဖြောင့်တဲ့သစ်ပင်ကိုတွေ့ရတာ၊ လူတွေထဲမှာတော့ ဖြောင့်တဲ့လူဆိုတာ အတော်ကလေးရှားတယ်၊ မင်းမှာကြံ့ခိုင်တဲ့စိတ်ဓာတ် ရှိရမယ်၊ အခု မင်းရဲ့ ပညာသင်ဘက်အစ်ကိုတွေကိုသည်းခံသလို ပြင်ပလောကမှာလဲ သည်းခံနိုင်စွမ်းရှိရမယ်၊ အမှန်တရားကို မြတ်နိုးရမယ်၊ ဘယ်အခါမဆို မှန်တဲ့ဘက်က ရပ်တည်ရမယ်၊ ဘယ်အခါမဆို နှိမ့်ပါးတဲ့သူတွေရဲ့ အကျိုးကိုကြည့်ရမယ်၊ အလုပ်လုပ်ရင်စိတ်စေတနာကောင်းထားပြီး လုပ်ရမယ်၊ အင်း . . ငါပြောတာတွေများသွားပြီလားမသိဘူး၊ တပည့် ငါပြောတာကို မှတ်ရောမှတ်မိရဲ့လား"

"မှတ်မိပါတယ် ဘုရား"

ထိုက်ချင်သည် ဆရာတော်ပြောသွားသည့်အထဲမှ အဓိက အချက်များကို ချက်ချင်းပင် ပြန်လည်ရွတ်ဆိုပြလိုက်သည်။ ဆရာတော်၏ မျက်လုံးများထဲ၌ ကြည်နူးပီတိဖြစ်သည့် အရိပ်များယှက်သန်းနေသည်။



"ဟင်း . . မင်းတော်တယ်၊ မှတ်ဉာဏ်ကောင်းတယ်ဆိုတာလဲ ငါသိတယ်၊ မင်းကို နက်ဖြန်ကစပြီး တောင်ပေါ်ကဆင်းခွင့်ပြုဖို့ ငါခုပဲဆုံးဖြတ်လိုက်ပြီ၊ လောကရဲ့ အတွေ့အကြုံကိုရှာ၊ ကိုယ့်အတွက်တန်ဖိုးရှိအောင်သုံး၊ ဒါပေမယ့် ဆောင်းမရောက်မီတော့တောင်ပေါ်အရောက် ပြန်လာရမယ်"

ထိုက်ချင်သည် နဖူးနှင့်မြေကြီးတိုက်ပြီး ရှိခိုးလိုက်၏။

"ဆရာ . . ဆရာတော်ဘုရား"

"ဘာလျှောက်ထားချင်လို့လဲ ထိုက်ချင်၊ တပည့် လျှောက်ချင်တာလျှောက်"

"ဟို . . ဟို . . အစ်ကို ထိုက်ကွမ်တို့ကိုရော"

ဆရာတော်က ခေါင်းခါယမ်းလိုက်၏။

"သူတို့ကိုတော့ ငါဆင်းခွင့်မပြုနိုင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့စိတ်ဓာတ်ကို ပြုပြင်ဖို့ လိုသေးလို့ပဲ၊သိုင်းပညာဆိုတာစိတ်ရင်းကောင်းတဲ့လူရဲ့ လက်ထဲကိုရောက်သွားရင် ကောင်းကျိုးဖြစ်စေနိုင်တာမှန်တယ်၊ အဲ . . စိတ်ရင်းမကောင်းတဲ့ လူရဲ့လက်ထဲရောက်သွားတဲ့အခါကျတော့ ဆိုးကျိုးဖြစ်သွားစေပြန်ရော၊ ဓားလှံ၊ လက်နက်ဆိုတာသက်မဲ့တွေ၊ သူတို့ကထခုန်ပြီး လူကိုသတ်နိုင်တာမဟုတ်ဘူး၊ လူရဲ့လက်ထဲရောက်ပြီးလူကအသုံးပြုမှသာသတ်နိုင်တာ၊ လက်နက်ကလူကို သတ်တာမဟုတ်ဘူး၊ လူကလူကိုသတ်တာ၊ လက်နက်ဆိုတာ အဖြည့်ခံပစ္စည်းပဲ၊ ဒါကြောင့်စိတ်ရင်းကောင်းဖို့ သိပ်အရေးကြီးတယ်"

ထိုက်ချင်သဘောပေါက်သွားသည်။ ဆရာတော်သည် ထိုက်

ကွမ်တို့လူစုကို ဆုံးမသွန်သင်ပေလိမ့်ဦးမည်။ သူစိတ်ကျေနပ်သော အခါမှ တောင်ပေါ်က ဆင်းခွင့်ပြုပေလိမ့်မည်။

"တပည့်တော် သဘောပေါက်ပါပြီ ဘုရား"

ဆရာတော်သည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ပြီး . .

"တပည့် . . ငါနောက်ဆုံးမှာချင်တာတစ်ခုရှိတယ်၊မင်းသေသေချာချာ မှတ်သားသွားပါ"

"အသည်းနှလုံးထဲက မှတ်သွားပါ့မယ်ဘုရား"

"အိမ်း . . ကောင်းတယ်၊ မိုးအထက်မှာမိုးရှိတယ်၊လူအထက်မှာ လူရှိတယ်၊ ဘယ်သူ့ကိုမှအထင်မသေးရဘူး၊မလေးမခန့်မလုပ်ရဘူး၊ လူတိုင်းဟာ သူ့နေရာနဲ့သူ တော်တာချည်းပဲ"

"ဆရာ့စကားကို တပည့်တော် မှတ်သားထားပါတယ်ဘုရား"

ဆရာတော်သည် ကျေနပ်စွာ ခေါင်းညိတ်လိုက်လေ၏။

"အင်း . . မင်းရဲ့ပျောက်ဆုံးနေတဲ့မိဘတွေကို စုံစမ်းပါ၊ လူတွေရှိနေသမျှ သဲလွန်စဆိုတာရှိတာပဲ၊ မင်းကိုငါခေါ်လာတဲ့မြို့ဟာ တာ့ချန်မြို့ကလေးပဲ၊ အဲဒီကနေစပြီးစုံစမ်းပေါ့"

ထိုစကားကြောင့် ထိုက်ချင်မှာတုန်လှုပ်သွားသည်။ သူ့မျက်နှာ ရှုတ်ခြည်းညိုးနွမ်းသွားသည်။

"တ . . တပည့်တော်၊ စုံ . . စုံစမ်းပါ့မယ်၊ ဒါ ... ဒါပေမယ့် စုံစမ်းဖို့က"

"တပည့် . . ယောကျာ်းဆိုတာ ဇွဲရှိရတယ်၊ ငါပြောခဲ့ပါရောလား၊ လူရှိရင်သဲလွန်စရှိတယ်၊ စကားပုံတစ်ခုတောင်ရှိသေးတယ်၊ ရှာချင်တဲ့စိတ်သာရှိပါစေ၊ တောင်ကိုရွှေ့နိုင်တယ်တဲ့၊ အခုမင်းကိုနှ



ကတောင်ရွှေ့ရမယ့် ကိစ္စမဟုတ်ဘူး၊ မင်းတာ့ချန်ကိုသွားဂါ၊ ရှေ့မှာ ဝမ် စကားလုံးပါတဲ့ မိန်းမတစ်ယောက်ကို ရှာပါ၊ သူ့အလုပ်အကိုင် က အပ်ချုပ်သည်လားတော့ မသိဘူး၊ သူ့ဆီက သတင်းအစအန မင်းရရှိနိုင်ပါတယ်၊ ကဲ . . ကဲ . . နက်ဖြန်တောင်ပေါ်ကဆင်းဖို့ ပစ္စည်းတွေ သွားထုပ်ပိုးချေတော့"

ဆရာတော်သည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွား လေတော့သည်။

* * * * *

## အခန်း [၁၁]

## ချင်းမိဘုရားကျောင်းငယ်

တာ့ချန်မြို့။

နွေဦးရာသီ။

နွေဦးရာသီ၏ ညနေချမ်း အချိန်အခါများသည် ဤမြို့၏ အလှပဆုံးသော အချိန်အခါဖြစ်ပါသည်။

ပျံလွှားငှက်များသည်လည်းကောင်း၊ ဝင်လုဆဲ နေရောင်ခြည်ကြောင့် အရောင်မျိုးစုံတောက်ပသည့် တိမ်များသည်လည်းကောင်း အလွန်လှပ၏။ မြင်သူများကို ငေးမောသွားစေနိုင်သည်။

ထိုအချိန်မျိုး၌ အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်တစ်ဦးသည် ဝါးခမောက်ကြီးတစ်လုံးကိုဆောင်းပြီး တာ့ချန်မြို့အဝင်ဆီသို့ ရောက်ရှိလာလေ၏။

ထိုမြို့အဝင်တွင် လမ်းနှစ်လမ်း ရှိပေသည်။ တစ်လမ်းမှာ တာ့ချန်မြို့သို့ သွားသောလမ်းဖြစ်ပြီး တစ်လမ်းမှာ ရက်စမ်းတောင်ခြေသို့ သွားသောလမ်းဖြစ်သည်။



ထိုလမ်းခွလမ်းဆုံတွင် လမ်းညွှန်ကျောက်တိုင်ရှိသော်လည်း နွယ်ပင်၊ မြက်ပင်များ ဖုံးလွှမ်းနေသဖြင့် လမ်းညွှန်ကျောက်တိုင်မှန်းခရီးသည်များ မသိနိုင်ကြတော့ပေ။

လူငယ်သည် 'လမ်းဆုံလမ်းခွ၌ ရပ်ပြီးစဉ်းစားနေ၏။ သူမည်သည့်လမ်းလိုက်သင့်သည်ကို စဉ်းစားလိုက်သည်။ ထို့နောက် သူစီးလာသည့် မြက်ဖိနပ်ကို ချာလပတ်ယမ်းကာ ကောင်းကင်သို့ ပစ်လွှတ်လိုက်၏။ မြက်ဖိနပ်သည် ရဟတ်ပမာမွှေ့ယမ်းပြီး မြေပြင်ပေါ်သို့ ဖုတ်ခနဲကျလာ၏။

မြက်ဖိနပ်ဦးသည် တာ့ချန်မြို့ဆီသို့ ဦးတည်လျက်ရှိနေ၏။ လူငယ်သည် မြက်ဖိနပ်ကိုပြန်စွပ်ပြီး တာ့ချန်မြို့ဆီသို့ သွက်လက်စွာ ဆွက်လာတော့သည်။ ထိုလူငယ်ကား ထိုက်ချင်ပင်တည်း။ သူသည် ငါးနှစ်သားအရွယ်က ဤတာ့ချန်မြို့ကလေးတွင် နေထိုင်ခဲ့ဖူးသော်လည်း ယခုတော့မမှတ်မိတော့ချေ။

သူ လူ့လောကအတွင်း ချင်းနင်းဝင်သည့် ခရီးအစဖြစ်သော်လည်း ကြောက်ရွံ့စိတ်တော့မရှိ၊ သူ့ဆရာတော်သည် သူ့အနီး၌ အမြဲရှိနေသည်ဟု ထိုက်ချင် ထင်မှတ်နေသောကြောင့်တည်း။

မကြာမီ ထိုက်ချင် မြို့တွင်းသို့ရောက်ရှိလာ၏။လမ်းသုံးလမ်းကို ဖြတ်ကျော်လာပြီးသောအခါ စားသောက်ဆိုင်တန်းများကို မြင်တွေ့လာရသည်။ အစားအသောက် ဈေးတန်းဖြစ်သည့်အားလျော်စွာ လူစည်ကား၏။

တိမ်ဆက်တောင်ပေါ်၌ ကြီးပြင်းလာရသော ထိုက်ချင်အဖို့ ထိုမျှ လူများများကြုံတွေ့ရခြင်းကို စိတ်လက်ပျော်ရွှင်ခြင်း မဖြစ်မိ

ပေ၊ မျက်စိနှင့်နားကို အလစ်မပေးဘဲလျှောက်နေရသဖြင့် ကိုက်ချင် အဖို့ခရီးမှာ လျှောက်မှန်းမသိလျှောက်နေရသည့် ခရီး ဖြစ်နေ၏။

စားသောက်ဆိုင်များကို တွေ့မြင်ရသောအခါ ထိုက်ချင် ဆာလောင်လာ၏။ သူ့တွင်ဆရာတော်စောင်းပိုက်ပေးလိုက်သည့် ငွေများပါလာရာ ဝယ်ခြမ်းစားသောက်ရန် အခက်အခဲမရှိပေ။ သူသည် လမ်းလေး၌ရောင်းနေသော အထမ်းသမားထံမှ မန်ထိုပေါက်စီနှစ်လုံးဝယ်ပြီး ဝမ်းဖြည့်လိုက်သည်။ ပေါက်စီစားရင်း လမ်းလျှောက်လာရာ "ချင်ဝမ်ဘုရားကျောင်း" ဟု ရွှေစာလုံးကြီးများဖြင့် ရေးထိုးထားသည့် ဘုရာကျောင်းတစ်ခုကို တွေ့လိုက်ရတော့သည်။

သို့သော် နာမည်ကသာ ရွှေစာလုံးနှင့်ရှိနေသည်။ ဘုရားကျောင်းကတော့ မှိန်ပျနေသည်။ ပြုပြင်သူလည်း ရှိဟန်မတူ။ အဘယ်ကြောင့်ဆိုသော် ဘုရားကျောင်း နံရံမှ ဆေးများကွာကျနေပြီဖြစ်သောကြောင့်တည်း။

"အင်း . . ဒီဘုရားကျောင်းက လူနည်းမယ့်ဘုရားကျောင်းပဲ၊ ဒီတော့ ငါနဲ့ကိုက်တယ်၊ ဒီမှာပဲ ခေတ္တနားခိုမယ်"

ထိုက်ချင် ဘုရားကျောင်းထဲ ဝင်ခဲ့၏။ လူတစ်ယောက်မျှ မတွေ့ရပေ။ နောက်ဆုံး ကျောင်းစောင့်မျှပင် မတွေ့ရချေ။

"ဟာ. . ဒီကျောင်းက ကျောင်းပျက်ကြီးလို ဖြစ်နေတာကိုး၊ ကျောင်းစောင့်မရှိ ဘာမရှိနဲ့၊ ဒီလိုဆိုရင် ဒီတာ့ချန်မြို့သားတွေဟာ ဒီဘုရားကျောင်းကို ပစ်ပယ်လိုက်ပုံပဲ၊ သူတို့ ဘယ်နေရာမှာများ ဘုရားကျောင်းအသစ် ဆောက်နေကြပြီလဲမသိဘူး"

ထိုက်ချင်သည် တီးတိုးရေရွတ်ရင်း ဘုရားကျောင်းကို လှည့်ပတ်



ကြည့်ရှုလေ၏။ ကျောင်းကြမ်းပြင်၌ ဖုန်တသောသော ထနေလေရာ လူမရှိကြောင်း ပို၍ထင်ရှားသွားတော့သည်။

"အင်း . . ဒီနေရာဟာ တည်းခိုဖို့တော့အဆင်ပြေပြီ၊ ဒါပေမယ့် ဒီမြို့ထဲမှာရှိရှိသမျှ ဘုရားကျောင်းတွေကို စုံစမ်းထားရင်အကျိုးမယုတ်နိုင်ဘူး၊ ဒီပြင် ဘုရားကျောင်းတွေရဲ့အခြေအနေကို လိုက်ကြည့်ဦးမယ်"

ထိုက်ချင်သည် ချင်ဝမ်ဘုရားကျောင်းထဲမှ ထွက်ခွာလာလေတော့၏။ သူသည် ဟိုဟိုဒီဒီကြည့်ပြီး အဆောက်အအုံများကို မှတ်သားလာ၏။

ထိုစဉ် ထိုက်ချင်သည် ရှေ့မှ စိုက်စိုက်စိုက်စိုက်ဖြင့် လာနေသော လူတစ်ယောက်အား လက်တို့မေးလိုက်၏။

"ဒီမှာ နောင်ကြီး၊ ကျွန်တော်တစ်ခုလောက် မေးပါရစေ"

ထိုလူသည် မြို့သားလုံးဝမဆန်သည့် ထိုက်ချင်အား အထင်သေးစွာ ကြည့်လိုက်ပြီး . . .

"ဘာမေးမှာလဲ"

"ရှေ့မှာ ဝမ်နာမည်ပါတဲ့ အမျိုးသမီးကြီးတစ်ယောက်ကိုများ မသိဘူးလားခင်ဗျား၊ အသက်ကတော့ လေးဆယ်ကျော်ငါးဆယ်နီးပါးလောက်ပေါ့"

ထိုလူက ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

"ဒီမြို့မှာ ဝမ်နာမည်ပါတဲ့ မိန်းမတွေအများကြီးပဲ၊ မင်းဘယ်လိုသွားရှာမလဲ"

ထိုလူသည် ရယ်ပြီးထွက်သွား၏။

ထိုက်ချင်မှာ အူကြောင်ကြောင်ရပ်ရင်း ကျန်ရစ်ခဲ့၏။

သူသည် နောက်ထပ်လမ်းသွားလမ်းလာ တစ်ယောက်ကိုမေးမြန်သည်။

ထိုလူက . .

“ကျုပ်တော့မသိဘူး၊ ဒါပေမယ့် သိနိုင်တဲ့နေရာကို ကျုပ်လွှတ်လိုက်ပါ့မယ်”

ထိုက်ချင်အားတက်သွား၏။

“ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဘယ်နေရာ သွားရမလဲခင်ဗျာ”

“မူဝံကြွယ်ရိပ်မြုံဆိုတာ ဒီမြို့မှာနာမည်ကြီးပဲ၊ အဲဒီမှာမိန်းမတွေတစ်ပုံကြီးရှိတယ်၊ ဈေးတော့ကြီးတယ်နော်”

ထိုက်ချင်အားတက်သွား၏။

သူသည် ခပ်သွက်သွက်ကလေး လျှောက်ရင်း မူဝံကြွယ်ရိပ်မြုံတည်ရှိသည့် နေရာကို မေးမြန်းတော့သည်။ ထိုအခါ ပထမဆုံးအမေးခံရသည့်လူက ထိုက်ချင်၏ ပုံသဏ္ဌာန်ကို အကဲခတ်ပြီးပြန်လည် မေးခွန်းထုတ်လေ၏။

“ခင်ဗျားကြည့်ရတာ ဒီမြို့က ဟုတ်ပုံမရပါဘူး”

ထိုက်ချင်က လက်နှစ်ဘက်ကို ဆုပ်ကာဂါရဝပြုလိုက်၏။

“မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဒီမြို့ကမဟုတ်ပါဘူး၊ ဧည့်သည်ပါ”

ထိုလူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

“ကျုပ်လဲ ထင်သားပဲ၊ ခင်ဗျား မူဝံကြွယ်ရိပ်မြုံကို သွားမနေပါနဲ့၊ မူဝံကြွယ်ရိပ်မြုံဆိုတာ မိန်းမပျက်တွေချည်းပဲ ရှိတယ်၊ ကျုပ်က



စေတနာနဲ့ သတိပေးတာပါ”

ထိုက်ချင်မျက်နှာရဲခနဲ ဖြစ်သွား၏။ သူသည် ထိုဂေဟာများအကြောင်းလူပြောသူပြောဖြင့် သိထားသည်။ သူသည် စေတနာနှင့်သတိပေးသူအား အကြိမ်ကြိမ်ဂါရဝပြုမိ၏။

“ကျေးဇူးကြီးလှပါတယ်ခင်ဗျာ၊ ကံကောင်းပေလို့ပဲ၊ ခင်ဗျားနဲ့သာ မတွေ့ရင် ကျုပ်အဲဒီကို သွားမိလိမ့်မယ်”

ထိုက်ချင်သည် ထိုလူနှင့် မြန်မြန်ဆန်ဆန်ပင် လမ်းခွဲလိုက်ရသည်။

သူသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ဝင်ထိုင်ပြီး မြို့အခြေအနေနှင့် သူ့ဘဝကိုပြန်လည်စဉ်းစားနေမိသည်။

သူသည် တာ့ချန်မြို့၌ နေခဲ့သည်မှာမှန်၏။ သူနောက်ဆုံးနေခဲ့သည်မှာ ငါးနှစ်သားခန့်အထိသာဖြစ်ပါသည်။ယခုသူအသက်နှစ်ဆယ်ရှိခဲ့ပြီ၊ ထိုဆယ့်ငါးနှစ်အတွင်း တာ့ချန်မြို့သည် များစွာပြောင်းလဲသွားသဖြင့် သူ ယခင်က နေထိုင်ခဲ့သည့် လမ်းနှင့်အိမ်ကိုထိုက်ချင် လုံးဝမမှတ်မိတော့ချေ။

သူ့အား မွေးစားခဲ့သည့် ပေါင်ယို့နှင့် ဝမ်ပုတို့ကိုလည်းမမှတ်မိတော့ချေ။ စင်စစ် သူသည် ပေါင်ယို့၏ နာမည်ကိုလည်းမသိချေ။ ဆရာတော်စောင်းပိုက်ကသာ တစ်စွန်းတစ်စအကြားဖြင့်ထိုက်ချင်၏ မွေးစားမိခင်၏နာမည်၌ ဝမ်ပါသည်ကိုသာ သိခဲ့ပေသည်။ ထို့ကြောင့် ထိုက်ချင်အနေဖြင့် သူ့မွေးစားမိခင်၏ မျိုးရိုးအမည်သည် ဝမ်ဖြစ်ကြောင်း သိခဲ့ရခြင်းဖြစ်သည်။

ကံဇာတ်ဆရာ၏ လှည့်စားပုံ ထူးခြားချက်မှာ အံ့သြစရာပင်

ကောင်းလှသည်။ အဘယ်ကြောင့်ဆိုသော် သူထိုင်နေသည့်လက်ဖက်ရည်ဆိုင်သည် ယခင်က သူ့မွေးစားမိခင်ဝမ်ပုတို့ နေထိုင်ခဲ့သည့် အိမ်ဖြစ်နေခြင်းပင်တည်း။

ထို့ထက် ပို၍ထူးဆန်း ဆန်းကြယ်လှသည့် ဖြစ်ရပ်မှာ ထိုက်ချင်ထိုင်နေသည့်စားပွဲနှင့် တစ်လုံးကျော်တွင် မုတ်ဆိတ်မွေးဗရပျစ်နှင့် လူကြီးတစ်ယောက် ထိုင်နေခြင်းပင်တည်း။ ထိုလူကြီးမှာထိုက်ချင်၏ မွေးစားဖခင် လှေသမားပေါင်ယို့ ဖြစ်နေခြင်းတည်း။

ထိုက်ချင်က ထိုလူကြီးအား မကြည့်ပါ။ ကြည့်၍မြင်လျှင်လည်း သူ့မွေးစားဖခင်မှန်း သိမည်မဟုတ်ပါ။ ပေါင်ယို့က မျက်လုံးနီကြီးများဖြင့် ရေနွေးကြမ်းသောက်နေလေ၏။ သူ့တစ်ဝိုင်းကျော်မှလူငယ်သည် သူ့မွေးစားသားဖြစ်ကြောင်းသိလျှင် ထခုန်မိမည်လားမသိပေ။

ပေါင်ယို့သည် ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ် ပြန်တင်ပြီး ထိုင်ရာမှထလိုက်၏။ သူ့စားပွဲတွင် အဖော်များပါရှိနေရာ အဖော်တစ်ယောက်က ပေါင်ယို့အား မော့်ကြည့်၏။

"ပြန်တော့မလို့လား"

ပေါင်ယို့က ခေါင်းညိတ်၏။

"ပြန်မယ်၊ ညဆယ့်တစ်နာရီမှာ စောင့်နေမယ်"

သူသည် ထိုမျှသာပြောပြီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားလေတော့၏။

သူသည် ထိုက်ချင်စားပွဲဘေးမှ ဖြတ်ကျော်သွားရသည်။ ထိုအခိုက်မှာပင် ထိုက်ချင်က စားပွဲထိုးအား မေးမြန်းစုံစမ်းနေ၏။



"မိတ်ဆွေ ဒီနေရာမှာ ဝမ်မျိုးရိုးနာမည်ပါတဲ့ မိန်းမတစ်ယောက်များ မရှိဘူးလား"

စင်စစ် ထိုက်ချင်၏အသံမှာ မတိုးလှပါ။ သို့သော် ပေါင်ယို့မှာ အာရုံများ ထွေပြားနေသဖြင့် ထိုက်ချင်၏ အသံကို မကြားမိခြင်းဖြစ်သည်။ စားပွဲထိုးက ပြန်ဖြေသည့်အချိန်တွင်မူ သူသည် ဆိုင်အပြင်ဘက်သို့ ရောက်သွားလေပြီ။

စားပွဲထိုးလူငယ်က . . .

"သူ့မှာ ယောကျ်ားရှိလား၊ ယောကျ်ားရှိရင် သူ့အလုပ်အကိုင်ကိုပြောပါ၊ ဒါမှ ကျွန်တော်လဲ မှန်းလို့ရမှာ"

ထိုက်ချင် စိတ်ပျက်သွား၏။ သူ့မွေးစားမိခင် နာမည်၌ ဝမ်ပါသည်ကိုသာ သူသိသည်။ နာမည်အပြည့်အစုံပင် မသိခဲ့ချေ။ မွေးစားဖခင်၏ နာမည်သိမှတော့ သည်တစ်ဝက်တစ်ပျက် နာမည်နဲ့ ဘယ်မှာစုံစမ်းပါတော့မလဲ။

"ကျွန်တော်မသိဘူး၊ ကျွန်တော်သိတာက အဲဒီအမျိုးသမီးကြီးရဲ့ မျိုးရိုးနာမည်က ဝမ် ဆိုတာပဲ၊ အသက်ကတော့ လေးဆယ်ကျော်ငါးဆယ်နီးပါး ရှိလောက်ပြီ"

စားပွဲထိုးလုလင် ခေါင်းယမ်းလေ၏။

"ကျွန်တော် သိသမျှထဲမှာတော့ အဲဒီလောက် အသက်ကြီးကြီးထဲက ဝမ် ပါတဲ့မိန်းမ မရှိဘူးဗျ"

စားပွဲထိုး ထွက်ခွာသွားလေ၏။

ထိုက်ချင်လည်း စိတ်ပျက်သွားတော့သည်။

"ဪ . . မလွယ်ပါလား၊ နာမည် အပြည့်အစုံ မသိရတာက

စုံစမ်းဖို့ ခက်သွားတာပဲ၊ ဒါကလဲ ငါ့မွေးစားအမေ အသက်ထင်ရှား ရှိဦးမှပါလေ"

ထိုက်ချင်သည် အခြား ဘုရားကျောင်းများကို မစုံစမ်းဖြစ်တော့ချေ။ ချင်ဝမ်ဘုရားကျောင်းသို့သာ ပြန်ခဲ့တော့သည်။ လမ်းခရီး၌ သူ့မွေးစားမိခင်ကို စုံစမ်းရင်း ပြန်လာခဲ့သော်လည်း မည်သူမျှ မသိကြပေ။ ခေါင်းယမ်းသူများသာတွေ့ရသည်။

ညလည်း မှောင်လာပြီ။ ထိုက်ချင်သည် မှတ်ဉာဏ်ကောင်းသဖြင့် ချင်ဝမ်ဘုရားကျောင်းဆီကိုတော့ တည့်တည့်မတ်မတ် ပြန်၍ ရောက်ခဲ့ပေသည်။

ချင်ဝမ်ဘုရားကျောင်းသည် ငြိမ်သက်တိတ်ဆိတ်နေ၏။

သူသည် ဘုရားကျောင်းထောင့် တစ်နေရာ၌ သွားထိုင်လိုက်၏။ ပထမ၌ တောင်စဉ်းစား၊ မြောက်စဉ်းစားဖြင့် ထိုက်ချင် အိပ်မပျော်နိုင်ခဲ့ချေ။ နောက်ဆုံး ညဉ့်နက်သည်ထက် နက်လာသောအခါမှ ထိုက်ချင် မှေးခနဲ အိပ်ပျော်သွားတော့၏။

"ဖျပ် . . ဖျပ် . . ဖျပ်"

ခြေသံ။

တိတ်ဆိတ်သော ညကို ထွင်းဖောက်လာသည့်ခြေသံ။

အလွန်တရာ သတိရှိသည့် ထိုက်ချင်သည် ဖျတ်ခနဲ နိုးလာလေ၏။ထိုက်ချင် မျက်လုံးဖွင့်လိုက်သည်။ မှောင်နေသဖြင့်မည်သည့်အရာကိုမျှ ရှင်းရှင်းလင်းလင်း မမြင်ရပေ။ ထိုက်ချင်သည် မျက်လုံးအကျင့်ရအောင် ပြန်မှိတ်ထားလိုက်သည်။

ခြေသံသည် တဖြည်းဖြည်းနီးလာသည်။ သို့သော် ဘုံကျောင်း



ပေါ်သို့ တက်မလာ။ ဘုံကျောင်းအဝ၌ ရပ်တန့်သွားသည်။

"ပေါင်ပေါင် ဒီမှာ စောင့်နေသလား"

အသံက အက်ကွဲနေ၏။ ပင်ကိုအသံကိုက ကောင်းပုံမရချေ။ ထို့စဉ် နောက်ထပ် အသံတစ်သံ ကြားရသည်။ စူးရှသေးငယ်သော အသံ။

"ဒီမှာပဲစောင့်မှာပေါ့၊ ဒီမှာပဲ ချိန်းထားတဲ့ဥစ္စာ၊ မင်းက ဘာဖြစ်လို့ ဘုံကျောင်းထဲမဝင်ဘဲ အထဲကိုအော်နေရတာလဲ"

"ဟ . . အရမ်းဝင်လို့ ဖြစ်မလား၊ သတိဆိုတာ ပိုတယ်မရှိဘူး၊ လိုတယ်သာရှိတာ"

"အောင်မာ . . ဒီ ချင်ဝမ်ဘုရားကျောင်းမှာ ဘယ်သူများတည်းခိုဖူးလို့လဲ၊ ဘယ်သူမှ ည,မအိပ်တဲ့ကျောင်းကို မင်းကစုံစမ်းနေရတယ်များ ရှိသေးသလား၊ ဝင်ကွာ"

"မင်းက သိပ်လောတာပဲ၊ စုံစမ်းပြီးဝင်လဲ နောက်မကျပါဘူး"

မကြာမီ ကျောင်းထဲသို့ ဝင်လာသော တရှပ်ရှပ် ခြေသံများကို ကြားရတော့သည်။

ထိုက်ချင်ခေါင်းနပန်းကြီးသွား၏။ ညအချိန်မတော်လူမရှိသော ဘုရားကျောင်းထဲသို့ စုရုံးရောက်ရှိလာသူများကို ထိုက်ချင် အယုံအကြည်မရှိပေ။ လူကောင်းများ ဟုတ်ချင်မှဟုတ်မည်ဟုယူဆသည်။

"မဖြစ်ဘူး၊ ငါနောက်ဘက်အခန်းထဲ သွားပုန်းမှဖြစ်မယ်၊ ဒီမှာမီးထွန်းလိုက်တာနဲ့ ငါ့ကိုတွေ့သွားနိုင်တယ်"

ထိုက်ချင်သည် ကပျာကယာပင် နောက်ဘက် အခန်းသို့ ခြေဖော့နင်းဝင်သည်။

"ဒုန်း . . ဒုန်း . . ဒုန်း"

ထိုက်ချင်မှာ ကံဆိုးလှစွာ ပန်းအိုးဟောင်းတစ်လုံးကို ဝင်တိုက်မိလေ၏။ ပန်းအိုးသည် သုံးလေးပတ်မျှလိမ့်သွားပြီးမှ ရပ်တန့်သွားလေသည်။

* * * * *



## အခန်း [၁၂]

## မကောင်းကြံစည်သူများ

ဆူညံသော အသံဖြင့်လိမ့်သွားသည့် ပန်းအိုးသည် တစ်နေရာတွင် ရပ်တန့်သွားသည်။

ထိုအခါ နောက်မှ ကြားရသည့် စူးရှ သေးငယ်သည့် အသံရှင်၏ အသံကို ကြားလိုက်ရသည်။

"လောင်ချစ် . . မီးခြစ်ပါလား၊ ပါရင်ပေးစမ်း၊ ဖယောင်းတိုင်မီးထွန်းမယ်"

မကြာမီ ရှဲခနဲအသံနှင့်အတူ မီးလင်းလာသည်။ သူတို့သည် ဖယောင်းတိုင်မီးကို ကူးလိုက်သည်။ ဖယောင်းတိုင်မီးမှာ သိပ်မလင်းလှပေ။ ကြီးမားသော အမှောင်ထုကို ဖယောင်းတိုင်အလင်းက မထိုးဖောက်နိုင်ရှာချေ။

သို့သော် သူတို့မျက်နှာများကိုကား မြင်တွေ့အကဲခတ်နိုင်ခွင့်တော့ရသည်။ မှိန်ပျပျအလင်းရောင်အောက်၌ မုတ်ဆိတ်မွေးပါးမြိုင်းမွေး ထူလပျစ်နှင့်လူ၏ မျက်နှာကိုတွေ့ရသည်။

အခြားတစ်ယောက်မှာ ထိပ်ပြောင်နေသော လူတစ်ယောက်ဖြစ်နေသည်။ အမွေးအမှင်ထူသူနှင့် အမွေးအမှင်မထူသူနှစ်ယောက်တွဲမိနေကြသည်မှာ ရယ်စရာပင်။

"လောင်တ . . ဒီ ပန်းအိုးက ဘယ်လိုဖြစ်တာလဲ၊ တို့မဝင်ခင်က တဒုန်းဒုန်းလိမ့်သွားတာ ဒီပန်းအိုးနဲ့တူတယ်၊ သူ့ဘာသာသူတော့ လဲကျလိမ့်သွားမှာ မဟုတ်ဘူး"

"ကြွက်တိုးလို့ ဖြစ်မှာပေါ့ကွာ၊ ဒီလိုနေရာမျိုးမှာ လူမနေပေမယ့် ကြွက်တော့နေမယ်ကွ"

"မင်းအဘ ကြွက်တိုးရမှာလား"

"မဟုတ်ဘူးလား"

"မင်းအရူးလား၊ ဒီပန်းအိုးက သေးသေးကွေးကွေးလေးမှ မဟုတ်တာ၊ တကယ်ကြွက်တိုးတယ်ဆိုရင် အဲဒီကြွက်ဟာဝက်ပေါက်လောက်ရှိရမယ်"

"ဘာလဲ . . မင်းက မဖြစ်နိုင်ဘူးလို့ ထင်လို့လား"

"ဝက်ပေါက်လောက်ရှိတဲ့ ကြွက် မင်းမြင်ဖူးလို့လားကွာ"

"မမြင်ဘူးရင်ရှာပေါ့ကွ၊ ဒီကျောင်းမှာ လူမရှိဘူးဆိုတာ မင်းနဲ့ငါ အသိပဲဥစ္စာ၊ ငါတို့ ဒီကိုအမြဲရောက်နေတာပဲ၊ ရောက်တိုင်း ဘယ်သူတစ်ဦးတစ်ယောက် ရောက်နေတာများ တွေ့ရလို့လဲ"

ထိပ်ပြောင်နှင့် မုတ်ဆိတ်တို့ သည် ငြင်းခုံနေကြလေ၏။

လောင်ချစ်ဟု ခေါ်သူက . .

"ဘာလဲ လောင်တ၊ မင်းက သရဲအောက်မေ့နေပြန်ပလား"

လောင်တသည် ခေါင်းညိတ်လိုက်၏။



"ဝက်ပေါက်လောက် ကြွက်လဲမရှိဘူး၊ လူလဲမရှိဘူးဆိုတော့ စဉ်းစားစရာ ကောင်းနေတာပေါ့၊ စဉ်းစားသင့်တာကို ငါက ပြောနေတာပါ"

လောင်ချစ် နှင့် လောင်တတို့သည် အေးအေးဆေးဆေး ဖြစ်သွားကြပြန်၏။ ပန်းအိုးလိမ့်ရသည့် အကြောင်းပင် ဖြစ်သော်လည်း စောစောကလို ငြင်းခုံမနေကြတော့ပေ။

ထိုစဉ် ချင်ဝမ် ဘုရားကျောင်းအပေါက်ဝသို့ လူသုံးယောက် ထပ်မံရောက်ရှိလာလေ၏။ သို့သော်ထိုလူများ၏ ပုံသဏ္ဌာန်ကတော့ ထူးခြားလှသည်။ တစ်ယောက်ကတော့ လူနှင့်တူသူဖြစ်၍ ထားပါတော့။ ကျန်နှစ်ယောက်ကား လူနှင့်မတူပေ။ တစ်ယောက်ကခွေးနှင့်တူပြီး တစ်ယောက်ကမျောက်နှင့်တူ၏။ တိရိစ္ဆာန်ရုပ်မျိုးပေါက်သူမှာ ဤလောက၌ ရှားပါးသော်လည်း ယခုကဲ့သို့ တိရိစ္ဆာန်ရုပ်ချင်းပူးတွဲ ပေါင်းသင်းမိရန်မှာမူ ခက်ခဲလှပေသည်။

လောင်တက ဒေါသသံဖြင့် လှမ်းမေးလိုက်၏။

"ပေါင်ပေါင် . . မင်းက ဘာဖြစ်လို့ နောက်ကျရတာလဲ၊ တို့မှာ စိတ်ပူလိုက်ရတာ အမော"

ပေါင်ပေါင်ဟု အခေါ်ခံရသူက ခွေးမျက်နှာနှင့် မျောက်မျက်နှာရှိသော လူနှစ်ယောက်ကို လက်ညှိုးညွှန်ပြရင်း . .

"ကျုပ်ကဒီကိုလာဖို့ သတိရပါတယ်၊ သူတို့နှစ်ယောက်ကို ရှာနေရလို့ပါဗျာ"

လောင်ချစ်ဆိုသူက နှာခေါင်းရှုံ့လိုက်ပြီး . .

"ကဲ တက်လာခဲ့ကြကွာ၊ မင်းတို့ဟာက သိပ်ကြာတာပဲ၊ အဲဒီ

အတိုင်း ရပ်နေလို့ကတော့ အလုပ်မဖြစ်ဘူး"

ပေါင်ပေါင်တို့ သုံးယောက် ဘုရားကျောင်းပေါ်သို့ တက်လာကြ၏။

လောင်ချစ်က မဆိုင်းတော့ဘဲ . .

"ငါတို့ ပိုက်ဆံပြတ်နေတာ ကြာပြီကွ၊ မင်း ရပေါက်ရလမ်းတစ်ခုကိုတွေ့ထားတယ်ဆို၊ အဲဒီ ပွပေါက်က ဘယ်လိုလဲ ပေါင်ပေါင်၊ တကယ်ကော ပွပေါက်ဟုတ်ရဲ့လား"

ထိုအခါ လောင်တကလည်း ဝင်ရောက်နှိုးဆော်ပြန်သည်။

"ဟုတ်တယ်၊ ရပေါက်ရလမ်းရှိတာကို မြန်မြန်လုပ်မှ၊ နေ့ရွှေ့ညရွှေ့လုပ်နေရင် လက်လွတ်ကုန်လိမ့်မယ်၊ ဝီရိယဆိုတာဘယ်တော့မှ ပိုတယ်ဆိုတာမရှိဘူး"

ပေါင်ပေါင်က တဟဲဟဲ ရယ်လေ၏။

သူက မျောက်မျက်နှာနှင့် လူ၏ ပုခုံးကို ပုတ်လိုက်ပြီး . .

"ခင်ဗျားတို့ မပူနေကြပါနဲ့၊ ကျုပ်လာတာလဲ ဒီအတွက်ပါပဲ၊ ဒါကြောင့်လဲ သူ့ကိုခေါ်လာတာပေါ့၊ ခင်ဗျားတို့မှတ်ထားကြ၊ သူ့နာမည်က မျောက်လေးတဲ့၊ ဘာကြောင့် မျောက်လေးလို့ခေါ်တာကိုတော့ ရှင်းပြဖို့ လိုမယ်မထင်ဘူး"

လောင်ချစ်နှင့် လောင်တတို့၏ မျက်လုံးများက မျောက်လေးဆီသို့ ရောက်ရှိသွားလေတော့၏။

လောင်တက ပြုံးလိုက်ပြီး . . .

"ဒါ နားလည်ပြီ၊ ပွပေါက်ကို မျောက်ကလေး တွေ့ထားတယ်ဆိုပါတော့၊ ကဲ . . မျောက်ကလေး မင်းတွေ့ထားတဲ့ ပွပေါက်ကို



ငါတို့ကိုရှင်းပြပါဦး"

မျောက်ကလေးက မထုံတက်တေး အမူအရာဖြင့်ပခုံးတစ်ချက်တွန့်ကာ ခွေးမျက်နှာနှင့်လူကို ညွှန်ပြလိုက်၏။

"ကျုပ်သိတာ မဟုတ်ဘူး၊ ခွေးကလေးသိတာပါ"

လောင်ချစ်နှင့် လောင်တ တို့သည် ခွေးလေးမျက်နှာကို ကြည့်ကြရပြန်၏။

"ဟုတ်သလား ခွေးလေး၊ လင်းစမ်းပါဦးကွာ"

သူတို့ ရရှိမည့် ရပေါက်ရလမ်းသည် အဆင့်ဆင့်ဖြစ်နေ၏။ ပေါင်ပေါင်လည်းမသိ၊ မျောက်ကလေးလည်းမသိ၊ သို့သော် ခွေးကလေးကတော့ သိနေသည်ဟုဆိုသည်။

လောင်တက ခွေးလေးပြောချင်လာအောင် ပင့်ပေးလိုက်သည်။

"ခွေးလေးကတော့ နာမည်နဲ့လိုက်အောင် အနံ့ခံကောင်းတဲ့ကောင်ပဲကွာ၊ ကဲ . . ကဲ . . ပြောစမ်းပါဦး မင်းသတင်းကို"

ပေါင်ပေါင်သည် လောင်ချစ်နှင့်လောင်တတို့ သိလိုစိတ် ပြင်းပြနေပုံကို ကြည့်ပြီး စိတ်ကျေနပ်သွား၏။

ထို့ကြောင့် ခွေးကလေးကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကဲ . . ခွေးကလေး၊ မင်းတွေ့တာ ပြောပြလိုက်လေ"

ခွေးလေးက ပေါင်ပေါင်ကို လှမ်းကြည့်ပြီးမှ ချောင်းဟန့်သည်။ သူ့ပုံစံက ပေါင်ပေါင်၏ ခွင့်ပြုချက်ရမှပြောမည့်ပုံစံမျိုးဖြစ်နေသည်။

"ခင်ဗျားတို့ သူဌေးယန်ကို သိလား"

လောင်တနှင့် လောင်ချစ်တို့သည် ထိုစကားကို ကြားသောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

လောင်တက ..

"ပန်းမျိုးတစ်ရာခြံပိုင်ရှင် သူဌေးယန်လား"

လောင်ချစ်ကလည်း ..

"ဒီနယ်မှာတော့ သူဌေးယန်ဆိုတာသူတစ်ယောက်တည်းရှိတာပဲ၊ ငါတို့သိသလောက်ပေါ့လေ၊ ကဲ .. မင်းပြောပါဦး"

ခွေးလေးက ခေါင်းညိတ်လေ၏။

"ဟုတ်ပါတယ်၊ အဲဒီသူဌေးယန်ပါပဲ၊ ပန်းမျိုးတစ်ရာခြံပိုင်ရှင်ပါပဲ"

"ကဲ .. ပြောပါဦး၊ သူဌေးယန် ဘာဖြစ်သလဲ"

"သူဌေးယန် ဘယ်နည်းဘယ်ပုံ သူဌေးဖြစ်လာတယ်ဆိုတာ ခင်ဗျားတို့သိကြရဲ့လား"

လောင်တ စိတ်မရှည်တော့ပါ။ ပြောပြရမည့်သူက သူတို့ကို ချည်း မေးခွန်းထုတ်နေသဖြင့် ဒေါသသံဖြင့်ငေါက်ငမ်းမိတော့သည်။

"မင်းဘကြီးသေလို့ ဝင်စားပြီးသူဌေးဖြစ်တာလို့ ပြောချင်လို့လား၊ တကတည်း လျှာရှည်လိုက်တာ၊ ပြောမယ့်ဟာကို မြန်မြန်ပြောစမ်းပါ"

ပေါင်ပေါင်ဝင်၍ပြောသည်။

"ဟုတ်သားပဲ ခွေးလေးရ၊ မင်းက ပဟေဠိဝှက်တာ ကျနေတာပဲ၊ လိုရင်းပြောရမယ့်ဥစ္စာ၊ မေးခွန်းချည်း ထုတ်နေတာကိုး"

ခွေးလေး ကပျာကယာခေါင်းညိတ်၏။

သူသည် ပေါင်ပေါင်ကို အတော်ကလေးကြောက်ရွံ့ပုံရသည်။ ခွေလေးရော မျောက်ကလေးပါ ပေါင်ပေါင်ကို အတော်ကလေး



လေးစားကြသည်။ ခွေးလေးက ..

"အဲဒီ သူဌေးယန်ဆိုတာ အရင်က လူရှုပ်လူပွေ တစ်ဦးပါ၊ ခြေသလုံးအိမ်တိုင်သမားဆိုတော့ ဘယ်နေရာမှ အတည်တကျ မနေဘူး၊ လျှောက်သွားနေတာပဲ၊ အဲ .. ရေကြီးတဲ့ တစ်နှစ်ကပေါ့၊ ရေဘေးကြောင့် ဒုက္ခရောက်လာတဲ့ ဖုကျင်းရွာက သူဌေးကြီး တစ်ယောက်ကို သူနဲ့ ဝမ်မျိုးနွယ်ညီအစ်ကိုသုံးယောက်တို့က ကယ် တင်ခဲ့ကြတယ်၊ ပထမတုန်းကတော့ ရိုးရိုးသားသား ကယ်တင်ခဲ့ပုံပဲ၊ ဒါပေမယ့် နောက်ပိုင်းကျတော့ စိတ်ပြောင်းသွားကြတယ်၊ လောဘ တွေထပြီး ဝမ်မျိုးနွယ် ညီအစ်ကိုသုံးယောက်နဲ့ပေါင်း၊ သူဌေးကြီး ကိုသတ်၊ သူဌေးကြီးဆီမှာ ပါလာတဲ့ ရတနာပစ္စည်းတွေကို အပိုင်စီး ကြတော့တာပဲ"

လောင်ချစ် နှင့်လောင်တတို့သည် ပထမပိုင်း၌ စိတ်ဝင်စားစွာ နားထောင်ခဲ့ကြသောလည်း နောက်ပိုင်း၌ စိတ်မရှည်ချင်တော့ပေ။

လောင်ချစ်က ...

"အဲဒါ ငါတို့နဲ့ ဘာဆိုင်လို့လဲ၊ ဒီကိစ္စမှာ ငါတို့ ရပေါက်ရလမ်း ဘာမှမရှိဘူး"

ခွေးလေးက လက်ကာပြသည်။

"ဆိုင်လာပါလိမ့်မယ်၊ ဒီလိုမှမပြောရင် မရေမလည်ဖြစ်သွားမှာမို့လို့ပါ၊ သည်းခံပြီး နားထောင်ပါ"

"လောင်ချစ် ... တိတ်တိတ်နေစမ်းပါ၊ သူ့စကားမှ မဆုံးသေးကွာ၊ မင်းက ဖြတ်ပြီး ဝင်မပြောပါနဲ့၊ ကဲ . ခွေးလေး ဆက်ပြောကွာ"

လောင်တက လောင်ချစ်ကို ဝင်၍ဟန့်လိုက်သည်။

ခွေးလေးက ခေါင်းညိတ်လိုက်၏။

"သူဌေးကြီးရဲ့ ရတနာပစ္စည်းတွေဟာ အတော်ကိုများတယ်၊ ဒါကြောင့်လဲ ယန်နဲ့ဝမ်မျိုးနွယ် ညီအစ်ကိုတွေဟာ အရမ်းလောဘတက်သွားကြတာပေါ့"

"ဒီအထဲမှာ ယန်ကအဆိုးဆုံး၊ လောဘအကြီးဆုံးပေါ့၊ သူကဝမ်မျိုးနွယ် ညီအစ်ကိုသုံးယောက်ကို လုပ်ကြံသတ်ဖြတ်ပြီး ရတနာပစ္စည်းအားလုံးကို အပိုင်စီးပစ်လိုက်တယ်"

လောင်တက မှတ်ချက်ချလိုက်၏။

"အင်း . . သူဌေးယန်က အပိုင်လုပ်တာကိုး"

ခွေးလေးက ခေါင်းညိတ်၏။

"သေချာပေါက် အပိုင်လုပ်တာပေါ့"

လောင်ချစ်သည် ခွေးလေးကို ကြည့်ပြီး ရုတ်တရက် ဝင်ပြောလာလေ၏။

"မင်းပြောတာတွေ ငါတော့နားမလည်ပါဘူး၊ ငါတို့က ဘာလုပ်ရမှာလဲ၊ သူဌေးယန်ဆီသွားပြီး ကျွန်တော်တို့ကို အဲဒီပစ္စည်းတွေရဲ့ ဆယ်ပုံတစ်ပုံလောက်ပေးပါဗျာလို့ သွားပြီး အသနားခံတောင်းယူရမှာလား"

ခွေးလေးသည် သူ့အား အမြဲလိုလို ဘုစကားပြောနေသော လောင်ချစ်ကို မနှစ်မြို့စွာကြည့်လိုက်၏။

"အဲဒီလို သွားတောင်းလို့ရော သူဌေးယန်က ခင်ဗျားကိုပေးမှာတဲ့လား၊ စဉ်းစဉ်းစားစားလဲပြောပါဦး၊ ကျုပ်ကို ဘုတောချင်တိုင်း အဓိပ္ပာယ်မရှိတာတွေပြောပြီး အချိန်ဝင်မဖြုန်းစမ်းပါနဲ့"



လောင်ချစ် ဒေါသဖြစ်သွားသည်။

"ငါက အချိန်ဖြုန်းနေတာ မဟုတ်ဘူး၊ မင်းက အချိန်ဖြုန်းနေတာ၊ မင်းစကားက လိုရင်းမှမရောက်နိုင်တာဘဲကွ"

ထိုအခါ မျောက်ကလေးက ဝင်ပြောလေ၏။

"လောင်ချစ် . . ခင်ဗျားက သိပ်ပြီး စိတ်စောနေတာကိုး၊ ဆက်ပြီးနားထောင်ပါ၊ ဇာတ်လမ်းဆုံးသွားတဲ့ အခါကျမှ ခွေးလေး အပိုပြောနေတာမဟုတ်ဘူး၊ လိုအပ်လို့ပြောနေတာဆိုတာ ခင်ဗျားသဘောပေါက်မှာပါ၊ အဲဒီအခါကျမှ ဘာလုပ်သင့်သလဲဆိုတာလဲ ပေါ်လာလိမ့်မယ်"

ခွေးလေးက . .

"အခုဆိုရင် သူဌေးယန်ဟာ အလှူအတန်းသိပ်လုပ်တယ်၊ သိပ်ရက်ရောတယ်၊ ရပ်ရေးရွာရေးမှာလဲ သူချည်းဒိုင်ခံလှူဒါန်းနေတာပဲ"

လောင်တက မှတ်ချက်ချပေး၏။

"ဒါကတော့ လိပ်ပြာမသန့်တဲ့လူတွေ လုပ်တတ်တာမျိုးပဲ၊ ဒီလိုလူမျိုးတွေ ငါအများကြီးတွေ့ဖူးပါတယ်၊ အပြစ်တွေလုပ်ပြီးမှ အဲဒီအပြစ်တွေကျေအောင် အလှူဒါနတွေလုပ်တဲ့လူတွေ တစ်ပုံကြီးတွေ့ဖူးပါတယ်"

ထိုစဉ် ပေါင်ပေါင်က ချောင်းဟန့်လိုက်သည်။

"ကဲ . . တိုတိုပဲပြောကြပါစို့၊ သူဌေးယန်ရဲ့ နောက်ကြောင်းတွေကို ကျုပ်တို့သိထားနေပြီ၊ အမှန်လဲအမှန်တွေဆိုတော့ သူဌေးယန် သိပ်ပြီးတုန်လှုပ်သွားလိမ့်မယ်၊ အဲဒါတွေဖွင့်ချမယ်ဆိုပြီး သူဌေးယန်ကိုငွေညှစ်မယ်၊ ဘယ်လို သဘောရကြသလဲ"

လောင်ချစ်က တဟားဟားရယ်ပြီး . .

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

မျောက်ကလေးက ဝင်ပြောလာလေ၏။

"မထင်နဲ့၊ အဲဒီလောက် လွယ်လွယ်ကလေးနဲ့တော့ သူ့ကို ငွေညှစ်လို့ရမှာမဟုတ်ဘူး၊ ဒီအကြောင်းကို သာမန်အရပ်သူအရပ်သားတွေ မသိပေမယ့် ကျုပ်တို့လိုအမှောင်ထဲက လူတချို့ကတော့ သိထားတာပဲ"

ခွေးလေးက မျောက်ကလေး၏စကားကို ထောက်ခံဟန်ဖြင့် ခေါင်းညိတ်လေ၏။

"ဟုတ်တယ်လေ၊ ဝမ်မျိုးနွယ်သုံးယောက်ကိုတောင် တစ်ယောက်တည်းနဲ့ ဒုက္ခပေးနိုင်တဲ့လူဟာ ဘယ်လွယ်လွယ်လူစား ဖြစ်လိမ့်မလဲ၊ အင်မတန်ကောက်ကျစ်တဲ့ လူပေါ့၊ အင်မတန် ကြောက်စရာကောင်းတဲ့လူပေါ့"

လောင်တာက မျက်ခုံးတစ်ဘက်ကို မြှင့်ပြီး မေးလိုက်၏။

"ဒါဖြင့်ရင် မင်းတို့က သူ့ဌေးယန်ကို ငွေညှစ်နိုင်မယ့် နည်းလမ်း တွေ့ထားပြီးပြီပေါ့ ဟုတ်လား"

ခွေးလေးက ခေါင်းညိတ်၏။

"တွေ့ထားတယ်၊ ဒါပေမယ့် . ."

လောင်ချစ်က ခွေးလေး၏ရင်ဘတ်အကျီစကို လျှပ်တစ်ပြက်ဖမ်းဆုပ်ကာ ဆွဲဆောင့်လိုက်၏။

"ဟေ့ကောင် ခွေးလေး၊ မင်းက ဘာဝေ့လည်ကြောင်ပတ် လုပ်နေတာလဲ၊ သေသွားမယ်၊ ကုပ်အချိုးခံရလို့မသေတဲ့လူဆိုတာ မရှိ



ဘူးကွ"

လောင်ချစ်က စိတ်မရှည်ဘဲ ခြိမ်းခြောက်ကြုံးဝါးလိုက်ခြင်းဖြစ်ပေသည်။ ခွေးလေးက လောင်ချစ်၏လက်ကို ပုတ်ထုတ်ဖယ်ရှားပစ်လိုက်ပြီး ဒေါသရောင်တောက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

"ခင်ဗျား ကျုပ်ကို ကိုယ်ထိလက်ရောက်မစော်ကားပါနဲ့၊ခင်ဗျာ ခြိမ်းခြောက်တိုင်း ကြောက်လိမ့်မယ်လို့လဲ မထင်နဲ့၊ ခင်ဗျားတို့ကျုပ်တို့ရဲ့ အစီအစဉ်ကို ရဲဘော်ရဲဘက်စိတ်ထားနဲ့ လက်မခံနိုင်ဘူးဆိုရင်ကျုပ်တို့ ဘာမှပြောနေစရာမလိုဘူး၊ ပြန်သွားရုံပဲ"

ခွေးလေး၏အသံက အေးစက်နေသည်။

လောင်တာက လောင်ချစ်၏ ပခုံးကို ပုတ်ပြီး သတိပေးလိုက်၏

"လောင်ချစ် . . မင်းဟာ သိပ်ပြီး ဆန္ဒစောတာပဲ၊ ခွေးလေးရဲ့ အကြံကို နားထောင်ကြည့်ဖို့တော့သင့်တယ်"

လောင်ချစ်သည် ခွေးလေးအား နေနှင့်ဦးပေါ့ကွာ ဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်၏။ ထိုအကြည့်ကို ခွေးလေးကဂရုစိုက်သည့် သဘောမျိုးပြနေသည်။

လောင်တာက . .

"ကဲ . . ခွေးလေး၊ မင်းအကြံကိုပြောပါဦး"

ခွေးလေးက ပမာမခန့်ပြုံးလိုက်၏။

"ကျုပ်အကြံကို မပြောခင် ကျုပ်တို့အားလုံး သဘောတူညီချက်တစ်ခုတော့ယူရမယ်၊ ခင်ဗျားတို့ရမယ့် ဝေစုအားလုံးရဲ့ သုံးပုံတစ်ပုံကို ကျုပ်ကိုပေးရမယ်"

"ဟား . . ဟား . . ဟား"

လောင်တက ကျယ်လောင်စွာ ရယ်မောလိုက်၏။

"ဒါလေးများကွာ၊ ပေးပါ့မယ်၊ ပြောမှာသာပြောစမ်းပါ"

"လောင်တ . . မင်းကတိတွေ အလွန်အကျွံ မဖြစ်စေနဲ့"

လောင်ချစ်က အော်၏။

လောင်တက . .

"မင်းနေစမ်းပါ၊ ငါ့ဘာသာ အေးအေးဆေးဆေးဆွေးနွေးစမ်းပါရစေ၊ ပြီးမှ မင်းဘာသာဝင်ပါ"

ခွေးလေးကျေနပ်သွား၏။ ခေါင်းတစ်ချက်ညိတ်ကာ သူ့အကြံကို ပြောသည်။

"ကောင်းပြီ . . ကျုပ်ပြောမယ်၊ အစီအစဉ်ကတော့ ဒီလို.. ပထမအဆင့်ကတော့ သူဌေးယန်ရဲ့အိမ်ကိုသွားပြီး ကျုပ်တို့ သရဲခြောက်ကြရမယ်၊ ဒုတိယအဆင့်ကတော့ စုန်း၊ နတ်၊ သရဲတွေ နှိမ်နင်းတဲ့ဆရာအဖြစ် ယန်ဂေဟာကို ဝင်ရမယ်၊ သူဌေးယန်ဟာ ကျုပ်တို့ကို လက်မခံလို့မရတော့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူသတ်လိုက်တဲ့ ဝမ်မျိုးနွယ်ညီအစ်ကိုသုံးယောက်က သူ့ကို သရဲအဖြစ်ခြောက်နေပြီဆိုတော့ သူကြောက်နေမှာမို့လို့ပဲ၊ အဲဒီသရဲတွေထွက်ပြေးသွားအောင် ကျုပ်တို့နတ်ဆရာတွေက ဘယ်လိုလုပ်နိုင်တယ်ဆိုတာ ဖြီးဖြန်းညာဝါးရတော့မှာပေါ့"

လောင်တက ခေါင်းညိတ်ညိတ် နားထောင်သည်။

"အင်း . . အကြံကတော့မဆိုးဘူး"

သူ ဝန်ခံပြောကြားသည်။



သို့သော် သူ့မျက်လုံးများကမူ ရက်စက်သည့် အရိပ်အယောင်များ ယှက်သန်းလာလေသည်။

ခွေးလေးသည် လောင်တ၏မျက်လုံးများကို ရုတ်တရက်ကြည့်လိုက်မိရာမှ အကြီးအကျယ် ထိတ်လန့်သွားသည်။ သူသည် လောင်ချစ်ကို မကြောက်သော်လည်း လောင်တကိုမူ ကြောက်သည်။

"ကျုပ် . . ကျုပ် . . ခင်ဗျားတို့နဲ့ မပူးပေါင်း . . . အွန့်"

သူ့စကားကို ဆုံးအောင်မပြောလိုက်နိုင်တော့ပါ။ လောင်တ၏ ဓားက ခွေးလေး၏ ဝမ်းဗိုက်ထဲသို့ တစ်ဆုံး ဝင်သွားတော့သည်။

"မင်းနဲ့လဲ ငါတို့က မပူးပေါင်းချင်ပါဘူးကွာ၊ ဒီတော့ မင်းအလိုကို ဖြည့်ပေးလိုက်ရတာပေါ့"

လောင်တက သူ့ဓားကိုဆွဲထုတ်လိုက်၏။ ခွေးလေးမှာမျက်လုံးပြူးကြီးဖြင့်ကြည့်ကာ ဝုန်းခနဲ လဲကျသေဆုံးသွားလေတော့သည်။

* * * * *

## အခန်း (၁၃)

## ဝယ်ယူမည့် နတ်ဆရာ

လောင်တသည် လူသတ်သည့်အလုပ်ကို အေးအေးဆေးဆေး ပင်လုပ်နေသည်။ သူ့ဒုစရိုက်မှုကိုမည်သူမျှမမြင်ဟုသူထင်နေသည်။

တကယ်တော့ လောင်တလုပ်နေသမျှအားလုံးကို ဘုရားကျောင်းအတွင်းခန်းထဲ၌ ပုန်းနေသော ထိုက်ချင်ကမြင်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားက မှန်လှ၏။

"ဟော့ . . ဒီအလောင်းကြီးကို ဘယ်လိုလုပ်မလဲ"

လောင်ချစ်က မေးလိုက်၏။

လောင်တက . .

"ဘာလုပ်ရမှာလဲ၊ ဘုရားကျောင်း အနောက်ဘက်က ချုံတောတွေဆီ သွားပစ်လိုက်ပေါ့၊ ကဲ . . ပေါင်ပေါင်ရော မျောက်လေးရော လောင်ချစ်ရော ဒီအလောင်းကို မပြီးသွားပစ်လိုက်ပါ၊ တစ်ရက်နှစ်ရက်အတွင်းတော့ ဘယ်သူမှ သိဦးမှာမဟုတ်ဘူး"



ထိုက်ချင် မျက်လုံးပြူးသွားသည်။ ထိုအုပ်စုအလောင်းသယ်လာလျှင် သူပုန်းနေသည့် အခန်းကို ဖြတ်ကျော်လာတော့မည်မှန်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ထိုက်ချင်သည် အခန်းမျက်နှာကြက်ဆီသို့ အသံမကြားအောင် တက်ပုန်းရတော့သည်။

မကြာမီ လောင်ချစ်တို့အုပ်စု သူ့အခန်းကို ဖြတ်ကျော်သွားကြ၏။ အလောင်းဖျောက်ဖျက်ပြီးသောအခါ လောင်ချစ်၊ ပေါင်ပေါင်နှင့် မျောက်ကလေးတို့သည် ဘုရားကျောင်းရှေ့ခန်းသို့ ပြန်ထွက်သွားကြ၏။

ထိုအခါကျမှ ထိုက်ချင် ဟင်းချနိုင်တော့သည်။ မျက်နှာကြက်မှ ဖြည်းညင်းစွာဆင်းပြီး ခွေးလေး၏အလောင်းကို သွားရောက်စစ်ဆေးသည်။ ခွေးလေးကားတကယ်ပင် အသက်ပျောက်ခဲ့လေပြီ။

"တော်တော်ရက်စက်တဲ့ လူတွေပဲ"

ထိုက်ချင် ထိုမျှသာ ပြောနိုင်တော့၏။

ဆရာတော်စောင်းပိုက် ပြောကြားခဲ့သည့် လူ့လောကသင်ခန်းစာ အမှတ်တစ်ကို ထိုက်ချင်ရရှိလိုက်လေပြီ။ လူ့လောကကားလောဘ၊ ဒေါသ၊ မောဟတရားများနှင့် ပြည့်နှက်နေလေသည် တကား။

✻ ✻ ✻ ✻ ✻

လောင်တနှင့်ပေါင်ပေါင်တို့သည် အကြိတ်အနယ်ဆွေးနွေးနေကြလေ၏။

"လောင်တ . . ခွေးလေးကို ခင်ဗျားမသတ်သင့်ဘူးဗျ၊ သတ်လိုက်တာ သိပ်မှားတယ်၊ ခင်ဗျားက မပြောမဆိုလုပ်လိုက်တော့ ကျုပ်လဲ တားချိန်မရဘူး"

လောင်တက လျှောက်နေရာမှ ရပ်တန့်လိုက်ပြီး . .

"မမှားပါဘူးကွ၊ အခုဆိုရင် တို့အားလုံး သူ့ဝေစုကို ရလိုက်ပြီပေါ့၊ သူကလောဘကြီးတာကိုး"

"အချင်းချင်းပဲဗျာ၊ ဒီလိုမလုပ်သင့်ပါဘူး၊ ရက်စက်ရာကျပါတယ်"

"ဟား . . ဟား . . ဟား"

လောင်တက အော်ဟစ် ရယ်မောလေတော့၏။

"မင်းကလဲ တို့ရှေ့မှာ လမ်းပြထားတဲ့လူ ရှိနေပြီပဲကွာ၊ သူ့ကို တို့ စံနမူနာယူရမှာပေါ့၊ ဒါမှ တို့လဲသူဌေးဖြစ်မှာ"

ပေါင်ပေါင် အံ့သြသွား၏။

"ဘယ်သူက စံနမူနာပြလို့လဲ"

"သူဌေးယန်ပေါ့ကွ၊ သူလဲရက်စက်လို့သူဌေးဖြစ်တာပေါ့ တို့လဲ သူ့လိုရက်စက်မှ သူဌေးဖြစ်မှာပေါ့"

ပေါင်ပေါင်က ခေါင်းကို ခါယမ်းပြသည်။



"မဟုတ်သေးဘူးဗျ၊ သူဌေးယန်ကို ငွေညှစ်မယ့် ကိစ္စမှာခွေးလေးက အရေးပါတဲ့နေရာက ဝင်ကရမှာဗျ၊ ခင်ဗျားက သတ်လိုက်တော့ ခက်သွားတာပေါ့"

"သူက ဘယ်နေရာက ဝင်ကရမှာလဲ"

"နတ်ဆရာနေရာကပေါ့ဗျာ၊ ဒီကောင်က အဖြီးအဖြန်းကောင်းတယ်၊ ဟန်ဆောင်ကောင်းတယ်"

လောင်တက ရယ်သည်။

"မလိုပါဘူး၊ မင်းတို့ဟာက ရှည်ဝေးလှပါသကွာ၊ သရခြောက်တဲ့ သရဲကို လှန့်ထုတ်ပေးမယ်၊ ဖယ်ရှားပေးမယ်လို့ ဖြီးဖြန်းပြီးမှ ငွေကိုညာယူဖို့ မလိုပါဘူးကွာ၊ ဒီအတိုင်း အဖြစ်မှန်ပြောပြ၊ တစ်မြို့လုံး၊ တစ်ရွာလုံးမသိစေချင်ရင် ငွေပေးလို့ပြောပြီး ငွေညှစ်လို့ရပါတယ်ကွာ၊ သူက မြို့မျက်နှာဖုံးလူကြီးပဲဥစ္စာ၊ သူ့အရှက်ကွဲမခံနိုင်ပါဘူးကွာ၊ ရာဇဝတ်ဘေးကလဲ ရှိသေးတော့ ဘယ်နည်းနဲ့မဆိုငွေပေးနိုင်မှာ သေချာပါတယ်ကွာ"

ပေါင်ပေါင်က မဲ့ပြုံး ပြုံးလိုက်လေ၏။

"မထင်စမ်းပါနဲ့ဗျာ၊ ခွေးလေးဟာဘာဖြစ်လို့ ကျုပ်တို့နဲ့လာပေါင်းသလဲသိလား၊ ခင်ဗျားပြောသလို လွယ်လွယ်ကလေးသာ ငွေညှစ်နိုင်ရင် သူ့ဘာသာတစ်ယောက်တည်း ငွေညှစ်နေပြီဗျ၊ အဲဒီလိုမလွယ်မှန်းသိလို့ ကျုပ်တို့နဲ့လာပူးပေါင်းတာဗျ၊ နို့မို့ဆိုရင်ဒီကောင်လား၊ ကျုပ်တို့ကို ဝေစုလာခွဲပေးမှာ"

ပေါင်ပေါင်၏ စကားအဆုံးတွင် မျောက်ကလေးက ဝင်ရောက်ထောက်ခံလေသည်။

"ပေါင်ပေါင် ပြောတာမှန်တယ်ဗျ၊ ခွေးလေးဟာ အနှံ့ခံကောင်းသလို လုပ်စရာရှိတဲ့အလုပ်ကိုလဲ မြန်မြန်ဆန်ဆန် လုပ်တတ်ပါတယ်၊ သူ့ငွေးယန်ရဲ့ သတင်းအတိအကျကိုလဲရရော၊ ခင်ဗျားတို့ပြောသလို သူလှူပ်ရှားတော့တာပဲ၊ တစ်ယောက်တည်းဆိုတော့ ငွေပိုရတာပေါ့ဗျာ၊ ကံကောင်းလို့ဗျို့၊ စစ်သည်တော်တွေလက်ထဲက သူမနည်းလွတ်အောင် ပြေးခဲ့ရတယ်၊ သူ့တွဲဖက် နွားလေးဆိုတာကတော့ အောင်ပန်းမပန်ဘဲ ထောင်နန်းစံသွားရတယ်လေ၊ အပြစ်ကတော့ ငွေညှစ်တဲ့အပြစ်ပေါ့"

လောင်တာက သူ့မေးစေ့ကို ပွတ်ရင်းစဉ်းစားနေ၏။

ပေါင်ပေါင်က . .

"မျောက်ကလေးပြောတာ အမှန်တွေချည်းပဲ၊ ခင်ဗျားကလဲ ဒီလိုအလုပ်မျိုးတွေလုပ်လာတဲ့ ဝါရင့်ပုဂ္ဂိုလ်ပဲ၊ သူ့ငွေးယန် အလျှအတန်း ရက်ရောလာခဲ့တာကို ခွေးလေးက မသင်္ကာဖြစ်လာပြီးခုလို စုံစမ်းသိခဲ့ရတာ၊ အနံ့ခံကောင်းတဲ့နေရာမှာ ခွေးကလေးကို ဘယ်သူမှ မမီဘူး"

လောင်တ သက်ပြင်းချ၏။

"ဟင်း. . ဒီလိုဆိုရင် ဒီကိစ္စက ဒိဌ်မလှယ်တဲ့သဘောမျိုး ဖြစ်နေပါလား"

လောင်ချစ်က ရယ်သည်။

"စိတ်မပူနေစမ်းပါနဲ့ကွာ၊ ဘာဖြစ်သလဲ၊ အကြံတူ နောက်လူကောင်းစမြဲပေါ့၊ ခွေးလေ ငွေညှစ်သလို တို့ငွေညှစ်ကြည့်မယ်"

ပေါင်ပေါင်က မဲ့ပြုံးပြုံးလိုက်၏။



ထို့နောက် . . . .

"ခင်ဗျားနဲ့ အလုပ်လုပ်ရတာ အတော်စိတ်ပျက်ဖို့ကောင်းပါကလား၊ ခွေးလေးလုပ်သလိုလုပ်ရင် ခွေးလေးပြေးသလို ပြေးရမှာပေါ့ ကံမကောင်းအကြောင်းမလှရင် နွားလေးထောင်ကျသလို ထောင်ကျလိမ့်ဦးမယ်၊ တိုင်တိုင်ပင်ပင်လုပ်တဲ့နေရာမှာ တစ်ယောက်ရဲ့စကားကို တစ်ယောက်က လေးလေးစားစားလုပ်ဦးမှပေါ့၊ အားလုံးငွေလိုချင်လို့ လုပ်ကြတဲ့ဥစ္စာပဲ"

လောင်တက အဆုံးအဖြတ်ပေးသည့်ဟန်ဖြင့် လောင်ချစ်ကိုတားလိုက်၏။

"ဟုတ်တယ်လောင်ချစ်၊ မင်းဝင်မပြောနဲ့၊ ဒီကိစ္စမှာ ပေါင်ပေါင်ပြောသလို လုပ်ရမယ်"

လောင်ချစ် မကျေမနပ်ဖြစ်သွားသော်လည်း ဘာမှ မပြောချေ။

လောင်တသည် အရာရာကို ဦးဆောင်သူဖြစ်သည်။ လုပ်ရဲကိုင်ရဲသည်။ ခေါင်းဆောင်ရဲသည်။ ထို့ကြောင့် လောင်ဟစကားသည်သာ နောက်ဆုံး အတည်ဖြစ်တတ်သည်။

လောင်တက ပေါင်ပေါင်ကို ကြည့်လိုက်၏။

"ကောင်းပြီ၊ ငါတို့ခွေးလေးရဲ့ အကြံအတိုင်းလုပ်ကြမယ် ဆိုပါတော့၊ နတ်ဆရာ ဘယ်သူလုပ်မလဲ၊ အဲဒီနတ်ဆရာရဲ့ ကဏ္ဍကအရေးကြီးတယ်၊ ငါတို့သာ နတ်ဆရာဝင်လုပ်ရင် မြန်မြန်အလိမ်ပေါ်မှာပဲ"

ပေါင်ပေါင် ရုတ်တရက် အကြံမပေးနိုင်ပေ။ မျောက်ကလေးဘက်သို့ လှည့်၍မေးသည်။

"မျောက်ကလေး. . မင်းလဲ အကြံလေးဘာလေး ထုတ်စမ်းပါဦး"

မျောက်ကလေးက . .

"ကျုပ်ယောက်ဖ တစ်ယောက်တော့ရှိတယ်။ သူနတ်ဆရာ လုပ်ရင် ဖြစ်နိုင်တယ်"

လောင်တက စဉ်းစဉ်းစားစားပြော၏။

"အတွေ့အကြုံရှိမှ ဖြစ်မှာနော"

"ဒါကို ကျုပ်သိပါတယ်ဗျ၊ သူကမှော်ဆရာယောင်ယောင်၊ ဆေးဆရာယောင်ယောင်နဲ့ ရွာစဉ်လှည့်ပြီး လိမ်နေတဲ့လူပါ၊ ကျုပ်တို့တစ်ခွန်းပြောလိုက်တာနဲ့ သူသဘောပေါက်မှာဗျ၊ သူ့မှာ လက်စလက်နရှိပြီးသား၊ ချက်ဆိုနားခွက်က မီးတောက်တဲ့လူမျိုး"

"ခေါင်းတုံးပေါ်ထိပ်ကွက်ရင်တော့ သူမစားသာဘူးနော်၊ သူ့ကိုလဲ ကြိုပြောထားဦး"

လောင်ချစ်က ဝင်ပြောလာ၏။

ထိုအခါ မျောက်ကလေးက လောင်ချစ်ကို ရွှံရှာစွာကြည့်ပြီး ပြောလိုက်၏။

"မပူပါနဲ့ ကျုပ်ပြောပြီးပါပကော၊ သူက ရွာစဉ်လှည့်လိမ်နေတဲ့လူပါလို့၊ခင်ဗျားတို့လိုလူနဲ့ လာပေါင်းတာနဲ့ ဘယ်လိုလူစားမျိုးတွေနဲ့ အလုပ်လုပ်ရပြီဆိုတာ သူသိမှာပါ၊ အဲဒီအခါမှာ သူကလဲသူ့ဘက်က စိတ်ချရအောင် တစ်ခုခုလုပ်ထားမှာပဲ"

လောင်တက လောင်ချစ်အား မျက်စောင်းထိုးလိုက်၏။

"လောင်ချစ်ရာ . . မင်းအေးအေးနေစမ်းပါ၊ ဒီကိစ္စကို ငါ



ဦးဆောင်နေတာပါ၊ အလုပ်မလုပ်ရသေးခင် ပြဿနာဖြစ်အောင် မင်း ဝင်ဝင်မလုပ်စမ်းနဲ့ကွာ"

သူသည် မျောက်ကလေးဘက်သို့ လှည့်ပြော၏။

"မျောက်ကလေး . . မင်းယောက်ဖကိုပြောလိုက်၊ ငါတို့အားလုံး စုပေါင်းလုပ်တဲ့နေရာမှာ သူ့အတွက်လဲ ဝေစုတစ်စုရမယ်လို့ ပြောပါ၊ တို့တကယ်လဲပေးပါ့မယ်၊ သူမပါလို့မှ မဖြစ်တဲ့ဥစ္စာ၊ မင်းယောက်ဖ အခုဘယ်ရွာရောက်နေသလဲ"

မျောက်ကလေး ပြုံးလိုက်၏။

"သူ . . ဒီမြို့ပေါ်ရောက်နေတယ်လေ၊ ဆေးပစ္စည်းလာဝယ်တာလို့ ပြောတာပဲ"

အားလုံးငြိမ်သက်သွားကြ၏။

"ကဲ . . ငါတို့ သူ့ဆီသွားမယ်၊ အပေးအယူ စကားပြောမယ်၊ အပေးအယူတည့်ရင် အစီအစဉ်ချမယ်"

အားလုံးပင် မျောက်ကလေးနောက်မှ လိုက်ကြရလေတော့၏။ လူလိမ်နတ်ဆရာတစ်ယောက်ကို ဝေစုပေး၍ ဝယ်ကြရတော့မည်။

* * * * *

## အခန်း [၁၄]

## သိုင်းလောက အတွေ့အကြုံ

ပန်းမျိုးတစ်ရာ။

လှပသော ထိုနာမည်သည် ခြံကြီးတစ်ခြံ၏ နာမည်ဖြစ်သည်။ ယင်းခြံသည် တာ့ချန်မြို့ထဲ၌ ရှိမနေပေ။ မြို့ပြင်ဆင်ခြေဖုံးအရပ်၌တည်ရှိ၏။ ကျယ်ဝန်းသော ခြံတော်ဇတော်များများသည် မြို့ပြင်၌သာ တည်ရှိတတ်ပေသည်။

ထိုက်ချင်သည် ပန်းမျိုးတစ်ရာခြံ၏ တည်နေရာကို လွယ်လွယ်ကူကူပင် စုံစမ်းသိရှိခဲ့သည်။

"အင်း၊ ဒီလူတွေဟာ သူတို့ရဲ့ မကောင်းမှုအကြံအစည်ကို မြန်မြန်လုပ်နိုင်မှာမဟုတ်ဘူး၊ အစီအစဉ်တကျဖြစ်ဖို့ အတော့်ကို ဇာတ်တိုက်ရဦးမှာဆိုတော့ ဘယ်နည်းနဲ့မှ သုံးရက်အတွင်းအကောင်အထည် ဖော်နိုင်မှာမဟုတ်ဘူး"

ထိုက်ချင်သည် ထိုရက်များအတွင်း တာ့ချန်မြို့တစ်မြို့လုံးနှင့် ပန်းမျိုးတစ်ရာခြံ ပတ်ဝန်းကျင်ကို စုံစမ်းလေတော့၏။



သူသည် အထမ်းဖြင့်ပေါက်စီရောင်းနေသူ တစ်ဦးဆီသို့ လျှောက်သွား၏။ အဆာပြေစားသောက်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

"ရှင် .. ပေါက်စီဝယ်မလို့လား"

ထိုအသံကြောင့် ဝယ်မည့်ဆဲဆဲ ထိုက်ချင်မှာ အလန့်တကြားဖြစ်သွားပြီး လှည့်ကြည့်မိလေ၏။

သူတွေ့လိုက်ရသည်က မိန်းမပျိုတစ်ဦး။ မွန်ဂိုမြင်းကြီး၏ ဇက်ကြိုးကို ကိုင်ထားသော မိန်းမပျိုက အနီရောင်ပိုးဝတ်စုံကို ဝတ်ဆင်ထားပြီး အတော်ကလေး ချောမောလှပပေသည်။ အသက်အရွယ်အားဖြင့် သူနှင့်မတိမ်းမယိမ်း။

ထိုမိန်းမပျိုက ထိုက်ချင်ကို ပြုံးပြနေ၏။

ထိုက်ချင် ရင်ထဲကကာလီစာများ ပြောင်းပြန်လန်သကဲ့သို့ ဖြစ်ကုန်သည်။ သူသည် ငါးနှစ်အရွယ်မှစ၍ တိမ်ဆက်တောင်ပေါ်တွင် သိုင်းပညာများ လေ့လာခဲ့ရသည်။ တိမ်ဆက်တောင်ပေါ်တွင် မိန်းမသားဟူ၍လည်း တစ်ဦးတစ်ယောက်မျှမရှိပေ။

သူ့ပညာသင်ဘက် ညီအစ်ကိုတော် ရှစ်ယောက်ခန့်နှင့်သာအတူနေထိုင်ခဲ့ရသည်။ မိန်းမပျိုများနှင့် လုံးဝမဆက်ဆံဖူးသော ထိုက်ချင်သည် မျက်နှာတစ်ပြင်လုံး ရှက်သွေးတက်ပြီး နီရဲလာ၏။ ရှက်ကြောက်စိတ်သည် ငယ်ထိပ်သို့တိုင် တက်နေတော့သည်။

ထိုက်ချင်က သူ့ရင်ဘတ်ကို ပုတ်ပြီး ..

"မင်း .. မင်း .. ကျုပ် .. ကျုပ်ကိုပြောနေတာလား"

ထိုက်ချင် ထစ်ထစ်ငေါ့ငေါ့ ပြောလေ၏။

မိန်းမပျိုက ပြုံးမြဲပြုံးနေ၏။

"ဒီနေရာမှာ ပေါက်စီရောင်းမယ့်လူနဲ့ ဝယ်မယ့်လူနှစ်ယောက်တည်းပဲရှိတယ်၊ ကျွန်မကရှင့်ကိုမပြောလို့ ဘယ်သူ့ကိုပြောရမှာလဲ"

ထိုက်ချင်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။ မန်ထိုပေါက်စီအရောင်းသမားက သူ့ကိုကြည့်နေသည်။ ဤအနီး ဝန်းကျင်မှာ သူနှင့်ပေါက်စီအရောင်းသမား နှစ်ဦးသာရှိသည်။

"ဟုတ် . . ဟုတ်ပါတယ်၊ ကျုပ် . . ကျုပ် မန်ထိုပေါက်စီ ဝယ်မလို့ပါ"

"ဒါဆို မဝယ်နဲ့တော့"

မိန်းမပျိုလေးက ပြုံး၍ပြောလေ၏။

ထိုက်ချင် ခေါင်းရှုပ်သွား၏။

"ဘာဖြစ်လို့ မဝယ်ရမှာလဲ"

မိန်းကလေးက သူ့လက်တစ်ဘက်ကို မြှောက်ပြသည်။

"ဒီမှာတွေ့လား၊ ကျွန်မ ပေါက်စီတွေအများကြီး ဝယ်ထားမိတယ်၊ ဒါတွေအားလုံး ကျွန်မမစားနိုင်ဘူး၊ ဒီထဲက ပေါက်စီတွေရှင့်ကို ခွဲပေးမလို့ပါ"

ထိုက်ချင်ခေါင်းခါလိုက်၏။

"အို . . . ဘာဖြစ်လို့ကျုပ်က မင်းပေးတဲ့ပေါက်စီကို စားရမှာလဲ၊ ဒီမှာ ပေါက်စီတွေ အများကြီးရှိနေတာပဲ၊ ဝယ်စားမှာပေါ့"

"ဟွန်း . . . ရှင်တော်တော်ချမ်းသာနေပါကလား၊ အလကားရတဲ့ ပေါက်စီပေမယ့် အကောင်းစားတွေပါရှင့်၊ ရှင်အကုန်အကျသက်သာအောင် ကျွန်မက မျှပေးတာပါ"

"မလိုပါဘူးဗျာ၊ ကျုပ်ဘာသာပဲ ဝယ်စားပါတော့မယ်၊ ခုလို



သဒ္ဓါတရားရှိတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်"

"ရှင်ဟာ အတော်ပြောရခက်ပါလား"

"မင်းကရော ဘယ်လောက်များချမ်းသာနေပါလို့ ပေါက်စီတွေမကုန်နိုင်မခန်းနိုင် ဝယ်ထားရတာလဲ၊ နှမြောစရာ"

"အဲဒါကြောင့် ရှင့်ကိုပေးနေတာပေါ့၊ ရှင်မစားရင် အလကားဖြစ်ကုန်လိမ့်မယ်၊ နှမြောစရာကောင်းနေလိမ့်မယ်"

"ကျုပ်က သူများပေးတာ အလကားမစားဘူး၊ ကိုယ့်လုပ်အားနဲ့ ကိုယ်လုပ်လို့ရမှ စားတာ"

"ဟွန်း. . . သူများရဲ့ စေတနာကို ဝေဒနာဖြစ်အောင် လုပ်နေတာပဲ"

မိန်းမပျိုလေးသည် မန်ထိုပေါက်စီများကို မြေကြီးပေါ်သို့ ပစ်ပေါက်ချလိုက်လေတော့၏။ ထိုအခါ ခွေးလေခွေးလွင့်နှစ်ကောင်သည် အလုအယက်ပြေးလာကြပြီး ပေါက်စီများကို အငမ်းမရစားသောက်ပစ်လိုက်ကြလေ၏။

မိန်းမပျိုလေးသည် ထိုမြင်ကွင်းကိုကြည့်ပြီး အားရပါးရ ရယ်မောလေတော့၏။

"ဟင်း . . . ဒီလိုမှန်းသိရင် စောစောကတည်းက ခွေးတွေ ပစ်လိုက်ပါတယ်၊ ကြည့်စမ်း၊ သူတို့ခမျာ အလုအယက် အငမ်းမရစားနေကြလိုက်တာ"

ထိုက်ချင်က မိန်းမပျိုကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိလေ၏။

"ဟင်း . . ဟင်း . . ဟင်း၊ မင်းရဲ့အဖေဟာ သိပ်ချမ်းသာ

တဲ့လူဖြစ်ရမယ်၊ မင်းဟာ မိဘလုပ်စာကို ထိုင်ဖြုန်းနေတဲ့ မိန်းကလေးပဲဖြစ်ရမယ် ၊ငွေကြေးတစ်ပြားရဖို့ ဘယ်လောက်ပင်ပင်ပန်းပန်းလုပ်ရတယ်ဆိုတာ မင်းမသိလို့ ဒီပေါက်စီတွေကို မင်းဒီလိုလုပ်ပစ်ရက်တာ၊ နို့မို့ဆိုရင် မင်းဟာ ချွေးနဲ့ရင်းတဲ့ငွေနဲ့ ဝယ်ထားရတဲ့ ပေါက်စီတွေကို ခုလိုကျွေးပစ်မှာမဟုတ်ဘူး"

ထိုက်ချင်သည် စကားဆုံးသည်နှင့် မိန်းကလေးကို မကြည့်တော့ချေ။ ပေါက်စီသည်ဘက်သို့လှည့်ကာ ပေါက်စီနှစ်လုံး ဝယ်လိုက်၏။

ထိုအခါကျမှ ပေါက်စီသည် ရယ်နိုင်ပြုံးနိုင်တော့သည်။

"ခင်ဗျား သိပ်တော်တယ်၊ ငွေဟာ သိပ်ရှာရခက်တယ်၊ ကျုပ်ရဲ့ ပေါက်စီဟာ သိပ်ဈေးမကြီးပါဘူး၊ ဒါပေမယ့် ကောင်းကောင်းလုပ်ထားပါတယ်'

ဈေးသည်က သူ့ပေါက်စီရောင်းလိုက်ရသည့်အတွက် ထိုက်ချင်ကို ချီးကျူးနေသည်။ ထိုက်ချင်သည် ဈေးသည်ကိုဘာမျှမပြောတော့ပေ။ မိန်းက လေးကိုလည်း လှည့်မကြည့်ဘဲ ပေါက်စီတစ်လုံးကို ကိုက်ဖဲ့စားကာ ထွက်ခွာသွားတော့သည်။

သို့သော် အနီရောင်ဝတ်စုံဝတ်မိန်းမပျိုက ထိုက်ချင်၏ရှေ့မှ လမ်းပိတ်ရပ်လိုက်လေ၏။

"ရှင်က ပညာရှိလား"

ထိုက်ချင်က သွေးကြောစိမ်းစိမ်းလေးများနှင့် အလွန်တရာလှပသော မိန်းမပျိုကို ငေးကြည့်မိသည်။

အတန်ကြာမှ . .



"မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ပညာရှိလဲမဟုတ်၊ အဘိုးအိုလဲ မဟုတ်ဘဲနဲ့ ရှင်ကဘာဖြစ်လို့ ကျွန်မကို ဆုံးမနေရတာလဲ"

"အို . . မင်းက စိတ်မကျေဘဲ ဖြစ်နေတာကိုး၊ မင်းနဲ့ကျုပ် ဘာမှမဖြစ်ဘဲ လမ်းဖယ်ပါ"

မိန်းမပျိုကလေးက နှုတ်ခမ်းကိုမဲ့လိုက်သည်။

"ကဲ . . ရှင်စကားရှည်ချင်ဦး"

မိန်းမပျိုသည် ထိုက်ချင်၏ပေါက်စီများကို လက်ဖြင့်ပုတ်ချလိုက်လေတော့သည်။ ရုတ်တရက်ဖြစ်၍ ထိုက်ချင်မှာ မရှောင်နိုင်ဘဲ ဖြစ်သွားသည်။ သူ့လက်ထဲမှပေါက်စီများလည်း လွတ်ကျသွားတော့သည်။

မြေပြင်ပေါ်သို့ ကျလျှင်ကျချင်း ခွေးတစ်ကောင်က ပြေးလွှားပြီးဟပ်သည်။ နောက်ခွေးတစ်ကောင်က ဝင်လု[illegible]ရာ ခွေးနှစ်ကောင် တဝုန်းဝုန်းဖြင့် ကိုက်ကြတော့သည်။

မိန်းမပျိုသည် ထိုက်ချင်အဖြစ်ကို မကြည့်တော့ပေ။ ခွေးနှစ်ကောင်ကိုက်သည့် အဖြစ်ကိုသာကြည့်ပြီး တခစ်ခစ်ရယ်လေတော့သည်။

ခွေးနှစ်ကောင် ရန်ပွဲပြီးသွားသောအခါ ထိုက်ချင်က မိန်းမပျိုအား ဒေါသရောင်တောက်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

မိန်းမပျိုက အေးအေးဆေးဆေးပင်။

"ဘာလဲ ရှင်တမကျေနပ်ဘူးလား၊ တကယ်တော့ ရှင်ဒီလိုလုပ်ဖို့မကောင်းဘူး၊ ကြေးပြားတစ်ပြားရဖို့ ဘယ်လောက်ခက်ခက်ခဲခဲ

အလုပ်လုပ်ရတယ် မှတ်သလဲ၊ ငွေက သိပ်ရှာရခက်တာရှင့်၊ ရှင် သာငွေကို ဘယ်လောက်ခက်ခက်ခဲခဲ ရှာရခက်တယ်ဆိုတာသာ သိရင် ခုလိုပေါက်စီကို ခွေးကျွေးပစ်မှာ မဟုတ်ဘူး"

မိန်းမပျိုက လူကြီးတစ်ယောက်၏ လေသံဖြင့် ထိုက်ချင်ကို လှောင်ပြောင်နေလေ၏။

"မင်း အတော်ဆိုးတာပဲ၊ သက်သက်ကျုပ်ကို ရန်စတာပဲ"

"အလိုတော်၊ ကျွန်မက ရှင့်ကိုစေတနာနဲ့ ဆုံးမတဲ့ဥစ္စာ၊ ဘယ့် နှယ့်ရန်စရမှာလဲ၊ ငွေရှင့်ငွေ၊ ငွေရှာရအင်မတန်ခက်တယ်၊ ပေါက် စီကို ခုလို အလဟဿ လုပ်မပစ်ရဘူး"

ထိုက်ချင်သည် ပထမ၌ အတော်ကလေး ဒေါသထွက်သွားမိ သည်။ သို့သော် ကလေးဆန်လှသော မိန်းမပျို၏ အပြုအမူများကို ပြန်လည် စဉ်းစားနိုင်လိုက်သဖြင့် ဤမိန်းမပျိုနှင့် ရန်ဖြစ်ခြင်းငှာ မသင့်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ထိုက်ချင်သည်ချာခနဲလှည့်ကာ မူလ ပေါက်စီဆိုင် သို့ ပြန်လှည့်လာ၏။ ပေါက်စီနှစ်လုံးကို ထပ်မံ ဝယ်လိုက်သည်။

"ဆရာလေး. . ဟိုမိန်းကလေးက ဆရာလေးကို သက်သက် ရန်စနေတာပဲ၊ သူနဲ့ဆရာလေးနဲ့ သိလား"

"မသိပါဘူးဗျာ"

ထိုချင်သည် ဈေးသည်နှင့် စကားကြောရှည်မနေတော့ပေ။ ပေါက်စီကို မြန်မြန်ယူပြီး မိန်းမပျိုရှိသည့်ဘက်ကို ကွေ့ထွက်လာ ခလေတော့၏။ ဈေးသည်ကား ယောကျ်ားပျိုကလေးတစ်ဦးနှင့် မိန်း မပျိုကလေးတစ်ဦးတို့၏ စိတ်ဝင်စားဖွယ်ဖြစ်ရပ်ကို ငေးမျှော်ကြည့်



ရင်း ကျန်ရစ်ခဲ့လေ၏။

ထိုက်ချင် ခပ်သုတ်သုတ်လျှောက်လာသည်။ သို့သော် သူ့စိတ် ထဲ၌ တစ်မျိုးတစ်မည်ခံစားနေရသည်။ သူ့နောက်သို့ တစ်စုံတစ် ယောက် နောက်ယောင်ခံလိုက်နေသည်ဟု သူ့စိတ်ထဲခံစားထင်မြင် လာမိသည်။ ဆင့်မ အာရုံသဘောပေတည်း။

ထို့ကြောင့် ထိုက်ချင်သည် ချာခနဲ လှည့်ကြည့်လိုက်၏။

"ဟင်"

သူနှင့် မနီးမဝေး၌ အနီရောင် လူရိပ်တစ်ရိပ် တွေ့လိုက်ရာ ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားလေတော့သည်။။

သူ . . .

အနီရောင် ပိုးဝတ်စုံဖြင့် မိန်းမပျိုကလေး။

မချိုမချဉ်မျက်နှာပေးဖြင့် မြင်းဇက်ကြိုးကို ကိုင်ဆွဲလိုက်လာ သော မိန်းမပျိုကလေး။

သူ့အားအကြောင်းမဲ့ ပြဿနာလာရှာသော မိန်းမပျိုကလေး။

ထိုက်ချင် သက်ပြင်းချလိုက်၏။ အခြားရန်သူ မဟုတ်သဖြင့် စိတ်ထဲသက်သာရာ ရသွားသော်လည်း ထိုမိန်းမပျိုကလေးမှန်း သိ လိုက်ရသောအခါတွင်မူ ရင်မောရပြန်လေ၏။

ထိုက်ချင်က စိတ်မပါသလို မေးလိုက်၏။

"ကျုပ်နဲ့ ဖြေရှင်းစရာကိစ္စ ရှိသေးလို့လား"

မိန်းမပျိုက ရယ်ကျဲကျဲပြောသည်။

"ကျွန်မဆီမှာ ပိုက်ဆံတွေအများကြီး ပိုနေတယ်ရှင်၊ ရှင့်ပေါက် စီကို ကျွန်မ အောက်ကျအောင်လုပ်ပစ်လိုက်တော့ ကျွန်မအနေနဲ့

"ရှင် အတော်လေးကြွားပါကလား၊ ကျွန်မ အစကတည်းက သိဖို့ကောင်းတယ်၊ လူပြောမသန်၊ လူသန်မပြောဆိုတာ သိပ်မှန်တာပဲဆိုတာ"

ထိုက်ချင်သည် ရှောင်တိမ်းနေရင်းမှ ပြန်လှန်ပြောပြန်၏။

"မင်းက ငါ့ကိုလေကြွားလို့ထင်သလား၊ ထင်ရင်ဓားတစ်ချောင်းပေးပေါ့၊ တခါတည်း မင်းဒုက္ခရောက်သွားမယ်၊ ငါ့ဆီမှာချိတ်ထားတာတွေ့တယ်မဟုတ်လား။ ဘာဖြစ်လို့ ငါဓားမထုတ်တာလဲဆိုတာ မင်းတွေးကြည့်မိရဲ့လား"

မိန်းမပျိုသည် သူ၏တိုက်စစ်ကို တိုးမြှင့်လိုက်၏။ ထိုက်ချင်ပြောသည့် စကားကိုလည်း စဉ်းစားမိသည်။

"ငါဓားမထုတ်တာ မင်းကိုညှာလို့ပေါ့၊ ငါဓားထုတ်တာနဲ့ မင်းသေမှာစိုးလို့၊ ငါကမင်းကိုသနားပြီး ခုလို ရှောင်တိမ်းနေရတာကွ"

မိန်းမပျိုသည် မဲ့ပြုံးပြုံးလိုက်၏။

"ကိုလေကြွား . . ရှင့်ကို ပထမတော့ နည်းနည်းပါးပါး ဆုံးမရုံပဲဆုံးမ မလို့၊ အခုတော့ ကျွန်မစိတ်ပြောင်းသွားပြီ၊ ရှင့်လိုလေကြွားတွေကိုမသတ်ဘဲ လွှတ်ထားလိုက်ရင် တခြားလူတွေကို အဲဒီလေနဲ့ ဒုက္ခလျှောက်ပေးနေမှာသေချာတယ်၊ဒီတော့ရှင့်ကိုဒီကနေ့သတ်မယ်"

မိန်းမပျိုသည် သူ၏တိုက်ကွက်ကို နောက်တစ်ဆင့် ထပ်မံမြှင့်တင်လိုက်ပြန်၏။ ဓား၏အလင်းရောင်များက ဓားအရာအထောင်ဖြင့် ဝိုင်းခုတ်နေသလို ထင်မြင်လာရသည်။ တဝိုးဝိုးမြည်သံကမြွေအကောင်ရာထောင်စုပေါင်းပြီး တွန်သလိုဖြစ်နေသည်။

ထိုက်ချင် အကြီးအကျယ် စိတ်ဓာတ်ကျရလေပြီ။



လိုက်သဖြင့် ထိုသူကိုလိုက်ရှာနေသယောင်။

ထိုက်ချင်က ဒေါသဖြင့် အော်လိုက်လေ၏။

"မင်း ဘာအူကြောင်ကြောင် လုပ်နေတာလဲ၊ မင်းကို မေးနေတာ၊ အနီရောင်ပိုးဝတ်စုံဝတ်ထားတဲ့ မင်းကိုမေးနေတာ"

မိန်းမပျိုက သူ့ဘာသာ ရင်ကလေးပုတ်ပြီး . .

"ကျွန်မကို ပြောတာလား'

"မင်းကို မပြောလို့ ကျုပ်က ဘယ်သရဲတစ္ဆေကို ပြောနေရမှာလဲ၊ ဒီမြို့ပြင်မှာ မင်းနဲ့ကျုပ် နှစ်ယောက်တည်း ရှိတဲ့ဥစ္စာ"

"သ . . သ . . သရဲရှိတယ် ဟုတ်လား"

မိန်းမပျိုကလေး၏ အမူအရာနှင့် လေသံက သူ့ကိုနောက်ပြောင်နေကြောင်း ထိုက်ချင်သိလိုက်၏။ ထို့ကြောင့် ပို၍ဒေါသထွက်မိသည်။ သူသည် မိန်းမပျိုတစ်ယောက်က လိုက်လံနောက်ပြောင်ခံရမည့် အရှူးတစ်ယောက် မဟုတ်ပေ။

"ဒီမှာမိန်းကလေး၊ မင်းနဲ့ကျုပ် သိလဲမသိဘူး၊ မိတ်ဆွေလဲမဟုတ်ဘူး၊ ရန်သူလဲမဟုတ်ဘူး၊ ဘာဖြစ်လို့ တကောက်ကောက်လိုက်ပြီး နောက်ပြောင်နေရတာလဲ"

"ကျွန်မကရှင့်နောက် တကောက်ကောက်လိုက်နေတယ်၊ ဟုတ်လား၊ ဘုရားရေ"

မိန်းမပျိုကလေးက ရင်ဘတ်ကလေးကိုဖိပြီး ဘုရားတလိုက်လေ၏။

"မင်းထပ်နောက်နေပြန်ပြီလား"

"နေစမ်းပါဦး၊ ရှင့်နောက်ကို ကျွန်မကလိုက်နေတယ်လို့ ဘယ်

သူကပြောသလဲ"

မိန်းမပျိုက ပြန်၍ မေးခွန်းထုတ်နေသည်။

"ကျုပ်ကပြောတယ်"

ထိုက်ချင်က ဒေါသသံဖြင့် ပြန်ပြောလိုက်၏။ သူ့ဒေါသကို သူမချုပ်တည်းနိုင်တော့ပေ။

မိန်းမပျိုက တခစ်ခစ်ရယ်ရင်း . . .

"ဒီလမ်းတွေက ရှင့်ကိုယ်ပိုင်လမ်းတွေလား"

ထိုက်ချင်က မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။

"ဒီလမ်းတွေက ကျုပ်မပိုင်ဘူး၊ အဲ . . ကျုပ်နောက်က မင်း ကောက်ကောက် လိုက်နေတာကိုလဲ ခွင့်မပြုဘူး"

မိန်းမပျိုက ရယ်မောသည်။

"ရှင်ဟာ အတော့်ကို ရယ်စရာကောင်းတယ်၊ ရှင်သာ ဘုရင် ဧကရာဇ်ဖြစ်ရင် ကျွန်မတော့ အခက်ပဲ"

"မင်းကများ ပြောရတယ်ရှိသေးလား"

"ပြောရတာပေါ့ ရှင်သာဘုရင်ဧကရာဇ်ဖြစ်ရင် ဒီလမ်းတွေဟာ ရှင့်အပိုင်ဖြစ်ကုန်တော့မှာပေါ့၊ အခု . . ဒီလမ်းတွေကို ရှင်မပိုင် ဘူး၊ ကျွန်မခြေထောက်တွေကိုလဲ ရှင်မပိုင်ဘူး၊ ရှင်မပိုင်တဲ့လမ်း ပေါ်မှာ ကျွန်မပိုင်တဲ့ခြေထောက်နဲ့ လမ်းလျှောက်တာရှင်ကန့်ကွက် စရာ မရှိဘူး"

ထိုက်ချင် အတော်စိတ်ပျက်သွားသည်။ စကားကို ကတ်ကတ် သတ်သတ် ပြောနေသည့် မိန်းကလေးနှင့် ငြင်းလျှင်လည်း သူပင် ရှုံးရုံရှိမည်။



"ကောင်းပြီ"

ထိုက်ချင်ခေါင်းညိတ်လိုက်၏။

"ငါမပိုင်တဲ့ လမ်းပေါ်မှာ မင်းပိုင်တဲ့ မင်းရဲ့ခြေထောက်နဲ့ ကြိုက်သလို လျှောက်နိုင်တယ်၊ ကြွတော်မူပါ"

မိန်းမပျိုက တခစ်ခစ်ရယ်ရင်း . .

"ရှင်မပိုင်တဲ့လမ်းပေါ်မှာ ကျွန်မပိုင်တဲ့ခြေထောက်နဲ့ လျှောက် သွားလို့ရသလို ရပ်နေလို့လဲရတယ်ဆိုတဲ့ အချက်ကိုလဲ မမေ့ပါ နဲ့ဦး"

ထိုက်ချင် ခေါင်းကိုက်သွားလေပြီ။ သူမပုံစံက ဆက်မလျှောက် ဘဲ ရပ်နေဦးမည်ဆိုသည့် သဘောပင်။

"မင်းကိုတော့ ကျုပ် လက်မြှောက်ပြီ၊ ကဲ . . မင်းမသွားဘဲ ဒီမှာပဲရပ်နေခဲ့မလား"

"ဘာလဲ၊ ရှင်က ကျွန်မကိုသွားစေချင်တယ်လား၊ ကျွန်မ နောက်က ရှင်ကပ်လိုက်မယ်ဆိုပါတော့"

ထိုက်ချင်သည် ခေတ္တမျှစဉ်းစားလိုက်၏။ ထို့နောက် သူ့ မျက် နှာ၌ ပြုံးယောင်သမ်းလာ၏။

"မင်း ရှေ့ကသွားပါ၊ မင်းသဘောတူရင် ကျုပ်နောက်ကလိုက် ပါ့မယ်၊ အေး . . မင်းက မြင်းစီးပြီး ခပ်သွက်သွက်သွားရင် ကျုပ် ကလိုက်ချင်တာတောင် မင်းကို မီမယ်မထင်ဘူး"

ယခုပြောလိုက်သည့် ထိုက်ချင်၏စကားမှာ အထိမိဆုံးပင်။

ထိုစကားကြောင့် မိန်းမပျိုကလေး၏မျက်နှာမှာ ပန်းဆီဖြင့် ပက်ဖျန်းလိုက်သကဲ့သို့ ရဲခနဲ ဖြစ်သွားသည်။ မိန်းမပျိုကလေး

အနေဖြင့် ပထမဆုံးအကြိမ် ရှက်သွေးဖြန်းခြင်းပင်။

အခြေအနေကို သုံးသပ်လိုက်မိသော ထိုက်ချင်သည် ယခုမှ ရယ်နိုင်ပြုံးနိုင်ဖြစ်လာသည်။ ယခုမှ သူတိုက်စစ်ဆင်လာနိုင်သည် မဟုတ်ပါလော။

"ဟဲ . . ဟဲ . . ဟဲ၊ ကျုပ်ပြောတာကို စိတ်မဆိုးနဲ့နော်၊ မှန်တာကို ပြောတာပါ၊ မင်းကြောင့် ကျုပ် စိတ်ဆိုးခဲ့ရတာ အကြိမ်ပေါင်းများစွာရှိနေပြီ၊ ဒီတစ်ခါ မင်း စိတ်ဆိုးတယ်ဆိုရင် တရားသဖြင့်ဖြစ်ပေမယ့်လဲ ကျုပ်တောင်းပန်ပါတယ်"

မိန်းမပျို၏မျက်နှာမှာ နီလိုက်ဖြူလိုက် ဖြစ်နေသည်။ထို့နောက် ဘာမပြောညာမပြောနှင့် ရှေ့သို့ခုန်ဝင်လာကာ လက်ထဲမှမြင်းနှင်တံဖြင့် ရွှီးခနဲ ရိုက်ချလေတော့သည်။

ယခုအကြိမ်ကား ထိုက်ချင်အငိုက်မမိတော့ပါ။ မိန်းမပျိုတစ်ခုခုလုပ်နိုင်သည်ကို ကြိုတင်တွက်ချက်ထားသဖြင့် ထိုက်ချင်သည် လှစ်ခနဲ ရှောင်တိမ်းလိုက်နိုင်သည်။

ထိုအခါ မိန်းမပျိုသည် လေကိုသာရိုက်မိပြီး အလွဲကြီးလွဲချော်သွားလေတော့သည်။ထိုက်ချင် ခုန်ဆုတ်ပြီး ရယ်လေ၏။

"ဟဲ . . ဟဲ . . ဟဲ၊ စောစောက ပေါက်စီကို ပုတ်ချတုန်းက ကျုပ် အလစ်ခံလိုက်ရတယ်၊ အခုတစ်ကြိမ်တော့ အလစ်မခံနိုင်တော့ဘူး၊ မင်းကြည့်ရတာ အတော့်ကိုရန်ဖြစ်ချင်နေပုံရတယ်၊ ကျုပ်နောက် တကောက်ကောက်လိုက်ပြီး ရန်စတယ်၊ နောက်ပြီး မြင်းနှင်တံနဲ့ရိုက်တယ်၊ မကောင်းပါဘူးကွယ်"

ထိုအခါ မိန်းကလေးသည် မာန်သွင်းပြီး ထိုက်ချင်အား သိုင်း



ကွက်ဖြင့် စတင်တိုက်ခိုက်လေ၏။ သို့သော် ထိုက်ချင်ကရှောင်တိမ်းနိုင်သည်။ မိန်းမပျို၏သိုင်းကွက်များ အချည်းနှီးဖြစ်ကုန်တော့သည်။

မိန်းမပျို ဒေါသထွက်မဆုံးဖြစ်လာတော့သည်။ နှုတ်ခမ်းကို တစ်ချက်ကိုက်ရင်း ထိုက်ချင်ကိုလှမ်းပြောသည်။

"ဟင်း . . ရှင်က သိုင်းပညာတတ်နေတော့ ကျွန်မကို နောက်ရွတ်ရွတ်လုပ်နေနိုင်တာပေါ့လေ၊ ကျွန်မ အကြည့်မှားသွားတယ်၊ ရှင့်ကို သိုင်းပညာတတ်တဲ့လူလို့ လုံးဝမထင်မိဘူး"

"ဟား . . ဟား . . ဟား၊ အဲဒီနေရာမှာ မင်းရဲ့ဆရာ နည်းနည်းလိုသွားပြီ ငါ့ရဲ့ဆရာကတော့ တကယ့်ကိုတော်ပါတယ်၊ သူက ငါ ဒီကို ဆင်းမလာခင် သိသင့် သိထိုက်တာမှန်သမျှ ငါ့ကို ဆုံးမအသိပေးလိုက်တာကိုး"

"ရှင် . . ကျွန်မဆရာကို မစော်ကားပါနဲ့"

"ဟား . . ဟား . . ဟား မင်းရဲ့ဆရာကို ငါ လုံးဝမစော်ကားပါဘူး၊ ငါက ငါ့ဆရာကို ဂုဏ်တင်မိတာပဲရှိပါတယ်"

"ထို့ . . ရှင့် ဆရာက ဘာများ ဂုဏ်တင်ထိုက်လို့လဲ"

"ငါက ငါ့ဆရာကို ဂုဏ်တင်ရတာပေါ့၊ ဆရာက သိုင်းပညာတင်မကဘူး၊ အားလုံးဘက်စုံတော်နေတာကိုး၊ ငါ့ကို ဆရာကမှာလိုက်တယ်၊ မင်း လူ့လောကသဲရောက်လို့ မြို့နယ်ကျေးရွာတွေကို လှည့်ပတ်သွားလာဖို့ ကြုံလာရင် မိန်းကလေးတွေကို ကြပ်ကြပ်သတိထားရမယ်တဲ့၊ မိန်းကလေး တစ်ယောက်တည်း သွားရဲလာရဲ ဆတ်ဆတ်ကြဲ ဖြစ်နေပြီဆိုရင် အဲဒီ မိန်းကလေးဟာ သိုင်းပညာတတ်ပြီမှတ်တဲ့၊ အဲဒီမိန်းကလေးမျိုး ဆယ်ယောက်မှာ အနည်းဆုံး

ကိုးယောက်ဟာ သိုင်းပညာတတ်တယ်လို့ သိထားတဲ့၊ ဆရာသိပ်တော်တယ်၊ သူအားလုံးကို သိနေတာပဲ"

ထိုက်ချင်သည် မိန်းမပျိုကို စောစောကလောက် ဒုက္ခမပေးချင်တော့ပေ။ ရင်းနှီးကျွမ်းဝင်လာသလို စိတ်ကထင်လာမိသည်။ အသုံးအနှုန်းပင် ပြောင်းလာသည်။

"ကဲ . . ငါ့ဆရာက အဲဒီလို သွန်သင်လိုက်တယ်၊ မင်းဆရာကော ဘာများသွန်သင်ပေးလိုက်သလဲ"

မိန်းမပျို မျက်နှာပေါ်မှ ဒေါသ အရိပ်အယောင်များ ထူးဆန်းစွာ ပျောက်ကွယ်သွားသည်။ သူမ ပြုံးလိုက်သည်။

"ကျွန်မဆရာသင်ပေးလိုက်တာရှိပါတယ်၊ လူ့လောကထဲမှာ ဆောင့်ကြွားကြွားနိုင်တဲ့လူကိုတွေ့ရင် သူသင်ပေးလိုက်တဲ့ သိုင်းပညာနဲ့ ဆုံးမလိုက်တဲ့၊ ကဲ . . လာပါ၊ ရှင့်ကို ကျွန်မက နည်းနည်းပါးပါးလောက်တော့ ဆုံးမပါရစေဦး"

မိန်းမပျိုသည် စကားဆုံးသည်နှင့် တရကြမ်းတိုက်ခိုက်လေတော့၏။

ထိုက်ချင်သည် ပထမ၌မိန်းမပျိုကို လုံးဝအထင်မကြီးချေ။ သို့သော် သိုင်းကွက်ဆယ်ကွက်ကျော်သည့်အခါတွင်ကား ချွေးပြန်လာတော့သည်။ စိတ်ထဲတွင်လည်း စိုးရိမ်ပူပန်စပြုလာသည်။ ဤမိန်းကလေးကသာ နိုင်သွားလျှင် သူကအရှက်ကွဲ၍ ဆုံးတော့မည်မဟုတ်ပေ။

မိန်းမပျို၏ တိုက်ကွက်များမှာ လေပြည်လေညင်းနောက်မှ မုန်တိုင်းတိုက်ခတ်သကဲ့သို့လည်းကောင်း၊ ရေလှိုင်းကလေးနောက်



မှ ဒီလှိုင်းတိုက်ခတ်သကဲ့သို့လည်းကောင်း တဖြည်းဖြည်း တစ်စစပြင်းထန်လာသည်။

သိုင်းကွက် ငါးဆယ်ကျော်လာသော်လည်း ထိုက်ချင်မှာ မိန်းမပျိုကို မနိုင်ခဲ့ချေ။ မိန်းမပျိုက အသာစီးဖြင့် တိုက်နေရသော်လည်း ထိုက်ချင် လက်မြောက်အရှုံးပေးလာအောင်ကား မတတ်နိုင်ခဲ့ပြန်ချေ။

ထို့ကြောင့် မိန်းမပျို၏သိုင်းပညာကို ထိုက်ချင် အံ့ဩရသလို ထိုက်ချင်၏ သိုင်းပညာကိုလည်း မိန်းမပျိုက အံ့ဩလာရလေ၏။

"ရှမ်း"

ထိုက်ချင် လန့်သွား၏။

မိန်းမပျိုသည် ပထမပိုင်း၌ မြင်းနှင်တံဖြင့် တိုက်နေခြင်းဖြစ်သည်။ ယခု သူမ၏ ဓားအိမ်မှဓားကိုဆွဲထုတ်ပြီး လေထဲဝှေ့ယမ်းလိုက်သောအခါ တိုက်ပွဲသည် သာမန်အရှုံးအနိုင် ဖော်ရုံတင် မဟုတ်တော့ဘဲ အသေအကြေတိုက်မည့်သဘောသို့ ဆောင်လာတော့သည်။ သူမ၏ဓားသည် နဂါးတစ်ကောင်လေထဲ၌ ယိမ်းကနေသလို ရှိနေသည်။

ထိုက်ချင်လည်း ဓားတစ်လက်ချိတ်ဆွဲထားသည်။ သို့သော် ထိုဓားမှာ ချယ်ရီသားဖြင့် ပြုလုပ်ထားသော ဓားဖြစ်နေ၏။ ထိုဓားမှာ ဆရာတော်စောင်းပိုက်က တပည့်ဖြစ်သူထိုက်ချင်အား ပေးလိုက်သောဓားဖြစ်ပေသည်။

ဆရာတော်သည် သိုင်းပညာထက်မြက်သူဖြစ်သော်လည်း တပည့်များကို သိုင်းပညာချည်း စိုက်စိုက်မတ်မတ် သင်သူမဟုတ်ပေ။

လောကုတ္တရာတရားမဟွ၊ အဆုံးအမများကိုလည်း မျှ၍သင်ပေးသည်။ ဆရာတော်သည် အရာရာကို မျှမျှတတတွေးသူ ဖြစ်သည်။

ထိုအကြောင်းများကြောင့် ထိုက်ချင်မှာ သူ၏ ချယ်ရီသားဓားကို သတိရသော်လည်း လက်မှမထုတ်ဝံ့အောင် ဖြစ်နေသည်။ တစ်ဘက်လူကလည်း ဓားစွမ်းပြနေလေပြီ။ ထိုက်ချင် ချွေးသီးချွေးပေါက်ကျလာရလေပြီ။

နောက်ဆုံး သူတတ်နိုင်သည့်အလုပ်မှာမိန်းမပျို၏ဓားကွက်များကို အသေအလဲရှောင်တိမ်းရခြင်းပင် ဖြစ်တော့သည်။ သို့သော် မိန်းမပျို၏ဓားကွက်များက ကြမ်းတမ်းလာ၏။ ထိုက်ချင်ရှောင်တိမ်းရခက်လေပြီ။

မိန်းမပျိုသည် သူ့ဓားကွက်များအောက်၌ ထိုက်ချင်ချွေးဒီးဒီးကျနေသည်ကိုမြင်သောအခါ ရယ်မောလေတော့၏။ ယခုအကြိမ်၌ သူမက အောင်မြင်နေသူဖြစ်၍ ထိုက်ချင်ကို စချင်နောက်ချင်လာပြန်သည်။

“ဘယ့်နှယ့်လဲသိုင်းဆရာကြီး၊ ကျွန်မဆရာက ဘယ်လိုဆုံးမခိုင်းတယ်ဆိုတာ သိပြီမဟုတ်လား၊ ရှင်ချွေးဒီးဒီးကျအောင် ကျွန်မဆုံးမနေတာကို ရှင်သဘောပေါက်ရဲ့လား”

ထိုက်ချင်သည် ရှောင်တိမ်းနေရင်းမှ . . .

“မင်းပညာကို ငါအထင်မကြီးပါဘူးကွာ၊ ငါ့လက်ထဲမှာသာ ဓားတစ်ချောင်းရှိရင် မင်းဒီလို ပြောနေနိုင်မှာမဟုတ်ဘူး၊ လမ်းဘေးမှာ ထိုင်ငိုနေရတာကြာလှပြီ”

မိန်းမပျိုက နှုတ်ခမ်းကို မဲ့လိုက်သည်။



ချော်ပေးသင့်တာပေါ့၊ ရှင်ကလဲ အလျော်တောင်းသင့်ပါတယ်၊ ဘယ်လိုလဲ၊ ရှင် အလျော်မတောင်းဘူလား”

ထိုက်ချင် ပြုံးချင်သလိုလို ဖြစ်သွား၏။

“ကိစ္စမရှိပါဘူး၊ ကျုပ် အလျော်မတောင်းပါဘူး၊ ပေါက်စီ နှစ်လုံးလေးပဲ ဥစ္စာ”

ထိုက်ချင်သည် ချာခနဲ လှည့်ကာထွက်သွားတော့သည်။

သို့သော် ထိုက်ချင် စိတ်မဖြောင့်ပါ။ မိန်းမပျိုလေးသည် သူ့နောက်သို့ တကောက်ကောက်လိုက်လာမည်ကို အလိုလိုသိနေသည်။ ထို့ကြောင့် အတော်ကလေးလျှောက်ပြီးသည်နှင့် မသိမသာလှည့်ကြည့်သည်။ သူထင်သည့်အတိုင်း မိန်းမပျိုကလေး တကောက်ကောက်လိုက်လာသည်။

“ဟင်း . . . နေရင်းထိုင်ရင်း ဒုက္ခဖြစ်တာပဲ၊ သူဘာကြောင့် ငါ့နောက် တကောက်ကောက် လိုက်နေရပါလိမ့်”

ထိုက်ချင် တီးတိုးရေရွတ်ရင်း ရှေ့ဆက်လျှောက်လာ၏။ အတန်ကြာသော် မြို့ပြင်သို့ရောက်လာတော့သည်။ ထိုအထိ မိန်းမပျိုလိုက်လာဆဲပင်။

ထိုက်ချင် ရပ်စောင့်လိုက်သောအခါ မိန်းမပျိုသည် သူ့အနီးသို့ ရောက်လာတော့သည်။

“မင်း ဘာကြောင့် ကျုပ်နောက် တကောက်ကောက် လိုက်လာနေရတာလဲ၊ ကျုပ်နဲ့မင်း သိတာလဲမဟုတ်”

မိန်းမပျိုက ဘေးပတ်ဝန်းကျင်ကို ပြုံးတုံးပြုံတဲ လှည့်ပတ်ကြည့်နေသည်။ ထိုက်ချင်က အခြားသူတစ်ယောက်ယောက်အား ပြော

"ဘာမဟုတ်ညာမဟုတ်ပဲနဲ့ ဒီကနေ့သေရလိမ့်မယ်လို့ ငါမထင်မှတ်ခဲ့ဘူး၊ အခုကြည့်စမ်း၊ အကုသိုလ်က ငါ့ကိုလာကျိစယ်နေပြီ"

သူသည် ထိုသို့တွေးလိုက်မိသည်နှင့် တစ်ဆက်တည်း အကြံတစ်ခုရလိုက်လေ၏။

"ကဲ ရော့ . . ယူစမ်း၊ ငါ့လက်နက်ပုန်း၊ နည်းနည်းပါးပါး မြည်းစမ်းကြည့်ဟေ့"

ထိုက်ချင်သည် ရှောင်ရင်းတိမ်းရင်းမှ သူ့ညာလက်ကို လှုပ်ရှားလိုက်လေရာ မိန်းမပျိုလန့်သွားသည်။ တိုက်စစ် သိုင်းကွက်သည် ရုတ်တရက်ကျိုးပျက်သွားပြီးနောက် ဓားရိပ်များသည် သူမ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားလေတော့သည်။ ထိုက်ချင်၏ လက်နက်ပုန်းကို ကြောက်ရွံ့ပြီး ရုတ်ခြည်းခံစစ် ပြောင်းလဲလိုက်ခြင်းသာဖြစ်ပါလေ၏။

ထိုက်ချင်သည် ထိုအခွင့်အရေးကို လုံးဝလက်လွှတ်မခံပါချေ။ သူ့ ခန္ဓာကိုယ်ပေါ်၌ လွှမ်းခြုံနေသည့်ဓားရိပ်များ ကွယ်ပျောက်သွားသည်နှင့်တစ်ပြိုင်နက် ထိုက်ချင် ချာခနဲလှည့်ပြေးလေတော့၏။

ပြေးရင်းလွှားရင်းမှ ထိုက်ချင်အော်လိုက်သည့် အသံသည် လေထဲတွင် လွင့်ပျံ့လာသည်။

"ဘယ့်နှယ့်လဲဟေ့၊ ငါ့ရဲ့ လေလက်နက်ပုန်းက ဘယ်လောက်အစွမ်းထက်သလဲ၊ မင်းကံကောင်းလို့နော်၊ မင်းအင်မတန်လျင်မြန်လို့၊ မလျင်ရင် ငါ့ရဲ့လေလက်နက်ပုန်းထိပြီး မင်းခွေနေရမှာသေချာနေပြီ"

မိန်းမပျိုသည် သူမ အလိမ်ခံလိုက်ရမှန်း သိသောအခါ စိတ်ဆိုး



မာန်ဆိုးဖြင့် ပြေးလိုက်သွားလေတော့သည်။ သို့သော် ထိုက်ချင်၏ ကိုယ်ဖော့ပညာမှာ အံ့မခန်းကောင်းမွန်လှကြောင်း သူမ သိလိုက်ရသည်။

"ဟင်း . . . နေနှင့်ဦးပေါ့၊ ရှင် . . ဘယ်လိုပြေးလို့ လွတ်မှာလဲ၊ တစ်နေ့တော့ တွေ့ကြရဦးမှာပေါ့"

မိန်းမပျို၏ကြိမ်းဝါးသံသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။ ထိုအသံကြောင့် လမ်းဘေးချုံပုတ်ထဲမှ ငှက်ကလေးပင် လန့်ပျံပြေးသွားလေတော့သည်။

* * * * *

# အခန်း [၁၅]

## မှော်ဆရာ

အနီရောင်ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမပျိုလေးသည် သူမ၏မွန်ဂိုမြင်းကြီးကို တစ်ဘက်မှဆွဲပြီး ဖြည်းညင်းစွာ လမ်းလျှောက်လာ၏။ သူမသည် ထိုက်ချင်ကို အချိန်အတော်ကြာမျှ လိုက်လံရှာဖွေခဲ့သေးသည်။ နောက်ဆုံး မတွေ့တော့မှ ဤသို့ လမ်းလျှောက်လာခဲ့ခြင်းဖြစ်သည်။ သူမ စိတ်ဆိုးခဲ့သည်မှာ အမှန်ပင်။

နောက်ဆုံး သူမမြင်းပေါ်တက်လိုက်၏။ မြင်းပေါ်တက်လိုက်သော်လည်း မြင်းကို တရကြမ်းစီးနင်းခြင်းမဟုတ်ပေ။ စောစောက သူမသွားနေသလိုပင် မြင်းကလည်းတစ်လှမ်းချင်းသွားနေပေသည်။

သူမသည် ကွေ့ကောက်သော လမ်းကလေးပေါ်တွင် မြင်းကြီးနှင့်အတူ စိတ်မပါလက်မပါ ခရီးနှင်နေသည်။ သူမရောက်ရှိနေသည့်နေရာကား အတော်ကလေးထူးခြားဆန်းကြယ်သည်။ လမ်း၏ဘယ်ဘက်တွင် ပင်စောက်ပင်မြင့်များရှိနေပြီး ညာဘက်တွင် လယ်



ကွင်းပြင်ကြီးရှိနေ၏။

တစ်ဘက်ကိုကြည့်လျှင် စိမ်းညို့ခြင်း၊ နက်ရှိုင်းခြင်း၊ တောဂနိုင်၏ အေးစိမ့်ခြင်းတို့ကို ခံစားရပြီး တစ်ဘက်ကိုကြည့်လျှင် လွတ်လပ်ခြင်း၊ ပြန့်ပြောခြင်း၊ အသက်ရှူဝခြင်းတို့ကို ခံစားရလေသည်။

"အင်း . . ဒီလူ့ကို စိတ်ဆိုးပြီး ခရီးမနှင်ရင် ငါပဲကြန့်ကြာမှာပဲ၊ အဲဒီတော့ ငါခရီးနှင်မှပဲ"

မိန်းမပျိုသည် မြင်းကြီး၏တင်ပါးကို ခပ်ဆတ်ဆတ်ကလေး တစ်ချက်ရိုက်လိုက်လေရာ မွန်ဂိုမြင်းကြီးသည် ဟီသံတစ်ချက်ပေးပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။ တကယ့်မြင်းကောင်းမြင်းသန့် ဖြစ်လေရာ တကယ်ပြေးသောအခါ လျှင်မြန်လှပေသည်။

သို့သော် . . မကြာပါ။ မြင်းရောလူပါ တလိမ့်ခေါက်ကွေး လိမ့်ကျသွားလေတော့သည်။

"ဟား . . . ဟား . . . ဟား"

မိန်းမပျိုမှာ သိုင်းပညာကျွမ်းကျင်သူဖြစ်၍ ဒဏ်ရာအနာတရ ရလိုက်ခြင်းတော့မရှိပေ။ သူမ ဤသို့ ဆိုးဆိုးရွားရွား မြင်းနှင့် လဲကျခြင်းကို ရယ်မောလှောင်ပြောင်နိုင်သူကား မည်သူဖြစ်သနည်းဟု ဘေးဘီ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေမိလေ၏။

ရယ်သံကား သစ်ပင်ပေါ်မှ ပေါ်လာခြင်းတည်း။

"ဟား . . ဟား . . ဟား . . ဘယ့်နှယ်လဲ၊ မင်းက ငါ့ကိုအမြဲတမ်း ဒုက္ခပေးခဲ့တယ်၊ အခု ငါကမင်းကိုဒုက္ခပေးပြီ၊ ကဲဘယ့်နှယ့်ရှိစ၊ လူ့ဘဝဆိုတာ ဒီအတိုင်းပဲ၊ ငါးပျံတစ်လှည့်၊ ဗုံလုံ တစ်လှည့်ပဲ"

အသံရှင်ကား ထိုက်ချင်တည်း။

မိန်းမပျိုမှာ မျက်နှာတစ်ပြင်လုံး ဲတွတ်နေ၏။ ဒေါသရောင် လွှမ်းနေ၏။ သူမဤသို့ မြင်းရောလူပါလဲကျရခြင်းမှာ လမ်းကိုကန့် လန့်ဖြတ်လျက် ကြိုးနက်တစ်ချောင်းတန်းထားခြင်းကြောင့်တည်း။

သူမ ဒေါသထွက်နေသည်။ ရှက်လည်း ရှက်နေသည်။

ထိုက်ချင်က ရယ်မောရင်း . .

"မင်း မဆိုးပါဘူး၊ သူများတွေကို ဒုက္ခပေးတတ်သလို ကိုယ့် ဘာသာလဲ မြင်းရောလူပါလဲကျအောင် စီးတတ်တယ်၊ မဆိုးပါဘူး"

သူမသည် ဓားကို ဆွဲထုတ်ပြီး တန်းထားသည့် ကြိုးကို ဖြတ်ပစ်လိုက်၏။

"ရှင် သေဖို့သာ ပြင်ပေတော့"

သူမသည် ထိုက်ချင်ကို အံကြိတ်ခြိမ်းခြောက်ကာ ထိုက်ချင်ထိုင် နေသည့် သစ်ပင်ပေါ်သို့ ခုန်တက်လာလေ၏။

သူမ ခုန်တက်လာသည်နှင့် ထိုက်ချင်က သစ်ပင်အောက်သို့ ဆင်းသွားသည်။ သူသည် မိန်းမပျို၏ အရိပ်အခြည်ကို ကြည့်နေသူ ဖြစ်ရာ မိန်းမပျို စိတ်ဆိုးအောင်လုပ်မည်ဟု ဆုံးဖြတ်ထားပေသည်။

သူသည် မြေပြင်ပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို ကောက်ယူ ပြီး . .

"ဘာ . . မင်းက ငါ့ကို သတ်မလို့ ဟုတ်လား၊ ဖြစ်နိုင်ပါ့မလား၊ ကြည့်လဲလုပ်ဦးနော်၊ အခုတောင် ကြည့်ပါဦး၊ ငါအောက်ဆင်းတော့ မင်းက ခုန်တက်လာတယ်၊ ငါ့ကို မင်းဘယ်လို သတ်နိုင်တော့မှာလဲ၊ မင်းရဲ့အတွေးအခေါ် စိတ်ကူးစိတ်သန်းတွေ လွဲချော်နေပြီကွ"

"ရှင် ပြေးနေတာကိုး၊ သတ္တိရှိရင် ရင်ဆိုင်ပါလား"



မိန်းမပျို ခုန်ဆင်းလာပြန်၏။ သူမသည် ထိုက်ချင်ကိုတရကြမ်း တိုက်ခိုက်တော့သည်။ သူမက ဓားနှင့်တိုက်ခိုက်ပြီး ထိုက်ချင်က သစ်ကိုင်းဖြင့် ခုခံသည်။ ဓားနှင့်သစ်ကိုင်း မလွတ်သည့်အခါ သစ် ကိုင်းမှာ ရွှမ်းခနဲရွှမ်းခနဲ ပြတ်ကျသွားရသည်။ သို့သော် ထိုသစ် ကိုင်းသည် တစ်ခါတစ်ရံ ဓားသဖွယ်ထက်မြက်လာသဖြင့် မိန်းမပျို မှာ အလျင်အမြန် နောက်ဆုတ်ပေးရလေ၏။

"ဟား . . ဟား . . ဟား . . တွေ့လား၊ ငါပြောခဲ့တယ် မဟုတ် လား၊ ငါ့ဆီမှာ ဓားတစ်ချောင်းရှိရင် မင်းလို မိန်းကလေးမျိုး ဆယ်ယောက်လောက်ကို ခုခံနိုင်ပါတယ်လို့၊ အခုဟာက ဓားမဟုတ် သေးဘူး၊ သစ်ကိုင်းပဲ ရှိသေးတယ်၊ ကဲ . . ကဲ . . ငါ ဆက်မတိုက် အောင် ငါ့ကို အစ်ကိုကြီးလို့ တစ်ခွန်းပဲခေါ်ပါ၊ မင်းငါ့ကို ဒုက္ခ ပေးထားတာတွေကို မေ့ပစ်ပြီး ငါ ခွင့်လွှတ်လိုက်ပါ့မယ်"

မိန်းမပျိုသည် အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်မိ လိုက်သည်။

"မခေါ်ဘူး၊ ရှင့်ကို သေတောင်မခေါ်ဘူး"

သူမ မျက်ရည်များ ကျဆင်းလာတော့၏။ စိတ်ရင်းကောင်း ရှိသော ထိုက်ချင်သည် မိန်းမပျို မျက်ရည်ကျသည်ကို မြင်သော အခါ ချက်ချင်းပင် တိုက်ကွက်ကို ရပ်ဆိုင်းလိုက်လေတော့၏။

"ဟင် . . မင်း ငိုနေတယ်၊ ဘာဖြစ်လို့လဲ၊ မင်းကို ငါဘာမှ ထိခိုက်အောင် မလုပ်ခဲ့ပါဘူး"

မိန်းမပျိုသည် ဓားကို ဓားအိမ်ထဲထိုးသွင်း သိမ်းဆည်းလိုက် ပြီးနောက် သူမ၏ မြင်းကြီးရှိရာသို့ ပြေးသွားတော့သည်။ ထို့

နောက် မြင်းပေါ် လွှားခနဲခုန်တက်ပြီး တစ်ရှိန်ထိုး စိုင်းနှင်သွားလေတော့သည်။

ထိုက်ချင်၏ ကလဲ့စားချေလိုသည့် စိတ်ဓာတ်များသည် ချက်ချင်းပင် ပြေလျော့သွားတော့သည်။ မိန်းမပျိုအပေါ် သနားသည် စိတ်ဝင်သွားပြီး ယောကျ်ားတန်မဲ့ မိန်းကလေးနှင့် ဖက်ရန်ဖြစ်သည့် သူ့ကိုယ်သူ အပြစ်တင်မိတော့သည်။

"အင်း . . . ငါ ပန်းတစ်ရာခြံကိုစွ စောင့်ကြည့်ရမယ့်ကိစ္စ စောင့်မကြည့်နိုင်ဘူး၊ သူနဲ့ပြိုင်ပြီး ငါရန်ဖြစ်နေတယ်၊ ငါမှားတယ်"

ထိုက်ချင်သည် လက်ထဲမှ သစ်ကိုင်းကို မြေကြီးပေါ်သို့ ပစ်ပေါက်ချလိုက်လေ၏။

ထိုက်ချင်သည် ပန်းမျိုးတစ်ရာခြံဘက်သို့ထွက်လာသည်။ ပန်းမျိုးတစ်ရာခြံသည် မြို့ဆင်ခြေဖုံး၌တည်ရှိသဖြင့် ထိုနေရာသို့ ခပ်သွက်သွက်လျှောက်ရသည်။ ခြံကြီးကား ကြီးမားကျယ်ပြန့်လှပေသည်။ ခြံအတွင်း၌ ကြီးမားသောအဆောက်ကြီးများ မရှိပေ။ လှပသပ်ရပ်သော အဆောင်ငယ်ကလေးများသာရှိသည်။ အဆောင်ငယ်ဆယ်ဆောင်မျှရှိပြီး ထိုက်ချင် စုံစမ်းသိ ရှိရလောက် ခြံအတွင်း၌ယန်မျိုးနွယ်မိသားစုဆွေမျိုးများသာ ရှိသည်ဟုသိရှိရပြီးဖြစ်သည်။

ခြံကြီးမှာအခိုင်အခံ့ပင်။ ထိုသို့ ပြုလုပ်ထားခြင်းအတွက် သူဌေးယန်ကို အပြစ်မဆိုသာပေ၊ သူဌေးယန်၏ စည်းစိမ်ချမ်းသာမှုကို ဖဲ့ယူလိုသူတို့မှာ လောင်တနှင့်လောင်ချစ်တို့သာမက အခြားသူများလည်း ရှိနိုင်ပေသေးသည်။ သူ၏ လုံခြုံမှုကို တင်းတင်းကျပ်ကျပ်ပြုလုပ်မှသာ သူ့အတွက် စိတ်ချနိုင်ပေသည်။



အထူးသဖြင့် သူတို့ယန်မျိုးနွယ်စုများအတွက် ဘေးအန္တရာယ်ကို ဖိတ်ခေါ်နေသည့်ကိစ္စမှာ သူတို့ ယန်မျိုးနွယ်အားလုံး၏ စီးပွားရေးအောင်မြင်မှုပင်။ သူတို့အောင်မြင်လေလေ သူတို့၏ ချမ်းသာကြွယ်ဝမှုကို ဖော်ပြလေလေဖြစ်ရာ သူတို့၏အိမ်၊ အဆောင်၊ ဂေဟာများကို လုံခြုံသည်ထက်လုံခြုံအောင် ဘေးရန်ကင်းသည်ထက်ကင်းအောင် စီမံခန့်ခွဲလေတော့၏။

ယန်မျိုးနွယ်စုအားလုံးသည် စီးပွားရေးကောင်းသူများ ဖြစ်နေကြသည့်ပြင် သူဌေးကြီးယန်သည် တာ့ချန်မြို့၏ စီးပွားရေးဈေးကွက်ကို ချုပ်ကိုင်ထားသည့် သူဌေးကြီးငါးဦးအနက် တစ်ဦး အပါအဝင် ဖြစ်နေပြန်သေးသည်။

သူဌေးယန်၏ ကြီးမားကျယ်ဝန်းသော ခြံကြီးသည် လူမရှိသူမရှိ အမြဲတမ်း တိတ်ဆိတ်ငြိမ်သက်နေသည် မဟုတ်ပါ။ သူဌေးယန်သည် သူ့ခြံကို အလကားပစ်ထားသည် မဟုတ်ပါ။ ခြံကိုအချိန်ဖြင့်ဖွင့်ပေးပြီး သူ့ခြံထဲတွင် ဈေးရောင်းခွင့်ပေးသည်။ သူက ဆိုင်ခွန်ကောက်ခံသည်။

လူဆိုသည်ကလည်း အခက်သား။ အပြင်တွင် အခွန်အခ မပေးရဘဲ ရောင်းသည့်ဈေးများရှိသည်။ ထိုဈေးများတွင် မဝယ်ခြမ်းကြပေ။ သူဌေးကြီးယန်၏ ခြံထဲတွင် ဖွင့်လှစ်ရောင်းချသည့် ဈေးတွင် ဝယ်ယူသည့်ပစ္စည်းက ပိုကောင်းသယောင် ပြောနေကြသည်။ တကယ်တော့ ထိုဆိုင်များက ပစ္စည်းများသည်ပိုဈေးကြီးသည်။ သူတို့ကလည်း အခွန်ကို စို့စို့ပို့ပို့ ပေးနေရသည်ကိုး။

သူဌေးယန်၏ ခြံထဲကဆိုင်များကိုအမှီပြုပြီး သူဌေးယန်၏ ခြံနှင့်

မနီးမဝေးနေရာများ၌ စားသောက်ဆိုင်နှင့် လက်ဖက်ရည် ဆိုင်များ ရောက်ရှိစည်ကားလာသည်။

သို့သော် သူဌေးယန်သည် အလွန်စည်ကမ်းရှိ၏။ သတ်မှတ်ချိန် ကုန်ဆုံးသွားသည့်နောက်ပိုင်း ခြံထဲ၌ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မကျန်စေခဲ့ရပေ။ အမှိုက်တစ်ပင်မျှ မကျန်စေခဲ့ရပေ။ ထိုအချိန်မှစ၍ သူ့ခြံသည် အစောင့်အကြပ်တို့ဖြင့် လုံလုံခြုံခြုံ ရှိလာတော့သည်။

ထိုက်ချင်သည် ထိုအချိန်၌ ရောက်ရှိလာ၏။ ခြံထဲ၌ တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် ပြင်ပမှဆိုင်များလည်းလူမရှိတော့ပေ။ ထိုက်ချင်တစ်ယောက်သာ ယောင်တောင်တောင်ပေါင်တောင်တောင်ဖြင့် ကျန်ရစ်ခဲ့တော့သည်။

ထိုက်ချင်သည် ယခုတိုင် လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်လျက်ရှိနေသည်။ ဆိုင်အလုပ်သမားကလေးများသည်ပင် သန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိနေလေပြီ။

ဆိုင်ရှင်သည် သူ့ဆိုင်ကိုပိတ်လိုလှသည်။ သို့သော်တစ်ယောက်သောသူသည် ဆိုင်ကုလားထိုင်တွင်ထိုင်ကာ ငေးနေသည်။ ဆိုင်ထဲမှ လွယ်လွယ်နှင့်ထွက်မည့်ပုံမပေါ်။

ဆိုင်ရှင်သည် ငွေသိမ်း စားပွဲမှထကာ ထိုက်ချင်ထံသို့ လျှောက်လာ၏။ ထိုက်ချင်အနီး၌ရပ်လိုက်သောအခါ ထိုက်ချင်ကမော့ကြည့်ပြီး ပြုံးပြလိုက်သည်။ ဆိုင်ရှင်ဘာမှမပြောမီ ထိုက်ချင်ကဖြည်းညင်းစွာပြောသည်။

"အင်း . . အချိန်တောင် တော်တော်လင့်သွားပြီနော်"



"ဟုတ်တယ် အတော်လင့်သွားပါပြီ၊ လမ်းပေါ်မှာ လူမရှိတော့တာ ကြည့်ပါလား၊ ဆိုင်တွေလဲ ပိတ်ကုန်ပြီလေ"

ဆိုင်ရှင်က သူလိုချင်သည့်စကားကို ဆွဲပြောလိုက်သည်။

ထိုက်ချင်က . .

"ကျုပ်တောင်ပေါ်က ဆင်းလာတာ မကြာသေးဘူးဗျ၊ ဟိုရှေ့က ခြံကြီးထဲကအဆောင်တွေ သိပ်လှတာပဲနော်၊ ညီညီညာညာနဲ့အတော်ကြည့်ကောင်းတာပဲ"

ထိုက်ချင်က သူဌေးယန်၏ ခြံထဲမှ အဆောက်အအုံငယ်များကို လက်ညှိုးထိုးပြလိုက်သည်။ဆိုင်ရှင်ကပြုံးလိုက်သည်။

မြို့ထဲမှာ ဒီထက်လှတဲ့အိမ်တွေတောင် ရှိပါသေးရဲ့ဗျာ၊ ဒီအိမ်တွေ က ဘာဟုတ်သေးလို့လဲ၊ ခင်ဗျားကြည့်ချင်ရင် မြို့ထဲလျှောက်ကြည့်ပါလား၊ အချိန်တော့ရှိပါသေးတယ်'

ဆိုင်ရှင်က ထိုက်ချင်ကို တည့်တည့်မနှင်ပေ။ သွယ်ဝိုက်ပြီး ယဉ်ကျေးစွာ နှင်သည်။

ထိုက်ချင်ကလည်း သည်လောက်မအပါ။ အရိပ်အခြည်သိပါသေးသည်။ သူကလည်း အကြောင်းရှိ၍ ထိုင်နေရခြင်းသာ။

"ခင်ဗျားက ကျုပ်ကို ဒီလိုအထင်မမှားပါနဲ့၊ ညီတော်က ကျုပ်ဆိုင်ကို လာအားပေးတဲ့လူပဲ၊ ကျုပ်နှင်ထုတ်ရင် ကျုပ်လောက်မိုက်တဲ့လူ ရှိပါဦးမလား၊ ထိုင်ပါ၊ ထိုင်ပါ၊ ရပါတယ်"

ဆိုင်ရှင်က ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးသည်။

ထိုက်ချင်က ပြုံးပြီးမေးလိုက်သည်။

"ကျုပ်တစ်ခုလောက် မေးပါရစေ"

"မေးပါ၊ မေးပါ၊ တစ်ခုမဟုတ်ဘူး ကြိုက်သလောက် မေးနိုင်ပါတယ်"

"အဲဒီခြံက ဘယ်သူ့ခြံလဲဗျ"

ထိုက်ချင်က သူဌေးကြီးယန်၏ ခြံကို လက်ညှိုးထိုးညွှန်ပြပြီး မေးလိုက်သည်။ သိလျက်နှင့် တမင်မေးခြင်းသာ။

"ဟင် ညီတော်က နည်းနည်းလေးတောင် မသိဘူးလား၊ ဒါက သူဌေးကြီးယန်ရဲ့ ခြံလေ ဒီမြို့မှာ နာမည်ကျော်ပဲပေါ့"

ထိုက်ချင်က ခေါင်းတယမ်းယမ်းလုပ်သည်။

"အင်း ထူးဆန်းတယ်၊ ထူးဆန်းတယ်"

သူ့ဘာသာ တစ်ကိုယ်တည်းပြောသလို ရေရွတ်နေသည်။

ဆိုင်ရှင်စိတ်ဝင်စားသွားသည်။ ထိုက်ချင်အမူအရာနှင့် စကားက စိတ်ဝင်စားစရာ မဟုတ်ပါလား။

သို့သော် . . . ဆိုင်ရှင်သည် ကြန့်ဆည်လိုက်သည်။ သူ့စိတ်ဝင်စားမှုကို ချက်ချင်း ပြန်ထိန်းချုပ်လိုက်သည်၊ ဘာမန် သဘောမျိုးဖြင့် ရှုတ်တရက်မေးလိုက်သည်။

"ဘာတွေများ ထူးဆန်းနေလို့လဲ ညီတော်ရဲ့၊ ဒီခြံက ကျုပ်တို့အတွက်တော့ ဘာမှ မထူးဆန်းပါဘူး၊ အမြင်ရိုးနေလို့ လားတော့ မသိပါဘူးကွာ"

ထိုက်ချင်က ခေါင်းယမ်းပြီး ပြောပြန်၏။

"ထူးဆန်းသမှ သိပ်ထူးဆန်းတာပေါ့၊ ကျုပ်က မဟုတ်ဘဲနဲ့ ဘယ်တော့မှ မပြောပါဘူး၊ သာမန်မဟုတ်ဘူး"

ဆိုင်ရှင်မှာ ထိုက်ချင်၏ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်



မိတော့သည်။

"ဘာတွေများ ထူးဆန်းနေတာလဲ ညီတော်၊ ဒီခြံကြီးက ထူးဆန်းနေတာလား၊ အဆောင်တွေက ထူးဆန်းနေတာလား"

"ထူးဆန်းတယ်၊ သိပ်ထူးဆန်းတယ်"

"ဒီမှာ ငါ့ညီ၊ မင်းမြင်တာသိတာ ပြောပြစမ်းပါ၊ မင်းစားသောက်ခဲ့သမျှ တစ်ပြားမှမပေးပါနဲ့၊ ငါကမေတ္တာနဲ့ ကျွေးမွေးတာလို့ မှတ်လိုက်ပါ"

"မလိုပါဘူးဗျာ၊ ကျုပ်စားသောက်တဲ့ အဖိုးအခကို ကျုပ်ရှင်းပေးရမှာပေါ့၊ သူဌေးယန်ရဲ့ အိမ်မှာ ဒီရက်အတွင်း ပြဿနာတွေ တွေ့ရလိမ့်မယ်၊ သူဌေးယန်ကိုယ်တိုင် စိတ်မချမ်းမသာ ဖြစ်နေရလိမ့်မယ်"

ထိုက်ချင်က ထိုစကားကို ပြောလိုက်သောအခါ ဆိုင်ရှင်မှာ သိသိသာသာကြီး မျက်နှာပျက်သွားလေတော့သည်။

သူက တုန်ယင်သော လေသံဖြင့် မေးလာသည်။

"ညီ . . . ညီတော်၊ ဘယ်လိုလုပ် သိတာလဲဟင်"

ထိုက်ချင်က ကြန့်ရလေ၏။ လွန်စွာ မှင်သေလေ၏။ သူဌေးကြီးယန်၏ ခြံနှင့် ပတ်သက်ဆက်စပ်၍ ရတော့မည်ကို သူသဘောပေါက်လာသည်။ထိုက်ချင်က သူ၏ ချယ်ရီသားဓားကို စားပွဲပေါ်တင်လိုက်သည်။

"ကျုပ်ဓားကို ကြည့်စမ်း"

ဆိုင်ရှင်က ကြည့်လိုက်၏။

ထိုက်ချင်က ဓားကို ဓားအိမ်မှ တစ်ဝက်မျှ ထုတ်ပြလိုက်သည်။

ချယ်ရီသားမား၊ သစ်သားမား။

"ဒါ . . ဒါက သစ်သားမားကြီးပဲ"

"သစ်သားမားကို ကိုင်တာကို ကြည့်ပေါ့၊ မထူးဆန်းဘူးလား၊ သိုင်းသမားတွေမှာ သံမားကိုကိုင်ကြတယ်၊ သံမဏိမားကို ကိုင်ကြတယ်၊ အကောင်းဆုံး သံမဏိမားကို မြတ်နိုးကြတယ်၊ ဒီလူတွေကြားထဲမှာ ကျုပ်က သစ်သားမားပဲကိုင်တယ်"

"ဒါ . . ဒါနဲ့ သူဌေးကြီးယန်ရဲ့ ခြံနဲ့ ဘယ်လို ပတ်သက်လို့လဲ ညီ . . ညီတော်"

"ဆိုင်တာပေါ့၊ ကျုပ်ကတောင်ပေါ်မှာ သိုင်းပညာနဲ့ မှော်ပညာကို ဘုန်းတော်ကြီးတစ်ပါးဆီမှာ သင်လာခဲ့တာပဲ၊ဒီသစ်သားမားဟာ သိုင်းပညာမှာ အသုံးဝင်ရုံတင်မကဘူး၊ မှော်ပညာမှာလဲ အသုံးဝင်တယ်၊ ဒါဟာ ဆေးမားဗျ"

ဆိုင်ရှင်နောက်တွန့်သွား၏။ ဆေးမားနှင့် ဝေးကွာသွားစေရန် သူ့ခုံကို နောက်သို့ဆုတ်လေ၏။

"ခင်ဗျားတို့ လူကောင်းတွေအတွက် ဒီမားက ဘာမှအန္တရာယ်မရှိပါဘူး"

ဆိုင်ရှင်က သက်ပြင်းချလေ၏။

ထို့နောက် ဘေးဘီဝန်းကျင်ကို အကဲခတ်သည်။ သူတို့အနီးတွင် မည်သူမျှမရှိကြောင်း သေချာသောအခါ တီးတိုးမေးသည်။

"ညီ . . ညီတော်၊ သရဲဖမ်းနိုင်သလားဟင်"

"ဟား . . ဟား . . ဟား . . ကျုပ်မြင်တာမှန်နေပြီပေါ့၊ ခင်ဗျားဆိုလိုတာက သူဌေးကြီးယန်ရဲ့ ခြံထဲက သရဲကို ဖမ်းဖို့လား၊ ဒါမှ



မဟုတ် တခြားတစ်နေရာရာက သရဲကို ဖမ်းဖို့လား"

"ညီ . . ညီတော်က မှော်ဆရာပဲ၊ ဘယ်သရဲဖမ်းဖို့ဆိုတာ ညီတော်သိမှာပေါ့၊ ညီတော် သူဌေးကြီးယန်ရဲ့ ခြံကို စိတ်ဝင်စားနေကတည်းက အကြောင်းထူးပြီဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ဖမ်းခိုင်းတဲ့ သရဲကလဲ သူဌေးကြီးယန်ရဲ့ ခြံထဲမှာ သောင်းကျန်းနေတဲ့ သရဲကိုပါ"

ထိုက်ချင်က ,သူ့ချယ်ရီမားကို ကောက်ကိုင်လိုက်၏။

"ကျုပ်ဖမ်းပေးဖို့ မလိုတော့ဘူးဗျ"

"ဟင် . . ဘာ၊ ဘယ်လို"

ဆိုင်ရှင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထိုက်ချင်က လက်မဖြင့် ခြံဘက်သို့ထိုးညွှန်ပြလိုက်လေ၏။

"ကျုပ်ဖမ်းဖို့ မလိုတော့ဘူး၊ သရဲဖမ်းမယ့်လူက ခြံပေါက်ဝရောက်နေပြီဗျ"

ဆိုင်ရှင်သည် သူဌေးကြီးခြံဆီသို့ ကပျာကယာ လှည့်ကြည့်လိုက်သည်။သူဌေးကြီးယန်၏ ခြံတံခါးဝရှေ့၌ သူဌေးကြီး၏ တံခါးစောင့်နှင့် ဘုန်းတော်ကြီးတစ်ပါး စကားပြောနေကြောင်း တွေ့လိုက်ရသည်။

မကြာမီ တံခါးစောင့်က ဘုန်းတော်ကြီးအား တစ်စုံတစ်ခု ပြောပြီး ခြံထဲပြေးဝင်သွား၏။ သူဌေးကြီးယန်အား သွားရောက်အကြောင်းကြားခြင်း ဖြစ်ဟန်ရှိသည်။ မကြာမီ တံခါးစောင့်ပြန်ပေါ်လာပြီးဘုန်းတော်ကြီးအားခြံထဲသို့ပင့်ဆောင်သွားလေတော့သည်။

* * * * *

## အခန်း [၁၆]

## သရဲဖမ်းမည့် ဘုန်းတော်ကြီး

ဆိုင်ရှင်မှာ အံ့သြစွာလှမ်းကြည့်နေသည်။

"ဒါ . . ဒါ . . ညီတော်ရဲ့ဆရာလားဟင်"

ထိုက်ချင်က တဟားဟားရယ်လေတော့၏။

"သူ့ကိုလား"

"သူလဲ ဘုန်းတော်ကြီးပဲ၊ ညီတော်ရဲ့ဆရာကလဲ ဘုန်းတော်ကြီးပဲဆို"

"ကျုပ်ရဲ့ ဘုန်းတော်ကြီးက အမြဲတမ်းဘုရားမမှုနဲ့နေတဲ့ ဘုန်းတော်ကြီး၊ သိုင်းပညာသင်ပေးပေမယ့် ဒီပညာနဲ့ သူတစ်ပါးကို မနှိပ်စက်ဖို့ အမြဲဆုံးမနေတဲ့ဆရာ၊ သူ မှော်ပညာတတ်တယ်ဆိုပေမယ့်လဲ သူ ဒီပညာတတ်ကြောင်း ဘယ်သူ့ကိုမှ မသိစေတဲ့ဆရာ အခုဝင်သွားတဲ့ တရုတ်ဘုန်းတော်ကြီးကို ကျုပ်ရဲ့ဆရာနဲ့တန်းတူထားဖို့ မပြောနဲ့၊ ကျုပ်ရဲ့တပည့်အဖြစ်တောင် လက်မခံနိုင်ဘူး"

ထိုက်ချင်က ထိုသို့ပြောရခြင်းမှာ သူဌေးကြီးယန်၏ ခြံထဲဝင်



သွားသူမှာ အတုအယောင်ဘုန်းကြီးဖြစ်ကြောင်း သိနေသောကြောင့် ဖြစ်ပေသည်။ထိုက်ချင်၏လေသံက ကြီးကျယ်လှသဖြင့် ဆိုင်တာဝန်ခံ၏ မျက်ခုံးများမှာ ငယ်ထိပ်ပေါ် ရောက်မတတ် ပင့်တက်၊ မြင့်တက်သွားတော့သည်။ လူငယ်တစ်ယောက်အနေဖြင့် လေကြီးလွန်းလှသည်ဟု ပထမအကြိမ် သံသယဝင်သွားသည်။

ထိုက်ချင်က ဟန်ကြီးတစ်ခွဲသားဖြင့် ဆက်ပြောသည်။

"အင်း . . ဒါပေမယ့် သရဲဖမ်းတဲ့ အချိန်မှာတော့ ကျုပ်အနေနဲ့ ဝင်ကူပေးရမှာပဲ"

"ညီ . . ညီတော် တကယ်စွမ်းလို့လား"

"ဘာ . ."

ဆိုင်ရှင်မှာ ထိုက်ချင်၏အော်သံကြောင့် လန့်ဖျပ်သွား၏။

"ကျုပ် . . ကျုပ်ကို စိတ်မဆိုးပါနဲ့"

ထိုက်ချင်က လက်မထောင်လိုက်ပြီး . .

"ဒီမှာ ကျုပ်ပဆာ ငါးနှစ်သားကတည်းက တိမ်ဆက်တောင်ပေါ်မှာ သိုင်းပညာရော မှော်ပညာပါ လေ့လာသင်ကြားခဲ့တဲ့ လူပါဗျ၊ တကယ်မမြင်ဘဲနဲ့ ဘယ်တော့မှ ကျုပ်မပြောဘူး"

"သည်းခံပါ ညီတော်"

"ကိစ္စမရှိပါဘူး၊ ကျုပ်ဆရာက ကျုပ်ကို အမြဲတမ်း သည်းခံခိုင်းခဲ့တာပဲ၊ ကျုပ်အသက် ဘယ်လောက်ရှိနေပြီလို့ ခင်ဗျား ထင်သလဲ"

ဆိုင်ရှင်လန့်သွား၏။

"ငယ် . . ငယ်သေးတယ်လို့ အောက်မေ့တာပဲ'

"ဟွိ . . ဘယ်ကငယ်ရမှာလဲ၊ ကျုပ်ကို အသက်ဆယ့်ကိုး၊နှစ်

ဆယ်လောက်လို့ ခင်ဗျားထင်မှာပေါ့၊ ကျုပ်ရဲ့ အသက်မှန်ကသုံးဆယ့်ကိုးနှစ်ပဲ"

ဆိုင်တာဝန်ခံမှာ ထိုက်ချင်ကို စိတ်ထဲမှ မပြစ်မှားရဲတော့ချေ။ သူသည် အတန်ကြာမျှ စဉ်းစားပြီး . .

"ညီတော် . . ညီတော်ကသာ တကယ် ကူညီနိုင်မယ်ဆိုရင် ကျုပ်က သူဌေးကြီးယန်ကို ပြောပေးပါမယ်"

"ဘာပြောပေးမှာလဲ"

"သရဲဖမ်းတဲ့ကိစ္စပေါ့"

"ဒါက အသေးအဖွဲ့ပဲ"

"ကျုပ်လဲ ယုံပါတယ်၊ ဒါကြောင့်မို့ သူဌေးကြီးယန်ကို ကျုပ်ပြောပေးချင်ဘာပေါ့၊ ဒီလိုကိစ္စမျိုးမှာ သူဌေးကြီးယန်က သိပ်ရက်ရောပါတယ်၊ ဒါပေမယ့် . ."

ထိုက်ချင်သဘောပေါက်၏။

"ခင်ဗျား ဘာမှမပြောနဲ့တော့၊ ခင်ဗျားနဲ့ ကျုပ် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးကြတာပေါ့၊ ခင်ဗျားလဲ အကျိုးရှိစေရမယ်၊ ကျုပ်အဖို့ကတော့ ငွေရေး၊ ကြေးရေး ပြဿနာ မဟုတ်ပါဘူး"

ဆိုင်ရှင်မှာ ပုတ်သင်ပမာ ခေါင်းတဆတ်ဆတ်ညိတ်တော့သည်။

"ရပါတယ်၊ ရပါတယ်"

"ဒီလိုဆိုရင် ကျုပ် ဒီမှာ တည်းခိုရတော့မယ်၊ ခင်ဗျားနဲ့လဲ ဆွေးနွေးရင်းပေါ့၊ ညသန်းခေါင်ကျရင် ကျုပ်ကို သူဌေးကြီးယန် အိမ်ကို ပို့ပေး၊ ဒီအတောအတွင်းမှာတော့ ခင်ဗျားက သူဌေးကြီး



ယန်ကို သွားပြောပြပါ"

"ကောင်းတယ်၊ ဒီအစီအစဉ်သိပ်ကောင်းတယ်"

"ဒါဆို ခင်ဗျားနဲ့ ကျုပ် သဘောတူပြီပေါ့"

ဆိုင်ရှင် ခေတ္တမျှတွေဝေသွား၏။

"ကျုပ်တစ်ခုပဲ စိတ်ပျက်တယ်"

"ဘာလဲဗျ"

"ညီ . . ညီတော်၊ သရဲမဖမ်းနိုင်မှာကိုဘဲ"

"ဟား . . ဟား . . ဟား၊ ခင်ဗျားမယုံဘူးဆိုရင် သူဌေးကြီးယန်ကိုပြောပြပြီး သူနဲ့အတူစောင့်ကြည့်ပေါ့၊ မယုံမရှိနဲ့၊ ကျုပ် သရဲဖမ်းလာတာ အကောင်တစ်ရာကျော်နေပြီ၊ အခု . . ခင်ဗျားတကယ် စမ်းသပ်ချင်တယ်ဆိုရင် အဲဒီခြံထဲကသရဲကို ခင်ဗျားအိမ် ရောက်လာအောင် ကျုပ်အစီအရင်တစ်ခု လုပ်ပေးလိုက်ပါ့မယ်"

"ဗျာ . . မ . . မလုပ်ပါနဲ့၊ ကျုပ် . . ကျုပ်ယုံပါတယ်"

ဆိုင်ရှင်က အလန့်တကြားပြောသဖြင့် ထိုက်ချင်မှာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ် ထားလိုက်ရလေသည်။

သူဌေးကြီးယန်၊ သူဌေးကြီးယန်ဟု ကျော်ကြားနေသော ပုဂ္ဂိုလ်၏ နာမည်အပြည့်အစုံကား ယန်ချန်း ဖြစ်လေသည်။ သူသည် သာမန်ဆင်းရဲသားဘဝမှ ချမ်းသာလာသူဖြစ်၏။ အကြောင်းမသိသူများအတွက် သူသည်အံ့ထင်ကြီးစရာဖြစ်သော်လည်း အကြောင်းသိသူများအတွက်ကား နှာခေါင်းရှုံ့စရာ ဖြစ်ပေသည်။

သူသည် လွန်ခဲ့သောနှစ်ရက်ကပင် သရဲခြောက်ခံခဲ့ရ၏။ ထို့အတွက် သူ့ခမျာ လွန်စွာစိတ်ဆင်းရဲနေရပေသည်။ အရှုပ်ကြီး

ပြတ်ဖြစ်ကာ နေထိုင်မကောင်းဖြစ်နေရသည်။

သို့သော် တံခါးစောင့်က အပြေးအလွှားရောက်ရှိလာပြီး သရဲများကိုနိုင်နင်းသည့် ကွမ်းထုံဆရာတော်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြောင်း အကြောင်းကြားသောအခါ အိပ်ရာထဲလဲနေသည့် ယန်ချန်းသည် ချက်ချင်းပင် ငေါက်ခနဲ ထထိုင်တော့သည်။

သူ သရဲခြောက်ခံရသည့် ကိစ္စကို လူတိုင်းအား အသိမပေးခဲ့ပေ၊ သူနှင့်ရင်းနှီးသူအချို့၊ သူ့အိမ်ဂေဟာအမှုထမ်းများနှင့် ရင်းနှီးသူအချို့သာ သိခဲ့ကြပေသည်။

ကွမ်းထုံဆရာတော်က ထိုကိစ္စအတွက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်ဆိုသောအခါ ရေနစ်နေသူသည် ကောက်ရိုးမျှင်လေးတစ်မျှင်ကို အားကိုးဆွဲယူသကဲ့သို့ သူလည်း ကွမ်းထုံဆရာတော်အား လွန်စွာအားကိုးမိလေတော့၏။ သူဌေးကြီးယန်သည်အိမ်တော်အမှုထမ်းအချို့တွဲလျက် ကွမ်းထုံဆရာတော်ကို ကြိုဆိုသည်။

သူဌေးကြီးယန်သည် ကွမ်းထုံဆရာတော်က သူ့ခြံထဲ၌ သရဲခြောက်နေကြောင်း မည်ကဲ့သို့ သိနေသည်ဆိုသည့်အချက်ကို သူသိလိုနေ၏။ သူသည် ကွမ်းထုံဆရာတော်အတွက် လိုလေသေးမရှိကပ်လှူသည်။ ကွမ်းထုံဆရာတော်သည် ဥပမိရုပ် လွန်စွာခန့်ညား၏။ လေသံမှင်မောင်းလည်း ကောင်းသည်။ သူဌေးကြီးယန်သည် ဆရာတော်အား ဧည့်ထောက်ဧည့်ခံစကားပြောနေရာမှ ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည်။

"ဒါထက် စကားမစပ်၊ ဘုန်းတော်ကြီးက ဒီကို ဘယ်လိုလုပ် ရောက်လာရတာလဲ ဘုရား"



ကွမ်းထုံဆရာတော်က တဟားဟားရယ်လေ၏။

"ဒါများ ဆန်းတာမှတ်လို့"

"တပည့်တော်တို့အတွက်တော့ ဆန်းနေသလိုပါပဲ၊ ဆရာတော်က တံခါးစောင့်ကို သရဲဖမ်းနိုင်တယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ အဲဒီကိစ္စကို ဆရာတော် ဘယ်လိုလုပ်သိပါသလဲ"

"အဲဒါ ပြောတာပေါ့၊ ဒကာကြီးအတွက်သာ ဆန်းတာ၊ ကျုပ်တို့အတွက်တော့ မဆန်းပါဘူး၊ အမှန်က ဒကာကြီးဆီ ရည်ရွယ်ပြီး ကျုပ်လာတာ မဟုတ်ဘူး၊ ကျုပ်ကိစ္စက ကျားဖမ်းတောင်မှာရှိတာ၊ ကျားဖမ်းတောင်ကို ကျုပ်ထွက်လာတာ၊ ဒီခြံရှေ့လဲရောက်ရော၊ ဒကာကြီးရဲ့ အိမ်ခေါင်မိုးမှာ သရဲငွေ့စုန်းငွေ့တွေဝေနေတာ တွေ့တော့မဖြစ်ချေဘူး၊ ငါဝင်မှဆိုပြီး ဝင်လာခဲ့တာပဲ"

သူဌေးကြီးယန် မျက်မှောင်ကြုတ်လိုက်သည်။

"သရဲငွေ့၊ စုန်းငွေ့ ဟုတ်လား"

ကွမ်းထုံဆရာတော်က ယန်ချန်းကို ကြည့်ပြီးရယ်လေ၏။

"ဟား . . ဟား . . ဟား . . ဒါလဲ ဒကာကြီးအဖို့ ထူးဆန်းနေတာပဲလား၊ ဘာမှမထူးဆန်းပါဘူး၊ ဒါက မှော်ပညာမတတ်တော့ စုန်းငွေ့၊ သရဲငွေ့ကို ဘယ်မြင်နိုင်မလဲ"

"တပည့်တော် မသိလို့မေးပါရစေ၊ ဒီအိမ်မှာ ဖြစ်ပျက်နေတာက သရဲရော၊ စုန်းရောလား"

ကွမ်းထုံဆရာတော် မျက်နှာပျက်သွား၏။ သို့သော် ယန်ချန်း မသိနိုင်အောင် ဣန္ဒြေဆည်လိုက်နိုင်သည်။

"ဟဲ . . ဟဲ . . ဟဲ . . သရဲနဲ့စုန်းနဲ့တော့ မတူပါဘူး၊ ဒကာကြီး

အိမ်မှာ ခြောက်နေတာက သရဲပါ၊ ကျုပ်က အောက်လမ်းလောကီပညာရပ်စကားနဲ့ ခြုံငုံပြောလိုက်တော့ သရဲရော၊ စုန်းရောပါသွားတာပေါ့၊ ဒကာကြီးက စိတ်ဝင်စားတယ်ဆိုရင်တော့ မှော်ပညာနဲ့ပတ်သက်ပြီး ကျုပ် သင်ပေးပါဦးမယ်"

ယန်ချန်း ခေါင်းခါလိုက်၏။

"တပည့်တော် စိတ်မဝင်စားပါဘူး ဘုရား၊ တပည့်တော်လိုချင်တာက တပည့်တော်ကိုခြောက်လှန့်နေတဲ့ သရဲတွေ ပျောက်သွားစေဖို့ပါပဲ ဘုရား"

"ပျောက်စေရမယ်၊ ပျောက်စေရမယ်၊ ကျုပ်ပြောတဲ့ အစီအမံတွေ လုပ်ပေးနိုင်ရင် ဒီသရဲ ဘယ်ပြေးနိုင်မှာလဲ"

"အရှင်ဘုရားက ဘာပစ္စည်းတွေ အလိုရှိပါသလဲ ဘုရား"

ကွမ်းထုံဆရာတော်က အမွှေးတိုင် ဖယောင်းတိုင်၊ စဥ့်အိုးစဥ့်ခွက်နှင့် အမွှေးအကြိုင်ရနံ့များကို ပြင်ဆင်ပေးရန် ပြောသည်။

"ဒါတွေ လွယ်ပါတယ် ဘုရား၊ အားလုံး အဆင်သင့်ရှိစေရပါမယ်"

"ဒါဆို စိတ်ချစမ်းပါ၊ ကျုပ်သရဲဖမ်းလာတာ မနည်းတော့ပါဘူး၊ ဒီသရဲကို ကွဲခနဲနေအောင် ကျုပ်ဖမ်းပြမယ်၊ ဒကာကြီး မျက်မြင်ကိုယ်တွေ့ဖြစ်စေရမယ်၊ အဲ . . အဲ . . သရဲကို ဖမ်းဖို့ ဂါထာမန္တန်စုပ်တာကျတော့ သိပ် . . သိပ်မလွယ်လှဘူး"

ကွမ်းထုံဆရာတော်သည် အဓိပ္ပါယ်ပါသော မျက်လုံးများဖြင့် ယန်ချန်းကို ကြည့်လိုက်၏။စီးပွားရေးသမား ဖြစ်နေပြီဖြစ်သော ယန်ချန်းက ချက်ချင်း သဘောပေါက်သည်။



"အရှင်ဘုရားသာ သရဲကိုဖမ်းနိုင်ပါစေ၊ တပည့်တော်က အရှင်ဘုရားကို လျှံငွေငါးရာ လှူပါ့မယ်"

ကွမ်းထုံဆရာတော်၏ မျက်နှာမှာ ပျားရည်လောင်းချခံလိုက်ရသကဲ့သို့ ချိုမြိန်သွားလေ၏။ဆရာတော်က ပြုံးရယ်ပြီး ပြောသည်။

"စိတ်ချစမ်းပါ၊ ကျုပ်ဒကာကြီးအတွက် ကူညီဖို့ ကျုပ်ကသက်သက်ဝင်လာခဲ့တာပဲ၊ ကဲ . . ကျုပ်ရေချိုးမယ်၊ ရေချိုးပြီးလိမ်းဖို့ သနပ်ခါးရည် လုပ်ခိုင်းစမ်းပါဦး"

သူဌေးကြီးယန်ချန်းသည် သူ၏ လူယုံတော် တစ်ယောက်အား လိုအပ်သမျှ အဆင်သင့်လုပ်ထားရန် အမိန့်ပေးလိုက်ရာ လူယုံတော်လည်း လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

အတန်ကြာသော်ထိုလူယုံတော် ပြန်လည်ရောက်ရှိလာလေ၏။

"သခင်ကြီး အားလုံး အဆင့်သင့်ဖြစ်ပါပြီ"

ထိုအခါ ကွမ်းထုံဆရာတော်နှင့်သူဌေးကြီးယန်ချန်း တို့ထရပ်လိုက်ကြလေတော့၏။ ယန်ချန်းက လူယုံတော်အား အမိန့်ပေးလိုက်သည်။

"လင်ကျက် . . ဆရာတော်ကို ရေချိုးခန်းထဲ ပို့ပေးလိုက်၊ လိုအပ်တာတွေ မင်း စီစဉ်ပေးလိုက်"

"ဟုတ်ကဲ့ ကျွန်တော်အားလုံး အဆင်သင့်လုပ်ထားပါတယ်၊ ကြွပါဆရာတော်"

လင်ကျက်က ဆရာတော်အား ရေချိုးခန်းဆီသို့ ပင့်ဆောင်သွားလေတော့သည်။

✻ ✻ ✻ ✻ ✻

## အခန်း (၁၇)

## ဆူတောင်းသံ

ညဥ့်သည် မှောင်မည်းနေလေ၏။ မှောင်မိုက်သည့်အတွက် အပြစ်မတင်နိုင်ပေ။ လမိုက်ရက် ညဥ့်သန်းခေါင်အချိန်မှ မမှောင်လျှင် မည်သည့်အချိန်မှောင်မည်နည်း။

ပုရစ်အသံ၊ ပိုးမွှားအော်မြည်သံသည် ဆူညံနေ၏။ လေတိုက်ခတ်သဖြင့် သစ်ရွက်များလှုပ်ရှားသံ၊ သစ်ပင်သစ်ကိုင်းများ ပွတ်တိုက်သံတို့ကို ကြားနေရသည်။ ထိုအသံများက ချောက်ချားစရာကောင်းနေသည်။

ထိုအချိန်၌ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် သူဌေးကြီးယန်ချန်းမှာ အိပ်ရာထဲ၌မလှဲနိုင်တော့ပေ။ ထထိုင်ရတော့သည်။

သူ မျက်စိမျက်နှာပျက်လာပြီ။ နဖူးမှ ချွေးသီးချွေးပေါက်များ ကျလာလေပြီ။ ခွေးအူသံသည် ပျောက်မသွားပေ။ တစ်ကောင်အူပြီး နောက်တစ်ကောင်ဆက်အူ၊ နောက်တစ်ကောင်ဆက်အူ၊ ဤသို့ဆက်အူနေသဖြင့်ခွေးအူသံမှာ မဆုံးနိုင်တော့ဘဲဖြစ်နေတော့သည်။

မှောင်မိုက်သောညသည် သူဌေးကြီးယန်ချန်းကို အကြီးအ



ကျယ် စိတ်ဒုက္ခပေးလျက်ရှိနေလေပြီ။ သူဌေးကြီးသည် အိပ်ရာထဲ ထိုင်မနေဝံ့တော့ပေ။ အားကိုးရာ ရှာရတော့သည်။ ညနေကမှ ရောက်လာသော ကွမ်းထုံဘုန်းတော်ကြီးရှိရာ ဧည့်ဆောင်သို့ထွက် လာရတော့သည်။

ဧည့်ဆောင်၌ ကွမ်းထုံဆရာတော်ကြီးထိုင်နေလေသည်။ မျက်စိမျက်နှာအပျက်ပျက်ဖြင့် ထွက်လာသည့် သူဌေးကြီးယန်ချန်းကို အပြုံးအားဆေး တိုက်ကျွေးလိုက်၏။

"သူတို့ လာနေကြပြီ၊ ဒကာကြီး သိပ်ကြောက်နေသလား"

ယန်ချန်းက ကြွခြွေဆည်သည်။ သို့သော် သူ့ကြိုးစားမှုမှာ အရာမရောက်ပါ။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေမြဲသာ။

ယန်ချန်းက ကြိုးစားပြီးပြုံးလိုက်၏။ သူ့အပြုံးကမပီချေ။ ပြုံးမဲ့မဲ့ကြီးဖြစ်နေသည်။

"ဆရာတော် အစွမ်းပြဖို့အချိန်တန်ပြီထင်တယ်"

"မှန်တာပေါ့၊ ဒါကျုပ်အချိန်ပဲ၊ ကျုပ်ကဒီကို အလကား လာတာမှ မဟုတ်တာ၊ အစွမ်းပြဖို့လာတာပဲ၊ ပညာပြဖို့လာတာပဲ၊ ဒီလိုမှမဟုတ်ဘူးဆိုရင် ကျုပ်ကျားဖမ်းတောင်ကို ရောက်နေလောက်ပြီပေါ့"

ကွမ်းထုံဘုန်းတော်ကြီးက အပျင်းဆန့်ရင်း ပြောလေ၏။

"တပည့်တော် အားကိုးပါတယ်ဘုရား"

"ဟဲ . . . ဟဲ . . . ဟဲ . . . အားကိုးလောက်မလောက် ဆိုတာကို ဒကာကြီးတို့ မကြာခင်သိရမှာပေါ့ . . ဟဲ . . . ဟဲ . . . ဟဲ၊ အားကိုးလောက်ပြီဆိုတာကို သိတဲ့အခါမှသာ"

"စိတ်ချပါဘုရား၊ တပည့်တော်က ကျေးဇူးကန်းတတ်တဲ့ လူမ

ဟုတ်ပါဘူး၊ အလကားနေရင်းတောင် လျှဒါန်းနေတဲ့ဥစ္စာ၊ တပည့်တော်အကျိုးကို ထောက်ရှုပေးတဲ့ အရှင်ဘုရားကို တပည့်တော် ဘယ်လျစ်လျူပြုနိုင်မှာလဲ"

"ကောင်းပါလေ့ဒကာကြီး၊ ဘုန်းကြီးကလဲအစွမ်းပြမှာပါ၊ ကဲ. ဒကာကြီးတို့ပုန်းနေကြ၊ ဒါပေမယ့် ဘုန်းကြီးဘယ်လောက်စွမ်းတယ် ဆိုတာကိုတော့ဒကာကြီးတို့ချောင်းကြည့်နိုင်တယ်၊ကျုပ်ခွင့်ပြုတယ်"

ကွမ်းထုံဆရာတော်သည် ဝင့်ကြွားစွာပြောရင်း သရဲနှင့်ရင် ဆိုင်ရန် ထရပ်လိုက်လေ၏။

"အီး . . အီး . . အီး . . "

"အူး . . အူး . . အူး . . "

ခွေးအူသံတို့ကား မအူသေး။ ဆက်လက်အူနေတုန်းပင်။ ခွေး အူသံသည် ခြံနောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ခြံနောက်ဘက်တွင် ပန်းခြံငယ်ကလေးတစ်ခု ပြုလုပ်ထား သည်။ ထိုခြံဝင်း၏အလယ်တွင် စားပွဲတစ်လုံးခင်းကျင်းထားသည်။

ထိုစားပွဲပေါ်တွင် သစ်သီးဝလံများ၊ သားစိမ်းငါးစိမ်းများ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့် အခြားလိုအပ်သည့် ပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားသည်။ အားလုံးကို ကွမ်းထုံဘုန်းတော်ကြီး၏ အမိန့်အရ ပြင်ဆင်ထားခြင်းဖြစ်သည်။

ကွမ်းထုံဘုန်းတော်ကြီးသည် လှေကားထစ်များမှ ဆင်းသက် လာပြီး စားပွဲဆီသို့ ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာ၏။ ဉာဏ မှောင်ထဲ အကြောက်အရွံ့မရှိလျှောက်သွားသော ဘုန်းတော်ကြီးမှာ လွန်စွာမှ သတ္တိကောင်းသည်ဟု သူဌေးကြီးယန်ချန်းစိတ်ထဲမှ



ပြောနေမိလေ၏။

ကွမ်းထုံဆရာတော်သည် စားပွဲဘေး၌ရပ်ကာ အမွှေးတိုင်များ ကို မီးညှိသည်။ ဆေးဖယောင်းတိုင်များကို မီးထွန်းညှိသည်။

အမွှေးတိုင်များကို လေထဲ၌ဝှေ့ယမ်းလိုက်သောအခါ ဖြူဖြူ မှိုင်းမှိုင်း မီးခိုးငွေ့များက လေထဲ၌ လွင့်မျောတက်သွားသည်။

ထို့နောက် နားထောင်ပါက သာသာယာယာရှိသည့် ဂါထာ မန္တန်တစ်ပုဒ်ကို အသံနိမ့်အမြင့်ဖြင့် ရွတ်ဆိုလေရာ ထိုအသံသည် သူဌေးကြီးယန်ချန်းရှိနေသည့် အဆောင်သို့တိုင် လွင့်ပျံ့လာလေ တော့သည်။

ထိုဂါထာမန္တန်ဆုံးသောအခါ စက္ကူဝါတစ်ရွက်ကို ချယ်ရီသား ခားပေါ်တွင်ချိန်ပြီး ဖယောင်းတိုင်ဖြင့် မီးထွန်းပြန်လေ၏။ ထိုအဝါ ရောင်စက္ကူကား အင်းကွက်များ ရေးဆွဲထားသည့် စက္ကူပင်တည်း။

ထို့နောက် ရွှေစက္ကူ ငွေစက္ကူများကို မီးရှို့ပြန်သည်။ နီရဲသော မီးတောက်ကလေးများတက်လာသည်။ မီးငြိမ်းသွားသောအခါမူ သစ်သားအုန်းမှုတ်ကို တတောက်တောက်ဖြင့် ခေါက်လေတော့ သည်။

မကြာမီ ကွမ်းထုံဆရာတော်ကြီးနှင့် ဖြူဖြူအရိပ်ရှည်ကြီးတို့ ရင်ဆိုင်ရပ်နေကြတော့၏။ ဘုန်းတော်ကြီးကား သရဲနှင့်ပက်ပင်း တွေ့နေချေပြီ။

မြင့်မားသော သရဲရိပ်သည် နီရဲသောမျက်လုံးများဖြင့် ကွမ်း ထုံဘုန်းတော်ကြီးကို ကြည့်နေ၏။ သရဲ၏ဦးခေါင်းဟု ထင်ရသော အရာသည် တလှုပ်လှုပ်ဖြစ်လာ၏။

"ကွမ်းထုံ မင်း ဘာလာရှုပ်ပြန်တာလဲ"

လိုက်သံပါသော အသံအောအောကြီးသည် အကာလညအခါ၌ ကြက်သီးထဖွယ်ရာ ထွက်ပေါ်လာ၏။

သူဌေးကြီးယန်သည် သူ့အဆောင်တံခါးကိုဟ၍ ချောင်းကြည့်နေ၏။ သရဲရိပ်ထံမှ အသံအောအောကြီးကို ကြားလိုက်ရသောအခါ ခြေဖျားလက်ဖျားများ တုန်ယင်နေသဖြင့် တံခါးစေ့အောင် မနည်းကြိုးစားပြီးပိတ်ရသည်။

ထိုစဉ် . . .

"ဖုန်း"

"ဂလွမ်း"

ထိုအသံများသည် ကွမ်းထုံ၏ ပန်းခြံကလေးထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကွမ်းထုံဘုန်းတော်ကြီး၏ မပီမသ ရေရွတ်လိုက်သော ညည်းညူသံကိုလည်း ကြားလိုက်ရသလိုရှိ၏။ သူဌေးကြီးယန်ချန်းမှာ ပုံလဲကျမတတ်ဖြစ်သွားတော့သည်။ လဲမကျသွားစေရန် သူ့ကိုယ်သူ အတော်ထိန်းသိမ်းလိုက်ရသည်။

သို့သော်၊ မကြာမီ . .

"တောက် . . တောက် . . တောက်"

"ရှိ . . ရှိ . . ရှိ . . "

သစ်သားအုန်းမှုတ်ခေါက်သံနှင့် လေချွန်သံသည် ဆက်လက်ထွက်ပေါ်လာရာ ယန်ချန်းသည် ကွမ်းထုံဆရာတော်ကြီး အတွက် အတော်စိတ်သက်သာရာ ရသွားသည်။ သစ်သားအုန်းမှုတ်သံက ကွမ်းထုံဆရာတော် အသက်ရှင်လျက်ရှိခြင်းကို ပြသသည့်အသံ



ဖြယုဂ်ပင် မဟုတ်ပါလား။

"ဖုန်း"

"ဖုန်း"

လဲပြိုသံလိုလိုအသံများ ကြားရပြီးနောက် သစ်သားအုန်းမှုတ်ခေါက်သံသည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

"ဘုန်းတော်ကြီး ကောင်းရာသုဂတိလားပါစေ"

ထိုအသံကား သူဌေးကြီးယန်ချန်းက ကွမ်းထုံတရုတ်ဘုန်းတော်ကြီးအတွက် မျက်စိမှိတ် ဆုမွန်ကောင်းတောင်းလိုက်သည့် အသံပေတည်း။

* * * * *

## အခန်း [၁၈]

## ကညီသူ

ယန်ချန်းသည် သူ မည်မျှကြာအောင် မျက်စိမှိတ်ဆုတောင်း မှန်းမသိတော့ပေ။ သူရှိနေသည့်အခန်းတံခါးကို တစ်စုံတစ်ယောက် လာခေါက်သောအခါမှ မျက်စိဖွင့်တော့သည်။ သူ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်နေလေပြီ။

"ဒေါက် . . ဒေါက် . . ဒေါက်"

"ဘယ်သူလဲ"

ယန်ချန်းသည် ခြောက်ကပ်စွာ ထွက်လာသော သူ့အသံကို ပင် ငါ့အသံမှမဟုတ်ပါလေစဟု တွေးတောမိလေ၏။

အပြင်ဘက်မှ အသံပေါ်လာသည်။

"ဒကာကြီးရဲ့အသံတွေ တုန်နေပါကလား၊ ဘာဖြစ်လို့လဲ၊ ကျုပ်က ချောင်းကြည့်ဖို့ အခွင့်ပေးထားလျက်နဲ့ ဒကာကြီးက ချောင်းမကြည့်ဘဲ ငြိမ်ကုပ်နေသလား"

အသံရှင်ကား ကွမ်းထုံဆရာတော်ကြီးပေတည်း။

ယန်ချန်းသည် ထခုန်မိမတတ် ဝမ်းသာသွား၏။ သူသည် ချက်ချင်းပင်ထရပ်ကာ တံခါးသွားဖွင့်ပေးလိုက်သည်။

တံခါးဝ၌ ကွမ်းထုံဆရာတော်ကြီးသည် ကြွားဝင့်စွာရပ်နေ



လေသည်။ ယန်ချန်းကခြောက်သွေ့နေသည့် သူ့နှုတ်ခမ်းများကို လျှာဖြင့်သပ်လိုက်ပြီး . .

"သရဲ ဖမ်းပြီးသွားပြီလား"

ကွမ်းထုံဘုန်းတော်ကြီးက ပြုံးလျက် ခေါင်းကိုခါယမ်းလိုက်ရာ ယန်ချန်းမှာ လွန်စွာစိတ်ပျက်သွားလေတော့၏။

ယန်ချန်းက မျက်နှာအပျက်ပျက်ဖြင့် မေးခွန်းထုတ်လိုက်သည်။

"ဘာဖြစ်လို့ သရဲမဖမ်းတာလဲ၊ သူတို့ကို ဆရာတော်မနိုင်လို့လား"

"ဒီလိုတော့ မဟုတ်ဘူး၊ ကျုပ်ရဲ့စည်းကမ်းအရ မဖမ်းလိုက်တာပါ"

ကွမ်းထုံဆရာတော်ကြီး၏ စကားက သူဌေးကြီးယန်ချန်းကို ပို၍ မျက်စိမျက်နှာပျက်စေသည်။

"ဘာဖြစ်လို့လဲ၊ ပထမပြောတုန်းကတော့ ဒီစည်းကမ်းတွေ မပါဘူး"

"ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ်သရဲနဲ့ အတော်ကလေးကြာအောင် စကားပြောလိုက်ရတယ်၊ ဒီသရဲတွေဟာ ဒကာကြီးနဲ့ ရန်ငြိုးရှိတယ် ဆိုပဲ၊ သူတို့မတရားခံလိုက်ရတာပါတဲ့၊ သရဲကတစ်ကောင်တည်း တောင်မဟုတ်ဘူး၊ သုံးကောင်ဖြစ်နေတယ်၊ သရဲသုံးကောင်ဆိုတော့ ကျုပ်လဲ အတော်ကလေး ကသောင်းကနင်းဖြစ်သွားတယ်၊ ဒါပေမယ့် ကျုပ်အစွမ်းကမသေးတော့ ပြန်ထိန်းလိုက်နိုင်ပါတယ်၊ ကျုပ်သာညံ့ရင် ကျော်မကောင်း ကြားမကောင်းဖြစ်ပြီး ကျုပ်သေပြီ"

သူဌေးကြီးယန်ချန်းမှာ ဘာမျှ စကားမပြောနိုင်ပေ။

ကွမ်းထုံဆရာတော်ကြီးက ဆက်ပြော၏။

"အဲဒီသရဲတွေက သူတို့အဆိပ်ခတ်ခံရပြီး သေတာလို့ပြောတယ်၊ ကျုပ်တစ်ခုလောက် မေးချင်တယ်၊ ဒကာကြီးမှန်မှန်ပြောစမ်းပါ၊ ကျုပ်က ဒကာကြီးရဲ့အကျိုးကို ဆောင်ပေးနေတဲ့လူပဲ၊ ဘာမှ ကျုပ်ကိုမစိုးရိမ်ပါနဲ့၊ အဲဒီသရဲ . . အဲ . . အဲ . . သူတို့ မသေခင်က သူတို့အပေါ် ဒကာကြီး ဘာများမတရားလုပ်ခဲ့ဖူးသလဲ"

ကွမ်းထုံဘုန်းတော်ကြီး၏ စကားမဆုံးမီမှာပင် သူဌေးကြီး ယန်ချန်းသည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွားလေ၏။ သူ့မျက်နှာမှာ သွေးမရှိတော့သလောက် ဖြူရော်သွားသည်။ သူ့တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲရွှဲစိုနေသည်။ ယန်ချန်း၏ နှုတ်ခမ်းများမှာ တဆတ်ဆတ် တုန်လှုပ်နေ၏။ သူသည် ကွမ်းထုံဘုန်းတော်ကြီး၏ စွမ်းရည်ကို တကယ်ပင် ယုံကြည်ခဲ့ချေပြီ။

"ဆရာတော် . . ဆရာတော် မကယ်နိုင်တော့ဘူးလား ဘုရား"

ကွမ်းထုံဘုန်းတော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အင်း . . ဒီလို အကြောင်းဆက်ကလေးတွေ ရှိနေတာကိုး၊ ဖြစ်ရမယ်လေ၊ အခု ဒီသရဲသုံးကောင်က သေမင်းဆီကအမိန့်ရပြီး ဒကာကြီးကို လက်စားချေဖို့လာကြတာ၊ ဒါမျိုးဟာ ကြံ့တောင့်ကြံ့ခဲပါပဲ"

ယန်ချန်းသည် ကွမ်းထုံဆရာတော်၏ ခြေအစုံကို လက်နှစ်ဘက်ဖြင့် ပြေးဖက်ကာ လှိုက်လှဲစွာတောင်းပန်တော့သည်။

"ဆရာတော် . . ကျုပ်ကိုကယ်ပါ လိုတာပြောပါ၊ ကျုပ် . . ကျုပ် တတ်နိုင်တာအားလုံး လုပ်ပေးပါ့မယ်"



ယန်ချန်း၏စကားကြောင့် ကွမ်းထုံ ဘုန်းတော်ကြီးသည် အလွန်တရာ ဝမ်းသာသွား၏။ ငါတော့ပွပြီဟု အော်မိမတတ် ဖြစ်သွားသည်။ သို့သော် သူသည်ဣန္ဒြေဆည်ပြီး မျက်နှာကြီးကို ရှုံ့မဲ့လိုက်သည်။

"အိမ်း . . ဒကာကြီးတို့မှာ အကြောင်းဆက်တွေ ရှိနေတော့ ဒီသရဲတွေကို ကျုပ်လွယ်လွယ်နဲ့ နှင်လို့မရဘူး၊ ဖမ်းဖို့ဆိုတာတော့ ဝေးရော၊ ဒါပေမယ့် ကျုပ်ရဲ့စွမ်းအားတွေကို ညှစ်ထုတ်သုံးမယ် ဆိုရင်တော့တစ်မျိုးပေါ့လေ၊ အဲဒီလိုသုံးလိုက်ရင် ကျုပ်လဲဒုက္ခိတ မဖြစ်ရုံတမည်ခံရမှာပဲ၊ အဲဒီအခါမှာ ကျုပ်တောင်ပေါ်ပြန်ရမယ်၊ အနည်းဆုံး ငါးနှစ်ခြောက်နှစ်လောက် အဆင့်ပြန်တက်ရမယ်၊ အင်းအတော့်ကို ဆိုးရွားတဲ့ အခြေအနေပါကလား"

ဆရာဈော်သည် ညည်းညူရင်းမှ ဆက်ပြောပြန်သည်။

"အဲဒီ ငါးနှစ်ခြောက်နှစ်ဆိုတာ ခန့်မှန်းခြေပြောတာနော်၊ ကျုပ်ကိုယ်ကျုပ် တကယ်ပြန်ကုသရင် ဆယ်နှစ်ကြာချင်လဲကြာမယ်၊ တောင်ပေါ်ကမဆင်းဘဲ ကုသရမှာဆိုတော့ ကျုပ်ရော ကျုပ်ကိုအားကိုးနေတဲ့ တပည့်တွေပါ အားလုံးဒုက္ခရောက်မယ့်ကိန်းပဲ"

ထိုအခါ ယန်ချန်းက ဖြတ်၍ ဝင်ပြောလာလေ၏။

"ဆရာတော် . . တပည့်တော်အတွက်သာ ကူညီဆောင်ရွက်ပေးတော်မူပါ၊ ဆရာတော်နဲ့တပည့်တွေအတွက် တပည့်တော်တာဝန်ယူပါတယ် ဘုရား"

"ဒကာကြီးစဉ်းစားနော်၊ ကျုပ်တို့ရဲ့စားဝတ်နေရေးအတွက် တာဝန်ယူမယ်ဆိုတာ လျှံငွေတစ်သောင်းလောက် ကုန်ကျမယ့်သ

ဘောရှိတယ်နော်၊ နည်းနည်းနောနောငွေ မဟုတ်ပေဘူး၊ အင်း ကျုပ်ဘက်ကလဲ စဉ်းစားရဦးမယ်၊ အဆိုးရွားဆုံး ဖြစ်သွားရင် ကျုပ်တောင် သေချင်သေသွားနိုင်တဲ့ ကိစ္စကိုး"

ယန်ချန်းသည် နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း . . .

"တပည့်တော်မှာ လောလောဆယ်ဆယ် လုံငွေတစ်သောင်း မရှိပေမယ့် ရှာပေးနိုင်ပါတယ်ဘုရား"

"အင်းလေ . . လုံငွေတစ်သောင်းရဖို့ ဆိုတာကလဲ လွယ်တဲ့ကိစ္စမှ မဟုတ်တာ၊ ကျုပ်အတွက် အဓိကမဟုတ်ဘူးလို့ပဲ ထားလိုက်ပါတော့၊ ကျုပ်တပည့်တွေအတွက်ကတော့ အရေးကြီးတယ်၊ ဒီတော့ ဒကာကြီးက လုံငွေတစ်သောင်း ပေးနိုင်တဲ့အခါကျတော့မှပဲ ကျုပ်ဆီလာခဲ့ပေါ့၊ အဲဒီအခါကျတော့မှ ကျုပ်လဲဒကာကြီးအတွက်ဆောင်ရွက်ပေးသင့် မပေးသင့် စဉ်းစားတော့မယ်"

ကွမ်းထုံဘုန်းတော်ကြီးသည် ပြန်ရန်အတွက် ထရပ်လိုက်၏။

တကယ်တော့ ဟန်လုပ်ပြီး ခြိမ်းခြောက်လိုက်ခြင်းသာ။

သူ့ဆင်ကွက်ထဲသို့ ယန်ချန်း တန်းဝင်လာ၏။ သူသည် ကွမ်းထုံဆရာတော်၏ ခြေထောက်ကို ဖမ်းဆုပ်ကိုင်လိုက်၏။

"ဆရာတော် . . တပည့်တော်ကို ကယ်တော်မူပါ၊ ပစ်မသွားပါနဲ့ဘုရား၊ အခုတပည့်တော်ဆီမှာ လုံငွေ ခုနှစ်ထောင်၊ ရှစ်ထောင်လောက်ရှိပါတယ်၊ ကျန်ငွေကို တပည့်တော်မရောက်ရောက်အောင်ပို့ပေးပါမယ် ဘုရား"

ယန်ချန်းသည် ကွမ်းထုံဘုန်းတော်ကြီးကို သနားစဖွယ်တောင်းပန်နေလေတော့၏။



ကွမ်းထုံဆရာတော်ကြီးသည် ခေတ္တမျှ စဉ်းစားလေဟန် ဟန်ဆောင်လိုက်သည်။ ယန်ချန်းကို အပိုင်ချည်တုပ်ပြီးပြီ ဖြစ်၍ ငွေရဖို့အတွက်ကား စိတ်အေးနေလေပြီ။

"အင်းလေ . . ဒကာကြီးတို့လို လူသားတွေ ဒုက္ခရောက်နေရင် ကယ်တင်ရမှာက ကျုပ်တို့ ဝတ္တရားပဲ၊ ကဲ . . ကဲ . . ရှိတဲ့ ငွေပဲသွားယူခဲ့ပါ၊ ကျုပ်ကဒကာကြီးကို ကယ်တင်ပြီးတာနဲ့ အကြီးအကျယ်ကျန်းမာရေးချို့ယွင်းတော့မှာ၊ အင်း ဒုက္ခ၊ ဒုက္ခ၊ လူသားတစ်ဦးရဲ့ အသက်ကို ကိုယ့်ဒုက္ခနဲ့လဲပြီး ကယ်တင်ပေးရတော့မှာပါလား"

ယန်ချန်းသည် ဝမ်းမြောက်ဝမ်းသာထလိုက်၏။ ငွေကိုသူထပ်ရှာနိုင်သေးသည်။ အသက်ကိုကား သူထပ်မရှာနိုင်တော့ပေ။သူသည် သူ၏အိပ်ခန်းအတွင်းသို့ အလျင်အမြန် ပြန်ဝင်သွားလေ၏။

ကွမ်းထုံဘုန်းတော်ကြီးကား အခန်းထဲရှိ ကုလားထိုင်တွင် အခန့်သားထိုင်နေတော့သည်။ သူ့အဖို့ ငွေတောင်းရုံမှ တစ်ပါး အခြားအလုပ်မရှိတော့ပြီ။ ရှိသည့်အလုပ်ကလည်း စည်းဝါးကိုက်ထားသည့်အလုပ်ဖြစ်၍ ပြဿနာမရှိချေ။

ထိုအချိန်မှာပင် ယန်ချန်းသည် ငွေထုပ်ကြီးကို မနိုင့်တနိုင်ဆွဲမပြီး ကွမ်းထုံဘုန်းတော်ကြီးရှေ့သို့ ချပေးလိုက်လေ၏။

ကွမ်းထုံဘုန်းတော်ကြီးသည် ငွေထုပ်ကြီးကို ပီတိဖြစ်စွာ ကြည့်နေလေ၏။ ငွေထုပ်ကြီးမှာ ကြီးမားလေးလံနေသဖြင့် အထုပ်သေးကလေးကဲ့သို့ သင်္ကန်းအတွင်း သို့ဝှက်သိမ်းဆည်းရန် မလွယ်ပေ။ ထို့ကြောင့် သူ့ဘေးမှာသာ ချထားရသည်။

"နောက်ထပ် အစီအရင်တစ်ခု လုပ်စရာ ကျန်သေးတယ်၊ အဲဒါ

ကတော့ ရွှေတစ်ပိဿာကို ကျုပ်ရေးပေးတဲ့အင်းနဲ့ အတူ ခြံရဲ့အနောက်မြောက်ထောင့်မှာ မြှုပ်ထားရမယ်၊ ဒကာကြီးကိုယ်တိုင် မသိအောင်လုပ်ထားရမယ်၊ ခုနှစ်ရက်မပြည့်မချင်း အဲဒီနေရာကို ပရိတ်ရေလောင်းပေးရမယ်၊ ခုနှစ်ရက်ပြည့်ပြီးရင်တော့ ဒကာကြီးပြန်ယူလို့ ရပါပြီ၊ ကျုပ်ပြောတာ နားလည်တယ်နော်"

ကွမ်းဘုန်းတော်ကြီးပေါ် ယုံကြည်သက်ဝင်သွားပြီ ဖြစ်၍ ယန်ချန်းမှာ ခေါင်းတဆတ်ဆတ် ညိတ်နေရတော့သည်။

"တပည့်တော် တိတိကျကျ ဆောင်ရွက်ပါ့မယ်ဘုရား"

"ကဲ . . ဒါဆိုရင် ကျုပ် သရဲဖမ်းဖို့ ထွက်တော့မယ်"

ကွမ်းထုံဘုန်းကြီးသည် ထရပ်ပြီး ငွေထုပ်ကြီးကို ကိုင်လိုက်၏။ ငွေထုပ်ကြီးကို ဆွဲမလိုက်သောအခါ အတော်ကလေး လေးလံနေကြောင်း တွေ့ရှိရသည်။ ကွမ်းထုံဘုန်းတော်ကြီး အနည်းငယ်ခေါင်းခဲသွား၏။ ဤငွေထုပ်မျိုးကို လက်မှဆွဲပြီး ကြန္ဒြေရရ ထွက်နိုင်မည်မဟုတ်ပေ။ ထမ်းထွက်မှသာ ရပေမည်။ ထမ်းလျှင်လည်း ဘုန်းကြီးဖြစ်နေ၍ ယန်ချန်း အရှိအသေတန်သွားမှာ စိုးရိမ်ရသေးသည်။

ထိုအချိန်မှာပင် တံခါးခေါက်သံကြားလိုက်ရသဖြင့် ကွမ်းထုံဘုန်းကြီးရော ယန်ချန်းပါ မျက်မှောင်ကြုတ်သွား၏။

"အချိန်မတော် ဘယ်သူများပါလိမ့်"

ကွမ်းထုံဘုန်းကြီးက ခပ်တိုးတိုးရေရွတ်၏။

သူကား ငွေထုပ်ကိုထမ်း၍ ခြံအတွင်းမှ ထွက်လိုလှချေပြီ။

ထိုစဉ် တံခါးသည် ကျွီခနဲပွင့်သွား၏။ ခြံတံခါးစောင့်နှင့်လက်ဖက်ရည်ဆိုင်ရှင်သည် တံခါးဝ၌ပေါ် လာကြသည်။ စင်စစ်ထိုလက်



ဖက်ရည်ဆိုင်မှာ သူဌေးကြီးယန်ချန်း၏ စီးပွားခွဲ လက်ဖက်ရည်ဆိုင်ကလေးသာဖြစ်သည်။ ဆိုင်ရှင်မှာ သူဌေးကြီးယန်ချန်း၏လူယုံတော်တစ်ယောက်ပင် ဖြစ်သည်။

တံခါးစောင့်က ယန်ချန်အားဦးညွှတ် ဂါရဝပြုပြီးနောက် သူ့တာဝန် ပြန်ထမ်းဆောင်ရန် ထွက်သွားလေသည်။ သူက လက်ဖက်ရည်ဆိုင်ရှင်ကို အဆောင်ထဲသို့ လိုက်ပို့ခြင်း ဖြစ်ပေသည်။

ယန်ချန်းက မျက်မှောင်ကြုတ်မေးလိုက်၏။

"ကြီးလျှံ . . အချိန်မတော်ကြီး မင်းဘာလာလုပ်တာလဲ၊ အရေးကိစ္စရှိရင် မနက်ကျမှပြောပေါ့၊ မင်းအခုလာတဲ့အချိန်ကို ကြည့်ပါဦး၊ မင်းလုပ်တာက လူဆိုးသူခိုးတွေကိုလမ်းပြသလို ဖြစ်နေမယ်"

ကြီးလျှံက ယန်ချန်းအား ဦးညွှန်ဂါရဝပြုလေ၏။

"အချိန်မတော် အချိန်တော် သူဌေးကိုလာနှောင့်ယှက်နေရတဲ့အတွက် ကျွန်တော်စိတ်မကောင်းပါဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"နိဒါန်းတွေ ချီမနေစမ်းပါနဲ့၊ ဘာကိစ္စနဲ့ မင်းဝင်လာတာလဲ၊ ပြောစရာရှိတာ မြန်မြန်ပြောစမ်း"

ကြီးလျှံက ကွမ်းထုံဘုန်းကြီးကို တစ်ချက်ဝေ့ကြည့်လိုက်၏။ အထုပ်ကြီးတကိုင်ကိုင်ဖြင့် ဂနာမငြိမ်ဖြစ်နေသော ပုဂ္ဂိုလ်ကို ကြည့်ပြီး ကြီးလျှံ ပြုံးချင်သလိုဖြစ်သွားသည်။

"ကျွန်တော့် မိတ်ဆွေတစ်ယောက်က သူဌေးကြီးရဲ့ ခြံထဲကသရဲကိုဖမ်းပေးနိုင်တယ်ဆိုလို့ ကျွန်တော်လာပို့တာပါခင်ဗျာ"

ထိုစကားကြောင့် ယန်ချန်းသည် ကွမ်းထုံဘုန်းကြီးကို တစ်ချက်လှမ်းကြည့်လိုက်ရာ ကွမ်းထုံဘုန်းကြီး တုန်သွားတော့သည်။ မျက်စိ

မျက်နှာပျက်သွားတော့သည်။ သို့သော် ကွမ်းထုံဘုန်းကြီးသည် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

ယန်ချန်းအဖို့ကား ဤသတင်းမှာသတင်းကောင်းပင်။ သရဲဖမ်းပေးမည့်သူများလေ၊ သူဘေးကင်းလေပင် မဟုတ်ပါလား၊ ထို့ကြောင့်ခေါင်းညိတ်လိုက်ပြီး လိုလိုလားလားပင်မေးလိုက်၏။

"ဘယ်မှာလဲ . . သရဲဖမ်းမယ့်မင်းရဲ့ မိတ်ဆွေ"

ထိုစဉ် . .

"ကျုပ် ကြီးလျှံရဲ့နောက်မှာ ရှိပါတယ် သူဌေး"

မှောင်ထဲ၌ရပ်နေသည့် ထိုက်ချင်သည် ရှေ့သို့တိုးလာပြီး ပြောလိုက်၏။

"ကျုပ်နာမည် ထိုက်ချင်ပါ၊ ကြီးလျှံက ကျုပ်ရဲ့မိတ်ဆွေပါပဲ"

ထိုက်ချင်က သူ့နာမည် သူပြောပြီး မိတ်ဆက်လိုက်၏။ ထိုက်ချင်ကို မြင်သည်နှင့် ကွမ်းထုံဘုန်းကြီးသည် တဟားဟား ရယ်လေတော့သည်။ ကွမ်းထုံဘုန်းကြီး ကြောက်နေသည်မှာ အတွေ့အကြုံရင့်ကျက်မည့် အသက်ကြီးကြီး သိုင်းဆရာကြီးမျိုး ဖြစ်သည်။ ယခုကဲ့သို့ လူငယ်လေးတစ်ယောက်ကိုမူ သူလုံးဝမစိုးရိမ်ချေ။

"ဟား. . ဟား. . ဟား. . ဒီနို့နံ့မစင်သေးတဲ့ကလေးက သရဲဖမ်းမလို့တဲ့လား၊ မင်းတို့ဟာက မဟုတ်သေးပါဘူးကွာ၊ မတော်တလျော်တွေ လျှောက်မလုပ်ကြပါနဲ့၊ တော်ကြာသရဲက ကုပ်ချိုးသတ်လို့သေတဲ့ကိစ္စမှာ မင်းတို့အမှုပတ်ပြီး လူသတ်မှု ဖြစ်နေပါဦးမယ်"

ထိုက်ချင်က ကြီးလျှံကိုဘေးသို့ဖယ်စေပြီး အခန်းထဲသို့ချင်းနင်းဝင်လိုက်သည်။ ဘုန်းကြီးလိမ်နှင့်သူ ထိပ်တိုက် ရင်ဆိုင်တွေ့ချေပြီ။



ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြပြီဆိုခြင်းမှာ ဤအဖြစ်မျိုးပင်။

"နေစမ်းပါဦး၊ ကျုပ်ကို နို့နံ့မစင်သေးတဲ့ ကလေးလို့ ပြောရလောက်အောင် ဘုန်းကြီးက ကျုပ်အသက်ကိုသိနေလို့လား"

ထိုက်ချင်က ကွမ်းထုံ ဘုန်းကြီးအား တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက်လေ၏။

"ဟား . . . ဟား . . . ဟား . . . မင်းအတော်ကို ရိုင်းတဲ့ကလေးပါလား၊ မင်းအသက်အလွန်ဆုံးရှိမှ နှစ်ဆယ်ပေါ့ကွာ"

ထိုအခါ ထိုက်ချင်သည် အူတက်မတက်ရယ်လေတော့၏။ စင်စစ် ထိုက်ချင်မှာ လောကအတွေ့အကြုံ နည်းပါးသူဖြစ်သည်။ သို့သော် သူသည် ဉာဏ်ကောင်းပြီး မီးစင်ကြည့်ကတတ်သူ ဖြစ်၍သာ ဤမျှသရုပ်ပါပါ ဟန်ဆောင်နိုင်ခြင်းဖြစ်ပေသည်။

"ဟား . . . ဟား . . . ဟား . . . ဘုန်းကြီးကဘယ်ဆိုးလို့လဲ အသက်ခန့်မှန်းတာ တော်သားပဲ"

"ဟဲ . . ဟဲ . . ဟဲ . . ငါမသိဘဲရှိပါ့မလားကွာ၊ ကွမ်းထုံတဲ့ကွ၊ နာမည်တစ်လုံးနဲ့ နေတဲ့လူကွ၊ ငါပြောတာမှန်နေပြီ မဟုတ်လား"

ကွမ်းထုံက ရယ်ရင်းပြောလေ၏။

"ဘုန်းတော်ကြီး၊ အရှင်ဘုရား ခန့်မှန်းတာနဲ့ သူ့ရှိရင်းအသက် လွဲနေပါတယ် ဘုရား"

ထိုစကားကို ဝင်ပြောသူမှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကြီးလျှံဖြစ်သည်။

ကွမ်းထုံဘုန်းကြီးက . . .

"ဘယ်လောက်များ လွဲနေလို့လဲ"

"ဆယ့်ကိုးနှစ်လောက်ပါ"

ထိုစကားကို ထိုက်ချင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားကို ကြားသောအခါ ကွမ်းထုံဘုန်းကြီးမှာ မယုံနိုင်လောက်အောင်ပင် ဖြစ်သွား၏။

"ဘာ . . . ဆယ့်ကိုးနှစ် ဟုတ်လား"

"ဟုတ်တယ် ကျုပ်အသက်မှန်က သုံးဆယ့်ကိုးနှစ်ဗျ"

"သုံးဆယ့်ကိုးနှစ် ဟုတ်လား၊ မဖြစ်နိုင်ဘူး"

"ဘုန်းကြီး၊ ဘုန်းကြီးက ကာယကံရှင်ထက် ပိုသိနိုင်ဦးမှာလား"

"ဟား . . ဟား . . ဟား . . တော်စမ်းပါကွာ၊ ငါ့ကို ရယ်စရာတွေ လာပြောမနေစမ်းပါနဲ့"

ထိုအခါ ထိုက်ချင်က မျက်နှာထားဖြင့် ပြောလိုက်သည်။

"အင်း . . မှော်ပညာရှင် တစ်ယောက်ရဲ့ အသက်ကိုတောင်မှ မခန့်မှန်းနိုင်ဘဲနဲ့ သူက သရဲဖမ်းပေးမယ် ပြောနေသေးတယ်၊ ဘုန်းကြီး . . ခင်ဗျားသာ မှော်အတတ်ကို တကယ်တတ်ခဲ့တဲ့လူဆိုရင် 'မှော်ဝင်ရုပ်ပျို နုရွှမ်းစို' ဆိုတဲ့ ရုပ်ပျိုကိုယ်နုဆေးအကြောင်း ကြားဖူးရမှာပေါ့၊ ခုတော့ ဘာတစ်ခုမှမသိဘဲနဲ့ သရဲဖမ်းမယ်လို့ ကြွားလုံးထုတ်နေသတဲ့လား၊ ကျုပ်က ဆယ့်လေးနှစ်သားကတည်းက ဒီပညာကို လေ့လာခဲ့တာဗျ"

ကွမ်းထုံဘုန်းကြီးမှာ ထိုက်ချင် ဝင်လာကတည်းက စိတ်မသက်မသာ ဖြစ်နေခဲ့လေပြီ။ ယခုကဲ့သို့ သူ့အား တိတိလင်းလင်း စိန်ခေါ် နေသည့်အခါ သူတို့၏ လျှို့ဝှက်အကြံအစည်သည် တစ်စုံတစ်ခု စည်းပေါက်သွားပြီကို သူရိပ်မိလိုက်ပြီး ဖြစ်ပေသည်။ ဤနေ



မပျက်စေရန် ဆက်လက်ဟန်ဆောင်နေရခြင်းဖြစ်ပေသည်။

"ငါတော့ မင်းပြောတဲ့ ရုပ်ပျိုကိုယ်နုဆေးဆိုတာ မကြားဖူးဘူး"

ကွမ်းထုံဘုန်းကြီးက ခေါင်းယမ်းပြီး ပြောလေ၏။

ထိုက်ချင်က မျက်နှာတင်းတင်းဖြင့် ပြောသည်။

"ဒါကို မကြားဖူးတာ ဘာဆန်းလို့လဲ၊ တခြား ခင်ဗျားမသိတာတွေ အများကြီးရှိသေးတဲ့ဥစ္စာ"

ထိုက်ချင်၏ အမူအရာမှာ လွန်စွာဒေါသထွက်စရာ ကောင်းလှသော်လည်း ကွမ်းထုံဘုန်းကြီးမှာ ဒေါသမထွက်နိုင်ချေ။ သရဲ ဆိုသည်မှာ တကယ်မရှိ။ သူတို့ထွင်ထားသည့် ထွင်လုံးနောက်သို့ ဤထိုက်ချင်ဆိုသည့် ချာတိတ်ကလေး လက်ဝင်လျှိုဝင်လာခြင်း၏ နောက်ကွယ်၌ ဘာရှိမှန်းမသိသဖြင့် သူ့ဒေါသကို သိမ်းဆည်းထားရခြင်းဖြစ်ပေသည်။

ထိုက်ချင်သည် ဆိုင်ရှင် ကြီးလျှံကို လှည့်ကြည့်ပြီး . .

"မိတ်ဆွေကြီး ကြီးလျှံ၊ ခင်ဗျား အပြင်ခဏထွက်ပေးပါ၊ ကျုပ်သူဌေးကြီးယန်နဲ့ အတွင်းစကားပြောချင်လို့"

"ဟာ . . . ရပါတယ်၊ သရဲဖမ်းတဲ့ကိစ္စမှာ ကျုပ်လဲ သိပ်ကြည့်ရဲမြင်ရဲတာမဟုတ်ဘူး၊ အပြင်က ကျုပ် စောင့်နေပါ့မယ်"

ထိုက်ချင်သည် ကြီးလျှံ အပြင်ရောက်သည်အထိ စောင့်နေပြီးမှ တံခါးကို ပိတ်လိုက်၏။ အခန်းထဲ၌သူ၊ ယန်ချန်းနှင့် ကွမ်းထုံဘုန်းကြီးတို့မှတစ်ပါး အခြားမရှိတော့ပေ။

ထိုက်ချင်က သူဌေးယန်ကို စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

"ရှင်းရှင်းပြောရမယ်ဆိုရင် သူဌေးက လူသုံးယောက်အပေါ် မတရားလုပ်ရာက ဒီပြဿနာပေါ်လာရတာပဲ၊ ဒါကြောင့်ဘာသာရေးဘက်က ပုဂ္ဂိုလ်တွေက လူတွေကိုစိတ်ကောင်းထားဖို့ ဟောပြောကြတာပဲ"

ထိုက်ချင်က ပဏာမ နိဒါန်းချီလိုက်သည်။

ထို့နောက်ဆက်လက်၍ . . .

"သူဌေး မတရားလုပ်လိုက်တဲ့ လူသုံးယောက်သေတော့ သူဌေးကို စိတ်မကျေဘူး၊ သူဌေးကို ကလဲ့စားချေချင်တယ်၊ မကောင်းမှုဟာ မကောင်းကျိုးပြန်ပေးတာပဲ"

ထိုက်ချင်စကားသည် ယန်ချန်းကိုသာမက ကွမ်းထုံဘုန်းကြီးကိုပါ အကြီးအကျယ် အံ့အားသင့်သွားစေသည်။

ကွမ်းထုံဘုန်းကြီး၏ စိတ်ထဲ၌ ဤလူငယ်သည် သူတို့၏ရန်သူပေလောဟုတွေးပြီး မျက်မှောင်ကြုတ်ကြည့်နေလေ၏။

တကယ်တော့ ထိုက်ချင်၏စကားက ယန်ချန်းနှင့် ကွမ်းထုံဘုန်းကြီးတို့၏ အသည်းနှလုံးများကို တစ်မျိုးစီ ဆွဲယမ်းလှုပ်ခါလိုက်ခြင်းပင်ဖြစ်သည်။

ယန်ချန်းက သူ့မတရားမှုအတွက် တုန်လှုပ်ခြင်းဖြစ်ရသလို ကွမ်းထုံဘုန်းကြီးကလည်း သူတို့အုပ်စု၏ လိမ်လည်မှုအတွက် တုန်လှုပ်ရခြင်းဖြစ်ရပေသည်။

ယန်ချန်း ချွေးပြန်သလို ကွမ်းထုံဘုန်းကြီးချွေးပြန်နေရလေပြီ။ သရဲရှိသည်၊ ဘာဘာညာညာ ထွင်လုံးထုတ်သည့်ကိစ္စကို သူ၊ လောင်တ၊ လောင်ချစ်၊ ပေါင်ပေါင်နှင့် မျောက်ကလေးတို့သာ သိ



ကြသည်။ ယခုအဘယ်ကြောင့် ထိုထွင်လုံးအတိုင်း ထိုက်ချင်က မှင်သေသေ ဝင်လျှောက်နေရသနည်း။

မီးခိုးငွေ့လွှင့်ထုတ်ခြင်း၊ ခွေးအူခြင်း လူနှစ်ရပ်ခန့်သရဲရုပ်ပြုလုပ်ထားခြင်းတို့ကို ခြံပြင်မှ သူ့အုပ်စုများက အယောင်ဆောင်ပေးခဲ့ကြခြင်းဖြစ်သည်။ ထိုက်ချင်၏ အမူအရာမှာ ထိုကိစ္စများကို ဖော်ထုတ်မည့် ပုံသဏ္ဍာန်မရှိသေးသော်လည်း မရှိသည့်သရဲကို အရှိလုပ်လာပြီး မှင်နှင့်မောင်းနှင့် ဟန်ကောင်းကောင်း ဝင်ပြောလာခြင်းက ထိုက်ချင်ကို သံသယဝင်စရာဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေ သူသည် ဘုန်းကြီးအစစ်မဟုတ်ချေ။ ဘုန်းတော်ကြီးအတုဖြစ်နေသည်။ ထို့ကြောင့် ချွေးပြန်နေရသည်။

ထိုက်ချင်သည် သူဌေးယန်ထံမှ ငွေညှစ်လိုသူလော၊ သူတို့၏ အကြံအစည်ကို ဖျက်ဆီးမည့်သူလော ဆိုသည့်အချက်ကို မတွေးနိုင်ခဲ့ချေ။ နောက်ဆုံး၌ ကွမ်းထုံသည် ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချမှတ်လိုက်လေ၏။

"ဒီမှာဒကာကြီး၊ ကျုပ်တစ်ခုပြောမယ်၊ အခုသရဲဖမ်းမယ့် ကိစ္စကို လုပ်ချင်တဲ့လူကများလာပြီ၊ ကျုပ်ကလည်း လုပ်ချင်လွန်းလို့ မဟုတ်ဘူး၊ ဒကာကြီးကို သနားလွန်းလို့ ဝင်ကူညီရတာ၊ အခုလုပ်ချင်တဲ့ တခြားလူတစ်ယောက်ပါလာပြီဆိုတော့ ဒီကိစ္စကို ကျုပ်မလုပ်တော့ဘူး၊ ကျုပ် အလျှော့ပေးလိုက်မယ်"

သူသည် ငွေထုပ်ကြီးကို ကောက်ထမ်းလိုက်ပြီး ခြေလှမ်းကျဲဖြင့် တံခါးဆီသို့ လျှောက်သွားလေတော့၏။ သို့သော် . . သူ တံခါးဝသို့ မရောက်ပါ။ ထိုက်ချင်က သူ့ထွက်လမ်းကို ပိတ်ရပ်လိုက်သော

ကြောင့် ဖြစ်သည်။

ထိုက်ချင်က ပြုံးတုံ့တုံ့ဖြင့် ပြော၏။

"ဘယ်သွားမလို့လဲ၊ ကျုပ် သရဲဖမ်းတာလေးတော့ ကြည့်သွားစေချင်ပါသေးတယ်၊ သိပ်လဲ အလျင်မလိုပါနဲ့"

"မင်း မရှုပ်နဲ့၊ ဖယ်စမ်း"

ထိုစဉ် သူဌေးယန်က ဝင်ပြောလာ၏။

"ကွမ်းထုံဆရာတော် . . အရှင်ဘုရား သရဲမဖမ်းချင်တော့ဘူးဆိုရင်လဲရပါတယ်၊ အဲဒီအတွက် အဖိုးအခအဖြစ်ယူထားတဲ့ တပည့်တော်ရဲ့ ငွေထုပ်ကြီးတော့ ချထားခဲ့ပါဦး၊ ဒီလို မတော်မတရားတော့ ယူမသွားပါနဲ့၊ အရှင်ဘုရား ဘာသရဲမှဖမ်းပေးခဲ့တာလဲ မဟုတ်ဘူး"

ကွမ်းထုံဒေါသထွက်သွား၏။ ငွေထုပ်ကြီးကို ထမ်းထားလျက်မှ ထိုက်ချင်ကို လက်သီးဖြင့် လှမ်းထိုးတော့သည်။

ထိုက်ချင်က ထိုလက်သီးချက်ကို ပွတ်ကာသီကာရှောင်ပေးပြီး ဆုပ်ကိုင်လိုက်၏။ ကိုယ်တစ်ခြမ်းစောင်း၊ ခါးကိုင်းကိုင်ပေါက်လိုက်သောအခါ ကွမ်းထုံမှာ သစ်ပင်ကြီးပြိုကျသလို ဝုန်းခနဲလဲကျသွားတော့သည်။

ထိုက်ချင်က ရယ်ရယ်မောမောပြောလေ၏။

"သူဌေးယန် . . ဒီလူလိမ်လူညာကို ကြိုးနဲ့တုပ်ထားလိုက်စမ်းပါ၊ တော်ကြာ ခင်ဗျားငွေတွေကို ဘုံးပြေးနေဦးမယ်"

"အီး . . အီး . . အီး"

"အူး . . အူး . . အူး"

"ရှီး . . ရှီး . . ရှီး"



ထိုစဉ် ခွေးအူသံနှင့် လေချွန်သံများ ထွက်ပေါ်လာတော့သည်။

ထိုအသံများကို ကြားလိုက်ရသောအခါတွင် ကွမ်းထုံဘုန်းကြီး ရှင်လန်းအားတက်သွားသည်။

သူဌေးကြီးယန်ချန်းကမူ မျက်နှာပျက်သွား၏။ သို့သော် . . သူ့ငွေထုပ်ကြီးကိုတော့ ပြန်ဆွဲထားသည်။

ကွမ်းထုံက သူဌေးကြီးယန်ချန်းကို ခပ်ပြုံးပြုံးကြည့်ပြော၏။

"ဟင်း . . ဟင်း . . ဟင်း . . ကျုပ်ကိုကြိုးနဲ့ တုပ်စရာမလိုပါဘူး၊ မကြာခင် ကျုပ်လိမ်သလား၊ ဒီသူငယ်လိမ်သလားဆိုတာ ပေါ်လာတော့မှာပါ"

ကွမ်းထုံဘုန်းကြီး၏ ရဲဝံ့ပိုင်နိုင်သော အမူအရာကြောင့် ယန်ချန်းပင် တွေဝေသွားသည်။

ကွမ်းထုံဘုန်းကြီးက ထိုက်ချင်ကိုပြုံး၍ကြည့်ပြီး . .

"ကဲ . . သူငယ်၊ မင်းရဲ့ ပညာစွမ်း ဘယ်လောက်ထက်တယ်ဆိုတာ ဘုန်းကြီး ကြည့်လိုက်ပါရစေ"

ထိုက်ချင်ပြုံးနေသည်။ ရိုတိတိလှောင်တောင်တောင် လုပ်နေသော ဘုန်းကြီးလိမ်ကို ဆုံးမမှဖြစ်တော့မည်ဟု ထိုက်ချင်ဆုံးဖြတ်လိုက်လေ၏။

"ဘုန်းကြီးက ကျုပ် အစွမ်းကို ကြည့်ချင်တယ်ဆိုတော့ ကျုပ်က လဲမပြလို့ ဘယ်ဖြစ်တော့မှာလဲ၊ ပြရတော့မှာပေါ့"

ထိုက်ချင်သည် စကားဆုံးသည်နှင့် လျှပ်ပြက်သလို လျင်မြန်စွာ လှုပ်ရှားလိုက်၏။ သူ့လက်ညှိုးက ကွမ်းထုံဘုန်းကြီး၏ မေ့ကြောကို လှမ်းထောက်လိုက်သည်။

ကွမ်းထုံဘုန်းကြီးလိမ်က ထိုက်ချင်အား စိန်ခေါ်ပြီး သရဲဖမ်းနိုင်းခြင်းမှာ ခွေးအူသံ၊ လေချွန်သံပေးသည့် လူများသည် သူ့လူများဖြစ်သောကြောင့်တည်း။

ထိုက်ချင် မည်မျှမော်ပညာတတ်စေ၊ ယခုရောက်ရှိနေမည့် သရဲများကို မောင်းထုတ်နိုင်မည်မဟုတ်ဟု သူသိနေပေသည်။ အကြောင်းမှာ သရဲများမှာ အစစ်မဟုတ်ဘဲ သရဲတုများဖြစ်နေသောကြောင့်တည်း။

ယခု ထိုက်ချင်က အစွမ်းပြမည်ဟုပြောရင်း သူမေ့ကြောကို လျှပ်တစ်ပြက်ထောက်လိုက်သောအခါ ကွမ်းထုံဘုန်းကြီးမှာ ရှောင်တိမ်းချိန်ပင် မရလိုက်ဘဲရှိလေ၏။ သူသည်ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲကျသွားတော့သည်။

ထိုက်ချင်ကရယ်သည်။

"ဟဲ . . ဟဲ . . ဟဲ . . ဒီသရဲတွေကိုမနှိမ်ခင် ဒီ ဘုန်းကြီးလိမ်ကို အလျှင်နှိမ်ထားရတယ်၊ ကဲ . . သူဌေးယန်၊ ကျုပ်ပြောသလိုလုပ်စမ်းဗျာ၊ သူ့ကိုကြိုးတုပ်လိုက်ပါ၊ တကယ်လို့ မေ့ကြောပြေသွားရင်လဲ သူ လှုပ်ရှားခွင့်မရအောင်ပေါ့"

ထိုအခါ ယန်ချန်က ထိုက်ချင်အား အားစက်စက်ပြောလေတော့၏။

"ဟုတ်ပါပြီ၊ သူကလူလိမ်လူညာဖြစ်ပြီထားပါတော့၊ မင်း လူလိမ်လူညာမဟုတ်ဘူးဆိုတာကော ငါက ဘယ်လိုယုံရမှာလဲ"

ထိုက်ချင်ကပြုံးလိုက်၏။

"ကျုပ်က တကယ်သရဲဖမ်းလိုက်မယ်ဆိုရင် . . ."



ယန်ချန်း ခေါင်းညိတ်လေ၏။

"ဒါဆိုရင် ငါယုံမယ်၊ တကယ်လို့မင်းက သရဲဖမ်းမပေးနိုင်ဘူးဆိုရင်ရော . ."

"ဒါဆို ကျုပ်ရှုံးပြီလေ၊ ခင်ဗျားကြိုက်သလို အပြစ်ပေးတော့၊ အဲ . . ဒါပေမယ့် သရဲဖမ်းတဲ့အခါမှတော့ ကျုပ်ကိုကူညီရမယ်၊ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားဆောင်ရွက်ပေးရမယ်"

သူဌေးယန်ချန်းသည် ကွမ်းထုံနှင့်ဆက်ဆံရသည်ထက် ထိုက်ချင်နှင့် ဆက်ဆံရသည်က အခွင့်အရေးသာလှသဖြင့် လွန်စွာမှပင် ကျေနပ်သွားသည်။

"စိတ်ချ၊ ငါလုပ်ပေးမယ်"

"ကောင်းပြီ၊ သူဌေးရဲ့လူတွေထဲက သတ္တိကောင်းတဲ့သူ ဆယ်ယောက်လောက်လိုချင်တယ်၊ သူတို့ဟာ သိုင်းပညာလဲ အသင့်အတင့်တတ်ကျွမ်းရမယ်"

"အခု ခေါ်ပေးရမလား"

"ခင်ဗျားရဲ့ နောက်တစ်နှစ်မွေးနေ့အထိ စောင့်နေဖို့မလိုပါဘူးဗျာ၊ သိပ်အရေးကြီးတဲ့အချိန်ဟာ ခုအချိန်ဗျ"

ယန်ချန်းသည် ဖျတ်လတ်တက်ကြွစွာထွက်သွားပြီး သူ့လူများကိုခေါ်လေတော့၏။

မကြာမီ ခန္ဓာကိုယ်ထွားကျိုင်းကြံ့ခိုင်သော လူဆယ်ယောက်ခန့်ကိုယ်စီဖြင့် ရောက်ရှိလာကြ၏။ ယန်ချန်းက သူ့လူများကို ထိုက်ချင်ရှေ့၌ တန်းစီရပ်စေပြီး ထိုက်ချင်နှင့် မိတ်ဆက်ပေး၏။

"သူတို့ဟာ ငါ့တပည့်တွေထဲမှာ စိတ်အချရဆုံး၊ သတ္တိအရှိဆုံးနဲ့

သိုင်းပညာလဲအတတ်ဆုံးပါ၊ ကဲ . . မင်းကြိုက်သလို ခိုင်းနိုင်ပါပြီ"

"ကောင်းတယ်၊ ဒီလိုမှလဲအဆင်ပြေမှာ၊ အခုရင်ဆိုင်ရမယ့်ကိစ္စက လျို့ဝှက်နက်နဲတယ်၊ မကြာခင် ခင်ဗျားတို့သဘောပေါက်နားလည်လာကြမှာပါ"

ထိုလူဆယ်ယောက်က သံပြိုင်ပြောကြသည်။

"ကျုပ်တို့ကို ကြိုက်သလို ခိုင်းနိုင်ပါတယ်ဆရာလေး"

"စိတ်ချ၊ ခိုင်းရမှာပဲ၊ ခင်ဗျားတို့လုပ်ရမဲ့တာဝန်က ဒီလိုရှိတယ်"

ထိုက်ချင်က လူတစ်ယောက်စီခေါ်ကာ သူလုပ်ဆောင်ရမည့်တာဝန်ကို တီးတိုးပြောသည်။

"ဘယ်လိုဖြစ်နိုင်မလား"

ဆယ်ယောက်စလုံး ပြိုင်တူခေါင်းညိတ်ကြ၏။

"စိတ်ချပါ၊ ကျုပ်တို့ ကြိုးစားလုပ်ပါ့မယ်"

သူဌေးကြီးယန်ချန်းသည် ထိုက်ချင်၏အစီအစဉ်ကို စိတ်ဝင်စားစွာ ကြည့်နေ၏။ ဤလူငယ်သည် ကွမ်းထုံဘုန်းတော်ကြီးထက်တော့ ရိုးသားမှုရှိသည်ဟု တွေးနေလေ၏။

❊ ❊ ❊ ❊ c



# အခန်း [၁၉]

## ဆုပေးဒဏ်ပေး လှူတန်ကြေး

အစိမ်းရောင် မီးခိုးငွေ့များ တလူလူထွက်ပေါ်နေ၏။ ထိုအငွေ့များကြားမှ လူရိပ်သုံးရိပ်ထွက်ပေါ်လာသည်။ ခေါင်းပိုင်းမှာ လူ့ခေါင်းခွံ၊ အရိုးအတိပြီးသည်။ ဟောက်ပက်သော မျက်စိများအတွင်းမှ နီရဲသောအလုံးကလေးများကို တွေ့ရသည်။

သူတို့သည်စားပွဲခုံကိုကြည့်ပြီး တစ်စုံတစ်ခုကို ရှာဖွေနေကြသည်။ သို့သော် စားပွဲခုံပေါ်၌ ကြီးမားသော အထုပ်ဟူ၍ မရှိပေ။

အရိပ်သုံးရိပ် မသိသေးသည့် အရာတစ်ခုသည် ထိုစားပွဲခုံအောက်၌ရှိနေသည်။ စားပွဲအောက်၌ပုန်းနေသူကား ထိုက်ချင်တည်း။ ထိုက်ချင်သည် လှုပ်ရှားနေသော ထိုအရာများကို စိမ်ပြေနပြေ စောင့်ကြည့်နေပေသည်။

အခိုးအငွေ့များသည် အစိမ်းရောင်၊ အနီရောင်၊ အဖြူရောင်၊ အပြာရောင်စသည်ဖြင့် အရောင်အမျိုးမျိုးထွက်နေ၏။ ထိုအငွေ့များကြောင့် လူရိပ်သုံးရိပ်၏ လှုပ်ရှားမှုမှာ ဝိုးတဝါးဖြစ်ကာ ကြောက်မက်ဖွယ်ရာကောင်းနေသည်။ အကြောင်းမသိသူများ အဖို့ကား တကယ့်သရဲတစ္ဆေများဟု ထင်ကြမည်သာ။

အဖြူရိပ်တစ်ခုက အသံအောကြီးဖြင့် စတင်စကားပြောလာသည်။

"ကွမ်းထုံ . . . ကွမ်းထုံ၊ မင်းဘယ်ရောက်သွားပြီလဲ"

ကွမ်းထုံကား အဖမ်းခံထားရချေပြီ။ မေ့နေချေပြီ။

ထိုက်ချင်က ဘာမျှမတုံ့ပြန်သဖြင့် တိတ်ဆိတ်နေသည်။

"ကွမ်းထုံ . . . ကွမ်းထုံ၊ မင်းကြောက်သွားပြီလား"

အခြားအရိပ်ဖြူတစ်ခုကပါ ဝင်ပြောလာပြန်သည်။

"ကွမ်းထုံ . . . မင်း ပုန်းထားတာ အမှန်ဆုံးပဲ၊ ပုန်းထား၊ ပုန်းထား၊ ငါတို့က ယန်ချန်းကို သတ်တော့မယ်"

ထိုက်ချင်သည် ထိုအခါကျမှ စားပွဲအောက်က ငုံ့လျိုးထွက်လာသည်။ သူသည် အလင်းရောင် အားကောင်းအောင် စားပွဲပေါ်မှ ရှိရှိသမျှ ဖယောင်းတိုင်များကို မီးထွန်းညှိလိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ရှိသွားတော့သည်။

အလင်းရောင်အောက်၌ နုပျိုသော ထိုက်ချင်မျက်နှာသည် ထင်ရှားစွာ ပေါ်လွင်နေတော့သည်။

"အလို . . . လူပြောင်းနေပါကလား"

အရိပ်ဖြူများ နားမလည်နိုင်အောင် ဖြတ်သွားကြသည်။ ကွမ်းထုံ ဘယ်ရောက်နေသနည်း။ ကွမ်းထုံ ကလိမ်ကျပြီလော။

အရိပ်ဖြူတစ်ခုက . . .

"မင်း . . မင်း ဘယ်သူလဲ၊ မင်းသေချင်လို့ တို့ရှေ့ကို ရောက်လာတာလား"

အခြား အရိပ်ဖြူတစ်ခုက . .



'မင်းနဲ့မဆိုင်ဘဲ ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ၊ ကွမ်းထုံရော၊ ကွမ်းထုံ ဘယ်မှာလဲ၊ ငါတို့သိချင်တယ်'

ထိုက်ချင်က ရယ်၍ပြောလိုက်၏။

"ကွမ်းထုံက သူဌေးယန်ဆီက ငွေငါးရာတောင်းပြီး ထွက်သွားပြီ"

အရိပ်ဖြူများ၏ ဦးခေါင်းများဖြစ်သည့် အရိုးခေါင်း သုံးလုံးသည် မြေပေါ်သို့ လွင့်စဉ်ကျကုန်တော့သည်။

ထို့နောက် မီးခိုးများ ဆက်ထွက်မလာတော့။ အရိပ်ဖြူများ၏ ယိမ်းခါမှုလည်း ရပ်ဆိုင်းသွားသည်။ ထူးခြားသည့် လူသာမန်တို့၏ အသံ၊ ဆဲသံ၊ ဆိုသံများ ထွက်ပေါ်လာလေတော့သည်။

"ခွေးကောင် ကွမ်းထုံ"

"ကွမ်းထုံ သစ္စာဖောက်၊ ဒီအကောင်ကို သတ်မယ်"

"ဝက်ကောင်၊ တို့ကိုသစ္စာဖောက်တဲ့အကောင်၊ အသားကိုမွှန်းပြီး ငှက်စာကျွေးပစ်မယ်"

ထိုအခါ ထိုက်ချင်က ကျယ်လောင်စွာအော်လိုက်၏။

"အားလုံး မီးထွန်းကြတော့၊ သရဲတွေကို ဝိုင်းဖမ်းကြ၊ မကြောက်နဲ့၊ တို့ကလူအများကြီး၊ သတ္တိရှိရှိဝိုင်းဖမ်းကြ၊ တစ်ယောက်မှ မလွတ်စေနဲ့"

မကြာမီ ခြံထောင့်များဆီမှ မီးတိုင်များလင်းထိန်လာ၏။ ဩသံပေးသည့် အသံများလည်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအခါ ထိုက်ချင်က ကျယ်လောင်စွာ ရယ်ရင်း . .

"လောင်တ၊ လောင်ချစ်၊ ပေါင်ပေါင် . . မင်းတို့ ပြေးဖို့ မကြိုး

စားကြနဲ့၊ အဖမ်းခံမှ မင်းတို့သက်သာမယ်၊ ခုခံရင်အားလုံး သေကုန်မယ်၊ မင်းတို့ကို တစ်ခြံလုံး ဝိုင်းထားတာကွ"

မကြာမီ အော်သံ၊ ဟစ်သံ၊ ထိုးခုတ်သံများ ထွက်ပေါ်လာတော့သည်။ ထိုဆူညံသံများ မကြာလှပါ။ အချိန်အနည်းငယ်အတွင်း ပြန်လည်တိတ်ဆိတ်သွားသည်။

နောက်တစ်နေ့နံနက်တွင် သရဲသုံးကောင်သည် တာ့ချန်မြို့စားကြီး၏ အချုပ်ခန်းထဲသို့ ရောက်ရှိနေလေတော့သတည်း။

ပို၍ ထူးဆန်းသည်မှာ သရဲဖမ်းမည်ဆိုသည့် ကွမ်းထုံဘုန်းကြီးတုသည်လည်း ထိုအချုပ်ခန်းထဲ ရောက်ရှိနေခြင်းပင်။ လူလိမ်တစ်စုကား အောင်ပန်းမပန်ဘဲ ထောင်နန်းစံရပေတော့မည်။

နောက်ထပ် မျောက်နှင့်တူသည့် လူတစ်ယောက်ကိုလည်း ထိုလူလိမ်နှင့် ကြံရာပါအဖြစ် ထပ်မံ ဖမ်းဆီးလိုက်ကြောင်း သတင်းထွက်လာသည်။

တာ့ချန် မြို့သူမြို့သားများသည် ထိုသတင်းကို တစ်ယောက်တစ်ပေါက် ဝေဖန်ပြောကြားလျက် ရှိကြသည်။

"သရဲကို ဖမ်းချုပ်တယ်လို့ မကြားဖူးပါဘူးကွာ"

"သရဲသုံးကောင်၊ မျောက်တစ်ကောင်ဆိုပါလား"

"ဘုန်းကြီးတုကလဲ ပါသေးဆိုပဲ"

"ဟ . . ဒါတွေက လူလိမ်တွေကွ"

ရက်သတ္တတစ်ပတ်ခန့်အထိ ထိုသတင်းကား ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေမည်မှာ သေချာလှတော့သည်။

ယန်ချန်း၏ ခြံရှေ့ရှိ လက်ဖက်ရည်ဆိုင်၏ အတွင်းခန်းထဲ၌



စားသောက်ဖွယ် အပြည့်အစုံတင်ထားသော စားပွဲဝိုင်းကြီးရှိနေသည်။ ထိုစားပွဲကြီးအတွက် ကုန်ကျငွေမှာ အတော်ကလေးများပြားသည်။ ထို့ပြင် ဧည့်ခံစားပွဲကြီး၏ဧည့်သည်မှာ တစ်ယောက်တည်းဖြစ်နေသေးသည်။ ထိုသူကား ထိုက်ချင်တည်း။ သူ့ကိုထိုစားသောက်ဖွယ်များဖြင့် ဧည့်ခံသူကား လက်ဖက်ရည်ဆိုင်ရှင် ကြီးလျှံတည်း။

မှန်ပါသည်။ ထိုစားသောက်ဖွယ် ခင်းကျင်း ဧည့်ခံသည့်အတွက် ငွေအတော်ကုန်ပါသည်။ သို့သော် ကြီးလျှံမမှုပါ။ အဘယ့်ကြောင့်ဆိုသော် သူသည် ဘာမျှမလုပ်ရဘဲနှင့် ဆုငွေတစ်ထောင်ကို ရလိုက်သောကြောင့် ဖြစ်ပါသည်။

ထိုက်ချင်သည် ကြီးလျှံအား သိသင့်သိထိုက်သမျှ ပြောပြပြီး ယန်ချန်းထံသို့ သွားကြသည်။

ယန်းချန်း၏ တပည့် ဆယ်ယောက်အား ထိုက်ချင်က အဖြစ်မှန်ပြောပြလိုက်သည်။ သရဲအစစ် မဟုတ်ကြောင်း၊ သရဲ မရှိကြောင်း၊ သရဲအဖြစ်ဟန်ဆောင်ပြီး သူဌေးယန်ကို ဒုက္ခပေးမည့်သူများဖြစ်ကြောင်း ရှင်းပြလိုက်သဖြင့် ထိုလူဆယ်ယောက်သည် အကြောက်အရွံ့မရှိတော့ဘဲ လောင်တတို့အား ရဲရင့်စွာဝင်ဖမ်းကြတော့သည်။ သိုင်းပညာအထိုက်အလျောက်တတ်ကျွမ်းသူများ ဖြစ်နေခြင်းတို့ကြောင့် လောင်တတို့အုပ်စုက ထိုဆယ်ယောက်အား သေကြေဒဏ်ရာရအောင် မလုပ်နိုင်ကြပေ။ သူတို့ လူလိမ်သုံးယောက်သာ ဒဏ်ရာရပြီး အချုပ်ခန်းတွင်း စံမြန်းခဲ့ရခြင်းဖြစ်သည်။

သူဌေးယန်သည် ထိုက်ချင်ကို လွန်စွာကျေးဇူးတင်၏။ ထိုက်ချင်သာ ရောက်မလာလျှင် သူပိုင်ငွေအများကြီး ဆုံးရှုံး

သွားနိုင်သည် မဟုတ်ပါလား၊ ထို့ကြောင့် ထိုက်ချင်အား ကျေနပ်စေလောက်သည့် ဆုငွေများပေးရာဆုငွေမှာ အတော်များသည်။ ထိုက်ချင်အဖို့ အတော်ကလေးသုံးနိုင်ဖြုန်းနိုင်သည့်ဘဝသို့ ပင်ရောက်သည်။

သို့သော် ထိုက်ချင်ငွေမမက်ပါ။ သူ့ကတိစကားအတိုင်း သူရရှိသောဆုငွေ၏ တစ်ဝက်ကို ကြီးလျှံအား ပေးအပ်၏။ ထို့ကြောင့် ကြီးလျှံကထိုက်ချင်အား ရက်ရောစွာဧည့်ခံနေခြင်း ဖြစ်တော့ သည်။

ထိုက်ချင်သည် စားသောက်ပြီးသောအခါ စားပွဲမှ ထပြီး နှုတ်ဆက်သည်။

"နောင်ကြီး ကြီးလျှံ ကျုပ်ကိုခွင့်ပြုပေဦးတော့၊ ကျုပ်မှာ လုပ်စရာတာဝန်တွေ ရှိသေးတယ်"

ကြီးလျှံသည် ထိုက်ချင်ကို အကြိမ်ကြိမ် ဂါရဝပြု၏။ ကတိတည်ခြင်း၊ ရဲရင့်ခြင်းတို့ကို ကိုယ်တိုင်သိရှိပြီး မဟုတ်ပါလော။

"ဆရာလေး တာ့ချန်ကိုရောက်ရင် ကျုပ်ဆီကို အချိန်မရွေးဝင်ခဲ့ပါ၊ ကျုပ်အိမ်ဟာ ဆရာလေးအတွက်ဆိုရင် အမြဲပဲတံခါးဖွင့်ပါတယ်"

ထိုက်ချင်သည် ကြီးလျှံအားနှုတ်ဆက်ပြီး ကျောခိုင်းထွက်လာခဲ့တော့သည်။

* * * * *



## အခန်း [၂၀]

## ရန်ဘက်ဟောင်းနှင့် ပြန်တွေ့ခြင်း

နေမင်းကြီးသည် အစွမ်းကုန်အပူဓာတ်ကို လွှင့်ထုတ်လျက်ရှိသည်။ နေပူလွန်းလှသဖြင့် လူများသည် တော်ရုံတန်ရုံကိစ္စနှင့် လမ်းမပေါ်သို့ မထွက်ကြတော့ပေ။ အရိပ်များအောက်၌သာ ခိုနေကြတော့သည်။

စင်စစ် ထိုက်ချင်လည်း အပူဒဏ်ခံနိုင်သူမဟုတ်ပေ။ သူ၏ တိမ်ဆက်တောင်သည် အတော်ကလေးမြင့်ရာအေးစိမ့်လှပေသည်။ ထို့ကြောင့် သူသည် အအေးနယ်သားကဲ့သို့ဖြစ်နေပြီး တော်ရုံတန်ရုံပူသည်နှင့် ချွေးပြိုက်ပြိုက်ထွက်သူဖြစ်ပေသည်။

သို့သော် ယခုအချိန်တွင်မူ သူသည် နေရောင်အောက်၌ လမ်းလျှောက်နေလေ၏။ လူ့လောကတွင်း ခြေချနင်းသည့် ပထမတစ်ကြိမ်တစ်ခါတွင်ပင် သူ့လုပ်ရပ်သည် အောင်မြင်ခဲ့သည် မဟုတ်ပါလား။

သူသည် လူလိမ်များကို ဖမ်းဆီးပေးခဲ့သည်။ ထို့အတွက် ဆုငွေလည်း ရရှိခဲ့သည်။ ကြီးလျှံကိုလည်း အကျိုးရှိစေခဲ့သည်။ ထိုအောင်မြင်မှုကို ထိုက်ချင် လွန်စွာပီတိဖြစ်နေ၏။ ထိုသို့ အောင်မြင်ခဲ့ခြင်း

အတွက် သူ့မွေးစားမိဘများနှင့် မိဘရင်းများ၏ သတင်းကို စုံစမ်းရန်ပင် မေ့လျော့နေခဲ့သည်။ သူ့မိဘများကိုရှာရန် သတိရသောအခါမှ သူလည်းအရိပ်ရနိုင်သည့် သစ်တောအုပ်တစ်ခုသို့ ရောက်လာတော့သည်။

"ချ . . ဟ"

"သတ် . . ခုတ်ပစ်လိုက်"

ဆူသံ၊ ညံသံ၊ အော်သံ၊ ဟစ်သံ၊ ထိုးခုတ်သံများကြောင့် သစ်ရိပ်အောက် အနားယူနေသည့် ထိုက်ချင်ခုန်ထရတော့သည်။

သူသည် အသံကြားရာသို့ အလျင်အမြန် ပြေးသွား၏။

"ဘယ်သူတွေများ ရန်ဖြစ်နေကြပြန်သလဲ မသိဘူး၊ ဘာပဲ ဖြစ်ဖြစ် မတရားလုပ်နေရင်တော့ တရားတဲ့ဘက်က ဝင်ကူရမှာပဲ"

သူသည် တိုက်ပွဲရှိရာသို့ ရောက်ရှိသွားသည်။ တိုက်ပွဲကား ဆူညံလှသော်လည်း နှစ်ယောက်တည်းတိုက်ခိုက်နေသည်။ သို့သော် ယောကျ်ားချင်းတိုက်ပွဲတော့ မဟုတ်ပေ။ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်၏ တိုက်ပွဲဖြစ်နေ၏။

အမျိုးသမီးသည် ထိုက်ချင်ကို ကျောပေးပြီး တိုက်ခိုက်နေသဖြင့် မျက်နှာကိုမမြင်ရချေ။ ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ပြီး ငယ်ရွယ်နုပျိုသူဟူ၍တော့ ခန့်မှန်းရသည်။

အမျိုးသမီးနှင့် တိုက်နေသူကား ကိုယ်ခန္ဓာ ထွားကျိုင်းသလောက် မျက်နှာက နုပျိုလှသော လုလင်ပျိုတစ်ယောက်ဖြစ်နေ၏။ အသက်ကရှိမှ အလွန်ဆုံး နှစ်ဆယ်ခန့်သာဖြစ်သည်။ နှစ်ယောက်သား တက်ညီလက်ညီတိုက်ခိုက်နေသည် ဆိုသော်လည်း လုလင်ပျို



က အထက်စီးမှရှိနေ၏။ ထိုသူ၏ သိုင်းကွက်များမှာလည်း အတော်ကလေးထူးဆန်းသည်။ ထို့ကြောင့် ထိုက်ချင်ငေးကြည့်နေမိသည်။

မိန်းမပျိုကား အဖြူရောင်ဝတ်စုံ ဝတ်ထားသည်။ သံမဏိဓားတစ်လက်ဖြင့် သွက်လက်စွာတိုက်သော်လည်း ခံစစ်ဖြစ်နေ၏။ ထို့ကြောင့် မိန်းမပျိုသည် ရေရှည်တွင် ထိုလုလင်ပျိုကို မုချရှုံးနိမ့်ရပေလိမ့်မည်။ သူမသည် ထိုလုလင်ပျို၏ ပြိုင်ဘက်ကောင်းမဟုတ်ကြောင်း ထိုက်ချင် သိလိုက်သည်။

လုလင်ပျိုကအော်ပြောသည်။

"မင်း ငါ့ကို တောင်းပန်လိုက်ပါ။ ဒါဆိုရင် ငါ မင်းကို အပြစ်မယူဘူး၊ ခွင့်လွှတ်လိုက်မယ်"

"ထွီ"

မိန်းမပျိုက တံတွေးတစ်ချက် ထွေးလိုက်ပြီး . . .

"ကျွန်မက တောင်းပန်ရမယ်တဲ့၊ ရယ်စရာကောင်းလိုက်တာ၊ ရှင်မှားတာပဲ၊ ရှင်တောင်းပန်ပေါ့"

လုလင်ပျို ဒေါသထွက်သွား၏။

"အာပြောတယ်၊ မင်းကများ ငါ့ကို ပြောင်းပြန်စွပ်စွဲနေရသေးတယ်၊ မင်းရဲ့အသက်က ဘယ်လောက်များ ရှိသေးလို့လဲ၊ ငယ်ငယ်ကလေး ရှိသေးတာပဲ၊ ဒီအရွယ်နဲ့ ဒီလိုနည်းလမ်းမကျတဲ့အလုပ်တွေ လျှောက်လုပ်နေရင် နောင်မင်းကြီးလာတော့ဘယ်နှယ့်လုပ်မလဲ၊ ဒီ့ထက် ပိုဆိုးကုန်တော့မှာပေါ့၊ ဒါဟာ ဆရာနဲ့လဲဆိုင်တယ်၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့ တာဝန်လဲရှိတယ်၊ မင်းဆရာကဘယ်သူလဲ ပြောစမ်း"

မိန်းမပျိုကလည်း ဒေါသဖြင့် ပြန်အော်၏။

"ရှင်က ယောကျ်ားတန်မဲ့ အင်မတန် စပ်စုတယ်၊ ကျွန်မ ဆရာဘယ်သူဘယ်ဝါဆိုတာ ရှင်သိဖို့မလိုပါဘူး"

"မင်းသာ လိမ္မာယဉ်ကျေးရင် သိဖို့မလိုဘူးပေါ့၊ မင်းကမိုက်ရိုင်းနေတော့ အဆုံးအမ အသွန်အသင်မရှိတဲ့ မင်းရဲ့ဆရာကို မေးနေရတာပေါ့"

"ဒါရှင့်အလုပ်မဟုတ်ပါဘူး"

"ကောင်းပြီ ဒါဆို မင်းကို ငါဆုံးမရတော့မယ်၊ တောင်းပန်ရင်တော့ တစ်မျိုး စဉ်းစားမယ်"

"ရှင် သတ္တိရှိရင်သတ်လိုက်၊ ကျွန်မကတော့ ဆယ်သက်မတောင်းပန်ဘူး"

"တကယ်လား"

"တကယ်ပေါ့၊ သံမဏိဓားတွေနဲ့ တိုက်ခိုက်နေတဲ့ကိစ္စမှာ ကျွန်မက ပြက်ချော်ချော် ပြောနေရမှာလား"

"ကောင်းပြီ၊ နောက်မှ ငါ့ကိုအပြစ်မဆိုနဲ့"

ထိုသူသည် ဓားကို စက်ဝိုင်းသဏ္ဍာန်ဝှေ့ယမ်းကာ မိန်းမပျိုကို ခုတ်ချလိုက်လေ၏။

ထိုက်ချင် ထိတ်လန့်သွားသည်။ မိန်းကလေးကို သတ်ရန်မဆိုထားနှင့်၊ တိုက်ခိုက်နေခြင်းကပင် လွန်လှပြီဟု သူ ယူဆသည်။

"ဟေ့ . . . ရပ်စမ်း၊ ဘယ်နှယ့် ယောကျ်ားတစ်ယောက်ဖြစ်နေလျက်နဲ့ ကိုယ့်ပြိုင်ဘက်ကောင်းမဟုတ်တဲ့ မိန်းကလေးကို သတ်ဖို့မင်းမို့ပြောရက်တယ်၊ မင်း အတော်အောက်တန်းကျတဲ့ လူပါလား၊



မင်းရဲ့ဆရာက အားနွဲ့တဲ့လူတွေအပေါ် ဒီလိုအနိုင်ယူရမယ်လို့ သင်ထားလို့လား"

ထိုက်ချင်၏ အော်သံကြောင့် လုလင်ပျိုသည် သူ့ဓားကို သိမ်းပြီး နောက်သို့ခုန်ဆုတ်သွား၏။ အသံရှင်ကို အကဲခတ်ရန် ဖြစ်ပေသည်။ သူသည် သစ်ပင်အကွယ်မှ ထွက်လာသော ထိုက်ချင်ကို တွေ့လိုက်ရသည်။

လုလင်ပျိုက ခက်ထန်သော မျက်နှာထားဖြင့် ရှင်းပြသည်။

"မင်းက ဘာသိလို့လဲ၊ ငါက သူ့ကိုစော်ကားတာမဟုတ်ဘူး၊ အနိုင်ကျင့်တာ မဟုတ်ဘူး၊ သူကမှားနေတာ၊ သူကငါ့ကိုဆဲတာ၊ အဲဒါငါက ခေါင်းငုံ့နေရမှာလား"

ထိုက်ချင် အပြောရခက်သွားသည်။

"တိုက်ပွဲကို ရပ်မြဲရပ်ထားလိုက်ပါ၊ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်၊ ဘယ်သူတောင်းပန်သင့်တယ်ဆိုတာ ကျုပ်ဆုံးဖြတ်ပေးပါ့မယ်"

ထိုအခါ အဖြူရောင်ဝတ်စုံ မိန်းကလေးက လုလင်ပျိုအား လှမ်းကြိမ်းလိုက်သည်။

"ရှင် ပြောရဲပြောကြည့်စမ်း၊ ပြောရင်ရှင့်ကို သတ်ပစ်မယ်သိလား"

ထိုက်ချင်မှာ အလွန်တရာအံ့သြသွားသည်။ လက်ရည်နိမ့်ကျသော မိန်းမပျိုက လက်ရည်မြင့်သော လုလင်ပျိုကို ကြိမ်းမောင်းခြိမ်းခြောက်နေသည်ပဲ။ အံ့သြစရာမဟုတ်ပါလား။

လုလင်ပျိုက ရှုံ့မဲ့ပြီး . .

"မှန်တာပြောရမှာပေါ့၊ ဒီလိုမှမဟုတ်ရင် သူကငါ့ကိုအနိုင်ကျင့်တဲ့လူလို့ ထင်မှာပေါ့၊ ဒီလိုကွ . . . ငါက သစ်တောထဲမှာ . ."

"ရှမ်း"

လုလင်ပျို၏ စကားမဆုံးမီ မိန်းမပျိုက လျှပ်တစ်ပြက်ဓားနှင့် ခုတ်လိုက်ရာ လုလင်ပျိုရှောင်ထွက်သွား၍ သီသီကလေး လွတ်သွားသည်။ထိုက်ချင်က မိန်းမပျိုအား ဒေါသဖြင့် အောင်ငေါက်လိုက်လေသည်။

"ဟေ့ . . . မင်းတယ်ပြီး လွန်နေပါကလား၊ ရှင်းပြနေတဲ့လူကို အလစ်မှာဓားနဲ့ ခုတ်ရတယ်လို့၊ အခုအမြင်ကပဲ မင်းဟာ အတော်ဆိုးနေပြီ၊ တကယ့်အဖြစ်အပျက်ကို သိရပြီးရင် မင်းပဲ လူဆိုးဖြစ်နေမလား မသိတော့ဘူး"

ထိုအခါ မိန်းမပျိုနှင့် ထိုက်ချင်တို့ မျက်နှာချင်း ဆုံမိကြတော့သည်။

"ဟင်"

"ဟယ်"

အာမေဋိတ်သံများ ထွက်ပေါ်လာသည်။ အာမေဋိတ်သံများမှာ နှစ်ဦးစလုံးထံမှ ထွက်ပေါ်လာခြင်းဖြ^သည်။

ထိုက်ချင်၏မျက်နှာ ချက်ချင်းတည်သွား၏။

"ဩော် . . မင်းကိုး၊ ငါကဘယ်သူများလဲလို့"

ထိုက်ချင်က ထိုသို့ ပြောလိုက်ခြင်းမှာ ထိုမိန်းကလေးသည် သူ့အား အကြီးအကျယ် စိတ်အနှောင့်အယှက်ပေးခဲ့သည့် အနီရောင်ဝတ်စုံဝတ် မိန်းကလေးဖြစ်နေသောကြောင့်တည်း။



မိန်းကလေးက နှုတ်ခမ်းကလေးမဲ့ကာ . .

"ဟင်း . . ကျွန်မကလဲ ရှင်ဖြစ်နေမှန်းမသိပါဘူး"

တစ်ဘက်သော လုလင်ပျိုသည် ဓားကြီးကိုကိုင်ကာ သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်နေသည်။ အခြေအနေကြည့်ရုံဖြင့် သိကျွမ်းနေသူများဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

"ဩော် မင်းတို့ကလဲ အသိအကျွမ်းတွေ ဖြစ်နေတာကိုး"

ထိုက်ချင်က ခေါင်းညိတ်လိုက်၏။

"သိတာပေါ့၊ ငါတို့နှစ်ယောက်ပြောတဲ့စကားတွေကို မင်း မကြားဘူးလား၊ ဒီစကားတွေကတို့နှစ်ယောက်ရဲ့ ဆက်ဆံမှုကို ဖော်ပြနေတာပဲ"

လုလင်ပျိုက အားပါးတရ ပြုံးလိုက်၏။

"ဒါဆို ဒီမိန်းကလေးဟာ နည်းလမ်းမကျဘူးဆိုတာ မင်းသိလိမ့်မယ်လို့ မျှော်လင့်တယ်"

ထိုက်ချင်က ခေါင်းညိတ်လိုက်၏။

"သိတာပေါ့ . . သိပ်သိတာပေါ့၊ အခုဆိုရင်ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ငါသိပြီးပါပြီ၊ သူဟာ ဘယ်တော့မှ ဝန်မခံဘူး၊ သူတစ်ပါးကိုလဲ အမြောက်တိုက်ဒုက္ခ . . ."

"ဗိုး . . ."

မိန်းမပျို၏ဓားသည် ထိုက်ချင်၏ ရင်ဝသို့ လျှပ်တစ်ပြက် ဝင်လာရာ ထိုက်ချင်မှာ အသေအလဲ ရှောင်ပေးလိုက်ရ၏။

"ဘယ်လိုလဲ . . . ဒီစကားလေးပြောတာနဲ့ လူကိုအသေသတ်ရသလား၊ မိုက်လိုက်ပါဘိကွာ"

မိန်းကလေးသည် လုလင်ပျိုအပေါ် လွှဲချမရသည့်ဒေါသများကို ထိုက်ချင်အပေါ်သို့ ပုံချလိုက်တော့သည်။

"ဒီနေ့ ရှင့်ကိုသတ်မယ်၊ ဟိုတစ်ခါက အကြွေးကိုအခုဆပ်ရမယ်၊ ဒါမှ ရှင်မှတ်မှတ်သားသားဖြစ်မယ်"

သူမသည် ထိုက်ချင်ပြန်ပြောသည်ကိုလက်မခံတော့ဘဲ တရကြမ်း ထိုးခုတ် တိုက်ခိုက်လေတော့၏။

" . . ဟ . . ဘယ်လိုဖြစ်တာလဲ၊ ငါပြောပါရစေဦး"

"ဘာမှမပြောနဲ့၊ တော် . . တန် . . တိတ်"

"မလုပ်နဲ့လေ၊ မင်းနဲ့ငါ ရန်သူမှမဟုတ်ဘဲ၊ နောက်ပြီးငါ့ကို စပြီးဒုက္ခပေးတာက မင်းပဲ၊ ငါကစတာမဟုတ်ဘူး၊ ဒါကိုလဲ မင်းသဘောပေါက်မှပေါ့"

"ဘယ်သူကစစ၊ ရန်ကြွေးကတော့ ရန်ကြွေးပဲ၊ ရန်ကြွေးကို မပြေပြေအောင် ပေးဆပ်ရမှာပဲ"

မိန်းကလေးသည် ကြောက်မက်ဖွယ်ရာ ဓားသိုင်းများကို ထုတ်ဖော် တိုက်ခိုက်တော့၏။ ထိုက်ချင်မှာ အလူးအလဲရှောင်တိမ်းနေရတော့သည်။

ထိုမိန်ကလေးနှင့် ရန်ဖြစ်ခဲ့သော လုလင်ပျိုမှာ သူ့ကိုယ်စား ထိုက်ချင် ဓားစာခံဝင်နေရပြီကို တွေ့မြင်သောအခါ လှိုက်လှိုက်လှဲလှဲ ပြုံးနေမိလေ၏။ သူသည် သစ်ပင်ကြီးတစ်ပင်အောက်သို့ သွားထိုင်ကာ ထိုက်ချင်၏ အသေအလဲရှောင်တိမ်းနေပုံများကို အေးအေးဆေးဆေး အကဲခတ်နေလေတော့သည်။

*****



## အခန်း [၂၁]

## စိတ်ဆွေ ဖြစ်ကြခြင်း

ထိုက်ချင်သည် အသေအလဲရှောင်တိမ်းနေရာမှ တစ်ဘက်မှ လုလင်ပျိုကို အကဲခတ်လိုက်မိသည်။ သစ်ပင်တစ်ပင်အောက်၌ စည်းစိမ်ဖြင့်ထိုင်ကာ သူတို့၏သိုင်းပြိုင်ပွဲကို ကြည့်နေသောလုလင်ပျိုကို တွေ့ပြီး စိတ်ထဲ၌ဒေါသဖြစ်သွားမိသည်။

သူက ဝင်ဖျန်ဖြေပေးသူ။ ယခုတော့ ဖျန်ဖြေပေးသူက ရန်ဖြစ်နေရပြီ။ တကယ်ရန်ဖြစ်နေသူက ဒိုင်လူကြီးပမာ စည်းစိမ်နှင့်နှပ်ပြီး သူတို့ကိုကြည့်ရှုနေသည်။

ထိုက်ချင်က အော်ပြော၏။

"ဟေ့ . . မိန်းကလေး၊ မင်းအတော် အူကြောင်ကြောင် လုပ်နေပါလား၊ မင်းနဲ့ငါဘာမှ ရန်ဖြစ်စရာ အကြောင်းမရှိဘူး၊ ရန်ပွဲကို ငါကဝင်ပြီး ဖျန်ဖြေပေးတာ၊ မင်းနဲ့ရန်ဖြစ်တာက ဟောဟိုကလူပဲ"

မိန်းကလေးက အတိုက်မရပ်ပေ။ နှုတ်ခမ်းကိုကိုက်ပြီး ထိုက်ချင်ကို ရန်တွေ့သည်။

"ရှင်က ဖျန်ဖြေစရာရှိတာ ရှိးရှိးဖျန်ဖြေပါလား၊ ဘာဖြစ်လို့

ကျွန်မကို မတရားပြောရတာလဲ"

သူမသည် ဓားချက်ခုနှစ်ချက်ကို တစ်ဆက်တည်း ထိုးသွင်းလိုက်သည်။

ထိုက်ချင် သက်ပြင်းချလိုက်၏။

"ဩော် .. ငါသိပြီ၊ တကယ်တော့ မင်းဟာ သူ့ကိုမနိုင်ဘူး၊ ဒီတော့ အဲဒီဒေါသတွေကို ငါ့အပေါ် ပုံချပြီး ငါ့ကိုလာမဲတာကိုး"

ထိုက်ချင်၏စကားကြောင့် မိန်းကလေး၏မျက်နှာမှာ တွတ်တွတ်ရဲသွားတော့သည်။ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သွားသည်။

"လာခဲ့စမ်း၊ ရှင်တို့ နှစ်ယောက်စလုံးကို ဒီကနေ့သတ်ပစ်မယ်"

သူမသည် ထိုက်ချင်ကိုလွှတ်လိုက်ပြီး သစ်ပင်ကို မှီထိုင်နေသော လုလင်ပျိုထံသို့ ခုန်ဝင်သွားသည်။ လျှပ်တစ်ပြက်ဓားချက်များကိုထိုးသွင်းရာ ထိုလုလင်ပျိုက လှိမ့်ရှောင်သွားရလေ၏။

"ဟော့ .. ဟော့ .. မင်းနဲ့ငါ ရန်ပွဲကပြီးသွားပြီ၊ မင်းတိုက်ရမှာက ငါမဟုတ်ဘူး၊ သူ .. သူ"

မိန်းကလေးသည် ထိုက်ချင်နှင့် လုလင်ပျိုတို့ကို ရှက်ဒေါသဖြင့် လိုက်လံတိုက်ခိုက်နေရာ ထိုက်ချင်တို့က တစ်ယောက်ကိုတစ်ယောက်ချောက်တွန်းရင်း ရှောင်တိမ်းနေကြလေ၏။ ကြာသော် ထိုက်ချင်နှင့် လုလင်ပျိုတို့၏ မျက်နှာမှာ စပ်ဖြဲဖြဲဖြစ်လာကြသည်။

နောက်ဆုံး မိန်းကလေးမှာ ဓားကိုပစ်ချပြီး ထိုင်ငိုသည့်ဘဝသို့ ရောက်ရလေတော့၏။ပါးစပ်ကမူ အလျှော့မပေးချေ။ ဆဲဆိုပြီး ရန်စကားများ ဆက်တိုက်ပြောသည်။



"ဟင်း၊ ရှင်တို့ဟာ တကယ့် သူရဲကောင်းကြီးတွေပါပဲ၊ အားနွဲ့တဲ့ မိန်းကလေးကို အရှက်ကွဲအောင်၊ ဂုဏ်မဲ့အောင် လုပ်ရက်ကြပါလေရဲ့၊ ဟီး .. ဟီး .. တကယ့်ယောကျ်ားရင့်မကြီးတွေပါပဲ"

ထိုက်ချင်နှင့် လုလင်ပျိုတို့မှာ မျက်လုံးပြူးသွားကြသည်။ သူတို့သည် ထိုမိန်းကလေးကို အရှက်ကွဲအောင် လုပ်မည်ဆိုပြီး တိုက်ပွဲကို ဖန်တီးကြခြင်းမဟုတ်ပါ။ ထိုက်ချင်သည် ငိုနေသည့်မိန်းကလေးကိုကြည့်ပြီး ခေါင်းတယမ်းယမ်း ဖြစ်နေသည်။

လုလင်ပျိုက ..

"မင်း .. သူနဲ့သိတယ် မဟုတ်လား"

"သိပါတယ်၊ သိတယ်ဆိုတာက ခုလိုလမ်းပေါ်မှာ တွေ့ဖူးတာပါ၊ သူနဲ့တွေ့တိုင်း ငါ့ခေါင်းကိုက်ရတယ်"

ထိုက်ချင်က ခပ်တိုးတိုးပြောခြင်းဖြစ်သည်။ အကယ်၍ ထိုစကားကို ကြားသွားပါက မိန်းကလေးက သူ့ကို ရန်လုပ်မည်စိုးသောကြောင့် ဖြစ်သည်။

ထိုက်ချင်သည် သက်ပြင်းချပြီးနောက် မိန်းကလေး ထိုင်ငိုနေသည့်နေရာသို့ လျှောက်သွားလေ၏။ ထိုက်ချင် လျှောက်လာသည်ကို တွေ့ရသောအခါ မိန်းကလေးသည် သူ့ဓားကို ဖျတ်ခနဲကောက်ကိုင်လိုက်သည်။

"ရှင် .. ရှေ့ကိုမတိုးနဲ့၊ တိုးရင်ရှင့်ကို အသတ်ပဲ၊ ရှင်ဟာ ကျွန်မအရှက်ကို ခွဲတဲ့လူ"

ထိုက်ချင်က ခေါင်ယမ်းလိုက်၏။

"ဒီမှာ မိန်းကလေး၊ ငါတို့ ပေါက်စီဝယ်တဲ့အချိန်ကို စဉ်းစား

ပါဦး၊ ဘယ်သူက ဘယ်သူ့ကို ဒုက္ခပေးတာလဲ၊ ဘယ်သူက ဘယ်သူ့ကို နောက်ပြောင်တာလဲ၊ ယုံပါမိန်းကလေး၊ ငါဟာ ဘယ်သူ့ကိုမှ သိက္ခာမဲ့အောင် မလုပ်ပါဘူး၊ ငါ့ဆရာကလဲ ဒီလိုလုပ်ရမယ်လို့ မသွန်သင်ပါဘူး၊ တကယ်လို့ မင်းက ငါ့ကိုတကယ်သတ်ချင်တယ်ဆိုရင်လဲ ငါ . . သေရဲတယ်၊ သတ်လိုက်စမ်းပါ"

ထိုက်ချင်က သူ့ရင်ထဲမှ သဘောထားကို ပြောပြပြီး ရှေ့သို့တိုးသွားလေ၏။

"ရှင် . . တိုးတယ်နော်၊ ကျွန်မထိုးမယ်၊ သတ်မယ်"

"သတ်ပါ၊ ငါသေမှ မင်းစိတ်ချမ်းသာမယ်လို့ ထင်ရင်သတ်သာသတ်လိုက်ပါ"

မိန်းကလေးက နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ကဲ . . ရှင်က ဒီလောက်တောင် သေချင်မှတော့ ကျွန်မကလဲ ဘာဖြစ်လို့ မသတ်ရဲရမှာလဲ"

သူမသည် အံကြိတ်ပြီး ဓားကို ရှေ့သို့ ထိုးချလိုက်၏။ ထိုက်ချင် လုံးဝမရှောင်ပေ။ ငေးငေးငိုင်ငိုင်ဖြင့် မိန်းကလေးကို ကြည့်နေသည်။

မိန်းကလေးသည် ထိုက်ချင် မရှောင်တော့ပြီကို ရိပ်မိလိုက်သဖြင့် သူမ၏ဓားကို ကပျာကယာ ရုပ်တန့်ပစ်လိုက်ရသည်။ ထို့ကြောင့် မိန်းကလေး၏ဓားသည် ထိုက်ချင်၏ ဝမ်းဗိုက်နှင့် တစ်လက်မမျှပင် မကွာသော နေရာ၌ တန့်ခနဲရပ်သွားတော့သည်။

ထိုက်ချင်က ပျင်းတိပျင်းတွဲဟန်ဖြင့် မေးလိုက်၏။

"ဘာဖြစ်လို့ဓားကို ရုပ်ပစ်လိုက်ရတာလဲ၊ လုပ်စရာရှိဆက်



လုပ်တာ မဟုတ်ဘူး"

ထိုက်ချင်၏ အမူအရာက သေမှာမကြောက်ကြောင်းဖော်ပြလျက်ရှိသည်။ ဤသတ္တိမျိုးကား လွန်စွာရှားပါးလှသည်။ သတ်ရဲသူသာများသည်၊ သေရဲသူကားရှား၏။

မိန်းကလေးသည် သူ့ဓားကို မြေကြီးပေါ်သို့ ထိုးစိုက်ပစ်လိုက်လေသတည်း။

"ကောင်းပါတယ်"

ထိုက်ချင်က အေးဆေးစွာပြော၏။ သူ၏အသံ၌ အေးချမ်းမှုများ လွှမ်းခြုံနေ၏။

"တကယ်တော့ မင်းနဲ့ငါ ရန်သူတွေမဟုတ်ပါဘူး၊ လူငယ်တွေဆိုတာလဲ မှားမိကြတာပေါ့၊ ဒါကို တို့တစ်တွေရန်ငြိုးရန်စလို့ သတ်မှတ်ဖို့မသင့်ပါဘူး၊ တို့တစ်တွေ မိတ်ဆွေတွေလို သဘောထားလိုက်ကြရအောင်နော်"

မိန်းကလေးဘာမျှမပြောချေ။ တိတ်ဆိတ်ငြိမ်သက်စွာ ငေးနေသည်။ထိုစဉ် သစ်ပင်ကိုမှီနေသော လုလင်ပျိုကလည်း လိုလိုလားလားပင် ဝင်ပြောသည်။

"ဟုတ်ပါတယ်၊ တို့တစ်တွေ ခုနကရန်ဖြစ်ခဲ့တာတွေကို မေ့လိုက်ကြရအောင်၊ မိတ်ဆွေဖြစ်ရတာဟာ ရန်သူဖြစ်ရတာထက်စာရင် အများကြီး စိတ်ချမ်းသာစရာကောင်းပါတယ်"

မိန်းကလေးက ထိုလုလင်ပျိုကို မျက်စောင်းထိုးလိုက်၏။

"မေ့လို့ ဖြစ်မလားရှင့်၊ ရှင်ကမှ ကျွန်မကို မတောင်းပန်သေးတာ"

ထိုအခါ လုလင်ပျိုက တဟားဟားရယ်လေတော့၏။ နဂိုကတည်းက စိတ်ထားဆိုးဟန်မရှိသော လုလင်ပျိုသည် ထိုက်ချင်ထံမှ အေးငြိမ်းမှုများကို ကူးစက်ခံစားယူလိုက်ရသဖြင့် မိန်းကလေးနှင့် အကျယ်အကျယ်မငြိမ်းဖွယ် ရန်မဖြစ်လိုတော့ချေ။

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ငါကပဲ မင်းကိုတောင်းပန်ပါတယ်၊ ကဲ . . . အားလုံးပဲ ပြီးသွားပြီလား"

လုလင်ပျိုသည် ထိုက်ချင်ကိုပါ နှုတ်ဆက်ပြီး လှည့်ထွက်သွားလေတော့၏။

"နေပါဦးလေ"

မိန်းကလေးကတားလိုက်သဖြင့် လုလင်ပျိုမှာ တအံ့တဩဖြစ်သွားသည်။

"ဘာလဲ၊ မင်းက ငါ တောင်းပန်တာတောင် မကျေနပ်နိုင်သေးဘူးလား"

ထိုအခါ ထိုက်ချင်က လျင်မြန်စွာ ဝင်ပြောလိုက်၏။

"မင်းထင်သလို ဟုတ်မယ်မထင်ပါဘူး၊ အခု ငါတို့ မိတ်ဆွေတွေဖြစ်သွားပြီလို့လဲ ပြောတယ်၊ တစ်ယောက်ရဲ့နာမည်လဲ တစ်ယောက်က မသိကြဘူး၊ ဒါကြောင့် သူ လှမ်းတားလိုက်တာဖြစ်မှာပါ"

လုလင်ပျို ခေါင်းညိတ်လိုက်၏။

"ဟုတ်သားပဲ ငါ့နာမည်က စိအစ်ဖိန်းပါ၊ ငါ့ဆရာကတော့ သံမဏိဓားဘုရင်ပါ"

ထိုအခါ ထိုက်ချင်က သူ့လက်နှစ်ဘက်ကို လက်ဖမိုး ယှက်အုပ်လိုက်ပြီး စိအစ်ဖိန်းကို ခါးညွှတ်ဂါရဝပြုလိုက်၏။



"ငါ့နာမည်ကတော့ ထိုက်ချင်ပါ၊ ငါဟာတိမ်ဆက်တောင် စေ့ာင်းပိုက်ဆရာတော်ရဲ့ အန္တေဝါသိက တပည့်ရင်းပါ"

လူငယ်နှစ်ဦးသည် တစ်ဦးကိုတစ်ဦး လေးစားစွာ ဂါရဝပြု မိတ်ဆက်နေကြလေ၏။မိန်းကလေးသည် အံ့ဩသောမျက်နှာဖြင့် စိအစ်ဖိန်းကို လက်ညှိုးထိုး၍ပြောသည်။

"လက်စသော်တော့ ရှင်ဟာ သူ့ရဲကောင်းကြီး သံမဏိဓားဘုရင်ရဲ့ တပည့်ဖြစ်နေတာကိုး"

စိအစ်ဖိန်း၏ မျက်ခုံးများ မြင့်တက်သွား၏။

"မိန်းကလေးပြောပုံက ငါ့ဆရာကိုသိနေသလိုပဲ၊ ငါ့ဆရာကို သိရောသိရဲ့လား"

"ဟင့်အင်း၊ ကျွန်မကတော့ သံမဏိဓားဘုရင်ကို မသိပါဘူး၊ ကျွန်မဆရာရဲ့နှုတ်က မကြာမကြာ ပြောသံကြားနေရလို့ ခုလို လွှတ်ခနဲပြောမိတာပါ"

"ဩော် . . မင်းရဲ့ဆရာက ဘယ်သူတုံး"

စိအစ်ဖိန်းက ပြန်မေးလိုက်သည်။

အခြေအနေမှာ ကောင်းသွားပြီဖြစ်၍ မိန်းကလေးကလည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြန်ဖြေသည်။

"ကျွန်မဆရာက အိုမေဂိုဏ်းက ဒေါင်းပျံလီရှန်ရှန်ပါ"

ယခုတစ်ကြိမ် အံ့အားသင့်ရသူက စိအစ်ဖိန်းဖြစ်၏။

"ဒေါင်းပျံလီရှန်ရှန် . . . ဟုတ်လား"

"ဟုတ်ပါတယ်၊ လီရှန်ရှန်ပါ"

"မင်းရဲ့ ဆရာက အိုမေဂိုဏ်းက တစ်ဦးတည်းသော အရပ်သူ

တပည့်ပဲ၊ သိုင်းပညာသိပ်ကောင်းတယ်လို့ ငါ့ဆရာက မကြာခဏ ထုတ်ဖော်ချီးကျူးဖူးတယ်၊ ဒါကြောင့်မင်းလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သိုင်းပညာတော်နေတာကိုး၊ ဒါနဲ့မင်းရဲ့နာမည်က . ."

မိန်းကလေးက ပြုံး၍ပြောသည်။

"ကျွန်မနာမည်က ရက်ချိန်းချိန်းပါ"

စိအစ်ဖိန်း၏ မျက်နှာပေါ်မှ အံ့ဩသည့်အရိပ်အယောင်များ ထွက်ပေါ်လာ၏။ သူသည် လက်နှစ်ဘက်ကိုအုပ်ကိုင် ဆုပ်ကိုင်လျက် မိန်းကလေးအား ဂါရဝပြုလိုက်၏။

"အင်း . . . စကားပုံတစ်ခုရှိတာ သိပ်မှန်ပါကလား၊ ရန်မဖြစ်ရင် တစ်ယောက်အကြောင်းတစ်ယောက် မသိနိုင်ဘူးတဲ့၊ လက်စသတ်တော့ မိန်းကလေးကလဲ နာမည်ကျော် ကျောင်းထွက်ပေပဲကိုး၊ ဒါကြောင့် သိုင်းပညာမဆိုးတာပေဘဲ"

ရက်ချိန်းချိန်းနှင့် စိအစ်ဖိန်းတို့သည် တစ်ယောက်ကိုတစ်ယောက်ဂုဏ်ပြုလျက်၊ တစ်ယောက်ကိုတစ်ယောက် ဂုဏ်တင်လျက် တလေးတစားပြောကြားနေကြ၏။

"အင်း . . . မင်းတို့ဆရာတွေကတော့ မင်းတို့ပြောတဲ့အတိုင်း နာမည်ကျော်တွေပဲပေါ့၊ အဲ . . တိမ်ဆက်တောင်က ဆရာတော်စောင်းပိုက်ဆိုတာကော ကြားဖူးကြရဲ့လား"

ထိုက်ချင်က ပြောလိုက်လေရာ ရက်ချိန်းချိန်းနှင့်စိအစ်ဖိန်းတို့က လှည့်ကြည့်ကြ၏။ ထို့နောက် ပြိုင်တူပင်ခေါင်းကိုခါယမ်းပြလိုက်ရာ ထိုက်ချင်၏မျက်နှာ ရှုံ့မဲ့သွားတော့သည်။

"မင်းတို့ဟာ ငါထင်သလောက် ဗဟုသုတမှ မရှိကြတာကိုး"



ထိုက်ချင်က ရေရွတ်လိုက်မိတော့သည်။

"ကဲ . . ကဲ . . အားလုံးပဲ မိတ်ဆွေဖြစ်ကြပြီ၊ တော်သေးတာပေါ့၊ တစ်ယောက်ကိုတစ်ယောက် နားလည်သွားကြလို့၊ ငါသွားတော့မယ်၊ အားလုံးကိုနှုတ်ဆက်ခဲ့ပါတယ်"

စိအစ်ဖိန်းသည် အားလုံးကိုနှုတ်ဆက်ပြီး ထွက်ခွာသွားလေ၏။

သစ်တောထဲ၌ ကျန်ရစ်ခဲ့သူမှာ ရက်ချိန်းချိန်းနှင့် ထိုက်ချင်တို့သာ ဖြစ်တော့သည်။ သူတို့သည်ငိုင်၍ ကျန်ရစ်ကြ၏။ တစ်ဦးနှင့်တစ်ဦးစကားမပြောဖြစ်ကြပေ။

အတန်ကြာမှ ထိုက်ချင်ချောင်းဟန့်၏။

"အဟမ်း"

ရက်ချိန်းချိန်းက ထိုက်ချင်ကိုလှည့်ကြည့်၏။

"ဘာလဲ၊ ရှင် နေမကောင်းဘူးလား"

နောက်တောက်တောက် ပြောင်တောင်တောင် လုပ်လာသော ရက်ချိန်းချိန်းကို ပြုံးကြည့်လိုက်၏။

"ကောင်းပါတယ်ကွာ၊ မင်းနဲ့ငါ ရေစက်ဆုံပုံကို ပြောပြချင်လို့ပါ"

"အံမယ် . . ရေစက်တဲ့၊ ဘာရေစက်လဲ"

"ဟ . . ရေစက်ပေါ့၊ တစ်ကြိမ်ဆုံပြီးကတည်းက၊ မင်းနဲ့ငါ အကြိမ်ကြိမ်ကြုံဆုံခဲ့ကြတာ မဟုတ်ဘူးလား"

ရက်ချိန်းချိန်းက မဲ့ပြုံး ပြုံးလိုက်၏။

"မဖြစ်နိုင်ပါဘူး၊ ရှင်က ကျွန်မနောက် လျှောက်လိုက်နေတော့ အခုလိုဆုံကြုံနေရတော့တာပေါ့"

ထိုက်ချင်ရယ်မောလေတော့၏။

"ငါမလိုက်ပါဘူးကွ၊ ဘာဖြစ်လို့လိုက်ရမှာလဲ"

"အခု ကျွန်မသစ်တောဘက် ထွက်လာတာ ဘယ်သူမှမသိဘူး၊ ရှင်ရောက်လာတယ်၊ ရှင်မှကျွန်မနောက်မလိုက်ရင် ဘယ်သူလိုက်မှာလဲ"

"ဟ . . ငါက ငါ့ကိစ္စနဲ့ငါပြေးလွှားနေရာတာ၊ မင်းကိုတောင် သတိရတာမဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ရှင် ဒီရောက်လာရတာလဲ"

"ဟာ . . အဲဒါ ရေစက်ပေါ့"

"ဟွန်း . . လာပြန်ပြီ ဒီရေစက်"

ရက်ချိန်းချိန်းက ထိုက်ချင်ကို ချစ်စဖွယ်မျက်စောင်းကလေး ထိုးလိုက်၏။ရက်ချိန်းချိန်း၏ မျက်လုံးကလေးများက တစ်စုံတစ်ခုကို စဉ်းစားမိသလို အရောင်တောက်ပလာ၏။

"နေစမ်းပါဦး၊ ရှင်ကအခုသုံးလေးရက်အတွင်း ဘယ်ရောက်နေတာလဲ"

ထိုက်ချင်ရယ်လိုက်၏။

"ပြောပြရင်တော့ မင်းရယ်မှာပဲ"

"အံမယ် . . ပြောမှာပြောစမ်းပါ"

"အရပ်ရှစ်မျက်နှာလှည့်ပြီး မကောင်းသူပယ်၊ ကောင်းသူကယ် လုပ်နေရတယ်လေ"

ရက်ချိန်းချိန်း ခစ်ခနဲရယ်လေတော့၏။

"ရှင့်ပုံစံက အတော်ကြီးကျယ်တယ်၊ မကောင်းသူပယ်၊ ကောင်း



သူကယ်လုပ်ရအောင် ရှင့်မှာဘာအစွမ်းများရှိလို့လဲ"

ထိုက်ချင် မျက်မှောင်ကြုတ်သွား၏။

"ဘာလဲ၊ မင်းက မယုံဘူးလား"

"ခစ် . . ခစ် . . ခစ် . .၊ ရှင်က သူရဲကောင်းကြီးတစ်ဦး မဖြစ်သေးပါဘူး"

"ငါကလဲ သူရဲကောင်းလို့မပြောပါဘူး၊ ငါ လုပ်ခဲ့တဲ့အလုပ်ကို ပြောတာပါ၊ မင်းမယုံရင် သူဌေးယန်အိမ်ကို သွားမေးကြည့်ပေါ့၊ ငါကတော့ အမှန်တကယ် သရဲသုံးကောင်ဖမ်းပေးခဲ့တာပဲ"

ရက်ချိန်းချိန်း ပိုရယ်တော့၏။

"သရဲက ဘယ်လိုပုံသဏ္ဌာန်မျိုးရှိသလဲ၊ ပြောစမ်းပါဦး"

ထိုက်ချင် စဉ်းစားလိုက်၏။

"ငါဖမ်းတဲ့ သရဲကတော့ လူပုံပန်းသဏ္ဌာန်ရှိတယ်၊သိပ်ကြောက်စရာတော့ မရှိလှပါဘူး၊ ဒီသရဲတွေက သူဌေးယန်ရဲ့ ပစ္စည်းတွေကို လိုချင်နေကြတယ်"

"ဘုရားရေ၊ ပစ္စည်းမက်တဲ့သရဲဆိုတာ ရှိရောရှိရဲ့လား"

ရက်ချိန်းချိန်းက ရယ်မောရင်း ပြန်မေးသည်။

"ရှိလို့ပဲ ဖမ်းတောင် ဖမ်းလိုက်ပြီ"

"ရှင်က သိပ်ရယ်စရာ ပြောတတ်တာပဲ၊ သရဲရှိတာကို ကျွန်မ မယုံပါဘူး၊ အခုရှင်ပြောတဲ့ ပစ္စည်းမက်တဲ့ သရဲဆိုတာ ပိုတောင် မယုံသေးတယ်"

"ယုံတာ မယုံတာကတော့ မင်းအလုပ်ပဲ၊ ငါတော့ အတင်း မယုံခိုင်းပါဘူး၊ ကဲ . . ကဲ . . ဒါတွေ ထားပါတော့၊ စကားမစပ်

ဖြတ်မေးရဦးမယ်၊ မင်းတို့ရဲ့ အိုမေဂိုဏ်းက ဒီနေရာနဲ့ထောင်ချီ ဝေးတာပဲ၊ မင်းကဘယ်လိုလုပ်ပြီး ဒီနေရာရောက်နေရတာလဲ"

"ကျွန်မတို့ဂိုဏ်းရဲ့ ဌာနချုပ်ကတော့ မိုင်ထောင်ချီဝေးတာပေါ့၊ ကျွန်မ အိမ်ကတော့ ဒီနေရာနဲ့ မိုင်ထောင်ချီပြီးမဝေးဘူး၊ နီးနီးကလေးပဲ ရှိတော့တယ်"

"ဪ . . အိမ်ပြန်လာတာကိုး"

"ဟုတ်တယ်၊ ကျွန်မ အိမ်ကို ပြန်လာတာ"

"ဒီလောက်ခရီးအဝေးကြီးကို မင်းတစ်ယောက်တည်း ပြန်လာတာလား၊ သိပ်အံ့ဩစရာကောင်းတယ်၊ လမ်းခရီးမှာ လူဆိုး၊ သူခိုးတွေနဲ့ တွေ့နိုင်တယ်"

ရက်ချိန်းချိန်းက နှုတ်ခမ်းကလေးကို မဲ့လိုက်၏။

"လူဆိုး၊ ဘာလူဆိုးလဲ၊ ကျွန်မနဲ့ တွေ့တဲ့လူဆိုးဟာ ထိုင်ငိုသွားရမယ်"

"ဟား . . ဟား . . ဟား . . ငါတွေ့တာကတော့ မင်း ထိုင်ငိုတာပဲ"

ရက်ချိန်းချိန်း နှုတ်ခမ်းလေး စူလိုက်၏။

"ဒါကတော့ ရှင်တို့နှစ်ယောက်က ဝိုင်းညစ်တာကိုး၊ ရှင်သာ လူဆိုးသူခိုး ဖြစ်ကြည့်ပါလား၊ အသက် ဘယ်ကထွက်ရမလဲဆိုတာ မသိနိုင်အောင်ဖြစ်သွားမယ်"

"တကယ့်လူဆိုးနဲ့ မတွေ့သေးတော့ မင်းပြောအားရှိတာပေါ့လေ၊ တကယ်တွေ့တော့ မင်း ဒုက္ခရောက်မှာပေါ့၊ မဟုတ်မှလွဲရော မင်းရဲ့ဆရာက မင်းကို လိုက်ပို့ပေးတာဖြစ်ရမယ်၊ ဒီလောက်ခရီးကို



ဘယ်ဆရာကမှ မင်းကို စိတ်ချလက်ချ လွှတ်လိုက်မှာ မဟုတ်ဘူး"

ရက်ချိန်းချိန်း၏ မျက်နှာပေါ်၌ အံ့ဩသော အရိပ်အယောင်များ ပေါ်လာသည်။

"ရှင် ဘယ်လိုလုပ် သိသလဲဟင်"

ထိုက်ချင်က ရယ်မောလေ၏။

"ငါ ဘယ်လိုသိသလဲ ဟုတ်လား၊ ရယ်စရာ ကောင်းနေသလား၊ မရယ်နဲ့၊ မရယ်နဲ့၊ ငါက သရဲတောင်ဖမ်းတဲ့လူ၊ မင်းရဲ့ခရီးအသွားအလာကိစ္စကို ငါကဘာဖြစ်လို့ မသိရမှာလဲ"

ရက်ချိန်းချိန်း လွန်စွာ အံ့ဩနေ၏။

'ရှင်. . . . လူထူးလူဆန်းပဲ'

"အဲဒါကို သူဌေးယန်သိတယ်လေ၊ သိလို့ ငါ့ကိုခေါ်တာပေါ့၊ ငါက မှော်ပညာတတ်တယ်လေ"

ထိုက်ချင်က မှင်သေသေပြောသည်။

ထိုက်ချင်သည် ရက်ချိန်းချိန်းအား သူမ၏ ဆရာက လိုက်လံပို့ဆောင်ခြင်းဖြစ်ကြောင်း သိလိုက်သည်။ ရက်ချိန်းချိန်း၏ စကားများက ထိုအကြောင်းကို တစ်စွန်းတစ်စ ဖော်ပြနေသည် မဟုတ်ပါလော။

"ငါပြောတာ ဟုတ်တယ်မဟုတ်လား၊ ဒါနဲ့နေစမ်းပါဦး၊ မင်းရဲ့ဆရာက ဘယ်ဝင်နေသလဲ"

ထိုက်ချင်က စကားနှိုက်၍ မေးလိုက်၏။

ရက်ချိန်းချိန်းက . . .

"ဟုတ်တယ်၊ သူမြို့ထဲမှာ ကျန်ရစ်တယ်၊ သူဆောင်ရွက်စရာ

ကိစ္စလေးတွေ ရှိနေသေးတယ်"

"မင်းဆရာ အလုပ်ကိစ္စ ဝင်ဆောင်ရွက်နေတုန်း မင်းက လျှောက်ပြီး ပြဿနာတွေ ဖော်နေတာပေါ့ ဟုတ်လား"

"ရှင်နော်၊ ရန်စကားမပြောနဲ့"

"မင်းရဲ့ ဆရာက မင်း အိမ်ကိုရော သိရဲ့လား"

"သိလို့ ဟိုဘက်ကမ်းတောင် လွန်သွားသေးတယ်၊ ဆရာက ကျွန်မရဲ့ အဖေနဲ့သိပ်ခင်တာ၊ ဒါကြောင့်ကျွန်မကို ကျွန်မအဖေ ဆီက ခွင့်တောင်းပြီး တောင်ပေါ်ခေါ်ထားတာ၊ ကျွန်မ တောင်ပေါ် ကို ဘယ်အရွယ်က စရောက်တယ်ဆိုတာ ရှင်သိသလား"

ထိုက်ချင်သည် မသိဘူးဟုပြောမည်လုပ်ပြီးမှ သူ မှော်ပညာ တတ်ကြောင်း ဖြီးဖြန်းခြင်းကို သတိရလိုက်သည်။ ထို့ကြောင့် အသာ ကလေး ငြိမ်နေလိုက်၏။

"မင်းပဲ ဆက်ပြောပါ'

'ကျွန်မတောင်ပေါ်ကို လေးနှစ်သမီးကတည်းက ရောက်သွား တာ၊ ဆရာက ကျွန်မကိုသိပ်ချစ်တာ"

"တောင်ပေါ်မှာ ဘယ်နှစ်နှစ်ကြာခဲ့သလဲ"

"ဆယ့်နှစ်နှစ်တောင် ကြာခဲ့တယ်"

"ဟ . . ဒါဆိုရင် မင်းက ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာပေါ့၊ တကယ်ငယ်ငယ်လေးပဲ ရှိသေးတာပေါ့"

"အမယ် . . ကြီးကျယ်လိုက်တာ၊ ရှင်ကရော ဘယ်လောက်များ ကြီးနေလို့လဲ၊ ရှင်လဲ ကျွန်မထက်နည်းနည်းပဲ ကြီးမှာပါ၊ ရှင် ကျွန်မ အသက်ကို ညာပြီးမေးတာ မဟုတ်လား"



ထိုက်ချင် တဟားဟား ရယ်လေ၏။

"ဘာဖြစ်လို့ ညာပြီး မေးရမှာလဲ၊ မင်း ငါ့ထက် ငယ်တယ်ဆိုတာ အသက်မမေးလဲ သိနိုင်တာပဲ၊ ဒါတွေထားလိုက်စမ်းပါ၊ မင်းအခု ဘယ်သွားမှာလဲ"

"တာ့ချန်မြို့ထဲ ပြန်ဝင်မှာပေါ့၊ ကျွန်မ သွားစရာရှိသေးတယ်၊ ရန်သူတွေနဲ့ ထပ်တွေ့ပြီး တိုက်ဟယ်ခိုက်ဟယ် ဖြစ်နေဦးမယ်"

"မြို့ထဲမှာ ကိစ္စရှိလို့လား"

"ဆရာ့ကို ပြန်စောင့်ရမှာပေါ့၊ ဆရာနဲ့တွေ့ပြီးမှ သွားရမှာ"

"ဟား . . ဟား . . ဟား . . ငါသိပြီ၊ မင်း ငါ့နောက်လိုက် မလို့ ကြံနေပြန်ပြီ မဟုတ်လား"

ရက်ချိန်းချိန်း၏ လှပသောမျက်နှာလေးမှာ နီရဲသွား၏။ ရှက်သွေး တက်သွားခြင်းဖြစ်ပါသည်။

"ရှင်နော် . . ရှင်၊ အေးအေးဆေးဆေးမနေနိုင်ဘူး၊ ကျွန်မနဲ့ ရန်ဖြစ်ချင်ပြန်ပြီလား၊ ရှင့်နောက်ကို ကျွန်မကဘာဖြစ်လို့လိုက်ရ မှာလဲ"

"ငါကလဲ ဘာဖြစ်လို့ ခေါ်ရမှာလဲ"

"ရှင်နော် . . ရှင်"

ရက်ချိန်းချိန်းသည် ခြေထောက်ကိုဆောင့်ပြီး ထွက်ခွာသွား လေတော့သည်။

ထိုက်ချင်ကား တဟားဟားရယ်လျက် ကျန်ရစ်၏။

"ဟေ့ . . ဟေ့၊ ငါကြိုကြိုတင်တင် ပြောထားလိုက်ဦးမယ်နော်၊ ငါ ရက်ကျားမြို့ကို သွားမလို့ ဟေ့၊ မင်း ငါ့နောက်လိုက်မလာနဲ့ဦး၊

ကြားလား"

ထိုက်ချင်က ရယ်သံဗလုံးဗထွေးဖြင့် လှမ်းအော်ပြောလိုက်လေ၏။ သူသည် ရက်ချိန်းချိန်းကို စရ၊ နောက်ရသည်ကို ပျော်နေမိသည်။

ထိုက်ချင်၏အော်သံကြောင့် ရက်ချိန်းချိန်း တန့်ခနဲရပ်သွား၏။ သူမမျက်နှာပေါ်၌ မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် သူမက ဆရာကိုစောင့်ပြီးသွားမည်ဟု ပြောသည့်နေရာမှာ ရက်ကျားမြို့ပင် ဖြစ်နေသောကြောင့်တည်း။

ရက်ကျားမြို့တွင် သူမ၏အိမ် ရှိနေသည် မဟုတ်ပါလော။

* * * * *



## အခန်း [၂၂]

## ကျောက်ခြသေ့် စံအိမ်

ထိုက်ချင် အရယ် ရပ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ရက်ချိန်းချိန်းသည် သူ့ထံ ဒေါနှင့်မောနှင့် ပြန်လျှောက်လာသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

ထိုက်ချင် ရင်ထိတ်သွားသည်။ ရက်ချိန်းချိန်းနှင့် သူထပ်မံရန်မဖြစ်လိုပါ။

"ငါ့ဘာများ အမှားပြောမိလို့ပါလိမ့်၊ သူ့မျက်နှာက တကယ်ဒေါသဖြစ်နေတဲ့ပုံပဲ"

ရက်ချိန်းချိန်းက ထိုက်ချင်ရှေ့၌ ခါးထောက်ရပ်လိုက်၏။

"ရှင်ဟာ တကယ့်မှော်ဆရာပဲ၊ မှော်အတတ်နဲ့ ကျွန်မအိမ်ကို သိနေတာပေါ့လေ၊ ဟုတ်လား"

ထိုက်ချင်သည် ထိုအခါကျမှ သဘောပေါက်တော့သည်။

"ဩော် . . မင်းရဲ့အိမ်က ရက်ကျားမြို့မှာ ရှိနေတာကိုး"

"ဟုတ်တယ်၊ ရက်ကျားမြို့မှာ ကျောက်ခြသေ့်ခြံဆိုတာရှိတယ်၊ အဲဒါ ကျွန်မတို့ခြံပဲ"

"ဟုတ်လား"

"ရှင် အဲဒီမြို့ကိုမသွားပါနဲ့"

"ဘာဖြစ်လို့"

"ကျွန်မရဲ့အိမ် ရှိနေတယ်လေ"

"ဟ . . ဘာဆိုင်လို့လဲ၊ ရက်ကျားမြို့မှာ မင်းရဲ့အိမ်ရှိတာနဲ့ ငါက မသွားရတော့ဘူးလား၊ မဆိုင်လိုက်တာကွာ"

"ဆိုင်တာပေါ့၊ ရက်ကျားမြို့ရောက်ရင် ရှင်က ဟိုပြောဒီပြောနဲ့ ကျွန်မအိမ်ကို ဝင်လာဦးမှာမဟုတ်လား၊ ဒါကြောင့်ကြိုကြိုတင်တင် မသွားဖို့ပြောထားရတာပေါ့"

ထိုက်ချင် ရယ်လေတော့၏။

"မင်းဟာ တကယ့်ဉာဏ်ကြီးရှင်ကလေးပါပဲ၊ ငါတစ်ခုအကြံပေးပါ့မယ်၊ မင်းအိမ်ကို ငါမဝင်နိုင်တဲ့ နည်းလမ်းတစ်ခုကို ငါပြောပြပါမယ်"

ရက်ချိန်းချိန်း မျက်မှောင်ကြုတ်လိုက်၏။

"မင်းရဲ့အိမ်ကို တခြားမြို့တစ်မြို့ကို ရွှေ့လိုက်ပါလား"

ရက်ချိန်းချိန်း ဒေါသထွက်သွားတော့သည်။

"ရှင်ဟာ တကယ့်လူကတ်ပဲ၊ ဒါနဲ့များ ကျွန်မကိုတောင် ရှင်က အပြစ်ပြောနေသေးတယ်"

ထိုက်ချင်က ရက်ချိန်းချိန်းပြောမည့် စကားကိုနားထောင်နေသည်။

"ဒီလိုလုပ်ပေါ့၊ ကျွန်မအိမ်လဲ တခြားမြို့ကို မပြောင်းနိုင်ဘူး၊ ရှင်လဲ ကျွန်မနောက်မလိုက်နဲ့၊ ကျွန်မလဲ ရှင့်နောက်ကို မလိုက်ဘူး"

ထိုက်ချင် ခေါင်းညိတ်လိုက်၏။

"စိတ်ချ . . စိတ်ချ၊ မင်းသာ စကားတည်ပါစေ"



ရက်ချိန်းချိန်း နှာခေါင်းရှုံ့သွားသည်။

"ရှင်ဟာ တကယ့်ကို လေကြီးတယ်၊ လေကြီးတဲ့လူတွေဟာ တကယ်ပဲ မှော်ဆရာဖြစ်သလားတော့ မသိဘူး"

ရက်ချိန်းချိန်း ခြေဆောင့်ပြီး ထွက်သွားပြန်လေ၏။

ထိုက်ချင်သည် သည်တစ်ကြိမ်တွင်တော့ လှမ်း၍ မနောက်ပြောင်တော့ပေ။ စဉ်းစားရင်း ကျန်ရစ်ခဲ့လေ၏။

* * * * *

တကယ်တမ်း ရက်ကျားမြို့သို့ ခရီးထွက်သောအခါ ရက်ချိန်းချိန်းနှင့် ထိုက်ချင်တို့ အတူတူပင် ခရီးထွက်သည့်ဘဝသို့ ရောက်ကြရသည်။ ရက်ကျားမြို့သို့ သွားရန် တာ့ချန်မြို့မှအထွက်တွင်ပင် သူတို့နှစ်ဦး ဆုံမိကြ၏။ ရက်ကျားမြို့မှာ တာ့ချန်နှင့် မဝေးလှဟု ဆိုသော်လည်း တစ်နေကုန်တော့ ခရီးသွားရသည်။

သူတို့နှစ်ယောက် ရက်ကျား မြို့ဝင်မိချိန်တွင် နေဝင်မိုးချုပ်စပြုနေလေပြီ။ အိမ်တိုင်း၊ ခြံတိုင်းပင် မီးများ ထွန်းညှိထားကြလေပြီ။

ထိုမြို့သည် အကွက်ကျကျ တည်ဆောက်ထားသော မြို့ဖြစ်ဖြစ်၏။ မင်းလမ်းအပါအဝင် လမ်းကြီးငါးခုရှိပြီး လမ်းသွယ်ပေါင်းမြောက်မြားစွာပင် ပင့်ကူအိမ်လို ရက်ရှယ်ထားသည်။ ဤသို့ စနစ်ကျကျ သန့်သန့်ရှင်းရှင်းရှိခြင်းမှာ ရက်ကျားမြို့၊ မြို့စားကြီး၏ သန့်ပြန့်ခြင်းကို နှစ်ခြိုက်မှုကြောင့်ဖြစ်သည်။

လမ်းများ၊ အိမ်များ၊ ခြံများ အားလုံးပင် သန့်ရှင်းသပ်ရပ်နေ

သည်။ စည်းကမ်းမရှိ အမှိုက်စွန့်ပစ်သောအိမ်ကို မြို့စားကြီး၏အမှုထမ်းများက အပြစ်ဒဏ်ကောင်းကောင်းပေးကြ၏။ ဤသို့ဖြင့် ရက်ကျားမြို့သည် နေချင့်စဖွယ် ဖြစ်လာရပေသည်။

ရက်ကျားမြို့သည် စီးပွားရေး အခြေအနေလည်း မဆိုးလှပေ။ ကုန်စည်စီးဆင်းမှု မျှတသဖြင့် တစ်မြို့လုံး စားနိုင်၊ သောက်နိုင်များဖြစ်နေကြ၏။ လူလေလူလွင့် လွန်စွာနည်းပါးသည်။

ထိုက်ချင်နှင့် ရက်ချိန်းချိန်းတို့သည် မင်းလမ်းအတိုင်း လျှောက်လာကြ၏။ ရက်ချိန်းချိန်းသည် မြင်းမစီးပေ။ မြင်းကို လက်ဖြင့်ဆွဲလာသည်။

"ခရီးကတော့ သိပ်မဝေးလှဘူး၊ ဒါပေမယ့် တို့ ဒီမြို့ကို ရောက်တော့ မိုးချုပ်နေပြီ"

ထိုက်ချင်က ပြောလိုက်ခြင်း ဖြစ်၏။

ရက်ချိန်းချိန်းက ထိုက်ချင်ကို မျက်စောင်းထိုးသည်။

"ရှင်သာ မြင်းတစ်ကောင်လောက် ဝယ်လိုက်ရင် ကျွန်မတို့ အစောကြီးကတည်းက ဒီမြို့ကိုရောက်တာပေါ့၊ ရှင်က နှမြောနေတာကိုး"

"ငါက မနှောမြောပါဘူး၊ မြင်းက တကယ်မလိုအပ်သေးလို့ပါ၊ လိုအပ်ရင်တော့ ဝယ်မှာပေါ့"

"ရှင့်မှာ ပိုက်ဆံမပါဘူးလား"

ထိုက်ချင်ကရယ်ရင်း သူ့အိတ်များကို ပုတ်ပြသည်။ ငွေသံကြားရသည်။

"တွေ့လား၊ ငါ့ဆီမှာ ငွေတွေ အများကြီးပါတယ်၊ မြင်းတစ်



ကောင်ကောင်မဟုတ်ဘူး၊ ဆယ်ကောင်တောင် ဝယ်နိုင်တယ်"

ရက်ချိန်းချိန်း ဘာမျှမပြောတော့ပေ။ သူမသည် စကား စမြည်ပြောရင်း ထိုက်ချင်အကြောင်း တစ်စတစ်စ သိလာ၏။

လူအကြောင်းပေါင်းမှသိဟူ၍ပင် စကားရှိသည်မဟုတ်ပါလော။ ထို့ကြောင့်ပင် ရက်ကျားမြို့သို့ ထိုက်ချင်နှင့်အတူ ထွက်လာခြင်းဖြစ်သည်။သူတို့တစ်နေကုန် ခရီးအတူလျှောက်လာသော်လည်း ထိုက်ချင်သည် အပိုစကား တစ်လုံးမျှ မပြောခဲ့ပေ။သူ့အတွေးနှင့်သူ ငေးလာသည်။

ရက်ချိန်းချိန်းမှာလည်း ကိုယ့်အတွေးနှင့်ကိုယ် လာသဖြင့် အထူးအထွေ စကားမပြောမိတော့ပေ။ ဤသို့ပင် ရက်ချိန်းချိန်းတို့ ရက်ကျားမြို့ထဲသို့ ဝင်လာနိုင်ခဲ့ကြခြင်းပင်။ရက်ကျားမြို့ထဲရောက်သောအခါ ရက်ချိန်းချိန်း မျက်နှာမကောင်းပေ။

ထိုက်ချင်က . . .

"ရက်ချိန်းချိန်း . . မင်း အိမ်က ဘယ်နားမှာလဲ"

သူက ပတ်ဝန်းကျင်ကို အကဲခတ်ပြီး မေးလိုက်၏။

"မသိဘူး"

သူမ၏ အသံသည် တုန်ပြီးငိုသံပေါက်နေ၏။ ယခုပင် ငိုချလိုက်လေမလားဟု ထင်မှတ်ရပေသည်။

ထိုက်ချင်က ရက်ချိန်းချိန်းကို ပြုံး၍အားပေးလိုက်၏။

သူစေတနာဖြင့် အားပေးခြင်းဖြစ်သည်။ ယခုအချိန်မျိုး၌ မနောက်ပြောင်သင့်ကြောင်း ထိုက်ချင်သိပါသည်။

"မင်းအဖေရဲ့နာမည် ဘယ်လိုခေါ်သလဲဟင်၊ ငါ စုံစမ်းပေး

မယ်”

“ရက်လျှံတန်း တဲ့”

“ကောင်းပြီ၊ မင်း ဒီမှာခဏနေပါ၊ ငါ စုံစမ်းပေးပါ့မယ်၊ သိပ်မကြာစေရပါဘူး”

ထိုက်ချင်က ရက်ချိန်းချိန်းအပေါ် ကြင်နာသနားသွားခြင်းမှာ သူမသည် လေးနှစ်သမီးကတည်းက တောင်ပေါ်ရောက်နေခဲ့သည်ဆိုသော စကားကို ပြန်လည်သတိရလိုက်သောကြောင့် ဖြစ်ပါသည်။ လေးနှစ်သမီးကတည်းက ဤမြို့သို့ခွဲခွာသူသည် အဘယ်မှာလျှင် သူ့မိဘအိမ်ကို မှတ်မိနိုင်ပါမည်နည်း။

ထိုက်ချင်သည် ရက်ချိန်းချိန်းအနီးမှ လျင်မြန်စွာထွက်ခွာသွား၏။ အတန်ကြာသော် ထိုက်ချင်ပြန်လျှောက်လာကြောင်းတွေ့ရသည်။ သူ့လက်ထဲ၌လည်း ပေါက်စီနှစ်လုံး ပါလာသည်။ သူ့မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။

“ရော့ . . အဆာပြေစားထားလိုက်၊ မင်းမိဘတွေရဲ့ လိပ်စာလဲ သိခဲ့ရပြီ”

ရက်ချိန်းချိန်းသည် ထိုက်ချင်ပေးသည့် ပေါက်စီနှစ်လုံးကို လှမ်းယူလိုက်သည်။ ထိုက်ချင်အား ကျေးဇူးတင်သော အကြည့်ဖြင့်ကြည့်သည်။

“မင်းမိဘတွေရဲ့ ခြံက သိပ်မဝေးတော့ဘူး၊ ဒီလမ်းအတိုင်း လျှောက်သွားပြီး လမ်းသွယ်ကလေးနှစ်သွယ် ကျော်ဖြတ်ပြီးရင် ရောက်ပြီတဲ့၊ တံခါးဝမှာလဲ ကျောက်ခြင်္သေ့ရုပ် နှစ်ကောင်ရှိသတဲ့၊ ဘာမှ လွဲမှားစရာမရှိဘူးတဲ့၊ ကဲ . . သွားကြစို့”



ရက်ချိန်းချိန်း၏ မျက်နှာပေါ်၌ ဝမ်းနည်းဝမ်းသာ အရိပ်အယောင်များ ပေါ်လာသည်။

ထိုက်ချင်က ရက်ချိန်းချိန်း၏ မျက်နှာကို စူးစိုက်ကြည့်ပြီး . . .

“ဟော့ . . . မင်းမျက်နှာက ဝမ်းနည်းနေသလိုပဲ၊ ဘယ်လိုဖြစ်ရတာလဲ၊ တကယ်ဆိုရင်မင်းပျော်ရမှာပေါ့၊ မင်းမိဘတွေနဲ့ အကြာကြီးခွဲရာက ပြန်တွေ့ရတော့မှမဟုတ်လား၊ သားအမိသားအဖ တွေ ပြန်တွေ့ရင် ဘယ်လောက်ပျော်ဖို့ကောင်းမလဲ၊ ကဲ . . လာ . . လာ”

ထိုက်ချင်သည် ရက်ချိန်းချိန်း၏ စကားပြန်ကို မစောင့်တော့ဘဲ ဦးဆောင်ခေါ်သွားလေတော့၏။

မကြာမီ ကျောက်ခြင်္သေ့ရုပ် နှစ်ကောင်ရှိသော ခြံဝင်းရှေ့သို့ ရောက်ရှိလာသည်။ ခြံကား လူကုံထံတို့၏ ခြံကြီးဝင်းကျယ်မျိုးတည်း။ အနီရောင်အုတ်တံတိုင်းကြီး ကာရံထားသည်။

ထိုက်ချင်သည် ခြံတံခါးရှေ့ရပ်ပြီး ကျောက်ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်ကို မော့်ကြည့်သည်။ ကျောက်ဖြူသားနှင့် ပြုလုပ်ထားပြီး လက်ရာမြောက်လှသဖြင့် အသက်ရှိသောခြင်္သေ့ကဲ့သို့ ထင်မှတ်ရ၏။ ထိုက်ချင်၏ စိတ်ထဲ၌ ထိုခြံရှင်၏ကြီးကျယ်ခြင်းကို ဝမ်းသာခြင်း၊ အားရခြင်း တပ်မက်ခြင်းမရှိပေ။ သူ့စိတ်သည် တိမ်ဆက်တောင်မှ ဆရာတော်စောင်းပိုက်၏ ဆုံးမမှုကြောင့် ရိုးသားအေးဆေးနေပေသည်။

“ငါ့ကို ညွှန်လိုက်တာ ဒီအိမ်နဲ့ တစ်ပုံစံတည်းပဲ၊ ဒါ မင်းအိမ်ဖြစ်ရမယ်”

ထိုက်ချင်က ရက်ချိန်းချိန်းအား လှည့်ပြောလိုက်၏။ ရက်ချိန်း

ချိန်းက မျက်ရည်ဝေ့သောမျက်လုံးများဖြင့် ခြံကြီးကို ငေးမှမ်းကြည့်သည်။

ထိုစဉ် . . . ထိုက်ချင်သည် ခြံတံခါးဝအနီးသို့ ချဉ်းကပ်သွား၏။ သူသည် တံခါးရွက်ပေါ်ရှိ ကြီးမားသော ကြေးကွင်းကြီး နှစ်ခုကို ခပ်ကြမ်းကြမ်းခေါက်လိုက်သည်။ ကြေးကွင်းခေါက်သံ ဆုံးလျှင်ဆုံးချင်း တံခါးရွက်ပေါ်မှ တံခါးရွက်သေးလေး ပွင့်သွားပြီး ကြမ်းတမ်းသော မျက်နှာတစ်ခုပေါ်လာ၏။

"ဟေ့ . . အလကားနေရင်း ဘာဖြစ်လို့ လာပြီးလက်က မြင်းနေတာလဲ၊ မင်းအမေ့လင်အိမ်မို့လို့လာဆော့နေတာလား"

တံခါးစောင့်၏ အသုံးအနှုန်းများကား ရိုင်းစိုင်းကြမ်းတမ်းလှ၏။ သူ့ရုပ်ရည်ကြမ်းတမ်းမှုနှင့်ကား လိုက်ဖက်လှပေသည်။

ထိုက်ချင်ဒေါသထွက်သွား၏။ လူကုံထံ တစ်ယောက်၏အိမ်တွင် ဤမျှရိုင်းစိုင်းသော တံခါးစောင့်ကိုမထားသင့်ဟု သူထင်သည်။ သူသာ ရက်လျှံတန်းဖြစ်လျှင် ဤတံခါးစောင့်ကို ချက်ချင်း အလုပ်ဖြုတ်ပစ်မည်ဟု စိတ်ထဲမှ ပြောမိသည်။

သို့သော် . . . ထိုက်ချင်က သူ့ဒေါသကိုထိန်းသည်။

"ဒါ လူကြီးမင်း ရက်လျှံတန်း ရဲ့ အိမ် ဟုတ်ပါသလားခင်ဗျာ"

ထိုက်ချင်သည် တောင်ပေါ်၌ဘဝတစ်လျောက်လုံးနေလာသော်လည်း ဆရာတော်၏ အဆုံးအမအရ ယဉ်ကျေးစွာမေးလိုက်၏။

ကြမ်းတမ်းသော မျက်နှာရှိသည့် အစောင့်သည် ထိုက်ချင်အား ခြေဆုံးခေါင်းဆုံး အကဲခတ်၏။

"ဟုတ်တယ်၊ မင်းမှာကိစ္စရှိလို့လား"



ထိုက်ချင်ဝမ်းသာသွား၏။ ရက်လျှံတန်း အိမ်ဖြစ်လျှင် ရက်ချိန်းချိန်းအတွက် ပြီးပြည့်စုံပေပြီ။ ထိုက်ချင်၏ မျက်နှာသည် လွန်စွာရွှင်လန်းတောက်ပသွားသည်။

"ဒါဖြင့် သူဌေးကြီး ရက်လျှံတန်းကို အမြန်ဆုံးအကြောင်းကြားပေးစမ်းပါ၊ သူဌေးကြီးရဲ့သမီး ပြန်ရောက်လာပြီလို့"

ထိုက်ချင်က သူ့နောက်ပါး၌ မြင်းဇက်ကြိုးကို ဆွဲကာရပ်နေသော ရက်ချိန်းချိန်းကို ညွှန်ပြပြီးပြောလိုက်၏။

တံခါးစောင့်၏ မျက်လုံးများသည် ရက်ချိန်းချိန်းထံ ရောက်သွားပြန်သည်။

"မင်းက တကယ်ပဲ သူဌေးကြီးရဲ့သမီးလား"

တံခါးစောင့်၏ မျက်လုံးများထဲ၌ မယုံသင်္ကာမှုများကို တွေ့နေရသဖြင့် ရက်ချိန်းချိန်းက သူမ၏ရင်ဖုံးအင်္ကျီထဲမှ ပစ္စည်းတစ်ခုကိုဆွဲထုတ်လိုက်သည်။ ထိုပစ္စည်းမှာ အလျားသုံးလက်မ၊ အနံတစ်လက်မနှင့် အမြင့်လက်မဝက်ခန့်ရှိသော ကျောက်စိမ်းပြားကလေး ဖြစ်လေ၏။ ကျောက်စိမ်းပြားပေါ်တွင် ရက်ချိန်းချိန်းဟု ရေးသားထား၏။ ထိပ်တွင် အပေါက်ငယ် တစ်ပေါက်ဖောက်ထားပြီး အနီရောင် ပိုးကြိုးကလေးဖြင့် ချည်နှောင်ထားပေသည်။

ရက်ချိန်းချိန်းက ထိုကျောက်စိမ်းပြားကလေးကို လေထဲ၌ မြှောက်ပြပြီးမှ တံခါးစောင့်အား လှမ်းပေးလိုက်၏။

"ရော့ . . . ဒီပစ္စည်းကလေးကို ခြံရှင်လက်ထဲ ထည့်ပေးလိုက်ပါ ကျွန်မဟာ သူ့သမီးဟုတ်မဟုတ် သူသိပါလိမ့်မယ်"

တံခါးစောင့်၏ ကြမ်းတမ်းခက်ထန်သော မျက်နှာကြီးမှာ ရုတ်

ခြည်းပင် ပျော့ပျောင်းသွား၏။ တံခါးမကြီးလည်း ရုတ်ရက် ပွင့်သွားပြီး တံခါးစောင့် ထွက်လာသည်။ ထိုလူမှာ ရုပ်ရည်ကြမ်းတမ်းသလောက် ခန္ဓာကိုယ်ကြီးမားထွားကျိုင်းသူ ဖြစ်သည်။

တံခါးစောင့်က ထိုက်ချင်နှင့် ရက်ချိန်းချိန်းတို့ ဝင်နိုင်အောင် လမ်းပေါက်ဖွင့်ပေးပြီး . . .

"ဝင်ကြပါ၊ ဧည့်ဆောင်မှာ ခဏစောင့်ကြပါ၊ ဒီပစ္စည်းကို သူဌေးကြီးဆီ သွားပြပေးပါ့မယ်"

ထိုက်ချင်က ရက်ချိန်းချိန်းကို ခေါ်ပြီး ခြံတံခါးကို ဖြတ်ကျော်ဝင်ရောက်သွားလေတော့သည်။

* * * * *



အခန်း [၂၃]

## မိသားစု တွေ့ဆုံခြင်း

သူဌေးကြီးရက်လျှံတန်း၏ ဧည့်ဆောင်တွင် မွေးပွကော်ဇောများ ခန်းလုံးပြည့်ခင်းထား၏။ သစ်လွင်သော ပရိဘောဂများ ခင်းကျင်းထားသည်။ ရှေးဟောင်း ကြွေပန်းအိုးကြီးများဖြင့် အခန်းကို တန်ဆာဆင်ထားသည်။ ဧည့်ခန်းဆောင်၏ ကြီးကျယ်ခမ်းနားမှုက သူဌေးကြီးရက်လျှံတန်း၏ ကြွယ်ဝမှုကို ဖော်ပြလျက်ရှိနေသည်။

ကြီးကျယ်ခမ်းနားသော ဧည့်ခန်းဆောင်သည် ရက်ချိန်းချိန်းကို အနေကျုံ့စေမည်၊ မကျုံ့စေမည် မသိနိုင်သော်လည်း၊ တိမ်ဆက်တောင်ပေါ်၌ ဆယ့်ငါးနှစ်လုံးလုံး နေထိုင်ခဲ့ရသော ထိုက်ချင်ကိုမူ လွန်စွာအနေကျုံ့စေပေသည်။

ထိုက်ချင်သည် သူဌေးကြီးယန်ချန်း၏ဂေဟာသို့ ရောက်ခဲ့သော်လည်း သရဲဖမ်းသည့်ကိစ္စဖြင့် ရောယှက်ရှုပ်ထွေးနေသဖြင့် သူဌေးကြီးယန်၏ ကြွယ်ဝမှုများကို မရှုစားနိုင်ခဲ့ပေ။

ယခုမူ စိတ်အေးလက်အေး ရှုမြင်သုံးသပ်နေရသဖြင့် ထိုက်ချင်မှာ သူ့ကိုယ်သူ သိမ်ငယ်သလိုပင် ခံစားနေရသည်။ တောင်ပေါ်သားဘဝနှင့် ကြီးကျယ်ခမ်းနားမှုသည် မည်သို့မျှ မအပ်စပ်ပါလေတကား။

ထိုက်ချင်သည် ရက်ချိန်းချိန်းအတွက်တော့ ဝမ်းသာမိသည်။

ရက်ချိန်းချိန်းသည် သိုင်းပညာတတ်ကျွမ်းရုံတင်မက လွန်စွာချမ်းသာသည့် သူဌေးကြီး၏သမီးဖြစ်နေပေသေးသည်။ ထို့ပြင် ရုပ်ရည်ကလည်း ချောမောလှသည်။ သူသည် စိတ်ကောင်း ရှိသူဖြစ်၍ ရက်ချိန်းချိန်းအတွက် မုဒိတာပွားနိုင်ခြင်းမှာ မထူးဆန်းလှပေ။

"ထိုင်ကြပါ . . . ဒီမှာထိုင်ကြပါ"

တံခါးစောင့်က ထိုင်ခိုင်းသဖြင့် သူတို့နှစ်ယောက် ထိုင်လိုက်ကြ၏။

ထို့နောက် တံခါးစောင့်က အတွင်းခန်းဘက်သို့ လှမ်းအော်လိုက်သည်။

"ဟွာရင် သူဌေးကို အကြောင်းကြားပေးစမ်းပါ၊ ဧည့်ဆောင်မှာ ဧည့်သည်တွေ ရောက်နေတယ်လို့"

ချက်ချင်းလိုလိုပင် မိန်းမငယ်တစ်ဦး ထွက်လာ၏။

"ဘယ်ကဧည့်သည်လဲ"

သူမက တံခါးစောင့်အား ပြန်လည်မေးခွန်းထုတ်လိုက်၏။

တံခါးစောင့်က . . .

"သူဌေးကို မြန်မြန်အကြောင်းကြားပေးပါ၊ သူဌေးရဲ့သမီး အစ်မလေး ပြန်ရောက်နေပြီလို့ အကြောင်းကြားပေးပါ"

ဟွာရင်၏ အေးဆေးမှုများသည် ရုတ်ခြည်းပျောက်ကွယ်သွားပြီး ကမန်းကတန်းပင် အတွင်းခန်းသို့ ဝင်သွားသည်။

တံခါးစောင့်သည် ထိုက်ချင်တို့အား တင်းတင်းမာမာ မဆက်ဆံတော့ပေ။ ပြုံးပြုံးရွှင်ရွှင်ဖြင့် ဧည့်ခံသည်။ ထိုက်ချင်ကလည်း တံခါးစောင့်၏ ရှန့်ရင်းကြမ်းတမ်းစွာ ဆက်ဆံမှုကို မေ့ဖျောက်လိုက်



ပါသည်။ ယ်စဉ်က သူမမည်မျှ ချော

ထိုက်ချင်က ထိုင်ရာထပြီး လက်နှစ်ဘက်သားသော မျက်နှာကဖော်ပြုလိုက်သည်။

"ဒါထက် စကားမစပ်ခင်ဗျာ၊ နောင်ကြီးရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

တံခါးစောင့်ကလည်း လက်ဖမိုးယှက်ကာ ပြန်လည် ဂါရဝပြုသည်။

"ကျုပ်နာမည်က ချူယင်ပါ၊ ဒါနဲ့မောင်ရင်ကလဲ အိုမေဂိုဏ်းကပဲလား"

ထိုက်ချင်က ရယ်သည်။

"ဟား . . . ဟား . . . ဟား၊ အိုမေဂိုဏ်းက ယောကျ်ားလေးတပည့်ကို လက်ခံတဲ့ဂိုဏ်းမှ မဟုတ်တာ၊ ကျွန်တော်ကဘယ်လိုလုပ် အိုမေဂိုဏ်းက ဖြစ်နိုင်မှာလဲ၊ ကျွန်တော်က တိမ်ဆက်တောင် ဆရာတော်စောင်းပိုက်ရဲ့ တပည့်ပါ၊ နာမည်ကတော့ ထိုက်ချင်လို့ ခေါ်ပါတယ်"

"ဪ . . . တိမ်ဆက်တောင်က ဆရာတော်စောင်းပိုက်ရဲ့ တပည့်ကိုး၊ ကြားဖူးနေတာတော့ ကြာပါပြီ၊ လူချင်းတော့ ခုမှပဲ တွေ့ရတော့တယ်၊ တွေ့ရတာ ဝမ်းသာဝါတယ်မောင်ရင်"

ထိုက်ချင်ကလည်း၊ ဦးညွှတ်နှုတ်ဆက်ပြီး . . .

"ကျွန်တော်လဲ နောင်ကြီးချူယင်ရဲ့ နာမည်ကိုကြားနေတာ ကြာပါပြီခင်ဗျာ၊ တွေ့ရတာဝမ်းသာပါတယ်"

"ခစ် . . ခစ် . . ခစ် . ."

ရက်ချိန်းချိန်းသည် သိုင်းပညာသကြားသဖြင့် လှည့်ကြည့်လိုက်လေ၏။ သာသည့် သူဌေးကြီး၏သ ရယ်မောနေခြင်းတည်း။

ထိုက်ချင်မှာ မျက်မှောင်ကြုတ်သွားလေ၏။

"မင်းက ဘာရယ်တာလဲ၊ တို့ရယ်စရာလဲ ဘာမှမလုပ်မိပါဘူး"

ရက်ချိန်းချိန်းက ရယ်မောရင်း . .

"ရှင်တို့က ရယ်စရာကောင်းနေတာကိုး"

"ဘုရားရေ၊ တို့က ရယ်စရာကောင်းတယ်၊ ဘာရယ်စရာကောင်းတာလဲ"

ရက်ချိန်းချိန်းက . .

"ရှင်ပဲ တောင်ပေါ်ကဆင်းလာတာ မကြာသေးဘူးလို့ မကြာခင်ကမှ ပြောခဲ့တယ်၊ ဒီမြို့ကို ရှင်ခုမှရောက်ဖူးတာပဲ၊ ကျွန်မသိနေတယ်၊ ဒီတံခါးစောင့်ရဲ့ နာမည်ကို ရှင်သိနေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ တစ်ယောက်ကလဲ ရှင့်နာမည်ကို ကြားဖူးတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

ထိုက်ချင်က ရက်ချိန်းချိန်းကို စိတ်မဆိုးပေ။

"မင်း အရှုံးမလေးစဲ၊ သူက ငါ့နာမည်ကို သိတယ်လို့မပြောဘူး၊ ငါ့ဆရာနာမည်ကို သိတယ်လို့ပြောတဲ့လူကို ခင်ဗျားနာမည်တော့မကြားဖူးဘါလို့ ပြန်ပြောရမလား၊ ဒါကယဉ်ကျေးမှုပဲ၊ ဒါမျိုးကို မလျှောင်ရဘူးကွ"

ရက်ချိန်းချိန်းနှင့် ထိုက်ချင်တို့ ထိုသို့စကားပြောနေစဉ် အခန်းဆီးနောက်ကွယ်မှ လူတစ်စု ထွက်လာတော့၏။

ရှေ့ဆုံးမှ ထွက်လာသူကား ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦး



ဖြစ်လေ၏။ သူမမည်မျှပင်ဝဖိုင့်စေ၊ ငယ်စဉ်က သူမမည်မျှ ချောမောခဲ့သည်ကို ယခုတိုင် အလှမပြယ်သေးသော မျက်နှာကဖော်ပြလျက် ရှိနေ၏။

သူမ၏ရုပ်ရည်နှင့် ဟန်ပန်အမူအရာတို့က သူမသည်သာ ဤဂေဟာကြီး၏ အိမ်ကြီးသခင်မဖြစ်ကြောင်း ထုတ်ဖော်ကြေညာသလိုရှိနေသဖြင့် ထိုက်ချင်မှာ အနေကျုံ့ကျုံ့နေပြရရှာလေ၏။

သူ၏နောက်မှ လူအချို့ပါလာသည်။ မုတ်ဆိတ်တစ်ဝက်ဖြူတစ်ဝက်မည်းနေသော လူကြီးတစ်ဦးကို အိမ်ဖော်ယောကျ်ားနှစ်ဦးက တစ်ဘက်တစ်ချက်မှ တွဲလာကြ၏။

ထိုအုပ်စုသည် ဧည့်ခန်းမအတွင်းသို့ ဝင်လာကြသည်။ ရက်ချိန်းချိန်းမှာ ထိုလူအုပ်စုကို ကြည့်ပြီး ရင်ထဲလှိုက်ဖိုလာလေတော့၏။ သူမသည် ထိုင်ရာမှထရပ်မိသည်။

အိမ်ကြီးရှင်သခင်မဟန်ပန်အပြည့်ရှိသော မိန်းမကြီးသည် ရက်ချိန်းချိန်း၏ အနီးသို့ ဖြည်းညင်းစွာ လျှောက်လာ၏။ ထို့နောက် စူးရှသောမျက်လုံးများဖြင့် တစ်ကိုယ်လုံးထွင်းဖောက်မတတ် ကြည့်ရှုသည်။ ထို့နောက် မျက်လုံးများထဲ၌ မျက်ရည်များဝေ့လာတော့သည်၊ တဖြည်းဖြည်းရှိုက်သံထွက်လာ၏။ လက်နှစ်ဘက်ကို ဆန့်တန်းကာ ငိုရှိုက်သံဖြင့် ရက်ချိန်းချိန်းအား လှမ်းခေါ်လေ၏။

"သမီး၊ သမီး၊ သမီးလေးချိန်းချိန်း၊ သမီး"

အမျိုးသမီးကြီးသည် စကားကို ပြည့်စုံအောင် မပြောနိုင်ပေ။ ထိုမျှသာ ပြောနိုင်သည်။ စကားသံတစ်ဝက်တပျက်သာပြောနိုင်သည်။

ရက်ချိန်းချိန်းမှာ ရင်ထဲကလှိုက်ဆူလာပြီး အမျိုးသမီးကြီး၏ ရင်ခွင်ထဲသို့ ပြေးဝင်လေတော့၏။

"မေမေ . . . မေမေ"

ရက်ချိန်းချိန်းမှာ ဘာစကားမျှ ပြန်မပြောနိုင်တော့ဘဲ မိခင်ဖြစ်သူကို ဖက်ကာ ရှိုက်ကြီးတငင်ပင် ငိုကြွေးလေတော့သည်။

မိခင်နှင့်သမီး ဝမ်းနည်းဝမ်းသာ ဖက်ငိုနေသည်မှာ အချိန်အတန်ကြာသည်။

"သမီး . . ထဦး၊ သမီးနဲ့မေမေချည်း အလွမ်းသယ်နေလို့မဖြစ်သေးဘူး၊ သမီးဖေဖေကိုလဲ နှုတ်ဆက်ဦး"

ရက်ချိန်းချိန်းသည် မုတ်ဆိတ်တစ်ဝက်ဖြူ တစ်ဝက်မည်းပြီး ချူချာဟန်ရှိသော အဘိုးအိုကို ကြည့်လိုက်၏။ သူမ အဖေနာမကျန်းဖြစ်နေဟန် ရှိနေချေသည်တကား။ အဘိုးအို၏ မျက်လုံးများ၌ မျက်ရည်များဝဲနေ၏။

"သမီး . . သမီး၊ ဖေဖေ့ဆီလာပါဦး"

"ဖေဖေ"

ရက်ချိန်းချိန်းသည် မိခင်ရင်ခွင်မှ ထွက်ပြီး အဘိုးကြီး၏ ခြေအစုံကို ဦးခိုက်လေ၏။

အဘိုးကြီးက ရက်ချိန်းချိန်း၏ ဦးခေါင်းကို ပွတ်ပေးသည်။

"သမီး . . ငါ့သမီးလေး၊ ထ . . ထတော့၊ မင်းရဲ့ ဆရာကော မပါလာဘူးလား"

ရက်ချိန်းချိန်းက မျက်ရည်များသုတ်ရင်း . . .

"ပါတယ်ဖေဖေ၊ ခရီးကဝေးလှတယ်လို့ပြောပြီး ဆရာကိုယ်တိုင်



လိုက်ပို့ပါတယ်"

"ဒါပေမယ့် မင်းဆရာကိုမတွေ့ရပါလား၊ ဘယ်များဝင်နေခဲ့သလဲ"

'တာ့ချန်မြို့ရောက်တော့ ဆရာ့မှာ ကိစ္စတစ်ခုပေါ်လာပါတယ်၊ ဆရာက သမီးကို ခဏစောင့်ဖို့ပြောပြီး သူ့ကိစ္စဆောင်ရွက်ဖို့ ထွက်သွားပါတယ်၊ သမီးက ဆရာ့ကို စောင့်နေသင့်တာပါ"

"သမီးက မစောင့်ဘဲထွက်လာသလား"

"စောင့်တော့ စောင့်ပါတယ်၊ သုံးရက်လောက်ပဲ စောင့်ပါတယ်၊ တကယ်ဆိုရင် ဆရာမလာမချင်း စောင့်သင့်တာပေါ့"

"ဖေဖေနားလည်ပြီ၊ သုံးရက်ကြာတော့ စောင့်ရတာသည်းမခံနိုင်ဘဲ သမီးထွက်လာတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဖေဖေ၊ ဆရာ့ကို မစောင့်တော့ဘဲ ရက်ကျားမြို့ကို ထွက်လာပါတယ်၊ လမ်းမှာ ထိုက်ချင်နဲ့တွေ့ပြီး ထိုက်ချင်က သမီးကို ဒီအိမ်အရောက် လိုက်ပို့ပေးပါတယ်"

သူဌေးကြီး ရက်လျှံတန်းတို့ ဇနီးမောင်နှံသည် သမီးနှင့် တွေ့ပြီးဝမ်းသာဝမ်းနည်း ဖြစ်နေကြသဖြင့် ဧည့်သည်ပါလာမှန်း သတိမပြုမိကြပေ။ ချစ်လှစွာသော သမီးကလေးကိုသာ ဝိုင်း၍နှုတ်ဆက်နေကြသည်။

သမီးပြောပြသောအခါမှ ထိုဧည့်သည်သည် သမီး၏အကျိုးကိုဆောင်သော ဧည့်သည်မှန်းသိကာ ကမန်းကတန်း လှည့်ကြည့်မိကြသည်။

ရက်ချိန်းချိန်းသည် လည်းကောင်း၊ ရက်လျှံတန်းတို့ ဇနီးမောင်

နှံ့သည် လည်းကောင်း၊ မျက်လုံးများပြူးကျယ် ဝိုင်းစက်သွားလေ၏။ ဘယ်ကြောင့်ဆိုသော် ထိုက်ချင်ကို သူတို့လုံးဝမတွေ့ကြရတော့သောကြောင့်ဖြစ်ပါသည်။

"ဟိုမှာ . . ဓား"

မှန်ပါသည်။ ရက်ချိန်းချိန်း ညွှန်ပြသည်မှာမှန်ပါသည်။ ထိုက်ချင် ထိုင်ခဲ့သည့် ထိုင်ခုံပေါ်တွင် ထိုက်ချင်မရှိတော့သော်လည်း ထိုက်ချင်၏ ချယ်ရီသားဓားမှာ သူ့ကိုယ်စားကျန်ရစ်ပါလေ၏။

* * * * *



## အခန်း [၂၄]

## မိတ်ဆွေသစ်နှင့် တွေ့ခြင်း

မှန်ပါသည်။ ထိုက်ချင်မရှိတော့ပါ။ ထိုက်ချင်သည် ရက်ချိန်းချိန်း မိသားစုတို့ ဝမ်းနည်းဝမ်းသာ ငိုကြွေးနေကြသည့် မြင်ကွင်းကို အမှန်တကယ်မကြည့်ရက်နိုင်တော့ပါ၊ အကြောင်းမှာ သူ့မိဘများကို ပြန်လည်သတိရလာသောကြောင့် ဖြစ်ပါသည်။ သူတောင်ပေါ်မှ ဆင်းလာသည့်ကိစ္စကပင် မိဘရင်းများကို စုံစမ်းရန် မဟုတ်ပါလား။

ထိုမြင်ကွင်းကြောင့် ထိုက်ချင်မှာ သူ့မိဘများကို ပို၍တမ်းတ၊ ပို၍ သတိရလာ၏။ ရင်ထဲ၌ ဆွတ်ကျင်သော ဝေဒနာကို ခံစားလာရ၏။ ထို့ကြောင့် လူအားလုံးက ရက်ချိန်းချိန်းအား ဂရုစိုက်နေကြချိန် တဖြည်းဖြည်းထရပ်ပြီး သူထွက်လာခြင်းဖြစ်သည်။

သူသည် ခြံဝမှ အထွက်တွင် လူတစ်ယောက်နှင့် တိုက်မိမတတ်ဖြစ်သွား၏။ သူသည် ကျလုလု သူ့မျက်ရည်များကို ထိုလူမမြင်စေရန် ခေါင်းငုံ့ထားရသည်။

"ခွင့်လွှတ်ပါဗျာ၊ မတော်တဆဖြစ်ရတာပါ"

သူသည် ထိုလူကိုတောင်းပန်ရင်း ခြံနှင့်ဝေးနိုင်သမျှဝေးစေရန် ခပ်သွက်သွက် လျှောက်သွားတော့သည်။

"ထိုက်ချင် . . ထိုက်ချင်၊ ရှင် . . ရှင်ဘယ်မှာလဲဟင်"

ခြံထဲမှ အော်ခေါ်သံသဲ့သဲ့ကြားသောအခါ ထိုက်ချင်သည် ခြေလှမ်းကျဲကြီးများဖြင့် မပြေးရုံတမည် လျှောက်သွားလေတော့၏။

ရင်နာဖွယ်ရာ အဖြစ်ကား ဖြစ်ခဲ့ပါလေပြီ။ ထိုက်ချင်နှင့် ဝင်တိုက်မည်ကဲ့သို့ ဖြစ်သွားရသော လူကြီးကား ထိုက်ချင်နှင့်နှစ်ပေါင်း ဆယ့်ခုနစ်နှစ်ခန့် ကင်းကွာခဲ့ရသည့် သူ၏ ဖခင်စိုးရောင်ကျ ဖြစ်နေပါသတည်း။

လူကြီးသည် သူ့အား တိုက်မိမတတ် ဖြစ်သွားသော လူငယ်၏ ကျောပြင်ကိုကြည့်ကာ တစ်စုံတစ်ခုသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ သွေးက စကားပြောခြင်းပင်တည်း။

အကယ်၍သာ ထိုက်ချင်သည် ထိုလူကြီးကို သူ၏ဖခင်ဖြစ်ကြောင်း သိရှိခဲ့ပါလျှင် သူ၏ အထီးကျန် ဝမ်းနည်းကြေကွဲရခြင်းများသည် ထိုနေရာ၌ ကြေပျက် ပျောက်ဆုံးသွားမည်မှာ သေချာလှတော့သည်။

ယခုမူ ကံဇာတ်ဆရာ၏ လှည့်ပတ်မှုကြောင့် ဖခင်ဖြစ်သူနှင့် လက်မတင်ကလေး တွေ့လွဲလွဲသွားရှာတော့သတည်း။

* * * * *

ရွှေကဏန်း။

ထူးထူးဆန်းဆန်းနာမည်ပင်။ စားသောက်ဆိုင်နှင့် တည်းခိုခန်းတော်တော်များများသည် လှုံ့လှုပပနာမည်ကလေးများကို မှည့်ခေါ်တတ်ကြ၏။ ယခုမူ ရွှေကဏန်းတဲ့။

ရက်ကျားမြို့တွင် စားသောက်တည်းခိုဆိုင်ပေါင်း နှစ်ဆယ်မျှ



ရှိသည်။ ရွှေကဏန်းသည် ထိုဆိုင်များထဲမှ နာမည်ကြီးသော ဆိုင်တစ်ဆိုင်ပင်ဖြစ်သည်။

ရွှေကဏန်းတွင် ဟင်းလျာမျိုးစုံရရှိပါသည်။ ရရှိသော ဟင်းလျာအားလုံးပင် အရသာရှိပါသည်။ သို့သော် ထိုဆိုင်တွင်ချွတ်ယွင်းချက်တစ်ခုရှိနေသည်။ ထိုချွတ်ယွင်းချက်မှာ နာမည်ကျော် နှစ်ချို့အရက်တစ်မျိုးဖြစ်သည့် ဝါးရွက်စိမ်းအရက်မရရှိ ခြင်းပေတည်း။

ထို့ကြောင့် အရက်ကြိုက်သော လူအချို့က အစားအသောက်ကောင်းပါလျက် ဝါးရွက်စိမ်းအရက်ရှိအောင် မကြိုးစားသဖြင့်ကျိန်ဆဲပြီး ရှောင်ကွင်းကြခြင်းပင် ဖြစ်ပါသည်။ ဤအချက်ကြောင့် ရွှေကဏန်းစားသောက်ဆိုင်မှာ လူစုံကြိုက်စားသောက်ဆိုင် မဖြစ်ခဲ့တော့ပေ။

သို့သော် ထို ရွှေကဏန်းဆိုင်ထဲတွင် လူငယ်တစ်ယောက်ရောက်နေသည်။ အရက်အိုးတစ်အိုးလည်း သူ့ရှေ့၌ ရှိနေသည်။ ထိုသူကား ထိုက်ချင်ဖြစ်ပြီး တစ်သက်နှင့်တစ်ကိုယ် သူမသောက်ဖူးသည့် အရက်ကို ရှေ့၌ချထားသဖြင့် အံ့သြစရာဖြစ်နေတော့သည်။သူသည် အရက်ကို ဆေးဝါးအဖြစ် အသုံးပြုခြင်းမှ လွဲ၍လုံးဝမသောက်ခဲ့ပေ။

သူကြားဖူးထားသည်မှာ အရက်မူးလျှင် ဝေဒနာကို မေ့သည်ဟူသည့် စကားပင်တည်း။ ထို့ကြောင့် မိဘများနှင့် ပတ်သက်သည့် သူ့ရင်ထဲမှ ဝေဒနာကို အရက်ဖြင့်ဖြေဖျောက်ရန်အရက်တစ်အိုးမှာယူထားခြင်းပင် ဖြစ်တော့သည်။

သူသည် သူ့စားပွဲပေါ်မှ စားသောက်စရာများကို ကြည့်နေ၏။

သို့သော် . . ထိုအရာများကို သူလုံးဝမမြင်ချေ။ သူမြင်သည်မှာ တိမ်ဆက်တောင်ပေါ်မှ ပညာသင်ဘက်ညီအစ်ကိုများ သူ့အားနှိပ်စက်ရင်းကြီးပြင်းလာခဲ့သည့်ဘဝကိုသာတည်း။

"ဒီကခုံမှာ လူရှိသလားဟင်"

ထိုက်ချင်မကြားသဖြင့် ထိုလူရွယ်သည် နှစ်ကြိမ်တိုင်တိုင် မေးမြန်းရသည်။

"မရှိပါဘူး"

ထိုက်ချင် ထိုမျှသာပြောပြီး၊ ငိုင်နေပြန်၏။

ထိုလူရွယ်က စပ်စုလေ၏။

"ငါ့ညီကို ကြည့်ရတာ ဒီမြို့က ဟုတ်ပုံမရဘူး"

ထိုလူရွယ်သည် အသက်သုံးဆယ်ခန့်သာ ရှိသေးပြီး ယဉ်ကျေးရည်မွန်သော အမူအရာလည်းရှိ၏။ ထိုက်ချင် စကားမပြောချင်ပါ။ ထို့ကြောင့် ထိုလူရွယ်အား ဘာမျှပြန်မပြောခဲ့ချေ။

"အစ်ကို့နာမည်က ပိုင်လီချောင်ပါ၊ အခုလို မေးတာမြန်းတာဟာ သူတစ်ပါးကို စပ်စုသလိုဖြစ်နေတယ်ဆိုတာ အစ်ကိုသိပါတယ်၊ ဒါပေမယ့် . . ဟောဒီက ညီလေးရဲ့ ပုံသဏ္ဌာန်က စိတ်ညစ်နေတဲ့ ပုံစံမျိုးဖြစ်နေလို့ ဘာများအကူအညီပေးနိုင်မလဲဆိုပြီး မေးမိတာပါ"

ထိုလူရွယ်က သူစပ်စုရခြင်းအကြောင်းကို ရည်ရည်မွန်မွန်ပင် ရှင်းပြသည်။ ထိုက်ချင်မှာ အားနာတတ်သူဖြစ်၍ လွန်စွာအားနာသွား၏။ သူ၏ရိုင်းစိုင်းမှုအတွက်စိတ်မကောင်းဖြစ်သွားသောကြောင့် သူ့ကိုယ်သူ ပိုင်လီချောင်ဟု မိတ်ဆက်လာသူအား ပြုံးပြလိုက်သည်။



"ကျွန်တော်အတွေးလွန်သွားလို့ စကားမပြောလိုက်တာကို ခွင့်လွှတ်ပါ၊ အပန်းမကြီးဘူးဆိုရင် ကျွန်တော်နဲ့ အရက် သောက်ဖို့ ဖိတ်ခေါ်ပါရစေ"

"အိုး . . မဟုတ်တာ၊ အစ်ကိုကပဲ ဒကာခံရမှာပေါ့၊ အစ်ကိုက ဒီမြို့သားပဲ၊ ဒီစားပွဲက စားတာသောက်တာတွေကို အစ်ကိုတာဝန်ယူပါတယ်"

ဤသို့ဖြင့် . . ပိုင်လီချောင်နှင့် ထိုက်ချင်တို့ မိတ်ဆွေဖြစ်သွားကြလေ၏။ ပိုင်လီချောင်သည် ယဉ်ကျေးရည်မွန်ရုံသာမက သိုင်းပညာလောက အတွေ့အကြုံလည်း ပြည့်စုံသူဖြစ်သည်။ လောကကြီးကိုတစ်ဖက်သတ်မကြည့်ဘဲ ဟာသကလေးဖောက်ပြီး မြင်တတ်သဖြင့် စိတ်ညစ်နေသောထိုက်ချင်မှာ အနည်းငယ် စိတ်သက်သာရာရလာသည်။ သူတို့တွေ့ဆုံချိန်မှာ မကြာမြင့်သော်လည်း ထိုက်ချင်သည် ပိုင်လီချောင်ကို ခင်မင်လေးစားလာမိတော့သည်။

ထို့ကြောင့် စောစောက ထိုက်ချင်တစ်ယောက်တည်း ထိုင်ပြီး ခြောက်ကပ်နေခဲ့သော စားပွဲမှာ ပိုင်လီချောင်ကြောင့် စိုပြည်လာတော့သည်။ ဟာသသံများ ညံစီလာတော့သည်။

"ဟဲ . . ဟဲ . . ဟဲ . . ဒီဆိုင်မှာ ဝါးစိမ်းအရက် မရှိဘူးဆိုပြီး တကယ့်အရက်သမားကြီးတွေက ဒီဆိုင်ကိုမလာကြဘူး၊ အဲဒါ သိပ်ကောင်းသွားတာ၊ အစ်ကိုတို့ က ဒီဆိုင်လာပြီး ခွက်ပုန်းသောက်ကြတယ်၊ ဟဲ . . ဟဲ . . အရက်သမားကြီးတွေ မလာတဲ့အတွက် လူတွေက အစ်ကို့ကို တကယ့်အရက်သမားလို့ မထင်တော့ဘူးကွ၊ ဒါနဲ့ ဒီဆိုင်လဲ အစ်ကိုတို့လိုလူမျိုးတွေနဲ့ ကြီးပွားလာတော့တာပဲ"

ထိုက်ချင်ရယ်မိလေ၏။ ပိုင်လီချောင်က သူ့ခွက်ပုန်းသမား ဖြစ်ကြောင်း ဟာသကလေးနှောပြီး ပြောခြင်းဖြစ်သည်။

"အစ်ကို ဘာလုပ်တယ်ဆိုတာ ငါ့ညီသိသလား"

ထိုက်ချင် ခေါင်းခါလိုက်၏။ ထိုမေးခွန်းကို စိတ်ဝင်စားသလို လည်း ဖြစ်သွား၏။

"အစ်ကို ဘာလုပ်သလဲ"

"အစ်ကိုက အာမခံဌာနတစ်ခုကပါ၊ ပို့ဆောင်ရေးလက်ရွေးစင် တစ်ဦးပေါ့"

"ကျွန်တော်ကတော့ မြို့နဲ့သိပ်ကျွမ်းကျင်သူ မဟုတ်ပါဘူး၊ ကျွန်တော်ရဲ့ မိဘတွေကို လာရှာတာပါ၊ ကျွန်တော်က တိမ်ဆက်တောင်ပေါ်က ဆင်းလာတာပါ"

ပိုင်လီချောင်သည် ထိုက်ချင်အား သနားကြင်နာသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

"အစ်ကိုတစ်ခုပြောမယ်၊ ငါ့ညီလက်ခံမလားတော့မသိဘူး"

"ဘာများလဲ၊ အလျှင်ကြားပါရစေ"

"အစ်ကိုတို့ အာမခံဌာနဆိုတာက ပို့ဆောင်ရေးအလုပ်ကို လုပ်ပြီး နယ်စုံသွားနေကြရတယ်၊ တရုတ်ပြည်အနှံ့ မရောက်ဖူးသေးတဲ့ဒေသ မရှိသလောက်ဘဲ၊ တကယ်လို့ညီလေးသာ အစ်ကိုနဲ့လိုက်ခဲ့ရင် ညီလေးရဲ့မိဘတွေကို စုံစမ်းနိုင်တာပေါ့"

ထိုစကားမှာ ထိုက်ချင်အတွက် အလွန်သင့်လျော်လှသော စကားဖြစ်ပေသည်။ ပျောက်ဆုံးနေသည့်မိဘများကို ရှာဖွေမည် ဆိုလျှင် အာမခံဌာနများနှင့် လျှောက်လိုက်ခြင်းသာ အကောင်း



ဆုံးဖြစ်သည်။ နယ်စုံဒေသစုံသွားရပြီး အကြောင်းအရာမျိုးစုံကို လည်း စုံစမ်းရသောအလုပ်ဖြစ်သည်။

အာမခံဌာနများအကြောင်းကို ထိုက်ချင်သည် စောင်းပိုက်ဆရာတော်ထံမှ ဗဟုသုတအဖြစ် ကြားနာမှတ်သားထားပြီးဖြစ်ပေသည်။

"ကျေးဇူးတင်ပါတယ်၊ အစ်ကိုနဲ့ ကျွန်တော်လိုက်ခဲ့မယ်"

ပိုင်လီချောင် ဝမ်းသာသွား၏။ အရက်ခွက်ကို ကိုင်မြှောက်ကာ ထိုက်ချင်အတွက် ဆုမွန်ကောင်း တောင်းပေးသည်။

"ငါ့ညီ ကံကောင်းပါစေ"

ထိုက်ချင်ကလည်း အရက်ခွက်ကို ပြန်လည်မြှောက်ပြီး . .

"အစ်ကိုလဲ အောင်မြင်ပါစေ"

နှစ်ယောက်သား အရက်ခွက်များကို မော့ချလိုက်လေတော့၏။

* * * * *

## အခန်း [၂၅]

## ကြွေခိုင်သူ

စိရောင်ကျူသည် ညေ့ခန်းတွင် ထိုင်ပြီး တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေသည်။

ရက်လျှံတန်းက စိရောင်ကျူကို ငေးကြည့်ပြီး . . .

"အစ်ကိုကြီး ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်တော့်ကို မေးစရာရှိရင် မေးဦးလေ၊ တစ်ယောက်တည်း ခေါင်းခြောက်ခံမနေနဲ့"

စိရောင်ကျူက စိတ်ပျက်သလို ခေါင်းခါလိုက်၏။

"ဘာမှ မဟုတ်ပါဘူးကွာ"

"ဘာမဟုတ်ရမှာလဲ၊ အစ်ကိုကြီးတစ်ခုခု စဉ်းစားနေတယ်ဆိုတာ ကျွန်တော်သိတယ်၊ ပြောပါ၊ ထိမ်ချန်ရမယ့်လူတွေမှ မဟုတ်တာ"

"ဪ . . . ညီလေးရဲ့ အိမ်ကိုဝင်တော့ လူငယ်လေး တစ်ယောက်နဲ့ တိုက်မိတော့မလိုတောင် ဖြစ်သွားသေးတယ်"

ရက်လျှံတန်းက ပြုံးလိုက်၏။

"ဒါဆိုရင် သမီးကို ဒီအိမ်အထိစောင့်ရှောက်ပြီး လိုက်ပို့တဲ့ ထိုက်ချင်ဆိုတဲ့ သူငယ်လေးပဲဖြစ်မယ်၊ အဲဒီသူငယ်က တကယ့်



သူငယ်ပဲ၊ ကျေးဇူးတင်ခံရမှာကို အလွန်ကြောက်ပုံရတယ်၊ သမီးလဲ ကျွန်တော်တို့နဲ့တွေ့ရော သမီးကိုထားခဲ့ပြီး လစ်ထွက်ပြေးတာပဲ၊ ကျွန်တော်တို့က ဘာကျေးဇူးတင်စကားမှ မပြောလိုက်ရဘူး"

"ဪ"

စိရောင်ကျူရင်ထဲဟာခနဲဖြစ်သွား၏။ ထိုသူငယ်ထံမှ တစ်စုံတစ်ခုသိလိုက်ရလျှင် ကောင်းလေစွဟု တွေးမိလေ၏။

"ကဲ. . . သိပ်မစဉ်းစားနဲ့၊ ရော့ပါ၊ အရက်ကလေး ဘာလေး သောက်လိုက်ပါဦး"

စိရောင်ကျူသည် စိတ်မရွှင်သဖြင့် စိတ်ရွှင်လို့ရွှင်ငြား အရက်ခွက်ကို မော့သောက်လိုက်လေ၏။ရက်လျှံတန်းကမူ ပြုံးရွှင်နေသည်။

"ဒီနေ့ အစ်ကိုကြီးရောက်လာတာ သိပ်ကံကောင်းတယ်"

စိရောင်ကျူ သိပ်မအံ့ဩပါ။

"ဘာလဲ၊ မင်းရဲ့သမီးကလေးပြန်လာတာပြောမလို့မဟုတ်လား"

ရက်လျှံတန်း ရယ်မောလေ၏။

"အစ်ကိုကြီးက ချက်ဆို နားခွက်မီးတောက်တဲ့လူပဲ"

"မင်းစကားထဲမှာပါတာကို ငါကပြန်ပြောရတာပဲ၊ ဘာမှ သိပ်ဆန်းတာမဟုတ်ပါဘူး"

"သမီးကလေးက ဆယ့်နှစ်နှစ်လုံးတောင်ပေါ်မှာ သွားနေခဲ့တာ၊ သူလေးနှစ်သမီးကတည်းကဆိုပါတော့၊ အခုဆိုဆယ့်ခြောက်နှစ်တောင်ရှိသွားပြီ"

စိရောင်ကျူ အံ့ဩသွား၏။

"ငယ်လိုက်တာ၊ ဒီလောက် ငယ်ငယ်ကလေးကို မင်းတို့မို့

ခွဲနိုင်တယ်၊ အခု ဆယ့်ခြောက်နှစ်ဆိုတာလဲ ဘာကြီးတာမှတ်လို့"

ရက်လျှံတန်းက တက်ကြွစွာ ပြောသည်။

"ဟုတ်တယ် အခု အိုမေဇောင်က ပြန်လာတယ်၊ အစ်ကိုကြီး စဉ်းစားကြည့်၊ ခရီးကနီးသလား၊ ဒါကိုသူအရောက်ပြန်လာတယ်"

"သူတစ်ယောက်တည်း ပြန်လာတယ်ဟုတ်လား"

"သူဆရာပါတယ်လို့တော့ ပြောတာပဲ၊ တာ့ချန်မြို့မှာ သူ့ဆရာနဲ့ကွဲပြီး သူတစ်ယောက်တည်း ရက်ကျားမြို့ကို ထွက်လာခဲ့သတဲ့၊ ဒါတောင် မိန်းကလေးမို့နော်၊ ယောကျ်ားလေးဆို မိုးပေါ်တောင် တက်မယ့် ကလေးဖြစ်မှာ"

စိရောင်ကျူမှာ ရက်လျှံတန်း၏ပြောစကားများကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေ၏။ သူ့ရင်ထဲမှ ဝေဒနာဟောင်းသည် ဝေဒနာသစ်ဖြစ်လာသည်။

"သား . . သား၊ ငါ့သားလေး"

သူ့အသည်းနှလုံးသည် သားကလေးအတွက် ရင်ထဲ၌အော်ဟစ် ငိုကြွေးနေသည်။ ပြည့်စုံရတနာရွာတွင် မိုးခေါ်ကောင်းရာမှ ရေလွှမ်းသောဘေးဒုက္ခကို ခံစားလိုက်ကြရပြီး ဇနီးနှင့်သားတို့ ပျောက်ဆုံးခဲ့ရသည်။

သူသည် ဇနီးနှင့်သားကို အပြင်းအထန် ပြန်လည်ရှာဖွေခဲ့ရာ နောက်နှစ်ဝက်တွင် ဇနီးသည်အား ရွာငယ်ကလေးတစ်ခုတွင်ပြန်လည်ရှာဖွေတွေ့ရှိခဲ့ရပြီး သနားစရာ သခင်မဒန်ခမျာ လင်ဆုံးသားဆုံးဝေဒနာများအတွက် ရူးသွပ်သည့်ဘဝသို့ ရောက်နေရှာလေပြီ။

စိရောင်ကျူသည် ချစ်ဇနီးအား ကြင်နာစွာပြုစုကုသသည်။



ဇနီးဆုံးသားဆုံးဖြစ်စက သူပင်ရူးသွပ်မတတ် ခံစားခဲ့ရသည် မဟုတ်ပါလား။ မိန်းမသားတစ်ဦးသာဖြစ်သော ဇနီးသည်ခမျာ သူ့ထက်ပင် ပို၍ခံစားရမည်မဟုတ်ပါလား။ ဇနီးသည်၏ ဝေဒနာကို စိရောင်ကျူမျှဝေခံစားရင်းမျက်ရည်ကျခဲ့ရရှာပေသည်။

ထိုနှစ်မကုန်မီမှာပင် ကံဆိုးရှာသော သခင်မဒန်သည် တမလွန်ဘဝ၌ သားပျောက်ရှာရန် သေဆုံးသွားရှာတော့သည်။ စိရောင်ကျူ အံကြိတ်မိသည်။ သူသည် သူတစ်ပါးအပေါ် မည်သည့်အခါမျှ မတော်မတရားမလုပ်ခဲ့ချေ။ စိတ်ကောင်းစေတနာကောင်းရှိသော၊ သူ့အပေါ် ကံဇာတ်ဆရာကမည်သည့်ဇာတ်ကွက်ဖန်တီးပေးလေသနည်းဟု နာကြည်းစွာတွေးတောခဲ့ပေသည်။

သူသည် လောကကိုနာကြည်းသောစိတ်ဖြင့် အံကြိတ်ကာ လောကခံကို ကြံ့ကြံ့ခံသည်။ သူ၏မိတ်ဆွေဟောင်းအချို့၏ အကူအညီကိုခံယူကာ စီးပွားရေးလုပ်ငန်းကို ပြန်လည်လုပ်ဆောင်ရင်း သားပျောက်ရှာသည်။ နောက်နှစ်နှစ်ကြာသောအခါ တာ့ချန်မြို့သို့ ရောက်လာပြီး ပေါင်ယိုနှင့် ကံအားလျော်စွာ တွေ့ဆုံမိသည်။

ထိုအချိန်တွင် ထိုက်ချင်လေးနှစ်သားခန့်ဖြစ်နေချိန်၊ ထိုအချိန်တွင် ပေါင်ယိုမှာ သောက်စားသုံးဖြုန်းခြင်းကြောင့်ရှိသမျှ စည်းစိမ်ကုန်ကာ မွဲတေနေလေပြီ။ ဇနီးသည်ဝမ်ပုသည်လည်း လက်ငုတ်လက်ရင်း အပ်ချုပ်သည်ဘဝသို့ ပြန်ရောက်နေလေပြီ။

သားရှာနေသော စိရောင်ကျူနှင့်ပေါင်ယိုတို့ တွေ့သောအခါ ပေါင်ယို့က ကလေးကို သူရှာပေးမည်ဖြစ်ကြောင်း၊ သူရှာပေးသည့်အတွက် သူ့ကို ငွေတစ်သောင်းပေးရမည့်ဖြစ်ကြောင်း တောင်းဆို

သည်။ စိရောင်ကျူမှာ ငွေကြေးသခ်ါရကို နားလည်နေပြီဖြစ်၍ တစ်သောင်းကိုမြင်မနေတော့ပေ။ တစ်သောင်း ချက်ချင်းထုတ်ပေးပြီး ပေါင်ယို့နောက်သို့ လိုက်သွားသည်။

ထိုအချိန်၌ ဇနီးသည်ဝမ်ပုက ကလေးကို ဘုန်းကြီးအား ငွေတုံးတစ်တုံးဖြင့် ရောင်းစားပြီးခဲ့လေပြီ။

ပေါင်ယို့နှင့် ဝမ်ပုတို့ အကြီးအကျယ်ရန်ဖြစ်ကြ၏။ တစ်ချန်တစ်မြို့လုံးက လာရောက်ဖျန်ဖြေရမတတ် ပြင်းပြင်းထန်ထန်ရန်ဖြစ်ကြ၏။ လင်မယား ကွာရှင်းပြတ်စဲကြ၏။ ထိုဇနီးမောင်နှံ၏ကွဲပြဲမှုမှာ မည်သည့်ရင်ကိုမျှ မထိခိုက်စေပါ။ စိရောင်ကျူသာ ဂင်ကွဲပက် ၁က်ဖြစ်ရသည်။

စိရောင်ကျူသည် ပေါင်ယို့ထံမှ ငွေတစ်သောင်းကို ပြန်ယူခဲ့ပြီး ကလေးငယ်တစ်ဦးကို သားအမွတ်ဖြင့် မွေးစားခဲ့ပေသည်။ ထိုကလေးငယ်၏နာမည်ကို စိအစ်ဖိန်းဟု နာမည်ပေးခဲ့၏။

စိအစ်ဖိန်းသည် လိမ္မာသော လူငယ်ဖြစ်၍ သိုင်းပညာသာမက ၁ပေပညာပါ ထက်မြက်သူဖြစ်လာသည်။ မွေးစားသား ဖြစ်သော်လည်း သားရင်းပမာ ချစ်ခင်ပြီး ပြုစုစောင့် ရှောက်ခဲ့သည်။

စိတ်ဓာတ်ကြံ့ခိုင်သော စိရောင်ကျူသည် လောကကြီးကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း သူ့ဘဝကိုပြန်လည် ပျိုးထောင်လေ၏။

ဘယ်တော့မှမကျခြင်းသည် ဂုဏ်မဟုတ်ပါ။ ကျတိုင်းတက်နိုင်ခြင်းသည်သာ ဂုဏ်ဖြစ်သည်ဟူသော ကွန်ဖြူးရှပ်စ်၏ ဆုံးမသွန်သင်မှုကို စိရောင်ကျူနှလုံးသွင်းပြီး ကြိုးစားလေရာ များမကြာမီပင် သူသည် သူဌေးကြီး စိရောင်ကျူဘဝသို့ ပြန်လည်ရောက်ရှိ



လာခဲ့တော့သည်။

စိရောင်ကျူသည် ဤဘဝသို့ပြန်ရောက်ရန် ဆယ်နှစ်ဆယ်မိုးကြိုးစားခဲ့၏။ မွေးစားသား စိအစ်ဖိန်း ဆယ့်လေးနှစ်အရွယ်သို့ ရောက်သောအခါ တစ်ချိန်က ကျေးဇူးရှိဖူးသည့် သံမဏိဓားဘုရင်ထံသို့ ပေးပို့ပြီး သိုင်းပညာသင်စေခဲ့သည်။စိအစ်ဖိန်းသည် ဉာဏ်ကောင်းသူဖြစ်၍ သံမဏိဓားဘုရင်က ချီးကျူးလောက်အောင်ပင် သင်ရိုးများကို ကျွမ်းကျင်စွာ သင်ယူနိုင်ခဲ့ပေသည်။

စိအစ်ဖိန်း သူ့ဖခင်ထံသို့ပြန်လာရာတွင် သံမဏိဓားဘုရင်က စိရောင်ကျူထံ စာတစ်စောင်ရေးပေးလိုက်သည်။

"မိတ်ဆွေကြီး၊ ခင်ဗျားသားဟာ ကျုပ် အားကိုးရမယ့် တပည့်တွေထဲမှာ အထက်မြက်ဆုံး ဖြစ်နေတယ်၊ တကယ်လို့ ခင်ဗျားကသာ လွှဲအပ်နိုင်မယ်ဆိုရင် သူ့ကို ကျုပ်ရဲ့သားတပည့်အဖြစ် မွေးပြီး ကျုပ်ရဲ့ပညာအားလုံးကို လက်ကုန်သင်ပေးချင်တယ်" ဟူ၍ စာတစ်စောင် ပေးပို့ခဲ့ပေသည်။

ဇနီးဆုံးသား ပျောက် ဖြစ်ခဲ့သော စိရောင်ကျူသည် လိမ္မာရေးချားရှိလှသော ဤမွေးစားသားကလေးအား အဘယ်မှာလျှင် လက်လွှတ်နိုင်အံ့နည်း။ သူ့ဘဝသည် ဤသားကလေးကို ပြုစုပျိုးထောင်ရင်းဖြင့် အသစ်တစ်ဖန် ပြန်လည်စတင်ခဲ့ရခြင်း မဟုတ်ပါလော။

စိရောင်ကျူနှင့် ရက်လျှံတန်းတို့သည် သားရေးသမီးရေးကိစ္စများကို ရှေးမဆွကပင် စကားစပ်ခဲ့ဖူးသည်။ စိရောင်ကျူသည် သံမဏိဓားဘုရင်ထံမှ ပြန်လာသော သားကြီးကို တွေ့ရသောအခါ ရက်လျှံတန်း၏သမီးနှင့် လက်ဆက်ပေးရန် ကိစ္စအတွက်ရောက်

လာရင်း ထိုက်ချင်နှင့်ဝင်တိုးရမလို ဖြစ်ခဲ့ရခြင်းပင်။ စိရောင်ကျူ၏ အိမ်ဂေဟာမှာ ကျောက်ခြသေ့်ဂေဟာနှင့် မဝေးလှချေ။

ထိုအခါ စိရောင်ကျူမှာ သွေးက စကားပြောသဖြင့် ရင်ထဲ၌ ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။ သားမှန်းမသိသော်လည်း ထူးခြားသော ဝေဒနာက ထိုက်ချင်အား စိတ်ဝင်စားစေခဲ့ပေသည်။

"အင်း . . ငါ့သားကလေးသာ အသက်ရှင်လျက်ရှိနေမယ်ဆိုရင် ဒီအရွယ်လောက်ပဲ ရှိလိမ့်မယ်၊ သူဟာ ကြံ့ခိုင်တာပဲ၊ ငါ့သားကလေးလဲ ဒီလိုကြံ့ခိုင်မှာပါပဲ၊ သား . . သား . . ငါ့သားလေး၊ ဘယ်အရပ် ဘယ်ဒေသများ ရောက်နေပြီလဲမသိပါဘူးကွယ်"

စိရောင်ကျူရင်ထဲ၌ ငိုကြွေးနေပေပြီ။ ဝေဒနာဟောင်းသည် အုံ့ဩဖွယ်ကောင်းလောက်အောင် ဝေဒနာသစ် ဖြစ်လာသည်။ သူမည်မျှကြာအောင် ငိုင်တွေနေသည်မသိပါ။

"အစ်ကိုကြီး . . ညစာစားမယ်"

ရက်လျှံတန်းသည် ယနေ့မှ ထူးထူးခြားခြား ငေးငိုင်နေသည့် စိရောင်ကျူကို ကောင်းစွာ သတိပြုမိသည်။ သူ့ဇနီးသည်ကို ပြန်လည်သတိရနေခြင်းလားဟု သူတွေးသည်။ စိရောင်ကျူ သားပျောက်ခြင်းကိစ္စကို ရက်လျှံတန်း သိသော်လည်း စိအစ်ဖိန်းရှိနေသည့်အတွက် ထိုကိစ္စကို သတိမရချေ။

"အစ်ကိုကြီး . . . ထ၊ ညစာ ထမင်းစားမယ်၊ သမီးရောက်တုန်း ပျော်ပျော်ပါးပါး စားသောက်ကြတာပေါ့၊ သမီးကိုလဲ အစ်ကိုကြီးနဲ့ မိတ်ဆက်ပေးရမယ်"

ထိုအခါကျမှ စိရောင်ကျူသည် သူ့မွေးစားသား စိအစ်ဖိန်းကို



နေရာချထားပေးရန် ကိစ္စဖြင့် သူ၏အိမ်သို့ လာခြင်းဖြစ်ကြောင်း သတိရတော့သည်။

"ကောင်းသားပဲ၊ ညီလေးရဲ့သမီးကိုလဲ မြင်ရ၊ ညီလေးနဲ့လဲ ပြောစရာရှိတာပြောရတာပေါ့"

စိရောင်ကျူ၏ စကားရိပ်တို့ကို ရက်လျှံတန်း ချက်ချင်း သဘောပေါက်သည်။ ထိုသားရေးသမီးရေးကိစ္စကို ရက်လျှံတန်းတို့ဇနီးမောင်နှံ နှစ်ယောက် တိုင်ပင်ဆွေးနွေးပြီး ဖြစ်သည်။ စိရောင်ကျူ၏ သား စိအစ်ဖိန်းကို ငြင်းပယ်ရန် အကြောင်းမရှိသဖြင့် လက်ဆက်ပေးရန် သူတို့ ဆုံးဖြတ်ချက်ချပြီး ဖြစ်နေသည်။

"ဖြစ်တယ် ဖြစ်တယ်၊ ထမင်းဝိုင်းကျမှ အစ်ကိုကြီး ပြောချင်ရာပြောပေတော့၊ လာ . . လာ ထမင်းစားခန်းကို သွားကြမယ်"

စိရောင်ကျူနှင့် ရက်လျှံတန်းတို့သည် တစ်ဦးကိုတစ်ဦးဖက်ကာ ထမင်းစားခန်းဆီသို့ လျှောက်သွားလေတော့၏။

* * * * *

## အခန်း [၂၆]

## ဆံဖြူဘွားဘွား

ညစာစားပွဲမှာ မြိုင်ဆိုင်လှ၏။ ဟင်းလျာအမျိုးပေါင်း ငါးဆယ်ကျော် တည်ခင်းထားရာ ဆင်းရဲသားများအတွက် တစ်လစာ ဟင်းလျာများပင်ဖြစ်တော့သည်။ ဤမျှတည်ခင်းခြင်းမှာ ကွဲကွာနေသော သမီးငယ် ရက်ချိန်းချိန်းနှင့် မိသားစုပြန်လည်တွေ့ဆုံကြခြင်းကြောင့်လည်းကောင်း၊ ဧည့်သည်တော် စိုရောင်ကျူ ရှိနေခြင်းကြောင့်လည်းကောင်း ဤသို့ တည်ခင်းထားခြင်း ဖြစ်ပေသည်။

ရက်လျှံတန်း၏ စားဖိုမှူးသည် လွန်စွာကျွမ်းကျင်သူဖြစ်၍ ချက်ပြုတ်သည့်ဟင်းလျာများမှာ လွန်စွာအရသာရှိလှပေသည်။

ရှည်လျားသောစားပွဲ၏ထိပ်တွင် အိမ်ရှင်ရက်လျှံတန်းထိုင်၏။ သူ၏ဘယ်ဘက်ထိုင်ခုံ၌ ရက်လျှံတန်း၏ ဇနီးသည် ချူးလျှံထိုင်၏။

ချူးလျှံ၏မျက်နှာချင်းဆိုင်ထိုင်ခုံ၌ သားကြီး ရက်ယန်ကျုံးနှင့် ရက်ယန်ကျုံး၏ဇနီးတို့ ထိုင်ကြ၏။ ချူးလျှံ၏ဘေးတွင် သားငယ် ရက်ယန်ကျူနှင့် သမီးကြီး ရက်ရီချိန်းထိုင်၏။ ရက်ချိန်းချိန်းမှာ ရက်ယန်ကျုံး၏ ဇနီးဘေးတွင်ထိုင်သည်။ ဧည့်သည်တော် စိုရောင်ကျူမှာ ရက်လျှံတန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ထိုင်လေသည်။

ထိုထမင်းစားပွဲတွင် လူနှစ်ဦးမှအပ အားလုံးပင်ပျော်ပျော်ရွှင်ရွှင်ရှိနေကြသည်။ မပျော်ရွှင်နိုင်သူနှစ်ဦးမှာ ရက်ချိန်းချိန်းနှင့် စိုရောင်ကျူတို့ပင်ဖြစ်တော့သည်။ သူတို့အား စိတ်ထဲစနိုးစနောင့်ဖြစ်စေသူမှာလည်း တူညီနေသည်။ ထိုသူကား ထိုက်ချင်တည်း။



သို့သော် နှစ်ယောက်စလုံး သူတို့ခံစားချက်များကို မထုတ်ဖော်သဖြင့် ညစာစားပွဲမှာ ပျော်ပျော်ရွှင်ရွှင်ပင်ရှိနေသည်။

ထိုစဉ် . .

'သခင်ကြီး . . ဧည့်ဆောင်မှာ မမလေးရဲ့ဆရာ ရောက်နေပါတယ်၊ အခုပဲ ရောက်လာတာပါ'

ထိုအသံကြောင့် အားလုံးလှည့်ကြည့်မိကြ၏။

အိမ်ဖော်မလေး ဟွာရင်က လာရောက်သတင်းပို့ အစီရင်ခံခြင်းဖြစ်ပေသည်။

'ဖေဖေတို့စားပါ၊ ဆရာ့ဆီ သမီးသွားလိုက်ပါ့မယ်'

ရက်လျှံတန်း မည်သို့မျှမပြောနိုင်မီ ရက်ချိန်းချိန်းသည် ပျံလွှားငှက်ကလေးတစ်ကောင်ကဲ့သို့ အခန်းထဲမှ ပြေးထွက်ပျောက်ကွယ်သွားလေတော့၏။

'ဆရာမ . . ဆရာမ . . သမီးလာပြီ'

ရက်ချိန်းချိန်း၏ အော်သံကလေးသည် ကျောက်ခြသေ့်ဂေဟာ တစ်ခုလုံးစီစီညံသွားလေ၏။

ဧည့်ဆောင်သို့ ဝမ်းသာအားရပြေးထွက်လာသော ရက်ချိန်းချိန်း၏ ခြေထောက်များသည် ရုတ်တရက် တန့်သွားလေ၏။ အဆောင်ကြောင်းမှာ သူ့ဆရာမ အရိပ်အယောင်ကိုလုံးဝမတွေ့ရဘဲ ဧည့်ဆောင်အလယ်၌ အဘွားအိုတစ်ဦး ကျောပေးရပ်လျက်ရှိနေသည်

ကိုသာ တွေ့ရသောကြောင့်တည်း။

အဘွားအိုမှာ တစ်ခေါင်းလုံးရှိဆံပင်များ ဆွတ်ဆွတ်ဖြူနေလေပြီ။ သူမသည် ကျောက်ရုပ်ကြီးကဲ့သို့ မတုန်မလှုပ်ရပ်နေ၏။

ရက်ချိန်းချိန်းသည် တစ်ခန်းလုံး မျက်လုံးကစားသော်လည်း သူမတွေ့လိုသောသူကို မတွေ့ရဘဲရှိနေသည်။

ထိုစဉ် ဆံဖြူဘွားဘွားက နောက်လှည့်မကြည့်ဘဲ အေးစိမ့်သောလေသံဖြင့် စကားပြောလာလေ၏။

'ချိန်းချိန်း၊ မင်းရဲ့ဆရာကို လိုက်ရှာနေတာလား'

ရက်ချိန်းချိန်းမှာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွားတော့သည်။ သူမ၏ရင်ထဲ၌ ပူလောင်စပြုလာလေပြီ။

'ဘွားဘွား . . ဆ . . ဆ . . ဆရာမဘယ်မှာလဲ၊ သူ . . သူဆ . . ဆရာ . . ဆရာမကို သမီးစောင့်နေတာ'

ဆံဖြူဘွားဘွားသည် ရက်ချိန်းချိန်းဘက်သို့ ဖြည်းညင်းစွာလှည့်လာလေ၏။

'ဆရာမ ဘယ်မှာလဲဟုတ်လား၊ ဒီမေးခွန်းကို ဘွားဘွားက သမီးကိုပြန်မေးရမှာ'

ရက်ချိန်းချိန်း ရင်တဒိန်းဒိန်း ခုန်လာလေပြီ။

ထိုတစ်ခေါင်းလုံး ဆံပင်ဖြူများနှင့် ပြည့်နေသော အဘွားအိုမှာ အိုမေဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ကွေ့မိန်ဖြစ်လေ၏။ သူမသည် ရက်ချိန်းချိန်း၏ ဆရာမဖြစ်သော ဒေါင်းပျံလီရှန်ရှန်၏ ဆရာဖြစ်၏။ ဆရာဘွားဘွားဖြစ်သည်။

ရက်ချိန်းချိန်းမှာ ကြမ်းပြင်ပေါ်၌ ဒူးထောက်လိုက်ရင်း ခေါင်း



ငိုက်စိုက်ကျနေသည်။ သူမသည် ဆရာမ လီရှန်ရှန်က စောင့်နေပါဟုပြောသည့်နေရာ၌ ဆရာမ မလာမချင်းစောင့်နေရန် တာဝန်ရှိသော်လည်း သူမ မစောင့်ဘဲထွက်လာမိခဲ့သည့် အပြစ်ရှိနေသည် မဟုတ်ပါလော။

"ဘွားဘွား . . ဆရာမက သမီးကိုလိုက်ပို့ပါတယ်၊ ဒါပေမယ့် တာ့ချန်မြို့ကို ရောက်တော့ သူဆောင်ရွက်စရာ တစ်ခုရှိတယ် ဆိုပြီး သမီးကို တာ့ချန်မြို့ထဲမှာ ခေတ္တစောင့်ခိုင်းခဲ့ပါတယ်၊ သမီး အဲဒီနေရာမှာ သုံးရက်ကြာတဲ့အထိ စောင့်ခဲ့ပါတယ်၊ ဒါပေမယ့် ဆရာမ ရောက်မလာပါဘူး၊ အဲဒါနဲ့ သ . . သမီး ထွက် ထွက်"

"တော်ပြီ၊ ငါနားလည်ပြီ"

အဘွားအိုက ဖြတ်ပြောလိုက်သဖြင့် ရက်ချိန်းချိန်းမှာ ဆက်၍ မပြောဝံ့တော့ပေ။

ဆံဖြူဘွားဘွားသည် ပြတင်းပေါက်မှ အဝေးသို့ငေးမျှော်ကြည့်ရင်း တွေးတောနေသည်။ ဘွားဘွားသည် သူ့တပည့်မ မည်သို့မည်ပုံ ပျောက်ဆုံးနေသည်ကို စဉ်းစားနေပုံရသည်။

"ထူးဆန်းတယ်၊ သိပ်ထူးဆန်းတယ်"

ဆံဖြူဘွားဘွားသည် ခေါင်းတယမ်းယမ်းဖြင့် ညည်းညည်းညူညူပြောလိုက်သဖြင့် ရက်ချိန်းချိန်းပင်လန့်သွားသည်။ ဆံဖြူဘွားဘွား၏ အမူအရာက စိတ်လေးလံဖွယ်ကောင်းလှသဖြင့် ရက်ချိန်းချိန်းက ထစ်ထစ်ငေါ့ငေါ့မေးမြန်းမိလေ၏။

"ဘွားဘွား၊ ဆ . . ဆရာမ တစ်ခုခုများ ဖြစ် . . ဖြစ်"

သူမစကားကို ဆုံးအောင်မပြောနိုင်ချေ။ မျက်ရည်များ ပိုးပိုး

ပေါက်ပေါက်ကျလာသဖြင့် မျက်ရည်များကို အလျင်အမြန်သုတ်နေရပေသည်။

ဆံဖြူဘွားဘွား ကွေ့မိန်က သက်ပြင်းချရင်း . .

"အင်း . . ငါလဲ စိတ်လေးနေတာနဲ့ ဘုရားကျောင်းများစာသွားချခဲ့တယ်၊ မကောင်းဘူး၊ အဟောက တကယ့်ကို မကောင်းဘူး၊ လီရှန်ရှန် ဒုက္ခနဲ့ရင်ဆိုင်ရလိမ့်မယ်တဲ့၊ ဒါကြောင့် ငါလိုက်လာတာပဲ၊ ကြည့်စမ်း၊ မှန်လိုက်တာ"

ရက်ချိန်းချိန်းက ရှိုက်သံဖြင့်ပြောသည်။

"ဒါ . . ဒါ . . သမီးအပြစ်ပါ ဘွားဘွား၊ သမီးဆရာမကို သုံးရက်စောင့်လို့ ဆရာမထွက်မလာရင်တော့ သမီးက ဆရာမကို ပြန်ရှာသင့်ပါတယ်၊ ဒါပေမယ့် သ . . သမီး အသုံးမကျဘဲနဲ့ ရက်ကျားမြို့ကို ထွက် . . ထွက်လာခဲ့မိတယ်"

ရက်ချိန်းချိန်းသည် အမှန်တကယ်ပင် ယူကျုံးမရဖြစ်နေသည်။ သူမတွင်အပြစ်ရှိနေသည်ဟု ထင်မိပေသည်။ ဆံဖြူဘွားဘွားကွေ့မိန်သည် ရက်ချိန်းချိန်းခေါင်းကို ညင်သာစွာသပ်ပေးသည်။

"ဒါ . . သမီးအပြစ်မဟုတ်ပါဘူး"

"ဘွားဘွား . . သမီးဟာ ဆရာမစကားကို နားမထောင်ခဲ့ဘူး၊ သမီးသာဆက်စောင့်နေရင် ဆရာမဟာ သမီးဆီကို သတင်းတစ်ခုခုပေးချင် ပေးနိုင်မှာ"

"ဟင့်အင်း၊ ဒါလီရှန်ရှန်ရဲ့ အပြစ်ပဲ"

"သမီး ဆရာမကို လိုက်ရှာသင့်ပါတယ်"

"လီရှန်ရှန်လိုလူမျိုးတောင် ဒုက္ခရောက်မှတော့ သမီးဘာတတ်



နိုင်မှာလဲ၊ သမီး အဲဒီနေရာက ရက်ကျားမြို့ကိုထွက်လာလို့ ဘေးကင်းတာတောင် ဖြစ်ချင်ဖြစ်နေမယ်"

ရက်ချိန်းချိန်းက အံကြိတ်ရင်းပြောလိုက်၏။

"ဘွားဘွား . . သမီး တာ့ချန်မြို့ကို ပြန်သွားမယ်"

"သမီးသွားဖို့ မလိုပါဘူး၊ ဘွားဘွားသွားမယ်"

"သမီးလဲ ဘွားဘွားနဲ့လိုက်ခဲ့ပါရစေ"

ဆံဖြူဘွားဘွားကခေါင်းခါ၏။

"မလိုက်ရဘူး၊ ဘွားဘွားစုံစမ်းမယ်၊ သမီးနဲ့လီရှန်ရှန် ဘယ်နေရာမှာလမ်းခွဲတယ်ဆိုတာကိုပဲ ပြောပြစမ်း"

ရက်ချိန်းချိန်းက မျက်ရည်တွေကျဆင်းရင်း . . .

"ဘွားဘွားရယ် . . သမီးလိုက်ပါရစေ"

ဆံဖြူဘွားဘွားသည် မျက်မှောင်ကြုတ်သွား၏။ သူသည် ရက်ချိန်းချိန်းကို အေးစက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူ့အကြည့်ကို ရက်ချိန်းချိန်း ပြန်မကြည့်ဘဲ ခံစားလိုက်ရသည်။ သူ့တစ်ကိုယ်လုံး အေးခဲသွားသလိုခံစားလိုက်ရသဖြင့် တုန်တုန်ယင်ယင်ဖြစ်လာတော့သည်။

"သမီးနဲ့ သမီးဆရာမ ဘယ်မှာလမ်းခွဲကြသလဲ"

ဆံဖြူဘွားဘွား၏အသံက အေးစက်လှသဖြင့် ရက်ချိန်းချိန်းမှာ နောက်ထပ် ဘာမျှစောဒက မတက်ဝံ့တော့ချေ။

စင်စစ် သူမမှာ အလိုလိုက်ခံထားရသူဖြစ်၍ ဆံဖြူဘွားဘွားနှင့် ဤမျှ အပြန်အလှန်စကားပြောနိုင်ခြင်း ဖြစ်ပေသည်။ အိုမေတောင်တွင် သူ့ဆရာမ လီရှန်ရှန်အပါအဝင် ဂိုဏ်းသူအားလုံး

ဆံဖြူဘွားဘွားကို မည်သူမျှ အပြန်အလှန်စကားမပြောဝံ့ ကြပေ။

"စီ . . စီဝူးရေကန်နားမှာပါ ဘွားဘွား"

ရက်ချိန်းချိန်းမှာ ထိုမျှသာပြောရဲတော့သည်။ သူမသည် တရှုပ်ရှုပ်သာ ငိုနေတော့သည်။

ဆံဖြူဘွားဘွားကွေ့မိန်သည် တဖြည်းဖြည်းနောက်ဆုတ်သွား၏။ ရက်ချိန်းချိန်းမှာ တာ့ချန်မြို့သို့လိုက်ချင်လှသော်လည်း ဆံဖြူဘွားဘွားကို ကြောက်လှသဖြင့် ထပ်မံ မတောင်းပန်ရဲတော့ချေ။

"သမီး ဒီကနေပဲ စောင့်နေ၊ ဒီ တစ်ရက်နှစ်ရက်အတွင်းမှာ ဘွားဘွားဒီကိုပြန်လာခဲ့မယ်၊ သမီးရဲ့ဆရာမကိုလဲ ခေါ်လာခဲ့မယ်"

ဆံဖြူဘွားဘွားက ထိုမျှသာပြောပြီး ချာကနဲလှည့်ထွက်သွားတော့၏။

ရက်ချိန်းချိန်းမှာ ညှော့ဆောင်တံခါးဝမှနေ၍ အလွန်လျှင်မြန်လှသော ကိုယ်ဖော့ပညာဖြင့် ထွက်ခွာသွားသည့် ဆံဖြူဘွားဘွား၏ ကျောပြင်ကို ဝေဝါးသောမျက်လုံးများဖြင့် ကြည့်ရင်း ကျန်ရစ်ရှာလေတော့သတည်း။

* * * * *



## အခန်း [၂၇]

## ဝက်ပါသို့ ခြေတစ်လှမ်း

ရက်ကျားမြို့၏ အရှေ့မြောက်ဘက်အရပ်တွင် နှစ်ထပ်အိမ်ကြီးတစ်လုံးရှိ၏။ နှစ်ထပ်အိမ်ကြီးဖြစ်ခြင်း၊ မြို့စွန်၌ရှိခြင်းတို့ကြောင့် လူအဝင်အထွက် နည်းသည်။ ထိုအိမ်ကြီး၏ တံခါးထိပ်နဖူးစည်းတွင် ရွှေစာလုံးများဖြင့် ဆိုင်းဘုတ်တစ်ခုရှိ၏။

"ရွှေပျံလွှား အာမခံဌာန"

ထိုရွှေပျံလွှား အာမခံဌာနမှာ ပေါ်ပင်ဌာနတစ်ခု ဖြစ်၏။ လွန်ခဲ့သော ရက်သတ္တပတ်က ဖွင့်လှစ်ခဲ့ပြီး ရက်ကျားမြို့၏ အရှေ့မြောက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ကြပေသည်။ယခု ထိုအာမခံဌာနရှေ့၌ မြင်းနှစ်ကောင်တပ်ထားသည့် မြင်းလှည်းတစ်စီး ရပ်တန့်ထား၏။

ထိုစဉ် အာမခံဌာနမှ ကြီးမားသော သေတ္တာကြီးတစ်လုံးကို လူလေးယောက် ထမ်းချလာကြောင်းတွေ့ရသည်။ သူတို့သည် သေတ္တာကြီးကို မြင်းလှည်းပေါ်တင်လိုက်သည်။

ထိုသေတ္တာကြီးကို မြင်းလှည်းပေါ်တင်ပြီးချိန်တွင် အာမခံဌာနထဲမှ လူနှစ်ယောက်ထွက်လာကြ၏။ တစ်ယောက်မှာ ပိုင်လီ ချောင်ဖြစ်ပြီး တစ်ယောက်မှာထိုက်ချင်ဖြစ်၏။

ပိုင်လီချောင်က မြင်းလှည်းပေါ်တင်ထားသည့် သေတ္တာကြီး

ကို တစ်ချက်မျှစစ်ဆေးပြီး မြင်းလှည်းတံခါးကို ပိတ်လိုက်သည်။

"ဘာကြီးလဲဗျ"

ထိုက်ချင်က မေးလိုက်၏။

ထိုအခါ ပိုင်လီချောင်က ရယ်ရင်း . .

"ညီလေးတစ်ခုမှတ်ထား၊ အာမခံဌာနမှာ အလုပ်လုပ်ရင် ဘာပစ္စည်းလဲ၊ ဘယ်နေ့ဘယ်ကိုရောက်မှာလဲ၊ အဲဒီစကားတွေကို လုံးဝမပြောရဘူးကြားလား"

"ဟုတ်ကဲ့၊ ကျွန်တော်နောက် မမေးတော့ပါဘူး"

ပိုင်လီချောင် ခေါင်းညိတ်လိုက်၏။

"ကဲ . . သွားစို့"

သူသည် မြင်းလှည်းမောင်းသည့် ထိုင်ခုံတွင်တက်ထိုင်လိုက်ရာ ထိုက်ချင်ကလည်း သူ့ဘေးခုံနေရာလွတ်တွင် ဝင်ထိုင်လိုက်၏။

မြင်းလှည်းကား ထွက်ရန်အဆင်သင့် ဖြစ်သွားလေပြီ။ ထိုက်ချင်ကား ရှေ့သို့သွားရမည့်ခရီးကို မျှော်ငေးကြည့်မိသည်။ပိုင်လီချောင်က မြင်းဇက်ကြိုးများကို ကောက်ယူလိုက်ပြီး ဆွဲယမ်းလှုပ်ခါလိုက်၏။ ပါးစပ်မှလည်း အော်ဟစ်လိုက်ရာ မြင်းကြီးများက ကိုယ်ကို တစ်ချက်ကွန့်ပြီး ရုန်းလိုက်ကြသည်။

"ဆွဲလိုက်ကြစမ်း ဖေ့သားကြီးတို့"

ပိုင်လီချောင် ဘယ်မံမအော်ရတော့ပါ။ မြင်းကြီးများသည် အနည်းငယ် အရှိန်ရသည်နှင့် မြင်းလှည်းကို တစ်ရှိန်ထိုးဆွဲချသွားတော့သည်။မြင်းလှည်းထွက်သွားသည်နှင့် အာမခံဌာနအတွင်းမှ လူအချို့ထွက်လာကြသည်။ တစ်ယောက်က လှေကားတစ်ခုယူလာပြီး တံခါးဝရှေ့၌ မှီထောင်လိုက်၏။



"မြန်မြန်တက်စမ်းကွာ၊ မြန်မြန်ဖြုတ် မြန်မြန်အေးတာပဲ"

လူတစ်ယောက်သည် လှေကားထစ်အတိုင်း လျင်မြန်စွာတက်သွားပြီးနောက် ရွှေပျံလွှား အာမခံဌာနဟူသော ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်သည်။ နောက်တစ်နေ့ နံနက်လင်းသောအခါ ထိုအနီးဝန်းကျင်မှလူများသည် လူလုံးဝမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးကိုသာ တွေ့ကြရတော့သည်။ ရွှေပျံလွှားအာမခံဌာနသည် တစ်ပတ်မျှထွက်ပေါ်လာပြီးပြန်လည်ပျောက်ကွယ်သွားတော့သည်။

ထိုက်ချင်တို့မြင်းလှည်း ထွက်ခွာလာရာတွင် အဘွားအိုတစ်ဦးသည် မြင်းလှည်းနောက်ပိုင်းကို မျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ထို အဘွားအိုကား ရက်ချိန်းချိန်း၏ ဘွားဘွားကွေ့မိန့်ပင်ဖြစ်သတည်း။ သူမသည် မြင်းလှည်းကိုကျောခိုင်းလိုက်ပြီး တာ့ချန်မြို့သို့သွားရန် ဦးတည်လိုက်၏။ သူမ၏ တပည့်လီရှန်ရှန်ကို တာ့ချန်မြို့တွင် သူမ သွားရောက်ရှာဖွေရမည် မဟုတ်ပါလား။

အကယ်၍ မိမိဆုံတွေ့လိုက်ရသည့် မြင်းလှည်းပေါ်၌ မိမိ၏ တပည့် လီရှန်ရှန်ပါသွားခဲ့သည်ကိုသာ ဆံဖြူဘွားဘွား သိရှိလိုက်လျှင် သူမမည်မျှဆွေ့ဆွေ့ခုန် ဖြစ်သွားလေမည်နည်း။ ယခုမူ ဆံဖြူဘွားဘွားသည် တာ့ချန်မြို့ဆီသို့ ခရီးနှင်လျက်ရှိနေလေ သတည်း။

✻ ✻ ✻ ✻ ✻

ပိုင်လီချောင်သည် သူ၏မြင်းလှည်းကိုကျွမ်းကျင်စွာမောင်းနှင်လျက်ရှိလေ၏။ သူတို့သည် တစ်ညလုံး မောင်းနှင်လာရာ နံနက်

လင်းသည့်တိုင် ဖြစ်သည်။

ထိုက်ချင်မှာ မြင်းလှည်းကို အာရုံစိုက် မောင်းရသူမဟုတ်သဖြင့် ငိုက်မျဉ်းခွင့်ရသည်။ နံနက်လင်း၍ လန်းဆန်းသော လေကောင်းလေသန့်ကိုရှူရှိုက်ရသောအခါ သူ၏စိတ်ဓာတ်သည် ရုတ်ခြည်းပင် လန်းလန်းဆန်းဆန်းဖြစ်သွားတော့သည်။

နံနက်လင်းသောအခါ သူတို့မြင်းလှည်းသည် မြို့ပြင်အတော်ဝေးဝေးသို့ ရောက်ရှိနေပေပြီ။ ပိုင်လီချောင်က မြင်းကို အပြင်းမမောင်းတော့ပေ။ အရှိန်အနည်းငယ် လျှော့ပြီးမောင်းသည်။

သူတို့သည် ရက်ကျားမြို့ပြင်ရှိ လယ်ကွင်းများကို ကောင်းစွာဖြတ်ကျော်ခဲ့ပြီးနောက်လွင်ပြင်တစ်ခုကို ဖြတ်ကျော်လျက်ရှိလေပြီ။

ထို မြက်ရိုင်းလွင်ပြင်၏ရှေ့တွင် သစ်တောအုပ်ကိုတွေ့ရ၏။ သူတို့၏ မြင်းလှည်းသည် ထိုစိမ်းလန်းသော သစ်တောဆီသို့ ဦးတည်နေသည်။

မကြာမီ မြင်းလှည်းသည် သစ်တောအုပ်ဆီသို့ရောက်ရှိလာသည်။ မြင်းလှည်းသည် သစ်တောအုပ်ထဲသို့ ဝင်လိမ့်မည်ဟု ထိုက်ချင်ထင်လိုက်သော်လည်း ပိုင်လီချောင်သည် မြင်းလှည်းကို သစ်တောထဲမောင်းမသွင်းပေ။ မြင်းလှည်းသည် သစ်တောဘေးမှ သစ်တောနှင့် ယှဉ်လျက်မောင်းနှင်နေတော့၏။

တစ်ညလုံး တစ်နံနက်လုံး မအိပ်ဘဲမောင်းနှင်ခဲ့ရသည့် အတွက် ပိုင်လီချောင် ပင်ပန်းနွမ်းနယ်နေမည်ဟု ထင်မှန်ရသော်လည်း ထိုအရိပ်လက္ခဏာများ ပိုင်လီချောင်၏မျက်နှာပေါ်၌ လုံးဝမရှိပေ။ သူသည် ထိုက်ချင်ကဲ့သို့ပင် လန်းလန်းဆန်းဆန်း ရှိနေသည်။



ပိုင်လီချောင်သည် မြင်းလှည်းမောင်းနေရာမှ ထိုက်ချင်ကို လှည့်ကြည့်၏။ ထိုက်ချင်ထံမှ စကားပြန်ရသောအခါ ပိုင်လီချောင်က စောင်းငဲ့ကြည့်လိုက်သည်။ ပိုင်လီချောင်က ပြုံးလျက် . . .

"နေပါဦး၊ ငါ မေးစမ်းပါရစေဦး၊ ရက်လျှံတန်းရဲ့ သမီးနဲ့ ငါ့ညီက ဘယ်လိုသိကြတာလဲ၊ ကျောင်းနေဘက်သူငယ်ချင်းတွေလား၊ အခုမှသိကြတာလား"

ထိုက်ချင်ခေါင်းခါလိုက်၏။

"သူနဲ့ ကျွန်တော်ကဘယ်လို ကျောင်းနေဘက်ဖြစ်နိုင်မှာလဲ၊ သူကတခြား ကျွန်တော့်ကတခြားပဲ"

"ညီလေးရဲ့ ဆရာက ဘယ်သူလဲ"

'ကျွန်တော့်ဆရာက တိမ်ဆက်တောင်မှာရှိတယ်'

"ဘာ ... ဆရာတော် စောင်းပိုက်လား"

"ဟုတ်တယ်၊ ကျွန်တော်ကစောင်းပိုက်ဆရာတော်ရဲ့ တပည့်ပါပဲ၊ ဆရာတော်က ခွင့်ပြုလို့ တောင်ပေါ်ကဆင်းလာတာ"

"ကြည့်စမ်း . . တိုက်ဆိုင်လိုက်လေ၊ ငါ့ညီက တိမ်ဆက်တောင်က စောင်းပိုက်ဆရာတော်ရဲ့ တပည့်ဖြစ်နေတာကိုး"

ပိုင်လီချောင်၏ အသံ့က ထူးထူးခြားခြားဖြစ်နေသဖြင့် ထိုက်ချင် ပိုင်လီချောင်၏ မျက်နှာကိုလှမ်းကြည့်မိ၏။

"ခင်ဗျားက ကျွန်တော့်ဆရာကိုသိလို့လား"

ပိုင်လီချောင် တဟားဟားရယ်လေ၏။

"ငါဘယ်သိပါ့မလဲ ညီလေးရယ်၊ ငါက အညတရ သိုင်းသမားပဲဥစ္စာ၊ ဒီအာမခံ ဌာနမှာတောင် ငါဟာခေါင်းဆောင်မှ မဟုတ်ဘဲ၊

ဆရာတော်နဲ့ ငါဘယ်သိပါ့မလဲ၊ ဒါပေမယ့် ဆရာတော်ရဲ့နာမည်ကိုတော့ ကြားဖူးနေတာပေါ့၊ ဒါနဲ့ ငါ့ညီရော စောင်းပညာတတ်သလားဟင်"

ထိုက်ချင်က ခေါင်းခါလိုက်၏။

"ကျွန်တော် မတတ်ပါဘူး၊ ကျွန်တော်နဲ့ အတူတူရှိနေတဲ့ ဂိုဏ်းတူညီအစ်ကိုတွေထဲကလဲ ဘယ်သူမှစောင်းပညာ မတတ်ပါဘူး၊ဆရာတော်ကသင်ပေးနေတာလဲ တစ်ခါမှမတွေ့ဖူးပါဘူး"

ပိုင်လီချောင် အံ့ဩသွား၏။

"တကယ်"

"တကယ်ပါ၊ ဘာဖြစ်လို့ ကျွန်တော်က ညာရမှာလဲ"

"တိမ်ဆက်တောင်ပေါ်က စောင်းပိုက် ဆရာတော်ဟာ စောင်းပညာမှာ သူ့ထက်တော်တဲ့လူ မရှိဘူးလို့ သိုင်းလောကမှာ ပြောကြတယ်၊ ဘာကြောင့် ငါ့ညီကို စောင်းပညာသင်မပေးတာလဲ၊"

ထိုက်ချင်ရယ်လိုက်၏။

"ဆရာဖြစ်တဲ့လူက တပည့်ဖြစ်တဲ့လူကို သူသင်ပေးချင်တဲ့ ပညာကို သင်ပေးမှာပေါ့၊ မသင်ပေးချင်တဲ့ ပညာကိုမသင်ပေးဘူးပေါ့၊ ဒါများဘာထူးဆန်းလို့လဲ"

"ထူးဆန်းတယ်၊ ဘယ်သိုင်းဂိုဏ်းမှာမဆို သူတို့နာမည်ကျော်တတ်မြောက်ထားတဲ့၊ ပညာမှန်သမျှ တပည့်ဖြစ်တဲ့လူကို အနည်းနဲ့အများတော့ သင်ပေးကြတာပဲ"

"ကျွန်တော့်အဖို့တော့ ဘာမှမထူးဆန်းဘူး၊ အခုခင်ဗျားပြောမှ ကျွန်တော့် ဆရာတော်ဟာ စောင်းပညာထူးချွန်တယ်လို့ ကြားရ



တာ၊ ကျွန်တော်ဟာ တိမ်ဆက်တောင်ပေါ်မှာ ဆယ့်ငါးနှစ်လုံးလုံးနေလာခဲ့တယ်၊ အဲဒီ ဆယ့်ငါးနှစ်အတွင်းမှာ ကျွန်တော့်ဆရာ စောင်းတီးတာ တစ်ခါမှမတွေ့ဖူးဘူး၊ စောင်းသံလဲ မကြားဖူးဘူး"

ပိုင်လီချောင်သည် ထိုက်ချင်၏ မျက်နှာကိုအကဲခတ်နေ၏။ ထိုက်ချင်လိမ်ပြောနေသလားဟု၍ . . . ထိုက်ချင်၏မျက်နှာ တည်ကြည်နေသဖြင့် အမှန်ပြောနေသည်ဟု ယူဆရသည်။

ထို့ကြောင့် ပိုင်လီချောင် မျက်မှောင်ကြုတ်ရတော့သည်။ သူစဉ်းစားရခက်နေပြီ မဟုတ်ပါလား။

"အင်း . . အစ်ကို တစ်ခုကြားဖူးတယ်"

ထိုက်ချင်ကလည်း မျက်မှောင်ကြုတ်မိသည်။ အဘယ်ကြောင့်ဆိုသော် ပိုင်လီချောင်ထံမှ သူမကြားဖူးသည့် သတင်းများကို ကြားသိနေရသောကြောင့်ဖြစ်၏။ ဟုတ်သည်လား၊ မဟုတ်သည်လားကိုတော့ သူလည်းမသိပေ။

"ဘာကြားဖူးတာလဲ"

ပိုင်လီချောင်က တင်းထားသည့်မျက်နှာကို လျှော့ချလိုက်ပြီး ပြုံးလိုက်သည်။

"ဪ တခြားမဟုတ်ပါဘူး၊ တိမ်ဆက်တောင်မှာ ထူးဆန်းတဲ့ စောင်းတစ်လက်ရှိခဲ့သတဲ့"

ထိုက်ချင်ခေါင်းခါလေ၏။

"ကျွန်တော်တောင်ပေါ်မှာ နေတာဆယ့်ငါးနှစ်ပါဗျာ၊ ကျွန်တော့် ဆရာကတော့ အဲဒီအကြောင်းတစ်ခွန်းမှ မဟာခဲ့ပါဘူး"

"နားထောင်ပါဦး၊ အစ်ကိုဆက်ပြောပါရစေဦး"

"ပြောပါ၊ ပြောပါ၊ ကျွန်တော်လဲ ကျွန်တော်သိသမျှ ဝင်ရှင်းပြတာပါ"

"အဲ . . တိမ်ဆက်တောင်မှာ အင်မတန်ထူးခြားတဲ့ စောင်းတစ်လက် ရှိသလို အဲဒီတောင်ပေါ်က တပည့်တွေအားလုံးဟာလဲ စောင်းပညာမှာ တော်ကြသတဲ့၊ အဲ . . ဖြစ်ချင်တော့ စောင်းပိုက်ဘုန်းတော်ကြီးမတိုင်ခင်မှာ ထူးဆန်းတဲ့စောင်းဟာ ပျောက်သွားသတဲ့၊ ဒါကြောင့် စောင်းပိုက်ဆရာတော်ဟာ အဲဒီပျောက်ဆုံးသွားတဲ့စောင်းကို မိုးမြေအနှံ့ လိုက်ရှာနေတာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီလို့ဆိုတယ်'

ထိုက်ချင်မရယ်တော့ပါ။ လွန်စွာအံ့ဩနေပါသည်။ အံ့ဩစွာနားထောင်နေမိသည်။ သူသည် တိမ်ဆက်တောင် ဆရာတော်၏ ကပည့်ရင်းဖြစ်သည်။ ဆရာတော်သည် သူ့အား ပညာထူးများသင်မပေးခဲ့သော်လည်းမိမိအား အခြားတပည့်များထက် သာသာထိုးထိုးကလေး ချီးကျူးခဲ့သည်ကား အမှန်ပင်ဖြစ်သည်။

ဆရာတော်သည် ယခု ပိုင်လီချောင်ပြောနေသည့်အကြောင်းအရာများကို သူ့အား အရိပ်အမြွက်မျှပင် မပြောခဲ့ပါ။ သူနှင့်၏သူ၏ဂိုဏ်းတူညီနောင်များကလည်း ထိုအကြောင်းကို အရိပ်အမြွက်မျှပင်မပြောခဲ့ကြပါ။ ထို့ကြောင့် တိမ်ဆက်တောင်နှင့် လုံးဝမဆိုင်သည့် လူတစ်ယောက်က တိမ်ဆက်တောင်အကြောင်း ခရေစေ့တွင်းကျပြောနေသောအခါ သူသည် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိတော့သည်။

ပိုင်လီချောင်က ထိုက်ချင်၏စိတ်နှလုံးကို ဖောက်ထွင်းမြင်နေ



သည့်အလား ပြုံး၍ပြောလိုက်လေ၏။

"ဟဲ . . ဟဲ . . ဟဲ . . ငါ့ညီက အံ့ဩနေသလား၊ ဒါတွေကို ငါ ဘယ်လိုသိနေသလဲဆိုပြီး အံ့ဩနေတယ်မဟုတ်လား"

ထိုက်ချင်က အူကြောင်ကြောင်ဖြင့် ခေါင်းခါလိုက်၏။

"ဒါတွေကို ခင်ဗျားဘယ်လိုသိနေသလဲဆိုပြီး အံ့ဩနေတာ မဟုတ်ပါဘူး၊ ကျွန်တော် အံ့ဩနေတာက တိမ်ဆက်တောင်နဲ့ လုံးဝမသက်ဆိုင်တဲ့ ခင်ဗျားတို့လိုလူတွေက ဒီအကြောင်းတွေကို သိနေပြီး တိမ်ဆက်တောင်ရဲ့ တပည့်ဖြစ်တဲ့ ကျွန်တော်တို့က ဘာကြောင့်မသိရတာလဲဆိုပြီး အံ့ဩနေတာပါ"

"အေး . . ငါလဲပြောမယုံ ကြုံဖူးမှသိရတာပါ၊ ညီလေးလိမ်ပြောနေတယ်လို့လဲ ငါမထင်ပါဘူး၊ ညီလေးမျက်လုံးတွေက ရိုးသားနေတာပဲ"

"ကျွန်တော် လိမ်မပြောတတ်ပါဘူး"

"အေး . . မကြာခင်သိုင်းလောကဟာ ဘယ်လောက်သတင်းစုံတယ်ဆိုတာ မင်းကိုယ်တိုင် သိရတော့မှာပါ၊ ငါကမင်းကိုအဲဒီ သိုင်းလောကထဲမှာ လူပါးလူနပ်တစ်ယောက် ဖြစ်စေချင်ပါတယ်ကွာ"

ထိုက်ချင်က ပိုင်လီချောင်အား အထင်ကြီးသောမျက်လုံးများဖြင့် ကြည့်နေမိလေ၏။

* * * * *

## အခန်း [၂၈]

## ရှာပုံတော် တစ်ပိုင်းတစ်စ

ရက်ချိန်းချိန်းတစ်ယောက် အလုပ်ရှုပ်နေပေပြီ။ ကျောက်ခြသော့် စံအိမ်သည် အလွန်တရာ ပြည့်စုံကြွယ်ဝသည့် စံအိမ်ဖြစ်ရာ စံအိမ်၏အနောက်ဘက်တွင် မြင်းဇောင်းများရှိနေသည်။ ရက်ချိန်းချိန်းသည် ထိုမြင်းဇောင်းတွင် အလုပ်ရှုပ်နေခြင်းဖြစ်ပေသည်။

သူမသည် မြင်းကြီးတစ်ကောင်ပေါ်သို့ ကုန်းနှီးတင်လိုက်ပြီး ကြိုးကိုတင်းနေအောင်ဆွဲလိုက်၏။

"သမီး ဘယ်သွားမလို့လဲ"

ရက်ချိန်းချိန်းလန့်သွား၏။ သူမ၏မိခင်သည် သူမ၏နောက်သို့ ရောက်ရှိနေလေပြီ။

"မေမေ သမီး တာ့ချန်မြို့ကိုသွားမယ်၊ သမီးဆရာမကို လိုက်ရှာမယ်"

"သမီး ဖေဖေက သိပ်နေကောင်းတာမဟုတ်ဘူး၊ ဒါကို သမီးသိတယ် မဟုတ်လား"

"အိမ်မှာ မေမေလဲရှိတယ်၊ ကိုကိုတို့လဲရှိတယ်၊ မမတို့လဲရှိတယ်၊ သမီးလိုသေးသလား"



"မတူဘူး၊ သမီးကို သမီးဖေဖေက ပိုချစ်တယ်၊ သမီးကို သူ့အနားမှာပဲ နေစေချင်တယ်"

"သမီးကလဲ နေချင်ပါတယ်၊ အခုဟာက မသွားမဖြစ်လို့ပါ၊ သမီးရဲ့ဆရာမ ပျောက်နေပြီ၊ သမီးသာ တာ့ချန်မြို့မှာ စောင့်နေရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ သမီးမှာ အပြစ်ရှိတယ်၊ အပြစ်ကို ကျေအောင်လုပ်ရမယ်"

"ဘွားဘွား ကွေ့မိန်က ဘာပြောသွားသလဲ၊ သမီးရဲ့ ဘွားဘွားကို မကြောက်ဘူးလား"

"ဘွားဘွားကို သမီးကြောက်ပါတယ်၊ ဒါပေမယ့် သမီးသူ့အမိန့်ကို လွန်ဆန်တာမဟုတ်ပါဘူး"

"ပြောခဲ့တာက သူနဲ့အတူ မလိုက်ရဘူးဆိုတဲ့ သဘော သက်ရောက်သွားပါတယ် မေမေ၊ သမီးအခုလို လိုက်သွားရင် သမီးကို ဘွားဘွားက အပြစ်ဒဏ်ပေးမှာ သေချာပါတယ်၊ ဒဏ်ပေးတဲ့အခါ သမီးခံလိုက်ပါ့မယ်၊ အခုတော့ ဆရာမကိုသမီးသွားရှာမယ်"

ရက်ချိန်းချိန်း၏ မိခင်ကြီးမှာ ဇွတ်တရွတ်နိုင်လှသော သမီးအား မည်သို့ဆက်၍တားဆီးရမည်မှန်း မသိဖြစ်နေသည်။ သို့သော် အတတ်နိုင်ဆုံးတားဆီးသည်။

"သမီး ဆရာမဟာ ကလေးလေးလား"

"ကလေးလေးတော့ မဟုတ်ပါဘူး"

"သူ ကလေးတော့ မဟုတ်ပါဘူး ဆိုလိုက်တာနဲ့ သမီးရဲ့ ဆရာမဟာ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်သူ ဖြစ်သွားပြီး၊ သိုင်းပညာလဲ သမီးထက်ပိုတတ်တယ်၊ သမီးကသူ့တပည့်ပဲ ၊သူ့ထက်ပိုပြီး သမီး

ဘာမှမလုပ်နိုင်ပါဘူး၊ နောက်ပြီး သမီးရဲ့ဘွားဘွားလဲလိုက်သွားပြီ”

“သမီးလဲ ကလေးမဟုတ်တော့ဘူး မေမေ၊ သိုင်းပညာ အထိုက်အလျောက် သင်ပြီးလို့ တော်ရုံတန်ရုံ ရန်သူကိုတော့ သမီး ရင်ဆိုင်နိုင်ပါတယ်”

“တောင်ပေါ်မှာတော့ ဟုတ်လိမ့်မယ်၊ ဒီမြေပြန့်မြို့တွေထဲမှာတော့ သမီး မကျင်လည်သေးဘူး”

ရက်ချိန်းချိန်းက ရယ်လိုက်၏။

“အဲဒါကြောင့် သမီးအခု ထွက်တာပေါ့၊ ဆရာမကိုလဲရှာရင်း၊ မြို့တွေရဲ့အတွေ့အကြုံ ဗဟုသုတကို ယူရင်းပေါ့ မေမေရယ်”

ချူးလျှံ စိတ်ပျက်စွာ ခေါင်းယမ်းလိုက်၏။

လောကမှာ လူအမျိုးမျိုးစိတ်အမျိုးမျိုးရှိတယ် သမီးရဲ့၊ သမီးအခု လူကောင်းသူကောင်းနဲ့တွေ့ခဲ့ပေမယ့် နောက်တစ်ကြိမ်မှာ လူဆိုးလူယုတ်နဲ့ တွေ့ချင်တွေ့လိမ့်မယ်၊ ဒီတော့ သမီးကို မေမေက ဘယ်လိုစိတ်ချလက်ချ လွှတ်လိုက်နိုင်မှာလဲကွယ်’

ထိုစဉ် မြင်းဖောင်းအပြင်မှ လူသံများကြားလိုက်ရသည်။ ချူးလျှံနားစွင့်နေစဉ်မှာပင် မြင်းဖောင်းထဲသို့ ရက်လျှံတန်း ဝင်ရောက်လာလေတော့၏။ သူ့အား ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့က ဖေးမတွဲခေါ်လာရခြင်းဖြစ်ပေသည်။

ထိုနှစ်ယောက်မှာ ရက်ချိန်းချိန်း၏အစ်ကို ရက်ယန်ကျူးနှင့် ရက်ချိန်းချိန်း၏အစ်မ ရကရီချိန်းတို့ပင် ဖြစ်ကြသည်။ သူတို့၏ မျက်နှာပေါ်၌ ဒေါသရိပ်များသမ်းနေကြသည်။ သူတို့သည် ဇွတ်တရွတ်နိုင်လှသော ညီမကလေးများအပေါ် ဒေါသထွက်နေကြသည်။



ဖခင်ကြီး ရက်လျှံတန်း၏ မျက်နှာပေါ်၌ ဝေဒနာတစ်ရပ် ခံစားရသကဲ့သို့ ရှိနေသည်။ သူသည် သမီးဖြစ်သူအား အတန်ကြာ ငေးကြည့်နေပြီးမှ သူ့ဘာသာ တီးတိုးရေရွတ်နေသည်။

“ဩော် ငါ့အပြစ်၊ ငါ့အပြစ်၊ တောင်ပေါ်ကို ဆယ့်လေးနှစ်လုံးလုံး ထည့်ပေးလိုက်တော့ သူဟာ ငါတို့အပေါ်မှာ သံယောဇဉ်မရှိတော့ဘူးပေါ့”

ထိုစကားကို ရက်ချိန်းချိန်းကြားသည်။ သူ့ရင်ထဲနင့်သွားသည်။

ရက်လျှံတန်းသည် သူ့ဇနီးဖြစ်သူ ချူးလျှံအား အားပျော့စွာ အမိန့်ပေးလိုက်၏။

“ချူးလျှံ သူစိတ်ချမ်းသာသလို လုပ်ပါစေတော့၊ သူ့စိတ်ကြိုက်သွားခွင့်ပေးလိုက်ပါတော့”

ရက်ချိန်းချိန်းသည် မြေပြင်ပေါ်၌ ဒူးထောက်ချလိုက်ပြီး ဖခင်နှင့် မိခင်တို့ကို ရှိခိုးလေ၏။

“ဖေဖေနဲ့ မေမေတို့ကိုသမီးချစ်ပါတယ်၊ ဖေဖေနေမကောင်းဘူးဆိုပေမယ့် အိမ်မှာ သားသမီးတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေရတာပါ၊ ဟိုမှာ ဆရာမက ဘာဖြစ်မှန်းမသိပါဘူး၊ သမီးကို ကျေးဇူးကန်းတဲ့ တပည့်ဖြစ်စေချင်လို့လား၊ သမီးသွားရှာပါရစေ၊ သမီးကိုယ်သမီးအကောင်းဆုံးကာကွယ်ပါ့မယ်၊ သမီးကိုခွင့်လွှတ်ပါတော့”

ရက်ချိန်းချိန်းသည် ဖခင်နှင့် မိခင်အားကန်တော့ပြီးသည်နှင့် မြင်းကြီးကို ဆွဲခေါ်ကာ ထွက်သွားလေတော့၏။

“သမီးမိုက်၊ မိဘစကားကို နည်းနည်းကလေးမှ နားမထောင်ဘူး”

ရက်လျှံတန်းမှာ ခြေကုန်လက်ပန်းကျသွားပြီး ကြေကွဲစွာ ရေရွတ်နေလေတော့၏။ရက်ချိန်းချိန်းထွက်သွားပြီး မကြာမီမှာပင် တံခါးစောင့်ချူယင်သည် မြင်းဇောင်းထဲသို့ သုတ်သီးသုတ်ပျာဝင် လာလေတော့၏။

"အဆင်ပြေရဲ့လား"

ရက်လျှံတန်းက မေးလိုက်ခြင်းဖြစ်သည်။

ချူယင်က ခေါင်းညိတ်ပြ၏။

"ပြေပါတယ်သခင်ကြီး၊ ဒါ . . ဒါပေမယ့်"

ရက်လျှံတန်း ဒေါသထွက်သွား၏။

"မင်း ဥစ္စာက ဘာလဲ၊ ရှေ့စကားနဲ့နောက်စကား မညီပါလား"

"ညီ . . ညီပါတယ်၊ ဈေး . . ဈေးကြီးတာကို ပြောမလို့ပါ"

ရက်လျှံတန်း၏ မျက်နှာ၌အပြုံးတစ်ဝက်ပေါ်လာ၏။

"ဒါများကွာ၊ မလိုပါဘူး ချူယင်ရဲ့၊ဈေးကပြဿနာ မဟုတ်ပါဘူး၊ အဆင်ပြေဖို့သာ အဓိကပါ"

"ဒါတော့ ပြေပါတယ် သခင်ကြီး ခင်ဗျာ"

ချူယင် ပြုံးသွား၏။

ရက်လျှံတန်းကလည်း ပြုံးပြီးမေးသည်။

"ဒါနဲ့ အဲဒီလူက ဘယ်သူတဲ့လဲ"

"စီးမင်ကွမ်းထန်ပါ သခင်ကြီး'

စီးမင်ကွမ်းထန်ဆိုသည်မှာ ကြေးစားဓားသမားတစ်ဦး၏ အမည်ဖြစ်ပါသည်။ အသက်လေးဆယ်ခန့်ရှိပြီး ကိုယ်ခန္ဓာကြံ့ခိုင် ကျစ်လျစ်ပြီး လက်နက်မျိုးစုံ အသုံးချနိုင်စွမ်းရှိသည်။



ဆယ့်ငါးနှစ်သားအရွယ်မှစ၍ သိုင်းလောက၌ ကျင်လည်ခဲ့ရာ နှစ်ဆယ့်ငါးနှစ်တွင် သိုင်းလောက၌ နာမည်တစ်လုံးထင်ပေါ်လာသည်။အလုပ်လုပ်ရာတွင် သေသပ်သည်။ ကတိတည်သည်။ အောင်မြင်အောင် ဆောင်ရွက်တတ်သည်။ ထိုနာမည်ကောင်းများကြောင့် သူ့နောက်၌ အလုပ်အပ်မည့်သူများ တန်းစီနေကြသည်။

ယခု စီးမင်ကွမ်းထန်သည် ရက်လျှံတန်း၏ သီးခြားအဆောင်တစ်ခုထဲသို့ ရောက်ရှိနေလေ၏။သူဌေးကြီး ရက်လျှံတန်းက ပန်းချီကားတစ်ချပ်ကို စီးမင်ကွမ်းထန်အား ပြသလျက်ရှိနေပေသည်။ ထိုပန်းချီကားပေါ်၌ရေးဆွဲထားသောရုပ်ပုံကား ရက်ချိန်းချိန်း၏ ရုပ်ပုံဖြစ်နေ၏။

စီးမင်ကွမ်းထန်သည် ပန်းချီကားကို ယူပြီး သေချာစွာ စူးစိုက်ကြည့်၏။ အတန်ကြာကြည့်ပြီးမှ ပန်းချီကားကို ရက်လျှံတန်းထံ ပြန်လည်ကမ်းပေးလိုက်သည်။

"ဒီလောက်ဆို ကျုပ်မှတ်မိပါပြီ"

ရက်လျှံတန်းက ပြုံး၍ . .

"ဒီပန်းချီကားကို မင်းယူထားလို့လဲရပါတယ်"

စီးမင်ကွမ်းထန် ခေါင်းယမ်းလိုက်၏။

"မလိုပါဘူး၊ ကျုပ်က တစ်ခါကြည့်တာနဲ့ တစ်သက်မှတ်မိပါတယ်"

ရက်လျှံတန်းသည် စီးမင်ကွမ်းထန်၏သတင်းကို စုံစမ်းပြီးဖြစ်ရာ သူ့စကားကိုယုံလိုက်သည်။

စီးမင်ကွမ်းထန်က ခပ်ပြုံးပြုံးပြောသည်။

"ခင်ဗျားက ပန်းချီကားကို အတင်းပေးနေတယ်၊ ပန်းချီကားက ကျုပ်အတွက်မလိုအပ်ဘူး၊ လိုအပ်တာက . ."

သူဆက်မပြောချေ။ သို့သော် ရက်လျှံတန်းက သူ့ဆိုလိုချက်ကိုသိသည်။

"ကျုပ် နားလည်ပါတယ်၊ ဟောဒီမှာ ငွေတစ်သောင်း၊ ရေကြည့်ပါဦး"

"ခင်ဗျားကို သူဌေးကြီးတစ်ယောက်က ဒီလောက် ငွေကလေးကို မတော်မတရားလုပ်မှလား၊ ကျုပ် စစ်ဖို့မလိုပါဘူး"

သူသည် ငွေထုပ်ကို သူ့အင်္ကျီအိတ်ထဲသို့ထည့်လိုက်၏။

"ကဲ . . ကျုပ်သွားမယ်၊ တာဝန်အတွက်တော့ စိတ်ချပါ"

"ကျုပ်သမီး မှဲ့တစ်ပေါက်မစွန်းရင် မင်းရဲ့တာဝန် ကျေတာပဲ"

စီးမင်ကွမ်းထန် ထွက်သွားလေတော့၏။ ရက်လျှံတန်းက သူ့ကျောကို ငေးကြည့်ကျန်ရစ်သည်။

* * * * *



## အခန်း [၂၉]

## ခြေရာ ကောက်ခြင်း

ဆံဖြူဘွားဘွားသည် တာ့ချန်မြို့မှ အရေးကြီးသော လူတစ်ယောက်ကို သွားရောက်ရှာဖွေသည်။ ထို အရေးကြီးသူကား ခွေးလေးပင်တည်း။

သို့သော် . . ခွေးလေးကို သက်ရှိထင်ရှားတွေ့ရသည် မဟုတ်။ မြေပုံတစ်ပုံအဖြစ်တွေ့ရခြင်းဖြစ်၍ ဆံဖြူဘွားဘွားအဖို့ အချည်းအနှီးဖြစ်သွားရတော့သည်။ဆံဖြူဘွားဘွား ခွေးလေးကို ရှာဖွေရခြင်းမှာ တာ့ချန်မြို့၏ အပ်ပျောက်သည့်သတင်းကိုပါ ခွေးလေးက သိနိုင်သောကြောင့်တည်း။

ခွေးလေးသည် အမည်နှင့်လျော်ညီစွာ သတင်း အနံ့ခံကောင်း၏။ အလုပ်ဖြစ်သည်။ ခွေးလေး၏နေရာတွင် အစားထိုးရန် တာ့ချန်မြို့တွင် လူစားမရှိပေ။ဆံဖြူဘွားဘွားက ခွေးလေးလိုလူမျိုးကို ရှာသည်မှာ သဘာဝကျသည်။ အိုမေတောင်သည် တာ့ချန်မြို့နှင့် ဝေးကွာလှသဖြင့် တာ့ချန်မြို့၏ သတင်းအတိုအထွာများ မှန်သမျှကို ဆံဖြူဘွားဘွား အနေဖြင့် မည်သို့မျှမသိနိုင်ပါ။ အိမ်ခံသတင်းပေးထံမှသာ သူမ သတင်းရနိုင်ပါသည်။

နောက်ဆုံး ဆံဖြူဘွားဘွားသည် သူကိုယ်တိုင် အားထုတ်

ကြိုးစားရတော့သည်။ သူမသည် စီးပွားရေကန်ကြီးဆီသို့ ထွက်လာခဲ့သည်။ စီးပွားရေကန်သည် အလွန်တရာသာယာလှပသော ရေကန်ကြီးဖြစ်သည်။ နွေရာသီတိုင် ဤရေကန်သို့ လာရောက် အပန်းဖြေသူများပြားသည်။

ထိုသို့ အပန်းဖြေသူစည်ကားသဖြင့် ထို ဧည့်သည်များကို အားပြု၍ စီးပွားရှာသော စားသောက်ဆိုင်၊ တည်းခိုဆောင်များ ပေါ်ပေါက်လာ၏။ ထိုဆိုင်များထဲတွင် 'ကန်တော်စီးပွား' ဆိုသည့် စားသောက်ဆိုင်သည် နာမည်အကြီးဆုံးပင်ဖြစ်သည်။

ဆံဖြူဘွားဘွားကွေ့မိန်သည် ထိုစားသောက်ဆိုင်တွင် ထိုင်ကာ တွေးတောစဉ်းစားနေ၏။ အတန်ကြာ စဉ်းစားပြီးမှ ငွေသိမ်းစားပွဲသို့ လျှောက်လာပြီး ကျသင့်ငွေများကို ရှင်းလင်းပေးသည်။ ငွေသိမ်းစားပွဲတွင် ထိုင်နေသူကားအရုပ်ဆိုးလှ၏။ ဝက်မျက်နှာနှင့်တူသဖြင့် မြင်ရသူများက ရယ်မိကြလိမ့်မည်။

ဆံဖြူဘွားဘွားသည် ကျသင့်ငွေများကို ရှင်းလင်းပေးလိုက်ပြီး . .

"သူငယ် . . ဘွားဘွားတစ်ခုလောက် မေးချင်တယ်၊ မင်းများ သိမလားလို့"

"မေးပါ ဘွားဘွား၊ ကျွန်တော်ဘာကူညီရမှာလဲ"

ငွေသိမ်းစာရေးသည် အရုပ်ဆိုးလှသော်လည်း အုံ့ဩဖွယ်ကောင်းလောက်အောင် ယဉ်ကျေးရည်မွန်သည်။

"လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်လောက်က ဒီနေရာမှာမိန်းကလေးနှစ်ယောက်ကို တည်းခိုခဲ့ဖူးတယ် မဟုတ်လား"



ငွေသိမ်းစာရေးသည် ခေါင်းခါယမ်းလိုက်၏။ သို့သော် သူ ခေါင်းယမ်းခြင်းမှာ တစ်ဝက်တစ်ပျက်ဖြင့် ရပ်ဆိုင်းသွား၏။အဘယ်ကြောင့်ဆိုသော် ဆံဖြူဘွားဘွားက သူမြင်အောင် လျှံငွေအတော်များများကို စားပွဲပေါ် တင်ပြလိုက်သောကြောင့်ပေတည်း။

ဆံဖြူဘွားဘွားက . .

"ငါ့ကို ကူညီသူတိုင်း အကျိုးမမဲ့စေရပါဘူးကွယ်၊ ဒါဟာ ဘွားဘွားရဲ့ဝါဒပဲ"

ဝက်မျက်နှာနှင့်တူသော ငွေသိမ်းစာရေးသည် အလွန်တရာ ပြုံးချိုသွားသည်။ ထိုအခါကျမှ ပို၍ရုပ်ဆိုးသွားသည်။

"ဘွားဘွားကို ကျွန်တော်ကူညီမှာပါ၊ ကျွန်တော်က ကူညီတတ်တဲ့လူပဲ"

"အေး . . ငါ့မေးခွန်းကတော့ စောစောက မေးခွန်းပဲ"

"သူတို့ လာတည်းဖူးပါတယ်၊ ဘွားဘွား ခဏနေဦး၊ ပိုသေချာအောင် ဧည့်စာရင်းစာအုပ်ကို ကြည့်လိုက်ပါဦးမယ်"

ငွေသိမ်းစာရေးသည် ဆံဖြူဘွားဘွား တင်ပေးထားသည့် ငွေများသိမ်းယူရန်လက်လှမ်းလိုက်၏။

ဆံဖြူဘွားဘွားက အေးစက်စက်ရယ်ရင်း . . .

"နေပါဦးလေ၊ မင်းအလုပ်ကို သေချာအောင် ပြီးပြတ်အောင် လုပ်ဦးမှပေါ့"

"ရပါတယ် . . ရပါတယ်"

စာရင်းစာအုပ်ကိုရှာပြီး ဧည့်သည်စာရင်းကို ဖတ်ရှုလေ၏။ အတန်ကြာဖတ်ပြီးမှ . .

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဒီမှာတည်းခိုသွားတာ မိန်းကလေးနှစ်ယောက်ပဲရှိတယ်၊ လီရှန်ရှန်နဲ့ရက်ချိန်းချိန်းတဲ့၊ ဘွားဘွားရှာတာ သူတို့ဟုတ်ရဲ့လား"

ဆံဖြူဘွားဘွားက လက်ဖြင့်အုပ်ထားသည့် ငွေများကို ငွေသိမ်းစာရေးဆီသို့ ထိုးပေးလိုက်၏။

"သူတို့ဟာ မိန်းမပျိုတွေပဲ၊ ဒီတော့ ယောကျ်ားတွေအနေနဲ့ အနည်းနဲ့အများ စိတ်ဝင်စားကြမှာ သေချာတယ်၊ မင်းလဲ သူတို့ကို အနည်းနဲ့အများ စိတ်ဝင်စားမှာပါ၊ သူတို့နဲ့ပတ်သတ်ပြီး မင်းသိသမျှ မြင်သမျှ ထင်သမျှ ဘွားဘွားကို ပြောပြစမ်း"

ဆံဖြူဘွားဘွား၏ အသံက အမိန့်သြဇာသံပါလာသည်။ ဆံဖြူဘွားဘွားသည် သူခန့်မှန်းချက်မှန်ကန်ကြောင်း ချက်ချင်းသိလိုက်၏။ ဝက်မျက်နှာနှင့်တူသော ငွေသိမ်းစာရေး၏ မျက်နှာသည် ဆံဖြူဘွားဘွား စကားကြောင့် နီရဲသွားသောကြောင့်တည်း။

ငွေသိမ်းစာရေးက . . .

"အသက်ကြီးတဲ့ အမျိုးသမီးက အသက်ငယ်တဲ့ အမျိုးသမီးကို ဒီမှာစောင့်နေဖို့ စာပေးပြီးမှာခဲ့တယ်၊ သူကတော့ တည်းခိုခန်းက ထွက်သွားတယ်"

ဆံဖြူဘွားဘွားက . . .

"ငါ့စိတ်ထင် တစ်ယောက်ယောက်ကများ လာဆက်သွယ်သေးလားမသိဘူး"

ငွေသိမ်းစာရေး၏ အမူအရာသည် ချက်ချင်းပင် ပျင်းရိပျင်းရွဲဖြစ်သွား၏။ အမေးအဖြေ လုပ်နေရသည်ကို စိတ်မပါသလို ဖြစ်လာ



သည်။ဆံဖြူဘွားဘွားက ပြုံးလိုက်၏။ သူမအိတ်ထဲမှ ငွေအချို့စားပွဲပေါ်သို့ ထပ်မံရောက်ရှိလာပြန်၏။ ငွေသိမ်းစာရေး၏ မျက်လုံးများ ပြန်လည်အရောင်တောက်လာသည်။

"သူ့ကို လူတစ်ယောက် လာဆက်သွယ်သလား"

"ဟုတ်ပါတယ်၊ လာဆက်သွယ်ပါတယ်၊ အဲဒီလူနဲ့ လိုက်သွားတာပါ၊ ဒါကို ဟိုမိန်းကလေးမသိပါဘူး"

"အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်း၊ ဟောဒီငွေဟာ မင်းအတွက် မုန့်ဖိုးငွေပဲ"

ငွေသိမ်းစာရေးက ထိုလူ၏ ပုံပန်းသဏ္ဌာန်ကို သွက်လွက်စွာပြောပြသည်။ ဆံဖြူဘွားဘွားက သူထုတ်ထားသည့် ငွေများကို စာရေးဆီသို့ တွန်းပို့လိုက်၏။

"အင်း . . ခွေးလေးသေပေမယ့် ငွေကတော့မသေဘူး၊ ငွေဟာ ပါးစပ်ပိတ်နေတဲ့လူတွေကို အလွယ်ကူဆုံး ဖွင့်နိုင်တဲ့သော့ပေပဲ"

ဆံဖြူဘွားဘွားသည် တီးတိုးရေရွတ်ပြီး ဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။မှန်ပါသည်၊ ငွေကို လူကတီထွင်ခဲ့သော်လည်း အသုံးခံပစ္စည်းအဖြစ် လူကသတ်မှတ်သုံးစွဲခဲ့သော ငွေသည်နောက်ပိုင်းတွင်လူကိုပြန်လည်ခိုင်းစေခဲ့တော့သည်။

မည်သို့ပင်ဖြစ်စေ ငွေကြောင့်ပင် ဆံဖြူဘွားဘွားသည် သူ့တပည့်မလီရှန်ရှန်တို့အား ခေါ်ဆောင်သွားသူကို သိခဲ့ရလေပြီ။ ထိုလူ၏ ပုံပန်းသဏ္ဌာန်ကိုသိခြင်းသည် ထိုလူ၏နာမည်ကိုသိခြင်းပင်။

ဆံဖြူဘွားဘွားသည် သူ့တပည့်မကို လာခေါ်ထုတ်သွားသူမှာ

မျောက်နှင့်တူပြီး ထိုလူအားတာ့ချန်မြို့တစ်မြို့လုံးကမျောက်ကလေးဟုပင် ခေါ်ကြောင်းသိလိုက်ရ၏။

ဆံဖြူဘွားဘွားကွေ့မိန်သည် မျောက်ကလေးကို တာ့ချန်မြို့ အချုပ်ခန်းထဲတွင် သွားရောက်တွေ့ဆုံရ၏။ အခြားသူများအတွက် ခက်ခဲကောင်းခက်ခဲမည် ဖြစ်သော်လည်း ဆံဖြူဘွားဘွားအတွက်မူ ဘာမျှမခက်ခဲပါ။

သူကချော့စရာရှိလျှင်ချော့မည်။ ငွေပေးစရာရှိလျှင် ငွေပေးမည်။ ခြိမ်းခြောက်စရာရှိလျှင် ခြိမ်းခြောက်မည်။ နောက်ဆုံး အကြမ်းကိုင်စရာရှိလျှင် အကြမ်းကိုင်မည်။ အိုမေဂိုဏ်းချုပ်ကြီးပေပဲ၊ ဆံဖြူဘွားဘွားကွေ့မိန်သည် သိုင်းလောက၌ မကိုင်ရှိုးသျှောင် မဟုတ်သော်လည်း သူတစ်ပါးအောက် နိမ့်ကျသူမဟုတ်ပါချေ။

မျောက်ကလေးမှာ ဘာသားနှင့်ထုထားသနည်း။ လူသားပဲဖြစ်သည်။ ဆံဖြူဘွားဘွားက ခြောက်လိုက်ချော့လိုက်ဖြင့် စုံစမ်းလိုက်သောအခါ လီရှန်ရှန်အား နောက်ဆုံးမည်သည့် နေရာသို့ပို့ပေးခဲ့ရကြောင်းကို ဆံဖြူဘွားဘွား သိသွားရလေတော့သည်။

ဆံဖြူဘွားဘွား အံ့သြသောအချက်တစ်ချက်ရှိသည်။ သူစုံစမ်းသိရှိရသည့်သတင်းအရ မျောက်ကလေးသည် ငွေညှစ်မှုအတွက် ဤအချုပ်ခန်းထဲသို့ ရောက်နေကြောင်းသိခဲ့ရသည်။ အချုပ်ထဲမှ လူကို ခေတ္တထုတ်ပြီး သူတို့အကျိုးကိစ္စအတွက် အသုံးချနိုင်ခြင်းမှာ အတော်ကလေး အရှိန်သြဇာရှိကြောင်း သက်သေပြခြင်းပင်။

မျောက်ကလေးသည် ထိုသူများအတွက် အကျိုးဆောင်ပေးရပြီးနောက် မူလအချုပ်ခန်းထဲ ပြန်ဝင်နေရှာသည်။



"မင်းဘာမှမပူနဲ့၊ ငါ့ကိစ္စဆောင်ရွက်ပြီးရင် မင်းလွတ်မြောက်ရေးကိစ္စကို ငါဆောင်ရွက်ပေးမယ်၊ ငါ ဒီလိုဆောင်ရွက်ပေးတာကတော့ ငါ့ကို လိုလိုလားလား ဖွင့်ပြောတဲ့အတွက်ပဲ"

ဆံဖြူဘွားဘွားက မျောက်ကလေးအား ထိုသို့ကတိပေးခဲ့သည်။

ဆံဖြူဘွားဘွားသည် အချုပ်ခန်းအတွင်းမှ ပြုံးပြီးထွက်လာခဲ့၏။ သူသိလိုသည့် သတင်းကိုရခဲ့ပြီ။ ခြေရာကို ရပြီးမှတော့ အကောင်ကိုရှာဖွေရန် မခက်တော့ပေ။

ဆံဖြူဘွားဘွားသည် တောက်ပသော မျက်လုံးများဖြင့် အဝေးသို့ မျှော်ကြည့်လိုက်၏။ "ပျံလေတဲ့ငှက်ခါး၊ နားခါမှသိစေမယ်ဟေ့" ဟု သူ့စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။

အိုမေတောင်ဂိုဏ်းချုပ်ကြီး၏ဒေါသကို မကြာမီသူတို့သိစေရမည်ဟု ဆံဖြူဘွားဘွားစိတ်ထဲပြောနေမိလေ၏။

**စာရှုသူများ၏ပေတ္တာကိုခံယူလျက်**

**(ဒု-ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)**

**တက္ကသိုလ် နေလင်းအောင်**